www.burmeseclassic.com

ဂမ္ဘီရ ဆန်း ကြယ် လုံး ချင်း ဝတ္ထု

# မင်းဝိကြွ

ရောရဝက လာသူ




www.burmeseclassic.com

www.burmeseclassic.com

**ပြည်ထောင်စု မပြိုကွဲရေး**

နိုင်ငံ့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံ့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံ့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မင်းစိတြ

---

# ရောရဝက လာသူ

www.burmeseclassic.com

www.burmeseclassic.com

**စီစဉ်သူ - မျိုးပပစိုး**

**ထုတ်ဝေသူ**
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**
ဦးဝေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)(၇၉၆၄)
အမှတ် (၁၂၉၉)၊ အောင်သုခ(၂၇)လမ်း၊ (၆) ရပ်ကွက်၊
သာကေတ။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၆.၈၃
မင်းစီတြ ရောရှဝက လာသူ / မင်းစီတြ ။ - ရန်ကုန် ၊
စိန်သရဖူစာပေ ၊ ၂၀၁၂ ။
၂၆၄ - စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) ရောရှဝက လာသူ

BURMESE CLASSIC .com

## အခန်းစဉ်

### ရောရှဝကလာသူ

၁။ မျက်လုံးတစ်လုံး
၂။ မိုးမှောင်၏ကိုယ်တွေ့
၃။ အသံကြီး
၄။ ထန်းတောမှ အစပြု၍
၅။ အရိပ်မည်းကြီးတွေ
၆။ နွားသတ်ကုန်း
၇။ နေ့တစ်ခွေလိုလူ
၈။ အမှောင်ထဲသို့ တိုးဝင်လာကြသူများ
၉။ ငရဲမီးလား
၁၀။ ရောရှဝ သို့မဟုတ် မဟာသချိုင်း
၁၁။ ဝက်သတ်သမားတစ်ယောက်
၁၂။ ဖုံနေသော တောလမ်းမကြီး
၁၃။ စေတန်နတ်ဆိုးနှင့်တွေ့သူ
၁၄။ နေရာတိုင်းမှာ သူရှိတယ်
၁၅။ လောကငရဲ

www.burmeseclassic.com

www.burmeseclassic.com


၁၆။ လိုက်လာကြသောခြေသံများ

၁၇။ ငရဲခွေးများ

၁၈။ ငမိုက်သားဖိုးခွေး

၁၉။ လူဖြစ်ရှုံးကြသူများ

၂၀။ အဝိဇ္ဇာအမှောင်ဖုံးလို့

၂၁။ နက်ဆိုးကိုစိန်ခေါ်သူများ

၂၂။ မြေလျှိုးလို့ မိုးပျံ

၂၃။ မိစ္ဆာတို့ ဖောက်သောလမ်း


## အခန်း (၁)

### မျက်လုံးတစ်လုံး

ညတစ်ည ...။

အမှောင်စိုးမိုးသောည ...။

တိတ်ဆိတ်မှုကို မသိမသာ ဖြိုခွင်းလျက်ရှိနေကြသော ညဉ့်ပိုးကောင်လေးတို့၏ အသံများ။ ယင်းအကောင်ပလောင်လေးတို့၏အသံကို ညည့်နက်ချိန်ရောက်မှသာ ကြားရတတ်ကြသည်။

လကလည်း မသာ၊ ကြယ်ရောင်တွေကလည်း မလင်းတလင်းနှင့် မိုးအောက်မြေပြင်တစ်ခုလုံးသည် အမှောင်ကမ္ဘာထဲမှာ နစ်မြုပ်နေသည်။

ညသည် အမှောင်လက်နက်ဖြင့် သူ၏ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ကာ ကောင်းစွာပင် အသုံးချလျက် ရှိနေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကြောက်သောသူများအတွက် ညသည် ထိတ်လန့်စရာကောင်းသလို စက်ဆုပ်ရွံရှာစရာကောင်းပေမင့် ယင်းအမှောင်ကြိုက်သူများကလည်း ရှိကြသေးသည်ဟူလို။

သို့ရှိနေစဉ် . . .

လူတစ်ယောက် . . .။

သူသည် အမှောင်ထဲမှာ ပြေးလွှားလျက်ရှိနေသည်။ သာ၍နက်မှိုင်းသောအမှောင်ထုကြီးဆီကို ဦးတည်ကာ ပြေးနေလျက် . . .

"ဟင်း ဟင်း ဟင်း ဟင်း"

သူ၏ ပြင်းပြသောအသက်ရှူသံသည် သူပြေးသွားရာ တစ်လျှောက်မှာ . လိုက်ပါသွားသည်။ မည်မျှအထိ တောက်လျှောက်ပြေးလာခဲ့ရသလဲမသိ . . . အဆုပ်ကြီးတစ်ခုလုံး ပေါက်ကွဲထွက်သွားတော့လေမလားဟု မှတ်ရသည်အထိ။ ရင်ဘတ်အဝှမ်းသည်လည်း နာကျင်ကိုက်ခဲလျက် ရှိနေသည်။

သူသည် ယင်းဝေဒနာကို ဥပေက္ခာပြုနိုင်စွမ်း မရှိသော်လည်း အားတင်းပြီးတော့ ပြေးနေရသည်။

သူသည် ပြေးနေရင်းက တစ်ချက်တစ်ချက်တွင် နောက်ကို လှည့်ကြည့်တတ်သည်။ နောက်ကြောင်းမအေးပုံ ရသည်။ လိုက်လာကြသူများရှိဟန် တူသည်။

မကြာမီ သူ၏မျက်လုံးထဲမှာ အရိပ်တစ်ခုက ဖြတ်သန်း





သွားသည်။ မည်းမှောင်နေသော အရိပ်မည်းကြီးက သူ့ရှေ့ကို တိုးဝင်လာသလို မြင်လိုက်ရသည်။ မှောင်နေရသည့်အထဲမှာ သည့်ထက်မှောင်သော အမှောင်နက်ကြီးက သူ့ကို ထပ်မံပြီး လွှမ်းခြုံသွားလိုက်သလို။ ထို့ကြောင့် သူသည် ပိုပြီးတော့ လုံခြုံသွားသလို ခံစားလိုက်ရသည်။

မည်သည့်အကြောင်းကြောင့် ပို၍နက်ရှိုင်းသော အမှောင်ထုကြီးက ကျလာခဲ့သည်ကို သူ မစဉ်းစားမိ။ စဉ်းစားချိန်လည်း မရ။ နက်ရှိုင်းသော အမှောင်ထုကြီးထဲကို တိုးဝင်သွားခဲ့သည်နှင့် စိတ်သက်သာရာ ရသွားခဲ့သည်။ လုံခြုံမှုပိုပြီးတော့ ရှိသွားခဲ့သည်ဟု ယုံကြည်မိသွားသည်။

အမှောင်သည် သူ့တစ်ကိုယ်လုံးကို ဖျောက်ကွယ်ပစ်လိုက်လေပြီ။

သို့သော် မျက်လုံးတွေက မမြင်မကန်း စမ်းတဝါးဝါးနှင့် ဖြစ်သွားခဲ့ကြသည်။ တရားလွန်ဆက်ပြီးတော့ ပြေးနေလျှင် တိုက်စရာမှန်သမျှ ဝင်တိုက်ကုန်မှာ စိုးရသည်။ ထို့ကြောင့် ပြေးရှိန်ကို လျှော့လိုက်ရလေသည်။

လက်နှစ် ဖက်ကို ရှေ့သို့ဆန့်တန်းကာ စမ်းတဝါးဝါးနှင့် မနှေးမမြန် လျှောက်နေရသည်။ သစ်ပင်ကြီးငယ်တို့ကို လက်နှင့် စမ်းမိသည်လည်း ရှိသည်။ သစ်ငုတ်များ၊ ကမူများကို ဝင်တိုက်မိသည်လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာသည်အထိ ယခုလို သတိထားပြီးသွားနေရမှာလဲ။ ထိုစဉ် ...

'ဖျပ် ဖျပ် ဖျပ် ဖျပ်'

သူ့ရင်ထဲမှာ ထိတ်ခနဲဆို ဖြစ်သွားခဲ့ရသည်။

ခြေသံ ...။ ခြေသံတွေ ...။

သူ့နောက်က လိုက်လာခဲ့ကြသည့် ခြေသံတွေလား၊ တိတိပပ ကြားလာခဲ့ရသည်။

"မဖြစ်ဘူး ... ဆက်ပြေးမှ"

အမှောင်ထဲ နှစ်မြုပ်နေသော သူ့ကိုယ်လုံးကို ဘက်ပြေးဖို့ အမိန့်ပေးလိုက်သည်။ ပြေးသည်၊ ဘာကိုမှမမြင်နိုင်ရဘဲ ပြေးနေသည်၊ ကံအားလျော်စွာပင် သူ့ခြေထောက်များသည် လမ်းမှန်ပေါ်ကို ပြန်ရောက်သွားသည်။ ဘာကိုမှ ဝင်မတိုက်မိ၊ ကံကောင်းနေသည်။

'ဖျပ် ဖျပ် ဖျပ် ဖျပ်'

ခြေသံတွေကိုတော့ ကြားနေရဆဲ။ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြဟန်တူသည်။

"တောက် ... ငါ အမိမခံဘူး၊ သင်းတို့ ငါ့ကို မရစေရဘူး"

သူသည် ဒေါသတစ်ဝက်၊ စိုးထိတ်စိတ်တစ်ဝက်နှင့် ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ယွက်ပြေးသည်။ ရှေ့





မှာ တစ်ခုခုနှင့်ဝင်တိုက်မိမှာကိုလည်း မစိုးရိမ်မိတော့။ မည်မျှကြာအောင် ပြေးနေမိမှန်းမသိ ...။ သူ မောဟိုက်နွမ်းနယ်လာမိသည်။ မျက်လုံးတွေပင် ပျာဝေလာမိသည်။ အသက်ရှူမဝတော့၊ နောက်မှာလိုက်ပါလာသည့် ခြေသံတွေကိုလည်း မကြားရတော့။ ထို့ကြောင့် သူ့ခြေလှမ်းတွေကို ရပ်တံ့လိုက်ရ၏။ ခေတ္တအနားရလိုက်သည်နှင့် အသက်ကို ဝဝရှူမိလိုက်သည်။

ထိုစဉ် သူ့မျက်လုံးအစုံသည် တစ်နေရာကို ရောက်သွား၏။ အမှောင်ထဲတွင် လင်းလက်နေသည့်အရာတစ်ခု။

"ဘာပါလိမ့်"

ယင်း လက်တောက်ပနေသည့်အရာသည် မျက်တောင်ခတ်သလို ဟာဖျပ်ဖျပ်နှင့် ဖြစ်နေသည်။ ယင်းအရာသည် အောက်ခြေတွင်ရှိနေရာက တဖြည်းဖြည်းနှင့် အပေါ်ကို တက်လာနေသည်။ အလင်းသည် လက်သီးဆုပ်အရွယ်ကမှ စပြီး ကြီးလာလိုက်သည်မှာ နောက်ဆုံး ထန်းသီးတစ်လုံးအရွယ်ရောက်မှ ရပ်တံ့သွားခဲ့သည်။ ယင်းအလင်းရောင်သည် ပေလေးဆယ်အမြင့်လောက်မှာ တံ့နေလေသည်။

သူသည် မှင်တက်မိကာ ငေးကြည့်နေမိသည်။ မည်သည့်အရာမှန်းလည်း မသိ။ တောနက်ကြီးထဲကို သူရောက်လာခဲ့သလားဆိုသည်ကိုလည်း မသိ။ မိမိအတွက် အန္တရာယ် တစ်ခုတစ်ရာ ရှိလာနိုင်သည်လား။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအလင်းရောင်သည် တဖျပ်ဖျပ်နှင့် မျက်တောင်ခတ်နေရာက ဘေးကိုပြန့်ကားသွားသည်။ ပတ်ဝန်းကျင်ကိုလည်း ကောင်းစွာ သိသာမြင်သာနေစေလေသည်။

သူသည် ဘာမှန်းမသိသောအရာဆီကို သွားရောက်ကြည့်လိုစိတ်က ဖြစ်ပေါ်လာခဲ့သည်၊ ထို့အပြင် မိမိ၏အခြေအနေက ရှေ့ကိုပဲ ဆက်သွားရမည်၊ နောက်ကို ပြန်ပြီးတော့ဆုတ်ရန် အကြောင်းက မရှိ။

ထို့အပြင် ယင်းအလင်းရောင်သည် သူ့ကိုညို့ယူကာ ခေါ်ငင်နေသည့်အတွက် ခြေလှမ်းတွေက အလိုလိုပင် ဦးတည်ပြီးသား ဖြစ်နေသည်။ လမ်းကြောင်းက ပြောင်းလဲသွားခဲ့သည်။ သူ့ကိုယ်သူ ယင်းဖုံနေရာဆီကို သွား၍သွားနေမှန်းပင်မသိ။ အနားကို ရောက်သွားသောအခါ အံ့အားတသင့် ဖြစ်သွားခဲ့ရသည်။ အဆောက်အအုံကြီးတစ်လုံး ဖြစ်နေသောကြောင့်ပင်တည်း။

သို့သော် အသွင်တစ်မျိုးနှင့် ထူးခြားနေသည်။ ယင်းအဆောက်အအုံကြီး၏ ပုံသဏ္ဌာန်သည် လိပ်ခွံ (သို့မဟုတ်) ဒယ်အိုးကြီးတစ်လုံးကို မှောက်ထားသကဲ့သို့ပင်။ သို့သော် ယင်းအပေါ်တွင် အချွန်အတက်များက ရှိနေကြသည်။ ထိပ်ပိုင်းအလယ်တွင် မျက်လုံး နှင့်တူသော အရာကြီးတစ်ခု။ သေချာစွာကြည့်လျှင် မျက်လုံးအမှန်အကန်ပင် ဖြစ်သည်။ တစ်လုံးတည်းသောမျက်လုံးကြီးက အရာခပ်သိမ်း အားလုံးကို ရှာဖွေ





ကြည့်ရှုနေသည်။ သူ့ကိုလည်း ထိုမျက်လုံးကြီးက မြင်သွားပြီဟု ထင်မိလိုက်သည်။ တောက်ပနေသောအရာသည် မျက်လုံးကြီးပင်။

"ဘယ်လို အဆောက်အအုံကြီးလဲဟ"

သူ့စိတ်ထဲမှာ ရှုပ်ထွေးသွားခဲ့ရသည်။ ပုံပန်းမကျ အဆောက်အအုံကြီးကို သည်တစ်ခါပဲ မြင်ဖူးရခြင်းပင်ဖြစ်သည်။

"ဒါ အဆောက်အအုံမှ ဟုတ်ရဲ့လား၊ ငါတို့ဆီမှာ ဒါမျိုး မရှိဘူး၊ ဘယ်သူတွေက လာပြီးတော့ ဆောက်ထားတာလဲ"

ထူးလည်းထူးဆန်းနေသည်၊ ကြောက်လည်းကြောက်နေသည်။ သို့သော် ခြေလှမ်းတွေကတော့ အဆောက်အအုံကြီးဆီကို တဖြည်းဖြည်းနှင့် တိုးကပ်သွားနေသည်မှာ အံ့အားသင့်စရာ။ ကြောက်ပေမယ့် နောက်ကိုမဆုတ်။ ဆွဲငင်အားကောင်းသော အရာကြီးကြောင့် သူ့ကိုဆွဲခေါ်နေသလို အနားကိုရောက်သွားသောအခါကျမှ တံခါးရှိသည်ကို သိလိုက်ရသည်။ သို့သော် တံခါးရွက်နှစ်ချပ်ကို စေ့စပ်စွာ ပိတ်ထားလေသည်။ သူသည် နောက်ကြောင်းမအေးနိုင်။ သူ့နောက်မှ လိုက်လာကြသော ခြေသံများကိုသာ ကြားနေမိသည်။

"မဖြစ်ဘူး ...ငါ ဒီအထဲကို ဝင်ပြီးနေမှ လုံခြုံမှုက ရနိုင်မယ်၊ ခက်တာက တံခါးပိတ်ထားတဲ့အတွက်ပဲ"

သူသည် တံခါးရွက်များကို လက်နှင့်ကိုင်ကာ တွန်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ မထူးခြားခဲ့။ ခြေသံတွေက တဖြည်းဖြည်းနှင့် နီးကပ်လာနေပြီဟု ခံစားနေမိသည်။

"တံခါးဖွင့်ပေးပါ၊ အထဲမှာ ဘယ်သူရှိသလဲ၊ တံခါးကို မြန်မြန်ဖွင့်ပေးပါဗျို့"

သူက အပြင်ကနေပြီးတော့ အော်ပြောလိုက်သည်။

'ကျွီ ကျွီ'

ချက်ချင်းပင် တံခါးကပွင့်သွားသည်။ တံခါးရွက်ကို ပခုံးဖြင့်မှီထားသော သူ့ကိုယ်သည်ပင် ယိုင်ထွက်သွားကာ အခန်းထဲသို့ ကျွံဝင်သွားခဲ့လေ၏။

"ဟင်"

သူသည် ချက်ချင်းပင် ကိုယ်ကို ပြန်ပြီးတော့ ထိန်းလိုက်ရသည်။ သူ အထဲကို ရောက်သွားခဲ့သည်နှင့် တံခါးက အလိုလိုပင် ပြန်ပြီးတော့ ပိတ်သွားခဲ့သည်။ ကျယ်ဝန်းလှသောအခန်းကြီး တစ်ခုကို သူ မြင်လိုက်ရသည်။ သို့သော် အလင်းရောင်သည် နီကြင်ကြင်နှင့် ဖြန့်ကြက်ထားသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါ။ သို့သော် စိတ်ထဲမှာခံစားနေမိရသည်က သက်ရှိတစ်ဦးထက်မက ရှိနေကြသည်ဟူ၍ပင်။ မည်သူ့ကိုမှ မတွေ့မမြင်ရ၍ ကြောက်စိတ်က အလိုလိုပင် ဖြစ်ပေါ်လာခဲ့မိသည်။

"ဒီအထဲမှာ ဘယ်သူရှိသလဲ"

မရဲတရဲနှင့် မေးမိလိုက်သည်။





တုံ့ပြန်သံက ထွက်ပေါ်မလာ။

"မေးနေတယ်လေ ... ဒီအထဲမှာ ဘယ်သူရှိသလဲလို့"

လေသံကို မြှင့်လိုက်သည်။ သူ့အသံကိုပဲ ပြန်ပြီးတော့ ကြားလိုက်ရသည်။ တစ်ဖန် တိတ်ဆိတ်သွားခဲ့ပြန်သည်။ နားထဲမှာ သက်ပြင်းချသံကြီးတစ်ခုကို ကြားလိုက်ရသလိုပင်။ တစ်ဦးတည်းဆီက ထွက်ပေါ်လာသည့်အသံမျိုးမဟုတ်ဘဲ လူအများက စုပေါင်းပြီးတစ်ပြိုင်တည်း သက်ပြင်းချလိုက်သံမျိုး။ သူ့ကျောထဲမှာ စိမ့်သွားမိသည်။ နောက်ထပ် မမေးရဲတော့လောက်အောင်ပင်။

ထိုစဉ် ...

*

နီကြင်ကြင် အလင်းရောင်သည် သိသာစွာ မှိန်ဖျော့သွားခဲ့သည်။ မည်သည့်ကြောင့်လဲတော့ မသိ။ စိတ်ထဲမှာ သွေးလန့်သလိုမျိုး ဖြစ်လာခဲ့သည်နှင့် ဤနေရာမှ ထွက်သွားချင်စိတ်ပင် ဖြစ်ပေါ်လာမိသည်။

ထိုစဉ်မှာပင်လျှင် သူ့ရှေ့ကို အရိပ်မည်းကြီးတစ်ခု ထိုးကျလာခဲ့သည်။ သူသည် အရိပ်မည်းကြီးကို အံ့အားသင့်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာသော အရိပ်မည်းကြီးက သူ့ဆီကို တိုးကပ်လာနေသည်။

ထိုအခါ သူသည် နောက်ဆုတ် နောက်ဆုတ်နှင့် ရှောင်ရှားနေမိသည်။ အရိပ်ကြီးက သူ့နောက်ကို တိုးတိုးပြီးတော့ လိုက်လာနေသည်။ သူ့ကျောနှင့်နံရံ ကပ်သွားသည်။ နောက်ဆုတ်စရာနေရာ မရှိတော့။ အရိပ်ကြီးကလည်း ရပ်သွားခဲ့သည်။ သူသည် ခေါင်းငုံ့ကာ ရပ်တံ့သွားသောအရိပ်ကြီးကို ကြည့်နေရာက ရှေ့တူရူဆီကို အကြည့်ကရောက်သွားသည်။

"ဟင်"

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားခဲ့ရသည်။ ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရသည်။ သူ့ရှေ့မှာ ရပ်နေသောသူသည် အေးစက်တင်းမာသောမျက်လုံးအစုံဖြင့် စူးစိုက်ကာ ကြည့်နေသောကြောင့်ပင်။ ယင်းမျက်လုံးထဲမှ တစ်လုံးသည် အဆောက်အအုံကြီး၏အပေါ်မှာရှိနေသည့် မျက်လုံးနှင့်တူနေသည်။ ထို့အပြင် ထိုလူကြီးသည် ဦးထုပ်ချွန်ကြီးကို ဆောင်းထားသည်။ ဦးထုပ်အောက်ပိုင်းက မျက်လုံးတွေကို ဖုံးအုပ်ထားသလိုဖြစ်နေသော်လည်း နဖူးကိုတော့ မမြင်နိုင်။ မျက်လုံးတွေကိုတော့ ကောင်းစွာပင် မြင်နေရသည်။

ထိုလူကြီးသည် တောင့်တင်းကြံ့ခိုင်သောကိုယ်လုံးရှိပြီး အရပ်ကမြင့်မားသည်၊ အဝတ်နက်ကို ဝတ်ဆင်ထားသည်။





သူ၏လက်ထဲတွင် နှင်တံနှင့်တူသောအရာကို ကိုင်တောင်ထားသည်။ သူ၏အရိပ်သည် လိုအပ်သည်ထက် ပိုပြီးတော့ ကြီးမားကျယ်ပြန့်နေသည်။

"သူက ဘယ်သူလဲ၊ ငါ့ဆီကို ဘယ်လိုရောက်လာခဲ့တာလဲ"

တစ်ယောက်တည်း မေးနေမိသည်။ အဖြေက ထွက်ပေါ်မလာ။ ထို့အပြင် ထိုလူကြီးကို မြင်လိုက်ရသောအခါ ရုတ်တရက် အသည်းငယ်သွားသလို ခံစားလိုက်ရလေသည်။

* * *



www.burmeseclassic.com

# အခန်း (၂)

## မိုးမှောင်ဓါးကိုယ်တွေ့

သူ့ရှေ့တွင်ရပ်နေသော လူကြီးသည် မလှုပ်မယှက်၊ စကားလည်း မပြော။ သည်းခံနိုင်စွမ်းမရှိအောင် ဖြစ်လာခဲ့မိသည်။ သို့သော် ထူးခြားသောမျက်လုံးတစ်စုံ၏အကြည့်သည် သူ့ရင်ထဲကို တစ်ချိန်လုံး ထိုးဖောက်မွှေနှောက်လျက်ရှိနေသည်။

"ခင်ဗျားက ဒီအိမ်ရှင်လား"

မအောင့်အည်းနိုင်တော့ဘဲ သူကပင် စပြီးတော့ မေးလိုက်လေသည်။ ထိုအခါ ထိုလူကြီးဆီက ရယ်သံထွက်ပေါ်လာခဲ့သည်။ ပါးစပ်မဟုတ် ဝမ်းခေါင်းထဲက လှိုက်ပြီးထွက်လာခဲ့သည့် အသံမျိုး။

"ဒါ အိမ် ... ဟုတ်လား၊ မင်းက အိမ်လို့ထင်နေသ





လား။ ဒီမှာ မောင်ရင် ... မင်း ဘေးအန္တရာယ်တစ်ခုကြောင့် ထွက်ပြေးလာခဲ့တာ မဟုတ်လား"

ထိုလူကြီး၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။ ဘယ်လိုများ သိနေသလဲဟူ၍။ ထို့အပြင် ပါးစပ်လေး လှုပ်ရုံသာ ပြောသည်။ ထွက်လာသည့်အသံကတော့ ကြွေဖာအပြည့်ပါသည်။ သူ မငြင်းနိုင်အောင်ပင်။

"ဟုတ်ပါတယ်၊ ကျွန်တော့်နောက်က လိုက်လာကြတဲ့ လူတွေကြောင့် ပြေးလာခဲ့ရတာပါ"

"မင်း ဘာတွေလုပ်ခဲ့လို့လဲ"

"ဗျာ"

"မင်း ဘာတွေလုပ်ခဲ့လို့ ဒီလိုပြေးလာခဲ့ရတာလဲလို့ ငါ မေးနေတယ်လေ"

"ကျွန် ကျွန်တော့်ကို သူတို့က မတရားလိုက်ပြီးတော့ ဖမ်းနေကြလို့ပါ၊ အသက်ကိုတောင် ရန်ရှာကြမှာ စိုးရိမ်ရပါတယ်"

ထိုလူကြီးဆီက ရယ်သံက ထွက်ပေါ်လာခဲ့ပြန်သည်။ သူ့ကို လှောင်ပြောင်လိုက်သလိုပင်။ ထို့ကြောင့် စိတ်ထဲမှာ မလုံမလဲ ဖြစ်သွားခဲ့ရသည်။

"မင်း ငါ့ကိုတောင် လိမ်တယ် ညာတယ်၊ အေးပေါ့လေ ... လူဆိုးလူမိုက်, ဒုစရိုက်သမားဆိုတာ ဒီလိုစိတ်မျိုးပဲရှိမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ အမှန်ကို ပြောမှာမဟုတ်ဘူး''

''ဗျာ''

''မဗျာနဲ့ မောင်ရင် . . . မင်းအကြောင်းကို ငါ ကောင်းကောင်းသိတယ်၊ လူသတ်, ပြန်ပေး, ဓားပြ, မုဒိမ်းသမား တစ်ယောက်၊ အပြစ်တွေ ကျူးလွန်ခဲ့တာများပြီ၊ မင်းကို အဲဒီအတွက် လိုက်ဖမ်းနေကြတာ၊ မင်းထွက်ပြေးရင်း ငါ့ဆီကို ရောက်လာခဲ့တာ . . . ဘာပြောဦးမလဲ''

''ခင် ခင်ဗျား . . . ကျုပ်ကို ဒီလိုမတရားမစွပ်စွဲနဲ့၊ ကျုပ်ပြောခဲ့တာတွေက အမှန်တွေပဲ၊ ခင်ဗျားမှာ ကျုပ်နဲ့ပတ်သက်ပြီး ဘာအထောက်အထားရှိလို့ ခုလိုပြောနေရတာလဲ''

ထိုလူကြီးက သူ၏ကိုယ်ရုံအင်္ကျီအောက်မှ ပစ္စည်းတစ်ခုကို ထုတ်လိုက်သည်။ သားရေဖုံးနှင့် စာအုပ်ထူကြီးတစ်အုပ်ပင်။

''ဟောဒီစာအုပ်ဟာ ခွေးသားရေနဲ့လုပ်ထားတာ၊ မကောင်းမှု ဒုစရိုက်သမားတွေရဲ့ ကိုယ်ရေးမှတ်တမ်း၊ ဒီအထဲမှာ မင်းနဲ့ပတ်သက်ပြီး အပြည့်အစုံ မှတ်တမ်းပြုထားတယ်၊ မင်းတင် မဟုတ်ဘူး . . . ဒုစရိုက်သမားအားလုံးရဲ့ မှတ်တမ်းတွေအားလုံးလည်းပါတယ်''

''ခင်ဗျာ . . . ဒီစာအုပ်ထဲမှာ လူတွေရဲ့မှတ်တမ်းတွေ ရှိတယ် . . . ဟုတ်လား၊ ကျုပ် ကျုပ်က လူဆိုးမှမဟုတ်တာ''

''မင်းဟာ လိမ်ပြီးရင်း လိမ်နေတာပဲကိုး၊ ဟောဒီမှာ





မင်းဖတ်ကြည့်၊ မင်းအကြောင်းတွေရေးထားတာ မင်းအမေတောင် ငါ့လောက်မသိတဲ့ကိစ္စတွေ''

လူကြီးက သူ့ကို စာအုပ်ထိုးပေးလိုက်သည်။ သူသည် တုန်ယင်သောလက်နှင့် စာအုပ်ကို ယူလိုက်သည်။ ထိုလူကြီးက လက်ညှိုးထိုးပြသောနေရာကို ကြည့်လိုက်ရာ . . .

''မိုးမောင်၏ ဒုစရိုက်မှတ်တမ်း''

ဤသူသည် လူသတ်၊ ဓားပြတိုက်၊ မိန်းကလေးများကို ပျိုပျိုအိုအို မရှောင်ဘဲ ကာမကို အဓမ္မရယူတတ်သူ၊ အပြင်ပန်းအနေနှင့်ကြည့်လျှင် ထိုကိစ္စမျိုးကို မကျူးလွန်တတ်သူဟု ထင်ရသော်လည်း ပြစ်မှုများကို သွေးအေးအေး၊ ပိပိရိရိဖြင့် ကျူးလွန်တတ်သူ အမှန်ပင်ဖြစ်သည်။ လိမ္မာယဉ်ကျေးအောင် ဆုံးမ၍မရသော ကျားသစ်တစ်ကောင်ပမာ ရက်စက်ကြမ်းကြုတ်သူ။ ထို့ကြောင့် ဤသူကို ထိုက်တန်သောအပြစ်ကို ပေးရမည်။

ထို့နောက် မိုးမောင်ကျူးလွန်ခဲ့သော အမှုများကို နေ့အလိုက်၊ ရက်စွဲအလိုက်၊ ခုနှစ်အလိုက် စေ့စပ်သပ်ရပ်စွာ ရေးသားထားသည်ကို တွေ့ရသည်။ မိုးမောင်သည် မှတ်တမ်းကို ဖတ်နေရင်းက မျက်လုံးပြူးလာခဲ့လေသည်။

''ခင် ခင်ဗျား ဒီကိစ္စတွေကို ဘယ်လိုကြောင့် အတိအကျ သိနေရတာလဲ''

''ဒါဆို မင်း ဝန်ခံပြီပေါ့ . . . ဟုတ်လား၊ ဒီလိုပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com





ငါလည်း ငါ့နည်းနဲ့ငါ လေ့လာပြုစုရတာပေါ့ ...၊

မြင်တယ်မဟုတ်လား ... မင်းလိုလူတွေ အများကြီး၊ တစ်ကမ္ဘာလုံးမှာရှိနေကြတဲ့ မကောင်းမှုကျူးလွန်ကြသူတွေရဲ့ ကိုယ်ရေးရာဇဝင်ကို ဒီစာအုပ်ထဲမှာ အတိအကျ တွေ့ရမယ်၊ သူတို့အားလုံးဟာ ငါးပါးသီလကို မစောင့်ထိန်းကြတဲ့သူတွေ, ဒုစရိုက်မှုတွေကို ကျူးလွန်နေကြတဲ့သူတွေ၊ ဒါပေမဲ့ အချိန်တန် လာပြီဆိုရင်တော့ အဲဒီအပြစ်တွေကို ခံယူကြဖို့ ငါ့ဆီကို ရောက် လာခဲ့ကြတာပဲ''

''ဘာ ... ခင်ဗျားဆီကို ရောက်လာကြတယ်၊ အပြစ်တွေခံယူဖို့ ... ဟုတ်လား၊ ဒါ ဘာအဓိပ္ပာယ်လဲဗျ၊ ခင်ဗျားက ကော ဘာမို့လို့လဲ၊ ဒီလိုအပြစ်ပေးနိုင်တယ် ဆိုရလောက်အောင်''

မိုးမှောင်သည် စိတ်လှုပ်ရှားကာ ဒေါသဖြင့်မေးလိုက်သည်။ ထိုလူကြီးက မိုးမှောင်၏လက်ထဲက စာအုပ်ကြီးကို ပြန်ယူလိုက်ပြီး ...

''မင်းပဲ စဉ်းစားကြည့်ပေါ့ကွာ၊ ငါ ဘယ်သူလဲဆိုတာ''

''ခင်ဗျားကြီး ခင်ဗျားကြီး''

မိုးမှောင်သည် သူ့အတွက် မကောင်းသောအခြေအနေ တစ်ခုကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့် ခါးကြားမှာထိုးထားသော ဓားမြှောင်ကို ဆတ်ခနဲဆွဲထုတ်လိုက်ကာ ထိုလူကြီးဆီ ပြေးဝင်သွားခဲ့သည်။





တစ်ဆက်တည်းမှာပင် သွက်လက်သောဓားချက်က ထိုလူကြီး၏ ရင်ညွန့်ဆီကို ဝင်အသွား ...

''အား''

နာကျင်စွာ ထွက်ပေါ်လာသော အော်သံ။ လက်ထဲက ဓားမြှောင်သည်လည်း လွတ်ကျသွားခဲ့ရသည်။

မည်သို့ဖြစ်သွားသလဲ မသိ။ တစ်ကိုယ်လုံး ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို တွန့်လိမ်ကောက်ကွေးသွားခဲ့ရသည်။ မျက်နှာသည်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်သည်အထိ ပျက်သွားခဲ့ရသည်။ နာကျင်စွာ ခံစားရသောကြောင့် လက်ထဲကဓားမြှောင်သည်လည်း အောက်ကို လွတ်ကျသွားခဲ့ရလေသည်။ မိုးမှောင်သည် ထိုသို့ အသက်ထွက်မတတ် ခံစားလိုက်ရပြီးမှ ထိုလူကြီးကိုလည်း အကြောက်ကြီးကြောက်သွားခဲ့ရသည်။

''ဘယ်လိုလူကြီးလဲ မသိဘူး၊ မဖြစ်ဘူး ... ငါပြေးမှ''

တံခါးဆီကို ထွက်ပြေးသည်၊ တံခါးကို ဖွင့်သည်။ သို့သော် ဘယ်လိုမှ ဖွင့်မရ၊ ထို့နောက် တစ်နေရာရာမှာများ ထွက်ပေါက်ရှိနေဦးမလားဟု ပြေးရင်းလွှားရင်း ရှာနေမိသည်။ လူကြီးကတော့ မိုးမှောင်ပျာယာခတ်နေသည်ကို တစ်နေရာတည်းမှာပင် ရပ်ကာ ကြည့်နေလေသည်။

မိုးမှောင်သည် ကြောက်စိတ်ဖြင့် အခန်းထဲမှာ ပြေးလွှားလှည့်ကာ လျှောက်ပြေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီအထဲက လွတ်မြောက်မှ ဖြစ်မယ်"

တစ်နေရာကိုအရောက်တွင် သူ့အလိုလို တံခါးရွက်များ ပွင့်လာသော အခန်းတစ်ခန်းကို တွေ့လိုက်ရသည်။

"ဟင် ... ဒါ ထွက်ပေါက်ပဲဖြစ်မှာပဲ"

ထို့ကြောင့် ဘာမှ စဉ်းစားမနေတော့ဘဲ စွတ်ရွတ်ပြီး တော့ ဝင်သွားခဲ့လေသည်။ သူ ဝင်သွားခဲ့သည်နှင့် တံခါးလည်း ပြန်ပိတ်သွားသည်။ တောအုပ်ဆန်ဆန်နေရာကို သူရောက်သွား သည်။ သူသည် အဆောက်အအုံကြီး၏ အပြင်ဘက်ကို ရောက် သွားခဲ့သည်ဟုထင်ကာ ဝမ်းသာမိသွားသည်။ သို့သော် ...

*

သို့သော် သူရောက်သွားခဲ့သည့်နေရာသည်ကား ... တကယ့်တောအုပ်မဟုတ်။ တောအုပ်အတုကြီးသာ။ အရိပ်အ ယောင် ဖန်တီးထားသော ပဥ္စလက်ဆန်သည့် တောအုပ်ကြီး။ အားလုံးသည် အရိပ်များသာဖြစ်ကြသည်။ လက်နှင့်ထိ၍ မရ၊ ကိုင်တွယ်မရသော သစ်ပင်၊ ချုံ၊ ကမူ၊ တောင်ကုန်းများ။

"ဟင် ... ဒါ ဘယ်လိုနေရာပါလိမ့်"

သူ အံ့အားသင့်သွားခဲ့ရသည်။ ထို့အပြင် မပြေပျောက်





သေးသော ထိတ်လန့်မှုတို့ ပိုပြီးတော့ ပွားလာအောင် လှုံ့ဆော် လိုက်သလိုပင်။ မိုးမောင်သည် နောက်ကိုဆုတ်ရန် မဖြစ်နိုင်မှန်း သိသည်နှင့် ရှေ့ကိုသာ တိုး၍ တိုး၍ လျှောက်သွားသည်။ နောက် ကိုဆုတ်ခဲ့လျှင် ဟိုလူကြီးနှင့် ပြန်ပြီးတော့တွေ့ဆုံရဦးမည် မဟုတ် ပါလား။ သူ လျှောက်သွားနေစဉ်မှာ မမျှော်လင့်သော အခြေ အနေတစ်ခုကို ကြုံတွေ့လိုက်ရသည်။

ယင်းကား မမြင်ကွယ်ရာနေရာက အလျှို အလျှိုနှင့် ထွက်လာခဲ့ကြသောသူများပင်။ သူလည်း ရုတ်တရက်မို့ ထိတ် လန့်သွားခဲ့ရသည်။

"ဘာတွေလဲ ... မကောင်းဆိုးဝါးတွေလား"

သို့သော် ထိုသူများသည် ယောကျ်ား၊ မိန်းမ ကြီးကြီး ငယ်ငယ် လူသားများသာ ဖြစ်ကြသည်။ ရုပ်သွင်၊ ပုံသဏ္ဌာန်တွေ ဆိုးဆိုးရွားရွား မဟုတ်ကြ၍ စိတ်သက်သာရာ ရသွားခဲ့ကြလေ သည်။ ထိုအထဲမှ တစ်ယောက်က သူ့ဆီကို ရောက်လာခဲ့သည်။ ထိုသူသည် ကြမ်းတမ်းသောရုပ်ရည်ရှိပြီး ရုပ်နှင့်လိုက်အောင် ရက်စက်မည့်သူဆိုသည်ကို ကြည့်ရုံနှင့်သိသည်။

"မင်းလည်း ဒီကိုရောက်လာခဲ့တာကိုး၊ ကောင်းတယ် ဟေ့ ... အဖော်ရတာပေါ့ကွာ"

"ခင်ဗျားက ဘယ်သူလဲ၊ ဒီနေရာမှာ လူတွေက အများ ကြီးပဲ၊ ဘာလုပ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်က ထိုလူကြီးကို မြင်ပြင်းကတ်စွာနှင့် ကြည့်ကာ မေးလိုက်သည်။

"မင်းက ငါ့ကိုမသိလို့ မေးနေတာလား၊ သိလျက်နဲ့ မေးနေတာလား"

"မသိလို့ပေါ့ဗျာ၊ ဟိုလူကြီးကို ကျုပ်က အပြတ်ရှင်းမယ့် မအောင်မြင်တာနဲ့ ပြေးလာခဲ့ရတာ"

"ဟား ဟား ဟား . . . မင်း ဘာကိုဆိုလိုလိုက်သလဲ ဆိုတာ ငါသိပြီ၊ ငရဲအိုးကိုမှ တုတ်နဲ့သွားထိုးတာကိုးကွ၊ သူက ဘာမှဖြစ်မှာမဟုတ်ဘူး၊ အိုကွာ . . . ဒီကမ္ဘာကြီး အကြိမ်တစ်ရာ မက ပျက်စီးသွားလည်း သူက ဘာမှဖြစ်သွားမှာမဟုတ်ဘူး၊ မင်းတို့ ငါတို့သာ အပြစ်ကြီးရင်ကြီးသလို, ငယ်ရင်ငယ်သလို အဲဒီအပြစ်တွေကို ပေးဆပ်ပြီးနေကြရမှာ"

"ဘာ ဘာ . . . ဘယ်လိုပြောလိုက်တယ်၊ ခင်ဗျားပြော တာကို ကျုပ် နားမလည်ဘူး၊ ကမ္ဘာကြီး အကြိမ်တစ်ရာမက ပျက်စီးသွားလည်း သူက ဘာမှဖြစ်မသွားဘဲ ကျန်နေမယ် . . . ဟုတ်လား၊ ဒါ ဒါ ဘာစကားလဲ"

"ဘာစကားလဲ . . . ဟုတ်လား၊ ဒါဆို မင်းက တကယ် မသိသေးတာဘဲ၊ မှတ်ထားကွယ့်လူ . . . ဒီလူကြီးဟာ တခြားသူ မဟုတ်ဘူး . . . ရောရှ၀ကလာတဲ့လူ၊ မင်းတို့ ငါတို့လို အပြစ်ရှိ တဲ့လူတွေကို လာခေါ်ပြီး ရောရှ၀ကို ပြန်သွားမှာ"





"ဘာ ဘာ . . . 'ရောရှ၀ကလာတဲ့သူ' . . . ဟုတ်လား၊ ဟာ . . . ခင်ဗျား မဟုတ်တမ်းတရားတွေ လျှောက်ပြောနေတယ်၊ ရောရှ၀ဆိုတာ ငရဲပြည်ပဲ . . . ဒီလိုဖြစ်နိုင်မလား၊ မဟုတ်ဘူး မဟုတ်ဘူး . . . မဖြစ်နိုင်ဘူး"

ထိုစဉ် သူတို့ဆီကို လူတစ်ယောက်က ရောက်လာခဲ့ သည်။ အ၀တ်နက်ကြီးကို ၀တ်ဆင်ထားသောသူပင်တည်း။

"သိပ်ဟုတ်, သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ ငါဟာ ရောရှ၀ က လာတဲ့လူအစစ်ပဲ၊ မင်းတို့လို ဒုစရိုက်သမားတွေကို တစ်နေ ရာတည်း စုစည်းပြီးခေါ်သွားဖို့ ရောက်လာခဲ့တာ"

ထိုလူကြီးသည် ပို၍ ရှူးလက်တောက်ပသော မျက်လုံး များဖြင့် မိုးမှောင်ကိုကြည့်ပြီးတော့ အေးဆေးစွာပင် ပြောလိုက် လေသည်။

"ဒါ ပြဇာတ်ကနေတာလား၊ အားလုံး သိပ်ပြီးတော့ သရုပ်ဆောင်ကောင်းနေတယ်ပေါ့လေ၊ ကျုပ်ကို ခင်ဗျားတို့က လှည့်စားနေကြတာ၊ အယုံသွင်းနေကြတာ"

မိုးမှောင်က ခြောက်ကပ်သောလေသံကြီးဖြင့် ပြန်ပြော လိုက်သည်။ သို့သော် လူကြီးသည် မိုးမှောင်၏စကားကို ဂရု မစိုက်သလို . . .

"အချိန်ကျပြီ . . . မင်းတို့ကို ငါ ခေါ်သွားရတော့မယ်၊ ရောရှ၀ရောက်မှ အသေအချာ လေ့လာကြည့်ပေါ့ကွာ၊ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်ကတာလား. သရုပ်ဆောင်နေကာလားဆိုတာ''

''ခင် ခင်ဗျား''

မိုးမှောင်က ထိုလူကြီးကို ခုန်အုပ်တော့မည်အပြုမှာ . . .

'ဝီး ဝီး ဝီး ဝီး'

ရုက်တရက် ထူးခြားသောအသံကြီးတစ်သံက ထွက်ပေါ် လာခဲ့သည်။ သူတို့ရပ်နေရာအောက်မှ လှိုက်ဆူပြီးတော့ တက် လာသည့်အသံကြီးပင်။

ထိုအခါ အားလုံးသည်လည်း ရပ်မနေနိုင်ကြတော့ဘဲ ဒယိမ်းဒယိုင်ဖြစ်ကာ လဲကျသွားခဲ့ကြကုန်သည်။

''အား အား အား''

အဆောက်အအုံကြီးတစ်ခုလုံး သွက်သွက်ခါသွားခဲ့ကာ ပို၍တောက်ပသော အလင်းရောင်များက မြေကြီးထဲမှထွက်ပေါ် လာခဲ့ကြလေသည်။ အဆောက်အအုံကြီး၏ထိပ်တွင် ရှိနေသော မှုံကာလုံးကြီးသည်လည်း ပို၍တောက်ပလာကာ အသက်ဝင် လှုပ် ရှားလျက်ရှိနေသလို။ ထိုစဉ်မှာပင်လျှင် . . .

'ဝီး ဝီး ဝီး ဝီး'

တဝီးဝီးနှင့် အသံကြီးက ပိုပြီးတော့ကျယ်လောင်လာ ကာ မြေပြင်သည်လည်း တုန်ခါမှု ပိုကြီးလာခဲ့သည်။ သည့် နောက်မှာတော့ ယင်းအဆောက်အအုံကြီးသည် မြေကြီးအောက် ကို တဖြည်းဖြည်းနှင့် ကျွံဝင်ကာ နိမ့်ဆင်းသွားခဲ့လေသည်။





တကယ်တော့ မြေပြင်ပေါ်ကိုတက်လာပြီးမှ တစ်ဖန် အောက်ကို ပြန်ဆင်းသွားခဲ့ခြင်းပင် ဖြစ်သည်။ အဆောက်အအုံထဲမှ လူများ သည်ကား . . .

''ငါတို့ကို ဘယ်ခေါ်သွားမလို့လဲ၊ အခု ပြန်လွှတ်ပေး၊ ပြန်လွှတ်ပေး''

အားလုံးက အော်ဟစ်နေကြသည်။ အဆောက်အအုံကြီး သည်ကား ထောင်ချောက်ကြီးတစ်ခုဖြစ်မှန်း သိလိုက်ကြရလေ ပြီ။ မိုးမှောင်သည် အရှင်လတ်လတ် ငရဲအကျခံရမည့်အရေးကို မလိုလား။ ထို့ကြောင့် ထိတ်လန့်မှုကို မထိန်းချုပ်နိုင်တော့ဘဲ၊

''ကျုပ် ကျုပ်ကို ဒီအတိုင်း ငရဲကိုခေါ်မသွားပါနဲ့၊ အခု ချက်ချင်း ပြန်လွှတ်ပေး၊ မကောင်းမှုမှန်သမျှ ဘာမှမလုပ်တော့ ပါဘူး၊ လွှတ်ပေးပါ လွှတ်ပေးပါ''

ဟု အော်ရင်း သတိလစ်ကာ လဲကျသွားခဲ့လေသည်။

*

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးပရဗျစ်နှင့် လူကြီးတစ် ယောက် သစ်ပင်တစ်ပင်အောက်တွင်ထိုင်ကာ လူအချို့ကို ပြော ပြနေသည်က . . .



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်က ရောရှုဝင်ရဲက တစ်ခေါက်ပြန်လာခဲ့တာ၊ ဟိုမှာ မကောင်းမှုကို ကျူးလွန်ခဲ့ကြတဲ့သူတွေ ငရဲခံနေကြရတာ ကြောက်စရာကြီးဗျာ၊ သွေးပျက်ရလောက်အောင် ခံစားမိတယ်၊ ကျုပ်လည်း မှားပြီးအခေါ်ခံရလို့ ပါသွားတာ၊ ကံကောင်းလို့ ပြန်လွှတ်လာခဲ့တာဗျို့၊ ငရဲဆိုတာ တကယ်ရှိတယ် ... မယုံမရှိကြနဲ့၊ မကောင်းမှုမှန်သမျှ မလုပ်ကြနဲ့ ... ရှောင်ကြဗျာ ...၊

ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံယက် ဟိုမှာခံရတာက ပိုကြီးတယ်၊ မမျှတာဘူး။ ကျုပ်တော့ နောင်တအကြီးအကျယ်ရပြီး အကုသိုလ်အလုပ်မှန်သမျှ ရှောင်ခဲ့တာ၊ ခင်ဗျားတို့လည်း ကံငါးပါးကို လုံအောင်ထိန်းကြပါ''

ဟုဆိုကာ ထွက်သွားခဲ့လေသည်။ ရသေ့လိုလို၊ ယောဂီလိုလိုနှင့် ထိုလူကြီးကိုကြည့်ပြီး တစ်ယောက်က ...

''ထောင်ထွက်ကြီးမိုးမှောင်ဆိုတာ သူပေါ့၊ ဘယ်လိုဖြစ်သွားသလဲ မသိဘူး၊ သူကိုယ်တိုင် သွားအဖမ်းခံတယ်၊ ပြစ်မှုကြေးက် သူခံယူသွားတယ်၊ ထောင်ထဲမှာလည်း ရှုးကြောင်ကြောင်နဲ့ အဲဒီလိုပဲ လျှောက်ပြောနေတော့တာပါပဲ၊ ဒါပေမဲ့ သူ့စကားကို ဘယ်သူတွေက ယုံကြမှာတဲ့လဲဗျာ''

ဟု ပြောလိုက်လေသတည်း။

***



# အခန်း (၃)

## အသံကြီး

ကျောက်သလင်း အမည်ရှိ ရွာတစ်ရွာ။

အိမ်ခြေသုံးရာကျော်ကျော်ရှိသည့် ရွာကြီးတစ်ရွာပင်။ သို့သော် ရွာသည် နောက်ထပ် ပေါက်စီတက်ကွဲလျက်ရှိသည်။ တိုးခဲ့ထားသောအကွက်သည် ရွာနှင့် တစ်ဆက်တည်းတစ်စပ်တည်း ဖြစ်သော်လည်း အပိုင်းတစ်ပိုင်းဖြစ်နေသည်။ အနောက်စု ဟု ခေါ်ကြသည်။ ကျောက်သလင်းနှင့် အနောက်စု တစ်ဆက်တည်း။ တစ်ဆက်တည်းဟု ဆိုသော်လည်း ရိုးလေးတစ်ခုက ခြားထားသည်။

သို့သော် အနောက်စုသည် ကျောက်သလင်းရွာ၏ အစိတ်အပိုင်းတစ်ခုပင်။ တစ်ခါက အခြေအနေမဲ့နေကြသော



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအချို့က ကျောက်သလင်းရွာကို ရောက်လာကြပြီး နိုလှုံခွင့်ပြုပါရစေဟု အောက်ကျို့ကာ တောင်းပန်လာကြသည်။ ထိုအခါ ရွာလူကြီးများက မိမိတို့၏ရွာသားများနှင့်အတူ ထိုကိစ္စအတွက် တိုင်ပင်ကြသည်။

“သူတို့ကိုကြည့်ရတာ နေရာအတည်တကျ မရှိကြတာကတော့ အမှန်ပဲ၊ ခြေသလုံးအိမ်တိုင်တွေလို ဖြစ်နေကြတယ်၊ ကြည့်ရတာ တစ်နေရာမှာ ဖောက်ချလုပ်ကိုင်စားသောက်ချင်ကြတယ်နဲ့ တူပါတယ်၊ အဲဒီတော့ ခင်ဗျားတို့သဘောကကော ဘယ်လိုလဲ”

ရွာသူကြီးဦးမှတ်က ရွာသားများ၏ဆန္ဒကို တောင်းခံသည်။ ထိုအခါ ရပ်မိရပ်ဖတစ်ဦးက ...

“သူတို့မှာ မိသားစုတွေနဲ့အတူ လှည့်လည်ပြီး သွားလာနေကြရတော့ ပင်ပန်းလှပါတယ်၊ ပြီးတော့ ကလေးတွေကလည်း ပါလာကြသေးတယ်၊ လုပ်ကိုင်စားသောက်ကြဖို့ကလည်း မြေမရှိ၊ လုပ်ငန်းမရှိကြနဲ့ တော်တော့်ကို ခက်ခဲပင်ပန်းနေကြတယ်၊ ကျုပ်ရွာသားတွေနဲ့ အကြံညှိနှိုင်းခဲ့ပြီးပါပြီ၊ ဒီလိုလုပ်ရင် ကောင်းမလားလို့ပါ”

“ဟုတ်ကဲ့ ... ပြောပါခင်ဗျာ”

“ရွာရဲ့ရိုးလေးတစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ ရွာအပိုင်ပဲ မဟုတ်လား၊ သူတို့ကို အဲဒီနေရာပေးလိုက်ရင် ဖြစ်တာ





ပဲ၊ ကျွန်တော်တို့ရဲ့ ရွာလူဦးရေလည်း ပိုပြီးတော့ တိုးလာတာပေါ့”

“ဟာ ... အဲဒီနေရာက ဘယ်သူမှ မနေနိုင်တဲ့ ဖုန်းဆိုးမြေကြီးပဲ၊ သူတို့ကလည်း ဘယ်လိုနေနိုင်ကြမှာလဲ”

“သူကြီး ... အဲဒီနေရာကို လူအင်အားနဲ့ ရှင်းလင်းပြီး အိမ်ဆောက်ပြီးနေလို့ ရတာပဲ၊ သူတို့အတွက် စိုက်ပျိုးဧရာမြေအပိုတွေတောင်မှ ထပ်ပြီးတော့ထွက်လာဦးမယ်၊ ကျွန်တော်တို့ အခုနေနေကြတဲ့ ရွာကကော ရှေးကဘိုးဘေးတွေ ဒီလိုပဲ ဖုန်းဆိုးမြေကို ရှင်းလင်းပြီး ရွာတည်နေလာခဲ့ကြတာပဲ မဟုတ်လား”

“အေး ... ဒါတော့ ဟုတ်ပါတယ်၊ အင်း ... နို့ပေမယ့် ရိုးတစ်ဖက်က ဖုန်းဆိုးမြေကိုတော့ ဘာဖြစ်လို့ မရှင်းလင်းဘဲ ချန်ထားရစ်ခဲ့ကြသလဲဆိုတာကိုတော့ မသိနိုင်ဘူး”

“သူကြီးရာ ... ကျွန်တော်တို့ရွာက လူဦးရေနဲ့တင် ဒီနေရာက ပြည့်စုံနေပြီလေ၊ ပြီးတော့ ဒီဘက်မှာတင် စိုက်ပျိုးလုပ်ကိုင်လို့ရတဲ့ မြေနေရာတွေက လုံလုံလောက်လောက်ရှိနေကြတာပဲ မဟုတ်လား၊ ခု ဖုန်းဆိုးမြေနေရာကို မလိုအပ်လို့ ဒီအတိုင်းထားပစ်ခဲ့တာ နေမှာပေါ့”

“အေးပေါ့ဗျာ ... ရွာသားတွေအားလုံးက သဘောတူကြတယ်ဆိုရင်လည်း ဒီအတိုင်းပဲ ဆောင်ရွက်ကြတာပေါ့”

ထို့ကြောင့် ရွာသားများ၏ဆန္ဒကို ယူပြီးသည်နှင့် လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလုံကြသော သူများကိုခေါ်ကာ ...

"ခင်ဗျားတို့ကို ကျုပ်တို့ရွာသားတွေက စာနာပြီး ဒီမှာ နေခွင့်ပြုတယ်၊ ဒါကြောင့် ဟောဒီဖုန်းဆိုးမြေကို ရှင်းလင်းပြီး တော့ နေကြပါ၊ သစ်ဝါးတွေကိုတော့ တောထဲမှာ သွားခုတ်ယူ ကြပေါ့ဗျာ၊ တောကလည်း ဘယ်လောက်မှ မဝေးပါဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ရဲ့အခက်အခဲကို ခုလိုဖြေ ရှင်းပေးတာ ကျေးဇူးမမေ့ပါဘူးဗျာ"

ကျောက်သလင်းရွာက လက်ခံလိုက်သည့်အတွက် ကျေးဇူးတင်သွားခဲ့ကြသည်။ လွှန်စွာမှလည်း ဝမ်းသာသွားခဲ့ကြ သည်။ သို့သော် ဖုန်းဆိုးမြေကိုရှင်းလင်းသည့်ကိစ္စတွင် ကျောက် သလင်းရွာသားများက ဝင်ရောက်မပတ်သက်ကြပေ။ နောက် ထပ်ရောက်လာကြသော လူသစ်များကသာ တပြည်းပြည်းနှင့် ချွဲတွင်ကာ ရှင်းလင်းသွားခဲ့ကြသည်။ သို့သော် ထိုရက်အတွင်းမှာ တော့ ဆန်နှင့် ငါးခြောက်ငါးခြမ်း၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်း ရွက်နှင့် ရေကာအစ ကူညီကြသည်။

ဖုန်းဆိုးမြေကို ရှင်းလင်းသည့်နေ့မှာပင် ထူးခြားချက်များ က ဖြစ်ပေါ်လာခဲ့သည်။

ယင်းကား ...

*

ရွှေကားစာပေ



လူသစ်များသည် ရွာသားများက ထုတ်ပေးသော ရဲ တင်း၊ ပုဆိန်၊ ပေါက်တူး၊ ပေါက်ပြား၊ ဓားများကိုယူကာ ဖုန်း ဆိုးမြေကို စတင်ပြီးတော့ ရှင်းလင်းကြသည်။ မရှင်းမီက ယင်း နေရာနှင့်မနီးမဝေးတွင် တဲထိုးပြီးတော့နေကြသည်။ သူတို့အထဲမှ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဖိုးဒီ ဆိုသည့် လူကြီးသည် ရတနာသုံးပါးကို ဦးထိပ်ပန်ဆင်သူတစ်ဦး ဖြစ်သည်။

ထိုညက တဲပေါ်တွင် စေတီတော်ပုံရုပ်ပုံကားချပ်လေးကို မြင့်မြတ်သောနေရာမှာထား၍ ဘုရားကန်တော့သည်။ ပရိတ် တရားတော်များကို ရွတ်ဆိုသည်၊ အမျှအတန်းပေးဝေသည်။ မိမိတို့လူတွေအားလုံး အိပ်ကုန်ကြပြီဆိုမှ သူလည်း အိပ်ရာသို့ ဝင်လေသည်။ သိပ်မကြာမီမှာပင် တစ်ခါမှမမြင်ဖူးသော လူ တစ်စုက သူ့ဆီကို ရောက်လာခဲ့ကြသည်။

ထိုသူငါးယောက်စလုံးသည် ရုပ်ဆိုးဆိုး၊ မျက်နှာထား တင်းတင်းနှင့် သူ့ကို ခက်ထန်သောအကြည့်ဖြင့် ကြည့်နေကြ သည်။ အချို့သည် ရှည်လျားသောဆံပင်များနှင့် လူရိုင်းကောင် ကြီးများပမာ ရှိကြသည်။ သူတို့အထဲတွင် သျှောင်ကြီးကြီးကို ထုံးထားသူ အသက်ခပ်ကြီးကြီးနှင့်လူကြီးက ...

"မင်းတို့ ဒီနေရာကိုရောက်လာပြီး နေကြမယ်ပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ငါတို့ခွင့်မပြုဘူး၊ လက်မခံဘူး၊ မနေကြနဲ့ . . . ထွက်သွားကြ၊ မသွားဘူးဆိုရင် ဒုက္ခလှလှကြီး တွေ့ကြရလိမ့်မယ်၊ အေး . . . ပြီးတော့ ပါးစပ်က ဟိုရွတ် ဒီရွတ်နဲ့ လျှောက်ရွတ်မနေနဲ့ . . . မကြိုက်ဘူး''

ဟုဆိုကာ နေရာမှ ထွက်သွားခဲ့ကြလေသည်။

ဦးဖိုးဒီသည် ဖျတ်ခနဲဆို လန့်နိုးလာခဲ့သည်။ တဲပေါ်မှ နေ၍ ဟိုဟိုဒီဒီလိုက်ပြီးတော့ ကြည့်နေမိသေးသည်။ နောက်တော့မှ သူ အိပ်မက်မက်ခဲ့ကြောင်းကို သိလိုက်ရသည်။ ဦးဖိုးဒီသည် ကြောက်တတ်သူမဟုတ်သော်လည်း သူ့ကို လူတစ်စုက စားတော့ ဝါးတော့မလိုကြည့်ကာ ပြောဆိုပြီး နေရာမှထွက်သွားခဲ့ကြသည့် ခံစားမှုကို မြင်ယောင်နေမိသည်။

သို့သော် စိတ်ထဲမှာ အစွဲအလမ်း မထားခဲ့ပေ။ ရေမြေပြောင်း၍ အိပ်သောကြောင့် သွေးလေမမှန်ကာ မက်ခဲ့သည့် အိပ်မက်ဟုပဲ လက်ခံမိလိုက်သည်။ မည်သို့ပင်ဆိုစေ စိတ်ထဲမှာတော့ မသိုးမသန့်ဖြစ်မိရသည်က အမှန်ပင်။ ထို့ကြောင့် ဘုရားအလုပ်ကို ပိုပြီးတော့လုပ်သည်။ ပရိတ်တရားတော်များကို နာနာပင် ရွတ်ဖတ်သည်။ နောက်နှစ်ရက်အကြာမှာလည်း အလားတူ အိပ်မက်မျိုးကို ထပ်ပြီးတော့ မက်ပြန်လေသည်။

လူတစ်စုက သူ့ဆီကို ရောက်လာခဲ့ကြပြန်သည်။ သူ့ကို ပြောဆိုသတိပေးသွားခဲ့သော လူကြီးပင်ဖြစ်သည်။ သို့သော် သူ





နှင့်အတူ ပါလာကြသူများမှာ ပိုပြီးတော့ ကြောက်စရာကောင်းသော အဆင်းရှိကြသည့်သူများပင်။

''မင်း ငါ့စကားကို နားမထောင်ဘူးလား၊ ဒီလိုပဲ လုပ်ချင်တိုင်းလုပ်နေတော့မှာလား။ ဒီနေရာမှာ ငါတို့မနေနိုင်အောင် လုပ်နေတာလား၊ မင်း တစ်ချက်တည်းနဲ့ ကိစ္စတုံးသွားအောင် ငါတို့ လုပ်ပစ်နိုင်တယ် . . . ဘာမှတ်လို့လဲ''

ဟု ကြိမ်းမောင်းသွားခဲ့ကြပြန်သည်။ သည်တစ်ခါတော့ ဦးဖိုးဒီသည် အိပ်မက်ကို ပေါ့ပေါ့ဆဆ လက်မခံရဲတော့ပေ။

''အင်း . . . ဒီနေရာဟာ မြေကြမ်းတယ်နဲ့တူတယ်၊ ဒီကိစ္စအတွက် ငါ့လူတွေကို အသိပေးလို့မဖြစ်သေးဘူး''

ဦးဖိုးဒီသည် သူ့လူများကိုတော့ ညစဉ် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်ကြရန်၊ မိမိတို့ရသော ပရိတ်တရားတော်များ၊ သုတ်တော်များကို အချိန်ရတိုင်း မပြတ်ရွတ်ဆိုကြရန်တော့ သတိပေးသည်။ ဆိုဆုံးမသည်။ သူကိုယ်တိုင်လည်း အန္တရာယ်ကင်းဂါထာများကို ခါတိုင်းထက် ပိုပြီးတော့ ရွတ်ဆိုသည်။ ဖုန်းဆိုးတောကြီးကို မရှင်းမီ သုံးရက်လောက်က ကြိုပြီးတော့ ပဋ္ဌာန်း ၂၄ ပစ္စည်း ကိုရွတ်ကာ စခန်းချလေသည်။

သည်လိုနှင့် ဖုန်းဆိုးတောကြီးကို သူတို့ရှင်းကြသည်။ အပင်ကြီးများက သိပ်မရှိပါ။ ချုံကြီးများ၊ တောင်ပို့များ၊ ကမှများကတော့ ပေါများလှသည်။ အပင်ကြီးဆို၍ ကုက္ကိုပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com





တစ်ပင်သာလျှင် ယီးယီးမားမား ရှိနေသည်။

ယင်းကုက္ကိုပင်ကြီးကို နောက်ဆုံးအဆင့်ကျမှ လှဲမည်ဟု ဆုံးဖြတ်ချက်ချထားသည်။ ကျယ်ပြန့်သော ဖုန်းဆိုးမြေကြီးသည် ပြောင်တလင်းခါကာ ရှင်းလင်းသွားခဲ့ပြီဖြစ်သည်။ ထိုအထိ မည်သည့်အနှောင့်အယှက်မှ မတွေ့ရသေး။ သို့သော် ဦးဖိုးဒီသည် ကုက္ကိုပင်ကြီးကို အလိုလိုနေရင်းနှင့် သံသယအနည်းငယ် ရှိလာခဲ့သည်။ နှစ်ချို့အပင်ကြီး၊ အဓိကရရှိနေသော အပင်ကြီးဖြစ်သည်။ ထို့ကြောင့် မေတ္တာပို့သည်၊ အမျှပေးဝေသည်။ သည့်နောက် ...

"ဤအပင်မှာ မှီတင်းနေထိုင်ကြတဲ့သူများရှိခဲ့ရင် ကျေးဇူးပြုပြီးတော့ ဖယ်ရှားပေးပါ၊ ကျွန်တော်ပြုခဲ့တဲ့ ဒါနကုသိုလ်အားလုံးကို ရည်စူးပြီးတော့ အမျှပေးဝေပါတယ်၊ သင့်တော်ရာနေရာမှာ သွားပြီးတော့နေကြပါ"

သို့သော် ဦးဖိုးဒီသည် ထိုညက အိပ်မက်မက်ပြန်လေသည်။ အိပ်မက်ထဲတွင် ထိုသျှောင်ကြီးကြီးထုံးထားပြီး မျက်နှာပေါက်ဆိုးဆိုးနှင့်လူကြီးပင် အပေါင်းအဖော်များနှင့် ရောက်လာပြီး ...

"မင်း ငါတို့ကို မေတ္တာပို့တာတွေ့၊ အမျှဝေတာတွေ လုပ်မနေနဲ့၊ မင်းတို့မောင်းထုတ်လို့ ငါတို့လူတွေလည်း ဟိုရောက်သည်ရောက်နဲ့ အခြေအနေပျက်သွားခဲ့ရပြီ၊ ခုလည်း ငါနေတဲ့ အပင်ကြီးကိုလည်း လှဲကြဦးမတဲ့၊ လှဲရဲလှဲကြည့်ပေါ့ကွာ ... ဘာ ဖြစ်သွားမလဲဆိုတာ စောင့်ကြည့်ကြပေါ့၊ ပြီးတော့ ဟိုရွှတ်ဒီဖတ်နဲ့ မလုပ်ပါနဲ့လို့ဆိုတာလည်း လုပ်တယ်၊ ဒီတစ်ခါ နောက်ဆုံး သတိပေးခြင်းပဲ"

ဦးဖိုးဒီသည် စိတ်ထဲမှာ မျက်သွားမိသည်။

"မေတ္တာပို့တာ၊ အမျှအတန်းပေးဝေတာကိုလည်း လက်မခံဘူးဆိုတော့ အင်းပေါ့လေ ... နင်တို့ကိုက်နဲ့ နင်တို့ကံပဲပေါ့"

ထို့နောက် သူ့လူများကို မှာထားသည်က ...

"ဒီအပင်ကြီးကို မဖြစ်မနေ လှဲရမယ်၊ ဒါပေမဲ့ နောက်ဆုံးရက်ကြာမှ လှဲမယ်"

ဟုဆိုကာ ဖုန်းဆိုးမြေနေရာကို သွားပြီး ပဋ္ဌာန်း ၂၄ ပစ္စည်းဖြင့် သုံးရက်စည်းချသည်။ မဟာအာဋာနာဋိယသုတ်တော်ကြီးကို ယမင်းစားချိန်၊ အိပ်ချိန်မှလွဲပြီး မပြတ်ရွတ်သည်။ ထိုရက်အတွင်းမှာ အပင်ကြီးဆီက တဝေါဝေါ တဂူးဂူးနှင့် ထူးဆန်းသောအသံများကို ကြားကြရခြင်း၊ အပင်ကြီးတစ်ပင်လုံး သုက်သွက်ခါအောင် လှုပ်ရှားသွားကာ သစ်ကိုင်းများ ကျိုးကျလာသံများကို ကြားကြရသော်လည်း တကယ်တွင် ကျိုးပြတ်ပြီးတော့ ကျလာခဲ့ခြင်းမရှိခြင်း စသည်တို့ ဖြစ်ပေါ်လာခဲ့ကြလေသည်။ တတိယမြောက်နေ့တွင် ...

'ဝေါ'







www.burmeseclassic.com

www.burmeseclassic.com



ခနဲဆို ထူးခြားသောအသံကြီး ထွက်ပေါ်လာကာ ယင်းအသံကြီးသည် သံရှည်ကြီးအဖြစ် အဝေးအထိ ရောက်သွားကာ တဖြည်းဖြည်းနှင့် တိုးသွားသည်။ နောက်ဆုံးမှာတော့ ပျောက်ကွယ်သွားခဲ့လေသည်။ ထိုအသံကြီးကို တစ်ဖက်ကမ်းရှိ ကျောက်သလင်းရွာကပင် ကြားကြရသည်။

''ဘာသံကြီးလဲဟ ... ဒါ ဟို ဖုန်းဆိုးမြေဘက်က လာတာပဲ၊ ဘာတွေဖြစ်ကုန်ကြပြီလဲ မသိဘူး''

နောက်တစ်နေ့နံနက်တွင် ရွာလူကြီးအချို့သည် ရိုးလေးတံတားမှ ကူးကာ သွားကြည့်ကြသည်၊ မေးမြန်းစုံစမ်းကြသည်။

''ကျွန်တော်တို့လည်း ဒီလိုပဲ ကြားလိုက်ကြရတာပဲ၊ ဟောဟိုသစ်ပင်ကြီးဆီက လာတာလို့ထင်တာပဲ၊ ဘာမှန်းတော့ မသိဘူး''

ဦးဖိုးဒီက ကွယ်ဝှက်ပြီးတော့ ပြောလေသည်။ တကယ်တော့ ဦးဖိုးဒီတစ်ယောက် ယင်းအပင်ကြီးဆီကို သွားပြီး အလုပ်လုပ်နေသည်ကို သူ့လူများပင် မသိကြ။ ကျောက်သလင်းရွာသားများသည် ရှင်းလင်းပြီးသားဖြစ်နေသော ဖုန်းဆိုးမြေကြီးကို မြင်လိုက်ကြရသောအခါ အံ့အားသင့်နေကြလေသည်။

* * *



# အခန်း (၄)

## ထန်းတောမှအစပြု၍

ကျောက်သလင်းရွာသားများသည် ရှေးဘိုးဘွားတို့၏ထံမှ ဆင်းသက်လာသောစကားများအရ ဖုန်းဆိုးမြေကြီးသည် မြေကြမ်းသောကြောင့် မတို့ရဲ၊ မထိရဲ၊ မရှင်းလင်းရဲဟူသော အကြောင်းကို သိထားကြသည်။ ယင်းနေရာတွင် **မကောင်းဆိုးဝါးများ ရွာတည်ပြီးတော့ နေထိုင်ကြသည်** ဟူသော နှုတ်ထွက်စကား လက်ဆင့်ကမ်းကာ ပြောလာခဲ့ကြသည်။ အမှန်တကယ် ဟုတ်,မဟုတ်ကတော့ မသိကြ။

ယခု ဦးဖိုးဒီတို့ခေါင်းဆောင်သော လူတစ်စုက ဖုန်းဆိုးမြေကြီးကို ရှင်းပစ်နိုင်ခဲ့ကြသောအခါ အံ့အားသင့်သွားမိကြသည်။ ရှေးဘိုးဘွားတို့၏စကားသည် **ပလန်းစကား** သာဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

11)



မှတ်ယူလိုက်ကြလေသည်။ သို့သော် သူတို့သည် ဤဖုန်းဆိုးမြေကြီးကို ရှင်းရန် ဦးဖိုးဒီရင်ဆိုင်ခဲ့ရသည်များကို မသိကြ။

''ဒီမြေကို မင်းတို့ နှမြောမနေကြနဲ့၊ ငါတို့မလုပ်ရဲကြတာကို သူတို့လုပ်ရဲခဲ့ကြတာ၊ ဒါကို ချီးကျူးရမယ်၊ သူတို့ ဒီနေရာမှာ နေထိုက်လို့သာမှတ်၊ ကဲ . . . ကူညီစရာရှိတာ ဝိုင်းပြီးတော့ ကူကြဖို့ပဲ ရှိတော့တယ်''

သူကြီးဦးမှတ်က မိမိတို့၏ရွာသားများကို မှာတစ္စာပင်ပြောသည်။ သို့သော် ကုက္ကိုပင်ကြီးကို ဖြတ်တောက်ပြီးတော့ လဲစဉ်မှာတော့ ကျောက်သလင်းရွာသားများ မပါဝံ့ကြ။ ယင်းအပင်ကြီးကို သူတို့လည်း ရှိန်နေကြလေသည်။

မည်သို့ပင်ဆိုစေ ဦးဖိုးဒီတို့၏လူများသည် ယင်းအလုပ်များကို ကျွမ်းကျင်ကြသူများဂီပီ ကုက္ကိုပင်ကြီးကို ဝိုင်းပြီးတော့ ဖြတ်တောက်၊ ခုတ်ယူကြသည်။ ရှေးဦးစွာ အကိုင်းများကို ဖြတ်တောက်ကြသည်။ နောက်တော့ တစ်ဆင့်ပြီးတစ်ဆင့် ပိုင်းထစ်ပစ်ကြသည်။ ငုတ်တိုပင်မထားဘဲ ဖော်ပစ်လိုက်ကြလေသည်။ နောက်ဆုံးမှာတော့ ကုက္ကိုပင်ကြီးသည် ဘဝပြောင်းကာ ထင်းအဖြစ်သို့ ရောက်သွားခဲ့လေတော့သည်။

ယင်းနေရာတွင် အိမ်ဆောက်ရန် သစ်၊ ဝါးများ လိုအပ်သည်။ ထိုကိစ္စအတွက် ကျောက်သလင်းရွာသားများက အကူအညီပေးကြသည်။ မနီးမဝေးရှိ တောထဲသို့ဝင်ကာ သစ်၊ ဝါး





များကို ကူညီကာ ခုတ်ပေးကြသည်။ အိမ်ဆောက်ကြရာတွင် ပါဝင်လုပ်ကိုင်ပေးကြသည်။ ရေတွင်းတူးသည်အထိ ကူညီကြသည်။ ယင်းနေရာတွင် အိမ်ခြေသုံးဆယ်လောက် ဖြစ်လာသည်။ ကျောက်သလင်းရွာ၏ အနောက်ဘက်တွင် ရှိသောကြောင့် အနောက်စုဟု ခေါ်သည်။ ကွက်သစ်ဟုလည်း ခေါ်ကြသည်။

သို့သော် အနောက်စုဟုသာ နောင်တွင်နှုတ်စွဲပြီးတော့ ခေါ်လာခဲ့ကြလေသည်။ အနောက်စုသည် အိမ်ခြေသုံးဆယ်မှစပြီး နောင်သော် အိမ်ခြေရှစ်ဆယ်လောက်အထိ တိုးပွားလာခဲ့သည်။ ဤအပိုင်းတွင် ကျောက်သလင်းရွာသူကြီး ဦးမှတ်က ဦးဖိုးဒီကိုပင် လူကြီးအရာထားသည်။ သူ့ထက်လည်း အသက်အရွယ်ကြီးသောကြောင့် ဖြစ်သည်။

အနောက်စုသားများသည် ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ ထင်းခုတ်ခြင်း၊ တောင်းပလုံးများကို ရက်ကာ ရောင်းချစားသောက်ကြသည်။ ကျောက်သလင်းရွာက ခွင့်ပြုထား၍ ချောင်းထဲတွင် ငါးဖားများကို ရှာဖွေကြသည်။ ဤသို့ဖြင့် နေလာခဲ့ကြရာက တစ်ရက်တွင် ရွာလူကြီးဦးဖိုးဒီသည် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။

ထိန်းကြပ်၊ ထိန်းကွပ်မှုကောင်းသော ဦးဖိုးဒီ ကွယ်လွန်ခဲ့သည့်အတွက် အနောက်စုသားများမှာ တအားလျော့သွားခဲ့ကြရသည်။ အစပိုင်းကတော့ စည်းကမ်းကလနားက အရင်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြဲကောင်းနေခဲ့သော်လည်း နောက်ပိုင်းမှာတော့ လျော့ရိလျော့ရဲ ဖြစ်လာခဲ့လေသည်။ ဦးဖိုးဒီ၏ ဆုံးမသွန်သင်မှုကို နာယူသူများက ဘုရားတရားကို မြဲမြဲစွာ ကိုးကွယ်ဆည်းကပ်ကြသည်။

အချို့ကလည်း ဘာသာရေးကို သာမန်လောက်သာရှိပြီး မကောင်းမှုကို မပြုလုပ်ကြပေ။ သည့်နောက်ပိုင်းတွင် လူတစ်စုက အစဖောက်ဖျက်သည်။ ဆွမ်းဆန်ထဲ ကြွက်ချေးပါဆိုသည့်စကားကဲ့သို့ အားလုံးသည် စင်ကြယ်သော၊ ရိုးသားကြသောသူများ ဖြစ်မလာ။ လူပျင်း၊ လူဖျင်း၊ လူ့ဗလန်းများလည်း အရောရောအနှောနှော ပါလာခဲ့ကြလေသည်။

အနောက်စုရွာသားတချို့ စပြီးတော့ ပျက်ကြရသည့် အကြောင်းကား ထူးဆန်းလှသည်။

[ထိတ်လန့်စရာ၊ ချောက်ချားစရာကောင်းလှသည်ဟုလည်း ဆိုရမည်သာ]

တစ်ရက်တွင် အနောက်စုရွာသားတစ်စုဖြစ်ကြသော **တာတီးနှင့်ဆင်ပေါက်** တို့သည် ထန်းတောထဲတွင် ထန်းရည်သောက်နေကြသည်။ အနောက်စုဘက်တွင် ထန်းပင်ဆယ်ပင်ခန့်ရှိသော်လည်း ကျောက်သလင်းရွာသားများက ယင်းထန်းပင်များကို မည်သူမှ မတက်ရဲကြပေ။ မျက်စောင်းပင် မထိုးရဲကြ။ ယခု အနောက်စုရွာသားများရောက်လာမှ [ဦးဖိုးဒီမရှိတော့သည့်





နောက်ပိုင်းမှ ထန်းပင်ကိုတက်ကာ ထန်းသီးခူးခြင်း၊ ထန်းရည်ခံခြင်းများကို ပြုလုပ်ကြခြင်းပင်ဖြစ်သည်]

*

တာတီးနှင့်ဆင်ပေါက်တို့သည် ယခင်ကတည်းက ထန်းတက်သမားများ ဖြစ်ခဲ့ကြသည်။ ထိုအချိန်က ဦးဖိုးဒီ မကွယ်လွန်သေးပေ။

"တောက် ... ထန်းပင်တွေကတော့ ပေါပေါ့ကွာ၊ အဘဦးဖိုးဒီကို ကြောက်နေရတာနဲ့ပဲ ဘာမှမလုပ်ရဲဘူး"

တာတီးက ထန်းပင်တွေကိုမော့ကြည့်ပြီး သွားရည်ကျနေခဲ့သည်။

"ဘယ်တတ်နိုင်မလဲကွာ ... သူ့ကြောင့် ငါတို့ ဒီမှာ အခြေချပြီးတော့ နေနိုင်ခဲ့ကြတာကွ၊ ပြီးတော့ သူက ငါတို့အပေါ်မှာ လိုက်နာနိုင်တဲ့စည်းကမ်းကိုပဲ ထုတ်တယ်"

ဦးဖိုးဒီအပေါ်မှာ လေးစားကြကာ ထန်းတက်လိုသည့်ကိစ္စ မျိုသိပ်ခဲ့ကြရသည်။ သို့သော် ဦးဖိုးဒီ ကွယ်လွန်ပြီးခဲ့စဉ်မှာတော့ စိတ်ပြန်လည်လာခဲ့ကြလေသည်။ ထို့ကြောင့် ထန်းပင်များရှိရာဆီကို သွားကြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ဆင်ပေါက် . . . ငါတို့ ထန်းတက်ကြမယ် ကွာ၊ အဘဦးဖိုးဒီလည်း မရှိတော့ဘူးဆိုတော့ ငါတို့လုပ်ချင်တာ တွေ လုပ်လို့ရပြီကွ"

"ဖြစ်ပါ့မလားကွာ . . . သူမရှိတော့ပေမယ့် သူ့ကွယ်ရာ မှာတော့ စည်းကမ်းဖောက်လို့ မကောင်းဘူးထင်တယ်"

"မင်းကလည်းကွာ . . . ဒီအဘိုးကြီးက အလကားနေ ရင်း ဇီဇာကြောင်နေခဲ့တာပါ၊ သူ လူကြီးဆိုပြီး ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး တားမြစ်နေခဲ့တာ၊ တကယ်တော့ ဘာမှ မဟုတ်ဘူး . . . တမင်သြဇာပြတာ၊ ဒီထန်းပင်တွေပေါ် တက် တာ ဘာအရေးလဲကွာ၊ ငါတို့ရွာလည်း ဘာမှထိခိုက်သွားမှာမှ မဟုတ်တာ"

"အေး တာတီး . . . မင်းပြောတာလည်း ဟုတ်တာပဲ၊ မနက်ဖြန်ကျရင် ငါတို့ လုပ်ငန်းစကြမယ်ကွာ၊ ဒီကနေ့ ပစ္စည်း တွေစုပြီးတော့ ပြင်ဆင်ကြမယ်"

နောက်တစ်နေ့နံနက်တွင် ရင်းဆွဲ ရင်းထောင်များ၊ မြူ အိုးများ၊ ထန်းလှီးဓားများကို ယူဆောင်လာကြသည်။ မကြာမီ ကိစ္စဝိစ္စ ပြီးစီးသွားသည်။ သို့သော် ရင်းဆွဲ ရင်းထောင်များကို ဆင်ရသည်နှင့် ထန်းတက်ရန် အချိန်မမီတော့။

"ဟေ့ကောင် . . . မြူအိုးတော့ တက်ချိတ်ပြီး ထန်းရည် ခံထားဖို့ အချိန်ရသေးတယ်လေကွာ၊ ဒီကနေ့တော့ သောက်ဖို့





မမီတော့ပေမယ့် နောက်နေ့ကျမှ သောက်ကြတာပေါ့ တာတီးရ"

"အေး . . . မင်းပြောတာ ဟုတ်သားပဲ၊ ငါလည်း စိတ် လောကြီးသွားတယ်၊ ဒါလောက်တော့ အချိန်ပေးရမှာပေါ့"

ထို့ကြောင့် ထန်းပင်ပေါ်တက်ကာ ထန်းနို့ကိုလှီး၍ မြူအိုး များကို တက်ချိတ်ကြသည်။ ဤသို့ဖြင့် ထန်းပင်တက်ကာ ထန်း ရည်ခံရသောအကြောင်းက ဖြစ်လာခဲ့လေသည်။

နောက်တစ်နေ့နံနက်တွင် ထန်းပင်ပေါ်တက်ကြပြန်ကာ မြူအိုးများကို တက်ဖြုတ်ကြသည်။ ရွာမှ ရွာသားနှစ်ယောက် လည်း အတူပါလာခဲ့ကြလေသည်။ အထက်ပါ ဆိုထားခဲ့သည့် အတိုင်း ထန်းပင်နှင့်မနီးမဝေးတွင် ကျူဖျာကိုခင်းကာ ထိုင်ကြ သည်။ ဝိုင်းဖွဲ့ပြီး ထန်းရည်သောက်ကြသည်။ ရွာမှယူလာကြ သော အမဲကင်များ၊ ဖားကြော်၊ ကြွက်ကြော်များဖြင့် စားသောက် ကြသည်။

"အား . . . ကောင်းလိုက်တဲ့ ပင်ကျရည်ကွာ၊ လာကြ ဟေ့ သူငယ်ချင်းတို့ . . . ပျော်ပျော်ပါးပါး အတူလာစားသောက် လှည့်ကြကွာ"

တာတီးက ဝိုင်းဖွဲ့မလာကြသေးသော ခပ်လှမ်းလှမ်း တွင်ရှိနေကြသည့် ရွာသားများကို အမှတ်တမဲ့ပင် ခေါ်လိုက်သည်။ ဆင်ပေါက်နှင့်ရွာသားအချို့ကလည်း ထိုနေရာကို ရောက်လာခဲ့ ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် တာတီး . . . ဒီလိုနေရာမျိုးမှာ စကားကို သတိထားပြီးပြောကွ၊ အရမ်းမပြောရဘူး"

"ဟေ . . . ဘာဖြစ်လို့လဲကွ၊ ငါ ဘာမှားသွားလို့လဲ"

တာတီးသည် ထိုသူ့ကို နားမလည်စွာကြည့်ရင်း ပြန်မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးကွာ၊ ကဲ ကဲ . . . လူစုံပြီ၊ စကြရအောင်"

သောက်ကြ၊ စားကြသည်။ စားနေ သောက်နေကြရင်းက မထင်မှတ်သည်များက ဖြစ်လာခဲ့ကြလေသည်။

"ဟေ့ကောင်တွေ . . . မင်းတို့က တော်တော်သွက်ကြတာပဲကွ၊ ငါ ဘာမှ မသောက်မစားရသေးဘူး၊ ထန်းရည်ရော၊ အစားအစာတွေက ပြောင်လုနီးပါး ဖြစ်နေပြီ"

ဆင်ပေါက်က မကျေမနပ်နှင့် ပြောလိုက်လေသည်။

ထိုအခါကျမှ ပြန်လည်သုံးသပ်မိကြရာ . . .

"ဟေ့ကောင် ဆင်ပေါက် . . . ငါတို့လည်း အခုမှ တစ်ခွက်စီပဲ သောက်ကြရသေးတယ်၊ အမြည်းလည်း ဘာမှမစားရသေးဘူး။ ဘယ်လိုကြောင့် လျော့ကုန်ရတာလဲ၊ မင်းလည်းသိသားနဲ့ကွာ"

**မောင်စပ်** က အံ့အားတသင့်နှင့် ပြောလိုက်သည်။

"အေးကွ . . . ဟုတ်သားပဲ၊ ပိုင်းက အခုမှ စခါစရှိသေးတယ်၊ ဘယ်လိုကြောင့် ဒီလိုဖြစ်သွားရတာလဲ၊ ရွာကယူလာခါစတုန်းကတော့ လုံလုံလောက်လောက်နဲ့ပါ၊ မဟုတ်သေးဘူးကွ . . . တစ်ယောက်ယောက်ကများ ဝှက်ထားသေးသလား၊ နောက်တော့မှ တိတ်တိတ်လေး သောက်မယ့်စားမယ်ဆိုပြီးတော့"

"ဟေ့ကောင် . . . ဒီဟာတွေအားလုံးကို အလယ်မှာထားပြီး ငါတို့အားလုံး ဝိုင်းထိုင်လိုက်ကြတာပဲ၊ ဝှက်မယ်ဆိုရင်တောင် အချိန်ရလိုက်မှာမဟုတ်ဘူး"

တစ်ယောက်က ပြောလိုက်မှ ငြိမ်သွားကြပြန်သည်။ အဖြေကို ရှာဖွေ၍မရကြ။ တစ်နေ့လုံး သောက်ကြမယ် စားကြမယ်ဟု အားခဲထားခါမှ ယခုလိုဖြစ်သွားခဲ့ကြတော့ စိတ်ပျက်သွားခဲ့ကြသည်။ ထို့ကြောင့် လက်ကျန်ကလေးကိုပင် မှီဝဲလိုက်ကြရသည်၊ မူးတွေလာကြသောအခါ . . .

"ဒီကိစ္စက မရိုးသားဘူးကွ၊ ဒီဝိုင်းထဲကို ငါတို့မသိအောင် ဝင်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ သောက်စားကြတဲ့ကောင်တွေရှိကြတယ်ကွ၊ အေး . . . သောက်ချင်စားချင်ကြရင်လည်း မျှမျှတတတော့ ရှိကြပေါ့ကွာ၊ တစ်ကိုယ်ကောင်းတော့ မဆန်ကြနဲ့၊ မဝသေးရင်လည်း ရွာကိုလိုက်ခဲ့ကြဦး၊ မင်းတို့ကို အပြတ်ကျွေးမွေးမယ်၊ ကောင်းကောင်းညှော်ခံပြုလိုက်ဦးမယ်"

"ဟေ့ကောင် **စိုးရ** . . . မင်း ဘာတွေပေါက်တတ်ကရ လျှောက်ပြောနေတာလဲ၊ မူးရင်လည်း ငြိမ်ငြိမ်နေကွာ"





www.burmeseclassic.com

www.burmeseclassic.com





တာတီးက ငေါက်ငမ်းလိုက်သည်။

"ငါ မခံနိုင်လွန်းလို့ပါကွာ၊ ခုတော့ ငါတို့မှာ လောက်ငမှု မရှိတော့ဘူး၊ ကျွေးမယ် . . . မင်းတို့ကို စိတ်ကြိုက်ကျွေးမယ်၊ ငါတို့ပြန်ရင် လိုက်ခဲ့ကြ"

"ဟာ ဒီကောင် . . . ပြောလေ ကဲလေ၊ ဘယ်သူ့ကို လျှောက်ပြောနေတာလဲ . . . တော်ကွာ"

သူတို့အထဲတွင် စိုးရက သွေးဆိုးသည်။ မသောက်မစားရင် နှုတ်နည်းသော်လည်း ခုလို ဝမ်းခေါင်းထဲ အရည်ဝင်သွားခဲ့ပြီဆိုရင်တော့ ပြောချင်ရာပြောတတ်သည်။ ထန်းရည်မလောက်၍ ချက်အရက်ကို ဝယ်ကာ မှီဝဲကြသည်။ ထန်းတောထဲမှာ တစ်နေ့လုံးနေကြသည်၊ အိပ်ကြသည်။ ညနေစောင်းခါမှ အနောက်စုဆီကို ပြန်လာခဲ့ကြလေသည်။

ထိုအခါ အပြန်ခရီးတွင် သူတို့ချည်းပဲ မဟုတ်သလို ခံစားနေကြရသည်။ မိမိတို့နှင့်အတူ အခြားသူများပါ လိုက်ပါလာကြသလိုပင်။ စိတ်က မလုံမလဲ။ နောက်ကိုလှည့်ကြည့်ကြတော့လည်း ဘာမှမတွေ့ကြရ။

* * *



## အခန်း (၅)

## အရိပ်မည်းကြီးတွေ

'ဝူး အူး ဝူး အူး'

ခွေးအူသံများက တိတ်ဆိတ်သော အကာလတွင် ထွက်ပေါ်လာခဲ့လေသည်။ ဆွဲဆွဲငင်ငင်နှင့် အူနေကြသော ရွာခွေးများက ရပ်မသွားကြ။ ဆက်ကာ ဆက်ကာပင် အူနေကြလေတော့သည်။ အိပ်ပျော်နေကြသူများပင်လျှင် လန့်နိုးကြပြီး ကြက်သီးမွေးညင်းများပင် ထောင်ထသွားခဲ့ကြရလေသည်။

"ဒီခွေးတွေ ဘယ့်နှယ် ဖြစ်ကြတာလဲ၊ တစ်ခါမှ ဒီလို မအူဖူးကြပါဘူး"

လန့်နိုးလာသူတစ်ဦးက အိပ်ရာထဲမှာပင် နားစွင့်နေရင်း ပြောလိုက်သည်။ တော်တော်များများက လန့်နိုးသွားကြကုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နာရီသုံးမောင်းလောက်အထိ ခွေးများက အူလိုက်ကြ၊ နားလိုက်ကြနှင့် ဖြစ်နေကြသည်။ အနောက်စုရွာထဲတွင် ထိုသို့သော ခွေးအူသံများက မကြာခဏ ထွက်ပေါ်လာပြီးသည့်နောက်မှာ စကားအချို့က အသံထွက်လာခဲ့ကြသည်။

“အဲဒီညက ရွာလမ်းမပေါ်မှာ အရိပ်မည်းကြီးတွေ လျှောက်သွားနေကြတာကို တွေ့တဲ့သူက တွေ့ကြတယ်တဲ့”

“ခွေးတွေကလည်း အဲဒီအရိပ်မည်းကြီးတွေရဲ့နောက်မှာ အူပြီးတော့လိုက်သွားကြတယ်၊ ဘာလဲတော့ မသိဘူး . . . ငါတို့ အနောက်စုမှာ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး”

“မဟုတ်တမ်းတရားတွေ လျှောက်ပြောမနေကြနဲ့၊ ခွေးအူတာက အကြောင်းရှိတယ်၊ ပျော်လို့ အူတာမျိုး, တစ်ခုခုကို ကျေနပ်လို့ စိတ်ကျေနပ်ပြီးတော့ အူတာလည်းရှိတယ်”

“ဒါပေမဲ့ဗျာ မကောင်းဆိုးဝါးတွေကို တွေ့လို့ အူကြတယ်ဆိုတာကိုလည်း အများကသိထားကြတာပါ၊ ခုလည်း ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်လာကြလို့ နေမှာပေါ့”

“ဟေ့ ဟေ့ . . . မင်းတို့ ဒီလိုသာ လက်ခံထားကြရင် ကျန်တဲ့သူတွေအားလုံး ကြောက်လန့်ကုန်ကြမှာပေါ့၊ ခွေးရဲ့အတတ်ကို မသိကြဘဲ လျှောက်ပြောမနေကြနဲ့”

အချို့လူကြီးများက ထိုသို့ ပြောချင်ရာပြောကြသောသူများကို မာန်မဲငေါက်ငမ်းကြသည်။ မည်သို့ပင်ဆိုစေ အနောက်



စုရွာသားတို့သည် ထိုရက်များက စပြီးတော့ စိတ်လက်မအီမသာဖြင့် ခံစားလာခဲ့ကြရလေသည်။ သည့်နောက်ပိုင်းတွင် ထူးခြားမှုများ ရှိလာခဲ့ကြသည်။ အကောင်းဘက်ကိုတော့ မဟုတ်၊ အဆိုးဘက်ကိုသာ။

“ငါ့အိမ်က ခွေးပျောက်သွားတယ်၊ ဒီကောင်ကြီး အိမ်ခင်တဲ့ကောင်ပါ၊ ဘယ်ကိုမှလည်း မသွားတတ်ပါဘူး။ ခုတော့ ဒီအတိုင်း ပျောက်ခြင်းမလှ ပျောက်သွားတယ်”

ခွေးရှင်က သူ့ခွေးပျောက်သွား၍ စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောသည်။ သည့်နောက်မှာတော့ ရက်ခြားဆိုသလိုပင် ခွေး၊ ကြောင်အချို့ ပျောက်ပျောက်သွားကြကုန်သည်။ စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ကြရသည်။ မပြောရဲကြသော်လည်း ချောက်ချားစရာအတွေးများက ခေါင်းထဲမှာ မသိမသာ ဝင်နေကြသည်။

“ခွေးတွေ, ကြောင်တွေက ညဘက်မှာသာ ပျောက်ပျောက်သွားခဲ့ကြတယ်၊ ထူးဆန်းတယ်၊ အံ့အားသင့်စရာလည်းကောင်းတယ်၊ ပြီးတော့”

တွေးရင်း တွေးရင်းကပင်လျှင် ထိတ်စရာ၊ ကြောက်လန့်စရာများကိုပါ စဉ်းစားလာမိခဲ့ကြသည်။

“ဒီကိစ္စတွေဟာ ငါတို့အနောက်စုတစ်ခုလုံးမှာရှိတဲ့ ခွေးတွေအားလုံးလိုလို အူပြီးမှ ဖြစ်လာတဲ့ကိစ္စတွေပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အဲဒီနောက်ပိုင်းမှာမှ ဖြစ်လာတာ မှန်တယ်၊ မထင်ကောင်းထင်ကောင်းကွာ မကောင်းဆိုးဝါးတွေများ ရွာထဲဝင်ပြီး ဆွဲစားသွားကြတာများလား"

"ဟော့ကောင် . . . ဒီလို မပြောနဲ့ကွာ၊ ကျောချမ်းတယ်၊ မကောင်းဆိုးဝါးဆိုတာကို မင်းက မြင်ဖူးလို့လား၊ ဘယ်သူမှ မြင်ဖူးကြတာမဟုတ်ဘူး၊ ငါ့အထင်တော့ ရွာထဲကကောင်တွေ ခိုးစားတာပဲလို့"

"ခိုးစားတယ်ဆိုရအောင် အစက ဒီလိုမှမရှိခဲ့တာ . . . ဒါ ဖြစ်နိုင်ပါ့မလား"

"အစက ဒီလိုမရှိခဲ့ပေမယ့် အခု ရှိလာပြီလေကွာ၊ မင်း သတိမထားမိဘူးလား . . . ဦးဖိုးဒိကြီး မရှိတော့တဲ့နောက်ပိုင်းမှာ လူတချို့က စည်းကမ်းပျက်လာခဲ့ကြတယ်၊ ဟိုချောင်ပိုင်းက တာတီးတို့အုပ်စုဆိုရင် အဆိုးဆုံးပဲ၊ ဦးဖိုးဒိက တားမြစ်ထားခဲ့တဲ့ ထန်းတောဆီကိုတောင် သွားပြီး ထန်းရည်ခံခဲ့တာ၊ အခု သူတို့ ထန်းရည်ရောင်းတဲ့အလုပ်ကိုပဲ လုပ်ကြတယ်၊ ပြီးတော့ ဒီကောင်တွေဟာ အစားအသောက်ကလည်း နဂိုကတည်းက ပက်စက်ကြတယ်လေကွာ"

"အေး . . . မင်းပြောမှပဲ ဒီကောင်တွေကို ငါသတိထားမိလာခဲ့တယ်၊ သူတို့ပဲဆိုတာ ဖြစ်နိုင်ခြေရှိတယ်ကွ"

သို့သော် လူရမ်းကားများဖြစ်ကြသောကြောင့် သူတို့သိ





အောင် မစွပ်စွဲဝံ့ကြပေ။ တစ်ရက်တွင် တောစပ်သို့ ရွာသားအချို့ အသွားတွင် အပုပ်နံ့များက ထောင်းခနဲဆို ထွက်လာခဲ့သည်။

"ဟာ . . . နံလိုက်တာကွာ၊ ဝေါ့ . . . ထွီ"

ရင်ထဲ အော်ဂလီဆန်လာကာ ပျို့အန်ချင်စိတ်များပင် ဖြစ်သွားခဲ့ကြရသည်။ ထိုအပုပ်နံ့ကြီးကြောင့် ကြက်သီး ဖြန်းခနဲပင် ထသွားခဲ့ကြရသည်။

"အပုပ်နံ့ပေးတာလား"

"ဟာ . . . မင်းကလည်း လိုက်ရှာကြည့်ကွာ၊ အကောင်တစ်ကောင်ကောင် သေနေတာဖြစ်မှာ"

တစ်ယောက်က တလွဲတွေးပြီး ကြောက်တတ်သူကို မာန်မဲလိုက်သည်။ သတ္တဝါတစ်ကောင်ကောင်ကတော့ သေနေမှာ အမှန်။ သို့သော် လူလား၊ တိရစ္ဆာန်လားဆိုသည်ကို သေချာစွာသိနိုင်စေရန် လိုက်ရှာကြသည်။ အပုပ်နံ့က ထောင်းခနဲ ထောင်းခနဲနှင့် ထွက်ပေါ်လာနေဆဲ။ နှာခေါင်းပိတ်ပြီးတော့ လိုက်ရှာကြသည်။ တစ်နေရာကိုအရောက်တွင် . . .

"ဟင်"

"ဟာ"

သူတို့ အံ့အားသင့်သွားခဲ့ကြရသည်။ တွေ့လိုက်ကြရသည်က မြေကြီးထဲမှာ တစ်ပိုင်းတစ်စ ပေါ်ထွက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ခွေးခေါင်း၊ ကြောင်ခေါင်းများ၊ ယင်းဆီမှ ထွက်ပေါ်နေသော အနံ့ဆိုးများပင်တည်း။

"ဒါ ဒါတွေဟာ"

"သတ်စားပြီး အကြွင်းအကျန်တွေကို ဒီမှာ လာမြှုပ်ထားတာ၊ အကောင်တစ်ကောင်ကောင်က ဖော်လို့ ပေါ်လာတာ"

"လူက သတ်စားတာလား၊ ဒါမှမဟုတ် မကောင်းဆိုးဝါးတွေကလား"

"ဟကောင်ရ ... လူက စားတာပေါ့ကွ၊ မင်းမှာလည်း ခုထက်ထိ မဟုတ်ကဟုတ်ကအတွေးတွေနဲ့ တလွဲပြောနေတုန်းပဲလား၊ ကဲ ... ဒီကိစ္စကို ဘယ်သူမှမသိစေနဲ့၊ ဘယ်သူ့လက်ချက်လဲဆိုတာကို မသိမသာ စုံစမ်းရမယ်"

ထို့နောက် ထိုအကြွင်းအကျန်များကို မြေကြီးများနှင့် ဖုံးဖိပစ်ခဲ့ကြသည်။ အနောက်စုတွင် ယခင်က ဤသို့ကိစ္စမျိုး မရှိခဲ့သော်လည်း ယခု ရှိလာခဲ့သည်။ ထို့အပြင် ယခင်က ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသောသူများသည်ပင် အမဲလိုက်ခြင်း၊ ကြက်တည်၊ ခိုထောင်၊ သားငါးရှာဖွေခြင်းများကို လုပ်ကိုင်လာခဲ့ကြသည်။

အဆိုးဆုံးက ကျွဲခိုး၊ နွားခိုးများ ရှိလာခဲ့ကြခြင်းပင်။ ခိုးယူလာသော နွားများကို တောထဲမှာ အမဲဖော်ကာ





အခြားသောရွာများသို့ သွားရောက်ရောင်းချခြင်း၊ အကောင်လိုက် ရောင်းချခြင်းများကိုပင် ပြုလုပ်လာခဲ့ကြသည်။

ထိုသတင်းကို ကျောက်သလင်းရွာသူကြီးဦးမှတ်က နားနှင့်မဆံ့အောင်ပင် ကြားလာရသောအခါ ...

"အနောက်စုသားတွေ ဘယ်လိုဖြစ်ကုန်ကြတာလဲ ... အစက ဒီလိုမဟုတ်ပါဘူး၊ စည်းကမ်းပျက်လှချည်လား၊ အကျင့်ဆိုးတွေလည်း ရလာကြတယ်၊ မဖြစ်ဘူး ... ငါကိုယ်တိုင် ကြပ်မတ်ပြီး အုပ်ချုပ်မှဖြစ်တော့မယ်"

သူကြီးဦးမှတ်သည် အနောက်စုသို့သွားပြီး ရွာသားများကို အစည်းအဝေးခေါ်ကာ ...

"ခင်ဗျားတို့အားလုံး လူ့ကျင့်ဝတ်ကို နားလည်ကြပါ၊ တရားဥပဒေကို လေးစားကြပါ၊ ခင်ဗျားတို့ ရပ်တည်နိုင်ဖို့အတွက် နေရာပေးခဲ့တဲ့စေတနာကို လေးစားကြဖို့လိုတယ်၊ ဒီကနေ့ကစပြီး ဒီလိုမကောင်းတဲ့အမှုကိစ္စတွေကို မလုပ်ကြပါနဲ့တော့၊ ကောင်းရောင်းကောင်းဝယ်သာ လုပ်စားကြပါ၊ ပြောတဲ့အတိုင်း, မှာတဲ့အတိုင်း မလိုက်နာရင် ကြီးလေးတဲ့အပြစ်ကို ပေးမယ်"

သူကြီးဦးမှတ်က သုံးရွာသူကြီးဖြစ်သည်။ အာဏာကုန်ရသည်။ သို့သော် သူကြီးအာဏာကို မည်သည့်အခါကမှ မပြခဲ့။ ယခုတော့ ထုတ်သုံးရလေပြီ။ ထို့နောက် အနောက်စုတွင် လာတ်ထောက်သူကြီး၊ ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်း တင်ဖိုးစီကို



www.burmeseclassic.com

www.burmeseclassic.com





ခန့်ထားပေးခဲ့သည်။

တစ်ခါကလည်း တစ်နေရာက ခိုးယူလာခဲ့သော နွားကြီးတစ်ကောင်ကို တောတွင်းတစ်နေရာ၌ သတ်ကာ အမဲပေါ်လုနီးနီးမှာ သတင်းအရ သူကြီးဦးမှတ်နှင့် အနောက်စုမှ သူကြီးဦးတက်ပြား တို့၏ကြိုးပမ်းမှုကြောင့် မိသွားခဲ့လေသည်။ အနောက်စုရွာသားနှစ်ဦးနှင့် အခြားရွာသားသုံးဦး ပေါင်းငါးဦးတို့ကို ကျောက်သလင်းရွာလယ်တွင် ထိတ်ကုံးခတ်ကာ သုံးရက်အစာမကျွေးဘဲ ထားသည်။

သူကြီးဦးမှတ်သည် ထိုသူတို့ကို ကျာပွတ်စာ ကျွေးပေးပြီးမှ မြို့ဂါတ်သို့ ပို့လိုက်လေသည်။ သူကြီး၏ ခပ်ကြမ်းကြမ်းဆက်ဆံမှုကြောင့် အနောက်စုတွင် ဒုစရိုက်မှုများ ငြိမ်သက်သွားခဲ့သည်။ သို့သော် တစ်ခဏသာ။ နောင်အခါတွင် ထိုကိစ္စမျိုးတစ်ဖန် ပေါ်ပေါက်လာခဲ့ပြန်လေသည်။

တာတီးတို့အုပ်စုသည် သူတို့လုပ်ပုံကိုင်ပုံတွေ ပိရိလှပြီဟု ထင်နေမိကြသည်။

"သင်းတို့က ကျွဲခိုး, နွားခိုးသမားတွေကိုသာ အာရုံစိုက်နေကြတာ၊ ငါတို့ကို နည်းနည်းလေးမှ မရိပ်မိကြပါဘူး"

"ရိပ်မိစရာအကြောင်းလား တာတီးရာ၊ ငါတို့က ဒါလောက်အထိ ပိရိနေကြတာကို၊ ဒါပေမဲ့ သတိတော့ထားကြမှဖြစ်မယ်ကွ၊ ရွာထဲမှာ သူတို့ခွေးတွေ, ကြောင်တွေ ပျောက်ကြလို့





ပွက်လောရိုက်နေကြတယ်"

"ဆင်ပေါက်ရာ ... ငါတို့လည်း ဒီအလုပ်ကို လုပ်လာခဲ့တာ ကြာပါပြီ၊ ဘယ်သူမှ သံသယမဖြစ်ကြပါဘူး ... စိတ်ချစမ်းပါ"

ထိုအခါ မောင်စပ်က တီးတိုးဝင်ပြောသည်။

"ဟေ့ ... ရွာလယ်ပိုင်းက ဦးဖိုးဘ မွေးထားတဲ့ ခွေးပြောက်ကြီး ဟာ ဆူဆူဖြိုးဖြိုးလေးကွ၊ ငါတော့ သင်းကိုမြင်လိုက်ရတာနဲ့ သွားရေယိုကျလာခဲ့ပြီကွာ"

"ဟာ ... အဲဒီခွေးက ကျောက်သလင်းရွာထဲမှာ နေတာ၊ ဘယ်လိုလုပ်ပြီး ဖမ်းလို့ရမှာလဲကွ၊ ပြီးတော့ သူတို့ခွေးကို အပြင်မလွှတ်ဘဲ တစ်ညလုံး ချည်ခတ်ထားတာ၊ နေ့လယ်နေ့ခင်းလောက်မှ တစ်အောင့်တစ်ဖြုတ် လွှတ်ပေးတာ"

"ဟေ့ကောင် စိုးရ ... မင်း တော်တော်ညံ့တဲ့ကောင်ပဲ၊ အဲဒီ ပြောက်ကြီးက ငါတို့အနောက်စုက ခွေးမလေး မိနီ ကို လာရစ်နေတာကွ၊ သူ့ကို ချည်ထဲကလွှတ်ပေးလိုက်တာနဲ့ ငါတို့ဘက်ကို ရိုးတံတားကနေ ကူးကူးလာတယ်၊ ပြီးတော့ မိနီနဲ့ ဆုံကြတယ်ပေါ့ကွာ"

"ဟေ ... ဟုတ်လား၊ ငါတော့ သတိမထားမိပါဘူးကွာ"

"အဲဒါကြောင့် မင်းကို ညံ့တယ်လို့ပြောတာ၊ မိနီက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လက်ချက်မမိသေးတာ အဲဒီကိစ္စတွေ ပါတယ်ကွ၊ ဒီခွေးတွေကို သုတ်နှုတ်ပြီးတော့ ခေါ်နေရတာကွ၊ အလကားကောင် မင်းက စားဖို့ပဲသိတယ်''

''ထားပါတော့ကွာ ... အခုလည်း ဒီကိစ္စအတွက် အစီအစဉ်ရှိနေပြီလား''

''မင်းက အရိပ်ပြလို့မှ အကောင်မထင်တဲ့ကောင်''

တာတီး၊ ဆင်ပေါက်၊ မောင်စပ်နှင့် စိုးရတို့သည် တီးတိုးတိုင်ပင်နေကြလေသည်။ မကြာမီမှာပင်လျှင် ကျောက်သလင်းရွာမကြီးမှ ခွေးကြီးငပြောက်သည် အနောက်စုကို ကူးအလာမှာ ပြန်လမ်းမရှိတော့ဘဲ ထူးဆန်းစွာပင် ပျောက်သွားခဲ့ရလေ၏။

တာတီးတို့သည် ထန်းတော၏တစ်ဖက် ချုံကြီးတစ်ခု၏ နောက်တွင် အသားပေါ်ပြီး ချက်ကြသည်၊ ကြော်လှော်ကြသည်။ ထန်းရည်သောက်ကြသူများ ရှင်းသွားသောအခါ တာတီးက ချက်ပြုတ်နေကြသော မောင်စပ်တို့ဆီကို ရောက်လာခဲ့ပြီး ...

''ဟေ့ကောင်တွေ ... အညှော်နံ့မထွက်စေနဲ့၊ ခုထက်ထိ မပြီးသေးဘူးလားကွ''

''လူရိပ်လူခြေကြည့်ရသေးတယ်ကွ၊ ချက်နေတာ သိပ်မကြာသေးဘူး''

''မင်းတို့ကလည်းကွာ ... ရလောက်ပါပြီ၊ ငါ မြည်းကြည့်ပါဦးမယ်''





တာတီးက အိုးထဲမှအသားကို ဖွန်းနှင့်ခပ်ကာ လေနှင့်မှုတ်၍ ကောက်ဝါးလိုက်သည်။ သူသည် သားစိမ်းငါးစိမ်းကို ကျက်မှန်း မကျက်မှန်းမသိ၊ ရသတဏှာဇော ကြီးလှသူပါတကား။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## နွားသတ်ကုန်း

အနောက်စုသို့ လူတစ်ယောက် ရောက်လာသည်။ သူသည် ဓားအိမ်နှင့်ယှည်ထားသော ဓားတစ်ချောင်းကို စလွယ်သိုင်းထားသည်။ ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။ နှုတ်ခမ်းမွေးရေးရေး၊ ပါးမြိုင်းမွေးရေးရေးရှိသည်။ အသားဖြူသောကြောင့် ကြည့်ကောင်းသည်။ ကော်လာမပါသော အကျီလက်တို မီးခိုးရောင်၊ ဘောင်းဘီပွပွကို ဝတ်ဆင်ထား၍ လူပုံပန်းက ဖျတ်လတ်တက်ကြွသောဟန်ရှိသည်။ သူသည် ရွာလယ်လမ်းအတိုင်း ကြာခြေရစွာပင် လျှောက်လာသည်။

သူကြီးဦးတက်ပြား၏အိမ်ကို တန်းပြီးတော့ သွားသည်။ ခြံတံခါးကို စေ့ရုံစေ့ထားသော်လည်း အပြင်မှသာနေ၍ လှမ်းပြီး





အသံပြုလိုက်သည်။

"သူကြီး သူကြီး"

ဤသို့ ခေါ်လိုက်သည်နှင့် ချက်ချင်းပင် သင့်ဖျာနံ့တစ်ခုက အိမ်ထဲမှထွက်လာသည်။ မိန်းကလေးတစ်ယောက်။ သူမသည် အိမ်ပေါက်ဝမှာရပ်ကာ ခြံဘက်ဆီသို့ လှမ်းကြည့်လိုက်ပြီး

"ဘယ်သူပါလဲ"

"ကျောက်သလင်းရွာမကြီးက ကောင်းထက်ပါ၊ သူကြီးနဲ့တွေ့ချင်လို့"

"ဪ . . . အဖေ့ဆီလာတဲ့သူကိုး၊ အဖေ ဟိုဘက်ပိုင်းခဏသွားတယ်၊ ပြန်လာခါနီးပါပြီ၊ အိမ်ထဲမှာ ဝင်စောင့်နေပါ"

ပြောပြောဆိုဆိုပင် မိန်းကလေးက အိမ်ပေါ်မှ ပြေးဆင်းလာခဲ့သည်။ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် သွက်လက်ချက်ချာသော ဟန်အမူအရာရှိသည်။ သူမက တံခါးကို ခပ်ဟဟလုပ်ပေးလိုက်သည်။ ကောင်းထက် ခြံထဲကို ဝင်လိုက်သည်။ သူမက ခြံတံခါးကို ပြန်ပြီးတော့ စေ့ထားလိုက်၏။ သီးပင်စားပင်များနှင့် ဝေဝေဆာဆာရှိသည်၊ အရိပ်အာဝါသ ကောင်းသည်။

ခြေတံရှည်ရှည် လှေကားအတိုင်း အပေါ်ကိုတက်သွားရသည်။ သူမက ဖျာတစ်ချပ်ကို ခင်းပေးလိုက်သည်။

"ဒီမှာ ထိုင်ပါ . . . အဖေပြန်လာခါနီးပါပြီ"

ယို့နောက် အိမ်ထဲသို့ပြန်ဝင်ကာ အကြမ်းကရားအိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြေပဲဆံကြော်များကို ထည့်ယူလာခဲ့လေသည်။

"သုံးဆောင်ပါဦးရှင် . . . စောင့်နိုင်းထားရတာ အားနာလှပါတယ်"

"ရပါတယ် . . . ကိစ္စမရှိပါဘူး၊ ကျွန်တော်ကသာ ပြန်ပြီးတော့ အားနားရမှာပါ၊ အလုပ်ရှုပ်သွားပြီ"

"အို . . . ဒါလောက်လေးကတော့ အလုပ်ရှုပ်တယ်လို့ မခေါ်ပါဘူး၊ အမေကလည်း အဖေနဲ့လိုက်သွားပါတယ်၊ ရွာထဲက အမျိုးတစ်ယောက် နေမကောင်းဖြစ်နေလို့ လူမမာသတင်း သွားမေးနေကြတာပါ"

သူမက အကြမ်းဖန်ခွက်ထဲသို့ ရေနွေးငှဲ့ပေးရင်း ပြောသည်။ လူစိမ်းတစ်ယောက်အပေါ်မှာ ရှိုးတိုးရှန့်တန့် မဖြစ်။ အလိုက်တသင့် ဆက်ဆံတတ်သည်၊ မွေးချင်းများ မရှိ၊ သားအမိ သားအဖသုံးယောက်တည်း နေကြဟန်တူသည်။ အိမ်၏အခင်းအကျင်းက သပ်ရပ်သည်။ ဘုရားစင်ကိုလည်း အတတ်နိုင်ဆုံး ဦးစားပေးကာ မွမ်းမံထားသည်။

"အင်း . . . အနောက်စုမှာ ဒီလိုစည်းကမ်းတကျနဲ့ နေတတ်တဲ့အိမ်မျိုးလည်း ရှိသေးတာကိုး"

မိန်းကလေးသည် မျက်လွှာချကာ သူ၏အနားတွင် သေဝပ်စွာဖြင့် ထိုင်နေလေသည်။ တစ်ခဏအကြာတွင် ခြံထဲကို ဝင်လာကြသူနှစ်ယောက်။ လက်ထောက်သူကြီး ဦးတက်ပြားနှင့်





ဖနီး ဒေါ်ဒေါင်း။

"ဟော . . . အဖေနဲ့အမေ ပြန်လာကြပြီ"

သူတို့အိမ်ပေါ်ကိုတက်လာကြသောအခါ ကောင်းထက်ကို မြင်သွားခဲ့ကြသည်။

"ဟာ . . . မောင်ကောင်းထက်"

ဦးတက်ပြား အံ့အားသင့်သွားသည်။ သူတို့အနောက်စုကို မလာစဖူး အလာတူး၍ . . .

"သမီးက ဧည့်ခံထားတာ၊ အဖေတို့ကလည်း ကြာလိုက်တာ၊ ဒီမှာ ဧည့်သည်ကို အားဒုာစရာ"

"ဩော် သမီးရယ် . . . လူမမာအားရှိအောင် နေပေးရသေးတယ်ကွယ်၊ ဒါတောင်မှ သူက အဖေတို့ကို မပြန်စေချင်သေးဘူး၊ မောင်ကောင်းထက် အားနာစရာကွယ်"

"ရပါတယ် သူကြီး . . . လူမှုရေးကိစ္စအတွက်နဲ့ သွားတာပဲ၊ ကျွန်တော့်ကို အားမနာပါနဲ့"

"ဩော် မဒေါင်း . . . သူက ရွာမကြီးက ကောင်းထက်တဲ့၊ ငါတို့အနောက်စုကို အခုမှ ရောက်ဖူးတာ"

"ဩော် . . . အေး အေး၊ အဒေါ်တို့အိမ်ကိုလည်း ဝင်ထွက်ပေါ့ကွယ်၊ ကဲ သမီးရေ . . . လာ . . . အမေတို့ ခြံနောက်ဘက်ကို သွားကြရအောင်၊ ဩော် မောင်ရင် . . . ခြံထဲမှာ စိုက်ခင်းရှိတယ်ကွဲ့၊ အသီးသွားဆွတ်ရဦးမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်း ပြောစရာစကားရှိသည်ထင်၍ အလိုက်သိစွာ ရှောင်ပေးလိုက်ကြခြင်းပင်။

"သူက ငါ့ဇနီး မဒေါင်းတဲ့၊ သမီးက သဖင်နွယ်၊ သူ့ထက်အကြီးတစ်ယောက် ရှိသေးတယ်၊ အိမ်ထောင်ကျပြီး မိန်းမနောက် ပါသွားတယ်၊ ဩော် ဒါနဲ့ . . . ဒီကို မောင်ကောင်းထက် လာရတဲ့ကိစ္စက အကြောင်းထူးရှိတယ်ထင်တယ်"

"ဟုတ်တယ် သူကြီး . . . သတင်းလာပို့တာ"

"အင်း . . . တစ်ခုခုတော့ ထူးခြားလိမ့်မယ်လို့ ထင်သားပဲ၊ ခဏနေဦး"

ဦးတက်ပြားသည် အိမ်အောက်ကိုဆင်းကာ ခြံတံခါးကို လုံအောင်ပိတ်လိုက်သည်။ ထို့နောက် အိမ်ပေါ်ကို ပြန်တက်လာခဲ့သည်။ ခြံထဲ တစ်ယောက်ယောက်ဝင်လာပါက သတင်းပေါက်ကြားသွားမှာစိုး၍ ဖြစ်သည်။ သူကြီးက ဤအထိ ဂရုစိုက်သူ၊

"ကဲ . . . မောင်ရင်ပြောမယ်ဆိုတဲ့စကားက"

"ဒီလိုပါသူကြီး"

ကောင်းထက်သည် ဣန္ဒြေရစွာပင် စကားကို တစ်လုံးချင်းစီကာ ပြောနေသည်။ ထိုအခါ သူကြီးဦးတက်ပြားသည် မျက်လုံး တဖြည်းဖြည်းနှင့် ပြူးလာခဲ့လေသည်။

"ဟင် . . . ဟုတ်လား၊ မောင်ရင်က ဒါလောက်အရေးကြီးတဲ့သတင်းကို အေးအေးဆေးဆေးနဲ့ ပြောနေတယ် . . .





ဟုတ်လား"

"သူကြီးဦးမှတ်က စကားကိုထိန်းပြီးပြောဖို့ အသေအချာမှာလိုက်ပါတယ်၊ ဒီကိစ္စ လက်လွှန်ခြေလွန် မဖြစ်သေးပါဘူး။ သူတို့ လမ်းပေါ်မှာပဲ ရှိပါသေးတယ်၊ ဒါလောက်ဆို သူကြီးနားလည်ပါပြီနော်"

"အင်း . . . ငါတို့အစုထဲမှာလည်း ဒီလိုမကောင်းမှုတွေလုပ်စားနေကြတဲ့သူတွေ ရှိနေကြလေတော့ ပိပိရိရိ မစီစဉ်နိုင်ရင် သတင်းပေါက်ကြားသွားမှာ စိုးရတယ်၊ ခုချက်ချင်း ငါကြည့်လုပ်လိုက်မယ်ကွာ၊ မင်း ဒီကပဲစောင့်နေ ငါ့တူ"

သူကြီးဦးတက်ပြားသည် အိမ်ပေါ်မှ ဣန္ဒြေရစွာပင် ဆင်းသွားခဲ့လေသည်။

*

အနောက်စုတောကြီးတန်း . . .။

လူတစ်စုသည် တောထဲတွင် အတတ်နိုင်ဆုံး ခြေသံလုံလုံနှင့် လျှောက်လှမ်းနေကြသည်။ သူတို့သည်ကား ကောင်းထက်၊ အနောက်စုသူကြီး ဦးတက်ပြား၊ ကျောက်သလင်းရွာမကြီးမှ ရွာသားနှစ်ယောက်၊ အနောက်စုရွာမှ ဆယ်အိမ်ခေါင်း၊

www.burmeseclassic.com



ရာအိမ်ခေါင်း၊ ရွာသားသုံးယောက်တို့ ဖြစ်ကြသည်။ သူတို့သည် ဤတောထဲကို စုပြုပြီးတော့ ရောက်လာခဲ့ကြခြင်းမဟုတ်ဘဲ ရွာမှတစ်ယောက်စီ ခွဲထွက်ကာ တောထဲမှာ လာဆုံကြခြင်းပင် ဖြစ်ကြသည်။

သတင်းတိကျစွာ ရထားကြသော်လည်း မိမိတို့က ခြေတစ်လှမ်းဦးမှသာ ဖြစ်မည်။ မတော်တဆ တိမ်းစောင်းမှုဖြစ်သွားပါက မလိုလားအပ်သောကိစ္စများ ဖြစ်ပေါ်လာနိုင်သည်။ ထိုသူများကို အုပ်မိစေရန် ဖြတ်လမ်းက သွားနေကြသည်။

သူကြီး ဦးတက်ပြားနှင့် အနောက်စုရွာသားများသည် ကောင်းထက်၏ တောလမ်းကျွမ်းကျင်ပုံကြောင့် အံ့အားသင့်နေမိကြသည်။ မည်သည့်အချိန်ကတည်းက ဤတောကို လေ့လာထားပါလိမ့်ဟု။ ထက်မြက်သွက်လက်ပုံရှိသော ကောင်းထက်ကို အနောက်စုသားများက ယခုမှပင် မြင်ဖူးကြခြင်းဖြစ်ကြသည်။ သူတို့သည် စကားမပြောကြဘဲ တတ်နိုင်သမျှ ခြေသံလုံလုံဖြင့် ခရီးနှင်နေကြသည်။

ယင်းအချိန်တွင် …

လူတစ်စုသည် အနောက်စုတောတန်းကြီးထဲမှာ နွားနှစ်ကောင်နှင့်အတူ တောတိုးနေကြသည်။ သူတို့က လူငါးယောက် ဖြစ်ကြသည်။ ထိုနွားများသည် ခိုးလာသောကြောင့် လမ်းရိုးက မသွားကြဘဲ တောတိုးပြီးတော့ သွားနေကြခြင်းပင်။ လမ်းဂိုးက





သွားလျှင် လူများနှင့် ပက်ပင်းတိုးမိမှာ စိုးသောကြောင့်ပင်။

နွားနှစ်ကောင်ကတော့ မကြာမီမှာ ဆိုးရွားစွာတွေ့ကြုံကြရတော့မည့် သူတို့၏ကံကြမ္မာကို နည်းနည်းလေးမှ မရိပ်စားမိကြပါ။ နွားသူခိုးများကလည်း မည်သူကမှ တောနင်းပြီး မရှာကြသောကြောင့် အခြေအနေကောင်းနေသည်ဟု ထင်ကာ ကျေနပ်နေကြသည်။ သူတို့အထဲမှ အနောက်စုသားနှစ်ယောက်ပါလာကြသည်။

မကြာမီ နွားနှစ်ကောင်သည် ဂနာမငြိမ်ဖြစ်လာကြလေတော့သည်။ အကြောင်းမှာ သွေးညှီနံ့များကို ရလာသောကြောင့်ပင်။ မိမိတို့၏ မျိုးတူနွားများ၏ကိုယ်မှ ထွက်ကျခဲ့သော သွေးညှီနံ့များ။ ထို့ကြောင့် နွားနှစ်ကောင်သည် အထိတ်တလန့် ဖြစ်ကာ ရုန်းကန်နေကြသည်။

“ဟော့ ဟော့ … ဒီနွားတွေ ဘယ်လိုဖြစ်ကြတာလဲ၊ မလွတ်စေနဲ့၊ နဖားကြိုးကို မြဲမြဲကိုင်ထားကြ”

အကြောင်းမသိသောသူတစ်ယောက်ပါလာခဲ့၍ ပျာယာခတ်သွားခဲ့သည်။ ထိုသူက တစ်ရွာသားဖြစ်ပြီး နွားနှစ်ကောင်ကို ခိုးနိုင်ရန် လက်ထောက်ချသူ၊ အကြံပေးသူဖြစ်သည်။

နွားသတ်ကုန်းကိုရောက်ခါနီးသောကြောင့် အနံ့အသက်များကို နွားများက ရရှိခဲ့ကြသည်။ ထို့ကြောင့် ဂနာမငြိမ်ဖြစ်[illegible] ကြခြင်းပင်။ အသိစိတ်က သဘောပေါက်သော [illegible]



www.burmeseclassic.com

www.burmeseclassic.com





ကို ခံစားမိသွားခဲ့ကြခြင်းပင်။

"ဟာ . . . ဒီနွားတွေ ဆုတ်ကန်ကန်နဲ့၊ တယ်လေ . . . ငါလုပ်လိုက်ရ၊ သေရမှာတောင် ကောင်းကောင်းမသေချင်ကြဘူးထင်တယ်"

"ဟော့ကောင် . . . ဒီနေရာမှာ အသံမထွက်ပါနဲ့လို့ ပြောထားတာ၊ တောထဲမှာ သွားလာနေကြတဲ့သူတွေ မရှိဘူးမှတ်လို့လား၊ ပွဲမပြီးခင် အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

တစ်ဖယာက်က မာန်မဲလိုက်သည်။ ထိုသို့လည်း သတိလက်လွတ်ဖြစ်သွားကာ ငြိမ်သွားခဲ့လေ၏။ အကြောက်အကန် ဆုတ်ကန်ကန်လုပ်နေသော နွားနှစ်ကောင်လည်း နှုတ်မှလည်း တဘူးဘူး တဘဲဘဲဖြင့်အော်ကာ ခြေကန်ပြီးတော့ ရုန်းနေကြသည်။ လူလေးယောက်က အတင်းချုပ်ကာ ဆွဲယူရသည်။ ကြိမ်နှင့် နောက်မှနေ၍ ရိုက်သည့်သူကလည်းရိုက်နှင့် စိတ်ဆင်းရဲစရာကြီး ဖြစ်နေကြသည်။ ဤသို့ဖြင့် နွားသတ်ကုန်းကို ရောက်လာခဲ့ကြလေ၏။

"ကဲ . . . ကြာတယ်ကွာ၊ ခြေထောက်တွေကို ကြိုးနဲ့ တုပ်လိုက်ကြတော့"

ထို့ကြောင့် နွားနှစ်ကောင်ကို ပိုင်းချုပ်ကာ ခြေထောက်နှစ်ချောင်းစီကို ကြိုးနှင့်ပူးချည်၍ မြေပြင်မှာ လှဲချလိုက်ကြသည်။ နွားနှစ်ကောင်မှာ မည်သို့မှ မတတ်နိုင်ဘဲ ဘေးတစောင်းအနေ



အထားဖြင့် လဲကျသွားခဲ့ကြရလေသည်။ သားသတ်သမား ရွာသားတစ်ဦးက အရှည်တစ်တောင်ခန့်ရှိသော အမြှောင်းသုံးမြှောင်းပါသည့် ဓားကိုကိုင်ကာ နွားတစ်ကောင်၏အနားကို တဖြည်းဖြည်းနှင့် ချဉ်းကပ်သွားသည်။

နွားကြီးသည် သေဘေးကိုသိမြင်လိုက်ရပြီဖြစ်ရကား မျက်လုံးကြီးပြူးထွက်ကာ တဘူးဘူး တဘဲဘဲနှင့် အော်နေလေတော့သည်။ မစင်များ၊ သေးများပင် ထွက်ကျကာ တတ်နိုင်သမျှ ရုန်းကန်နေလေတော့သည်။ သားသတ်သမားများသည် သူ၏ဓားကို သကာ သကာကိုင်ပြီး နွားကြီး၏အနားကို ရောက်သည်နှင့် . . .

"မင်းကို ကောင်းရာမွန်ရာကို ပို့ပေးမလို့ပါကွာ၊ အော်မနေစမ်းပါနဲ့"

ထိုသူက နွားကြီး၏လက်ပြင်နောက်ကို ဓားနှင့်ထိုးရန် ပြင်ဆင်လိုက်သည်နှင့် . . .

'ဝုစ် . . ဒုတ်'

"အား"

ထိုသူ၏ နာကျင်စွာ အော်လိုက်သံက ထွက်ပေါ်လာခဲ့သည်၊ လက်မှာကိုင်ထားသော ဓားသည်လည်း လွတ်ကျသွားခဲ့ရလေသည်။ ဓားမြှောင်တစ်ချောင်းက သူ့လက်မောင်းကို လာစိုက်သောကြောင့်ပင်။

* * *

ရွှေကားစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## နေ့တစ္ဆေလိုလူ

အားလုံးအံ့အားတသင့်နှင့် ရှိနေကြဆဲမှာပင် လူတစ်စုသည် သူတို့ဆီကို ပြေးလာခဲ့ကြပြီး ဝိုင်းထားလိုက်ကြလေသည်။ နွားခိုးများသည် မထင်မှတ်ထားခဲ့သော အခြေအနေကြောင့် ကြောင်တက်တက် ဖြစ်သွားခဲ့ကြသည်။ အနောက်စုသားများသည် သူကြီးဦးတက်ပြားနှင့်အတူ ပါလာကြသောသူများကိုပါ တွေ့လိုက်ရသောအခါ မျက်နှာပျက်သွားခဲ့ကြသည်။

"ဟေ့ ဟေ့ကောင်တွေ အမိမခံနဲ့ . . . ပြေးကြ"

သို့သော် နောက်ကျသွားခဲ့ကြလေပြီ။ အားလုံးအဝိုင်းခံထားလိုက်ကြရပြီဖြစ်၏။

"မင်းတို့ ထွက်ပြေးကြဖို့ မစဉ်းစားကြနဲ့၊ အေးအေး





ဆေးဆေး အဖမ်းခံကြပါ"

သူကြီးဦးတက်ပြားက အော်ပြီး ပြောလိုက်သည်။

"ဟာကွာ . . . အဖမ်းတော့မခံဘူး၊ ဝိုင်းချကြ"

အခြားရွာသားတစ်ယောက်က ထွက်ပြေး၍ မလှဝတော့မှန်း သိ၍ သွေးရူးသွေးတန်းနှင့် ပြေးဝင်လာသည်။ သူသည သူကြီးကို ဓားနှင့်ခုတ်မည်ပြုသည်။ သို့သော် . . .

'ထန်'

"အား"

ကောင်းထက်က ရှေ့မှဝင်ကာ ထိုသူ၏ဓားကို သူ၏ဓားဖြင့် ပက်ထုတ်လိုက်သည်။ ထိုသူ၏လက်မောင်းလက်ရင်းများထုံကျဉ်၍ထွက်သွားကာ ဓားလည်း လွင့်ထွက်သွားခဲ့လေ၏။

"ဟင် . . . မင်းကလား ငါ့ကို"

ထိုသူက မလျှော့သေးဘဲ ကောင်းထက်ကို ရန်မူရန်ပြေးဝင်လာခဲ့လေရာ သူ့ဆီကိုရောက်သည်နှင့် ရှောင်လိုက်ပြီး ထိပ်ကို ဓားနှောင့်နှင့်ထုချလိုက်လေ၏။

'ဒုတ်'

အား"

ခွေခနဲဆို လဲကျကာ မေ့သွားခဲ့လေ၏။ နွားခိုးများသည မထူးတော့ဘဲ ခင်းကြကာ ထိုသူများဆီကို ပြေးဝင်လာကြသည်။ တိုက်ခိုက်ကြသည်။ သို့သော် ရွာမှခေါ်ဆောင်လာကြသောသူများ



www.burmeseclassic.com

www.burmeseclassic.com





သည့် သတ္တိအရာအတွင် ခေကြသူများ မဟုတ်ကြလေရကား ရင်ဆိုင်ကာ တိုက်ခိုက်ကြလေသည်။

သို့သော် သူကြီးဦးတက်ပြားကိုကား ကောင်းထက်က အထိမခံ။ ရှေ့ကနေ ကာကွယ်ကာတိုက်ခိုက်ပေးသည်။ ကောင်းထက် ဓားရေးကျွမ်းမှန်း မြင်နေကြရသည်။ အနောက်စုသား နှစ်ယောက်သည် ကောင်းထက်ကိုသာ မဲပြီးတော့ တိုက်ခိုက်ကြသည်။ သို့သော် သူတို့နှစ်ဦး၏လက်ထဲမှ ဓားများသည် ကောင်းထက်၏ဓားချက်ပြင်းပြင်း ထိခတ်ခံကြရ၍ လွင့်ထွက်သွားခဲ့ကြရသည်။

"မင်းတို့က မှားပြီးရင်း မှားနေကြပါလား"

အနောက်စုရွာသားနှစ်ဦး လက်နက်မဲ့ဖြစ်သွားခဲ့ကြသည့်နှင့် ကောင်းထက်က ဓားနှင့်မတိုက်ခိုက်။ ဓားကို ကျောထက်မှ ဓားအိမ်ထဲကို မကြည့်ဘဲ လက်နောက်ပြန်သွင်းလိုက်သည်။ ထို့နောက် ရွာသားနှစ်ယောက်ကို လက်သီးတစ်လုံးစီပစ်သွင်းကာ ကျွေးလိုက်သည်။

'ခွပ် ခွပ်'

"အား အား"

ပြင်းထန်သောလက်သီးချက်ကြောင့် အရုပ်ကြိုးပြတ် ပစ်လဲကာ ကျသွားခဲ့ကြလေသည်။ လက်မောင်းတွင် ဓားမြှောင် စိုက်ဝင်သွားသော နွားသတ်သမားသည် အံကိုကြိတ်ကာ ဓား





မြှောင်ကို ဆွဲနုတ်ယူလိုက်သည်။

"မင်း သေပေတော့"

သတ္တိကတော့ ကောင်းသည်။ ဓားမြှောင်ကိုကိုင်ကာ ကောင်းထက်ဆီကို ပြေးဝင်လာခဲ့သည်။ ကောင်းထက်က သူ့ရင်ဝတည့်တည့်ဆီ ဝင်လာသော ဓားမြှောင်ကို တစ်ကွက်ဆုတ်ကာ ရှောင်လိုက်သည်။ ဓားကိုင်လက်က သူ့ဘေးမှ ဖြတ်ထွက်သွား လေကိုသာ ထိုးမိသည်။ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်ပြီး လိမ်ချိုးလိုက်သည်။

"အား"

မျက်နှာကြီး ရှုံ့မဲ့ကာ အော်ထွက်သွားသည်။ ကိုယ်လည်း ညွှတ်အသွားမှာ နားသယ်ကို ခြေဖျားဖြင့်ပတ်ကာ ရိုက်ထည့်လိုက် လေ၏။

'ဖြောင်း'

"အား"

နားရင်းပါးရင်း ပူထွက်သွားကာ ချက်ချင်းပင် အာရုံထဲမှာ အမှောင်ထုက ရောက်လာသည်။ သစ်တုံးကြီးပစ်ချလိုက်သလို ပစ်လဲကာ ကျသွားခဲ့လေ၏။ ကိုယ်ခံပညာကို တတ်မြောက်ကြသော ကျောက်သလင်းရွာသားနှစ်ယောက်တို့သည်လည်း နွားခိုးသမားများကို ကောင်းစွာ ထိန်းချုပ်ထားနိုင်ခဲ့ကြသည်။

www.burmeseclassic.com

"ကြောက်ပါပြီ၊ အရှုံးပေးပါပြီ"

ဒူးထောက်ကာ အညံ့ခံကြသည်။ ခန္ဓာကိုယ်ကိုသာ နာကျင်စေပြီး သွေးတစ်စက်မှ မစွန်းစေရဘဲ နွားသူခိုးများကို ဖမ်းခဲ့ကြလေသည်။ အသက်လည်း တစ်ယောက်မှမသေကြ။သူကြီး ဦးတက်ပြားသည့် ဒေါသထွက်လျက်ရှိသည်။

"မင်းတို့နှစ်ယောက် အသက်ကိုမထိခိုက်ဘဲ အရှင်အဖမ်းခံရတာကို ကံကောင်းတယ်မှတ်ပါ၊ မင်းတို့ကို ဘယ်သူကမှ ရိုက်ကြဘူး၊ ဟိုကောင်တွေကိုလည်း ပေါ်အောင်စစ်ကြစမ်း၊ နွားနှစ်ကောင်ကို ဘယ်ကနေ ဖမ်းခေါ်လာတာလဲလို့"

စစ်မေးကြရာ ပထမတော့ ခေါင်းမာနေကြသေးသည်၊ ကြာရင်းသုံးလေးချက်အုပ်ကာ မေးကြတော့မှ ...

"ဆင်အံရွာ ကပါ၊ စားကျက်ထဲမှာ လှန်ထားတုန်းက ခိုးဆွဲလာခဲ့ကြတာပါ"

"ကောင်းကွာ ... မင်းတို့ကတော့လေ"

ထိုနွားသူခိုးများကို လျှော်ကြိုးများနှင့် တုပ်နှောင်ကာ ကျောက်သလင်းရွာသို့ ခေါ်ဆောင်သွားကြသည်။ အနောက်စုသူကြီးက သူကြီးဦးမှတ်ဆီသို့ တရားခံများကို အပ်နှံသည်။

"ကျုပ်တော့ ဒီကိစ္စအတွက် မျက်နှာပူလှတယ်ဗျာ၊ အနောက်စုသားနှစ်ယောက် ပါနေတဲ့အတွက်"

"မျက်နှာပူစရာ မလိုပါဘူးဗျာ ... လူဆိုးလူမိုက်ဆိုတာ





ဘယ်နေရာမှ မကာင်းပါဘူး၊ ကျုပ်တို့က သင်းတို့ကို ထိုက်ထိုက်တန်တန် အပြစ်ပေးပြီး ဆုံးမရမှာပေါ့၊ ကဲ ... ဒဏ်ရာရလာတဲ့သူတွေကို ဆေးထည့်တန် ထည့်ပေး၊ အချိန်မနှောင်းမီ ဂါတ်ကို ပို့ကြမယ်"

ဦးမှတ်က ပြတ်သည်၊ တရားခံများကို မြို့ဂါတ်ကိုပို့ရန် ချက်ချင်းပင် စီစဉ်ကြလေသည်။

*

ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ပြီးသွားကြသောအခါ ...

သူကြီးဦးမှတ်၏အိမ်တွင် အနောက်စုသူကြီး ဦးတက်ပြားရောက်ရှိနေချိန် ...

"သူကြီး ... ကောင်းထက်ဆိုတဲ့ကောင်လေးက လူပုံက ခပ်နွဲ့နွဲ့နဲ့ လက်ရုံးရည်က အံ့မခန်းပါလား၊ နွားခိုးသမားတွေကို နိုင်နိုင်နင်းနင်းနဲ့ ကိုင်တွယ်သွားနိုင်တယ်၊ လှုပ်တောင်မလှုပ်နိုင်ကြဘူး"

"ဟုတ်တယ် ... ကောင်လေးက ရွာမှာ အတော့်ကို အားထားရတယ်ဗျ၊ မိဘတွေကလည်း ရွာမှာ သူကြွယ်စာရင်းဝင်ကြတယ်၊ လောကဓာတ်ကျောင်းမှာ ဆယ်တန်းအောင်ထား


www.burmeseclassic.com

www.burmeseclassic.com





တာဗျ''

''ခြောင် . . . ပညာတတ်လေးပဲ၊ ကျုပ်တို့လူမျိုးထဲမှာ ဒီလိုပညာတတ်မျိုးဟာ ခပ်ရှားရှားပဲဗျ၊ ဒါနဲ့ သူက ပညာကို ဆုံးခန်းတိုင် ဆက်ပြီးမသင်တော့ဘူးလား''

''မိဘတွေကတော့ ရန်ကုန်ကိုပို့ပြီး တက္ကသိုလ်ပညာ ဆိုလား ဘာလား ဆက်ပြီးတော့ သင်စေချင်ကြတာပဲ၊ သူက တော့ ရွာမှာ မိဘတွေကို အနားပေးပြီးတော့ မိဘလက်ငုတ် ဖြစ်တဲ့ လယ်တွေကို ဦးစီးလုပ်ကိုင်သွားမယ်လို့ ပြောနေတယ်''

''ကောင်လေးက ဖျတ်လတ်တက်ကြွပြီး ဉာဏ်လည်း ကောင်းပုံရတယ်ဗျ၊ ပညာဆက်သင်ရင် ကောင်းမှာ''

''ဒီကောင်လေးက ပညာကိုတော့ လိုလားဟန်တူပါ တယ်၊ စိတ်မကုန်ပါဘူး၊ သူ့အကြောင်းနဲ့သူပေါ့ဗျာ''

ကောင်းထက်နှင့် ပတ်သက်ပြီး ချီးမွမ်းနေကြသော်လည်း တကယ်တော့ လူငယ်တစ်ယောက်အနေနှင့် အချီးမွမ်းမခံလို။ သူသည် လုပ်စရာရှိသည့်ကိစ္စကို ခပ်ပြတ်ပြတ်သာ လုပ်တတ် သည်။ ကျော်စောမှုကို မလိုလားသူတစ်ဦး။ ကျောက်သလင်းရွာ မှာတော့ ကောင်းထက်သည် ပညာတတ်၊ သတ္တိကောင်းသူတစ် ဦးအဖြစ် သတ်မှတ်ထားကြသည်။ သူကြီးဦးမှတ်ကလည်း အား ကိုးသည်။ ထို့ကြောင့် နွားခိုးကိစ္စတွင် အနောက်စုရွာသို့ ကောင်း ထက်ကို ဦးဆောင်စေကာ လွှတ်ခဲ့ခြင်းပင်။

---





နွားခိုးကိစ္စကြောင့် အနောက်စုသားများသည် ကောင်း ထက်ကို ပိုပြီးတော့ သိလာကြသည်။ အာရုံစိုက်လာခဲ့ကြလေ သည်။

''ဒီကောင်က သူများကိစ္စကို ဝင်ပြီးတော့ရှုပ်တယ်၊ ခုတော့ ငါတို့ရွာသားတွေ ကျော်မကောင်း ကြားမကောင်း ဖြစ် ကြရပြီ၊ ရှက်ဖို့လည်းကောင်းတယ်''

''အံမာ တာတီး . . . မင်းက ရွာကိုယ်စား ရှက်တတ် သေးတယ် . . . ဟုတ်လား၊ သူတို့ညံ့လို့ ခံသွားကြရတာ ဘာ တတ်နိုင်မှာလဲ၊ ထန်းရည်မူး ကျွဲခိုးမပေါ်စေနဲ့၊ ငါတို့ကလည်း ကိုယ့်အကြောင်းနဲ့ကိုယ် ရှိနေကြတာ၊ သူကြီးဦးတက်ပြွားကလည်း ငါတို့ကို မျက်လုံးဒေါက်ထောက်ပြီးတော့ ကြည့်နေတယ်''

''ဒီမှာ ဆင်ပေါက် . . . ငါတို့ကိစ္စက ဟိုနွားခိုးကိစ္စ လောက်''

''ဟေ့ကောင်တာတီး . . . မင်း စကားကို တိုးတိုးမပြော တတ်ဘူးလား၊ အသံကြောင့် ဖားသေတော့မှာပဲ''

ထိုအခါ တာတီးသည် ဟိုကြည့်သည်ကြည့်နှင့် မလုံမလဲ ဖြစ်သွားသည်။ ထို့နောက် လေသံဖြင့် . . .

''ငါတို့ကိစ္စက အသေးအမွှားလောက်ပါကွ၊ ပြီးတော့ ဟိုကိစ္စလောက် မကြီးကျယ်တဲ့အတွက် ဂရုစိုက်စရာမလိုပါဘူး''

''သေးသေး ကြီးကြီး . . . သတိတော့ထားရမယ် ပြီး

---



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟို ... ကောင်းထက်ခိုတဲ့ကောင်ကို ပိုပြီးတော့တောင် သတိထား ထား ...''

ဆင်ပေါက်၏နှုတ်သည် ရုတ်တရက် ဆွံ့အသွားခဲ့ရသည်။ အကြောင်းမှာ ကောင်းထက်သည် မလှမ်းမကမ်းမှ ဖြတ်လျှောက်သွားသောကြောင့်ပင်။ တာတီးနှင့်ဆင်ပေါက်တို့သည် ကောင်းထက်ကို မြင်လိုက်ရသောအခါ မျက်လုံးပြူးသွားခဲ့ရသည်။ မလုံမလဲလည်း ဖြစ်သွားမိသည်။ ကောင်းထက်သည် သူတို့နှစ်ယောက်ကို တစ်ချက်ကြည့်ကာ ဆက်လျှောက်သွားသည်။

''ဒီကောင် ဘယ်လိုကြောင့် ဒီကိုရောက်လာပါလိမ့်၊ **တစ္ဆေတစ်ကောင်လိုပဲ** ဖျတ်ခနဲဆို ပေါ်လာခဲ့တာ''

''အေးကွ ... ဒီကောင် ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ဖျောက်တတ်လေသလား၊ ငါတို့ သူ့နာမည်ကိုတပ်ပြီးတော့ ပြောနေကြတာ ကြားသွားနိုင်တယ်''

''တာတီး ... ဒီကောင် ငါတို့ကို လာပြီးစုံစမ်းနေတာများလား''

''ကြံဖန်ကြောက်မနေစမ်းပါနဲ့ကွာ ... သူ့ဘာသာသူ ကြည့်ချင်လို့ ကြည့်သွားတာပါ၊ အေး ... ပြောမယ့်သာပြောရတယ်၊ သူ့ကိုမြင်လိုက်ရတာ **နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံလိုက်ရသလိုပဲ**''





''နွားခိုးသမားတွေကို ဖမ်းပေးခဲ့တဲ့အရှိန်ကြောင့် ငါတို့လန့်နေတာပါကွာ၊ အလကားနေရင်း မလုံမလဲဖြစ်မနေနဲ့၊ သူ ငါတို့ကိစ္စနဲ့ပတ်သက်ပြီး ဘာမှမသိဘူး''

''အေး ... ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ''

တာတီးသည် ခိုး၍ပေါ်ထားသော ကြောင်သားဟင်းတစ်ဖတ်ကို ကောက်ဝါးရင်းပြောလိုက်သည်။

*

ကောင်းထက်နှင့်သဇင်နွယ်တို့သည် ရင်းနှီးမှု [illegible]ခဲ့ကြသည်။

''နွားခိုးကိစ္စကို တောထဲသွားဖမ်းတာ နောက်မှသိရတာ၊ ကြိုပြီးတော့သိခဲ့ရင် **နွယ်** အဖေ့ကို စိတ်ချနိုင်မှာမဟုတ်ဘူး၊ ကိုကောင်းထက်က အဖေ့အသက်ကို ကာကွယ်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်''

''ကျွန်တော်လည်း ဦးကို ဒီကိစ္စအတွက် အစကတည်းက မခေါ်ချင်ခဲ့ပါဘူး၊ ဒါပေမဲ့ ရွာကထွက်လာခဲ့ကတည်းက ဦးအတွက် အန္တရာယ်မကျရောက်စေဖို့ အတတ်နိုင်ဆုံး ကာကွယ်ပေးရမယ်လို့ ဆုံးဖြတ်ချက်ချပြီးသားပါ''



www.burmeseclassic.com

www.burmeseclassic.com





"အင်းလေ ... နွယ်တို့အနောက်စုက ဘာဖြစ်လို့ ဒီလို ဖြစ်လာခဲ့သလဲ မသိပါဘူး၊ နာမည်လည်း ပျက်နေပြီ၊ ကျောက်သလင်းရွာမကြီးဘက်က လူတွေလည်း ဒီဘက်ကို သိပ်မကူးကြတာ အဲဒီအကြောင်းတွေကြောင့်ပဲ ထင်ပါရဲ့"

"အဲဒီအကြောင်းကြောင့်ချည်းပဲ မဟုတ်ပါဘူး၊ အလုပ်အကိုင်တွေကလည်း မတူညီကြလို့ပါ၊ ဒါပေမဲ့ အရေးကိစ္စရှိရင် ကျွန်တော်တို့ဆီကလူတွေလည်း မနေတတ်ကြပါဘူးလေ"

"သိပါတယ် သိပါတယ်၊ ကိုကောင်းထက်တို့ဘက်က ရွာသားတွေရဲ့ စေတနာကို ... အဟင်း ဟင်း"

သဇင်နွယ်က ကောင်းထက်ကို အပြုံးနှင့်ပြောလိုက်လေသည်။

***



## အခန်း (၁)

## အမှောင်ထဲသို့ တိုးဝင်လာကြသူများ

ကျောက်သလင်းရွာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အနောက်စုသည် ရိုးကလေးတစ်ခု ခြားသွားရုံနှင့် ထူးခြားပြောင်းလဲမှုများက ရှိနေမိသည်။

မကောင်းမှုဒုစရိုက်လုပ်ငန်းများအပေါ်မှာ မှီခိုအားထားနေကြသောသူများက လူကောင်းများကြားတွင် ရောနှောနေကြသောကြောင့်ပင်။

"ဒီလိုဖြစ်ရတာဟာ ဖုန်းဆိုးမြေကြီးကို ရှင်းလင်းပြီး လူတွေ ရွာတည်နေကြတဲ့အတွက်ကြောင့်ပဲ၊ အဲဒီဖုန်းဆိုးတောထဲမှာ နဂိုကတည်းက ရှိနေကြတဲ့ ပရလောကသားတွေဟာ အနောက်စုသားအချို့ကို ဝင်ပြီးတော့ စီးနေကြတယ်၊ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှုတွေလုပ်ဖို့ အားပေးအားမြှောက်လုပ်နေကြတာ''

''အဲသလိုတော့ မဟုတ်နိုင်ဘူးထင်တယ်၊ ပင်ကိုကတည်းက ဗီဇမကောင်းတဲ့သူတွေ ပါလာခဲ့ကြတဲ့အတွက် မကောင်းမှုကိစ္စတွေမှာ မွေ့လျော်နေကြတာပါ၊ ဒီလို ပရလောကသားတွေ မရှိဘူးလို့တော့ မပြောပါဘူး၊ ကျမ်းဂန်စာပေတွေထဲမှာလည်း မြေဖုတ်၊ ဘီလူး၊ ပြိတ္တာ၊ တစ္ဆေတို့ ရှိကြတယ်ဆိုတာ အနိုင်အမာပါနေတာပဲ၊ သူတို့ဟာ လူတွေ့ရဲ့ပတ်ဝန်းကျင်မှာ နေထိုင်ကြပေမယ့် ဘုန်းကံရှိကြတဲ့လူတွေကို မယှဉ်နိုင်ကြပါဘူး၊ ဒီလိုဒုက္ခမျိုးလည်း ပေးဖို့ရာ မလွယ်ကြပါဘူး ...၊

တစ်ခါတလေလောက်သာ ကံနိမ့်ကံမြင့် ခံကြရမှာလောက်ပဲ ရှိတာပါ၊ ထာဝစဉ်ကြီးတော့ လူတွေရဲ့စိတ်ကို ဖမ်းစားထားနိုင်ကြတာမျိုးတော့ မရှိနိုင်ပါဘူး၊ အနောက်စုမှာ ဘာသာရေးကို ရှိသေကိုင်းရှိုင်းကြတဲ့ ဘုရားတရားသမားတွေလည်း ရှိနေကြတာပဲ ...၊

တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး သူတို့ကရော အဲဒီလို ဒုစရိုက်သမားတွေ ဘာကြောင့် မဖြစ်ကြရတာလဲ၊ ပြောပြီးပါပကော ... သွေးမကောင်းတဲ့သူ၊ ဗီဇမကောင်းတဲ့သူတွေကသာ ဖျောက်ဖျက်လို့မရတဲ့ အကျင့်ဆိုးတွေပါလာခဲ့ကြလို့ ဖြစ်ကြရတာပါဆိုတာ''.

ကျောက်သလင်းရွာရှိ လူအချို့သည် အနောက်စုသား





များနှင့်ပတ်သက်ပြီး မတူညီသောအယူအဆများဖြင့် မကြာခဏပင် အငြင်းအခုန် ဖြစ်တတ်ကြသည်။

''မကောင်းဆိုးဝါးတွေ၊ နတ်ဆိုးတွေက လူတစ်ဦးတစ်ယောက်ရဲ့ အသိစိတ်ပြောင်းလဲသွားအောင် ထာဝရ စိုးမိုးမထားနိုင်ဘူး၊ ကံနိမ့်ကံမြင့်ရှိတဲ့ လူသတ္တဝါအပေါ်မှာ သူတို့ကလုပ်လည်း တစ်ခဏပဲလေ၊ ဘယ်သူ့ကိုယ်ပေါ်မှာပဲဖြစ်ဖြစ် ဖြုတ်မရဘဲ တွယ်ကပ်မနေနိုင်ဘူးဗျ၊ ကျွတ်တွေ့၊ မျှော့တွေကောင်မှ လူကိုယ်ပေါ်မှာကပ်နေရင် သွေးဝတဲ့အခါ ကွာကျသွားခဲ့ကြသေးတာပဲ''

''ခင်ဗျားပြောတာ ကျွန်တော်လက်ခံပါတယ်၊ ဒါပေမဲ့ သရဏဂုံမတည်တဲ့သူဆိုရင် ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းတဲ့သူ မဟုတ်ရင်တော့ မကောင်းတဲ့နတ်မိစ္ဆာတွေ၊ မကောင်းဆိုးဝါးတွေက စိုးမိုးပြီး ခြယ်လှယ်နေကြမှာပဲလေ၊ အဲဒီလိုလူမျိုးတွေကျတော့ ဘယ်လိုဆုံးမကြမလဲ၊ ဒီလို ဒုစရိုက်လုပ်ငန်းတွေကို **ဘုရားမကြိုက်တဲ့လူတစ်စု** က ကျူးလွန်နေကြတာ များနေကြပေါ့၊ သူတို့ကို ဘယ်လိုအရေးယူအပြစ်ပေးကြမလဲ''

''အင်း ... ကံကုန်လို့ပဲဖြစ်ဖြစ်၊ ကံမကုန်ဘဲ သေကြရင်ပဲဖြစ်ဖြစ် သေရင်တော့ ငရဲကို မုချ တန်းပြီးတော့ ကျကြမှာပဲ၊ မဟာအဝီစိငရဲမှာ သူတို့ရဲ့ပြုခဲ့သမျှအပြစ်တွေအတွက် တန်းပြီးတော့ ခံကြရလိမ့်မယ်''

''လူ့ပြည်မှာ အကြာကြီးဆိုးသွမ်းနေပြီး သေမှငရဲကျခံရ



www.burmeseclassic.com

www.burmeseclassic.com





တာမျိုးကတော့ဗျာ သူတို့ကတောင် ပြောသွားဦးမယ်၊ **ဆိုးမိုက်ခဲ့ရကျိုး နပ်လှလေခြင်းဗျာ၊ တန်ပါတယ် လို့**''

''အဲသလို ငရဲရောက်မှ အပြစ်ကို မခံစေချင်လည်း ကြားကာလမှာ **ရောရုဝက ငရဲမင်းကြီးရဲ့ကိုယ်စားလှယ်တစ်ဦး က** ဆင်းလာပြီး အဲဒီလူတွေကို ဆုံးမလိမ့်မယ်ပေါ့ဗျာ''

''ဟုတ်တယ် ဟုတ်တယ် ... ဒီလူတွေကို အပြစ်ပေး ဆုံးမဖို့အတွက် အဲဒီနည်းပဲ ရှိတော့တယ်၊ ရောရုဝကလာတဲ့ လူက လူဆိုးလူမိုက်တွေကို ငရဲပြည်ရောက်အောင် တစ်ခါတည်း ဆွဲချသွားလိမ့်မယ် ... ဟား ဟား ဟား ဟား''

သူတို့ အချီအချပြောနေကြသည်များသည် စကားနောက် တရားပါဆိုသည့်အတိုင်း နောင်အခါ ကြုံတွေ့လာခဲ့ကြရလိမ့်မည်ဟုဆိုလျှင် ...။

*

ကြည်လင်နေသော မိုးကောင်းကင်ကြီးပေါ်တွင် မိုးတိမ်များက တရိပ်ရိပ်နှင့် ပြေးနေကြသည်။ လေတိုက်အားကောင်းလျှင် ကောင်းသလို လျင်မြန်သောအဟုန်နှင့် ပြေးနေကြသည်။ တိမ်များ လွင့်ပြေးသွားခဲ့လျှင် တိမ်တိုက်များ မဖြစ်ထွန်း၊ မဖွဲ့

---



စည်းနိုင်။ ထို့ကြောင့် မိုးမရွာနိုင်ဟု လက်ခံထားကြသည်။

သို့သော် တိမ်ပြေးနှုန်းသည် လျော့ပါးလာပြီး တိမ်သားစိုင်တွေ တစ်ခုပြီးတစ်ခု ထပ်ကာ ဆင့်ကာ မရွေ့လျားတော့။ တစ်နေရာတည်းမှာ တုံ့နေပြီး ကြာတော့ ကြီးမားသော **တိမ်တိုက်မည်းကြီး** တစ်ခုဖြစ်လာခဲ့လေသည်။ လကို တိမ်ဖုံးသွားသည်။ ကြယ်များကို တိမ်က ကွယ်ကာဖျောက်ပစ်လိုက်ကြလေသည်။ ထိုအခါ တစ်လောကလုံး မှောင်အတိကျသွားခဲ့ရလေ၏။

'ဂျိမ်း ဂျိမ်း ဂျိမ်း ဂျိမ်း'

ရုက်ကရက် မကြေညာဘဲ ထစ်ချုန်းလိုက်သော မိုးကြိမ်းသံကြောင့် မြေပြင်တစ်ခုလုံး တုန်ခါယမ်းသွားခဲ့ရသည်။ လျှပ်နွယ်လျှ . . တွေကလည်း တဖျစ်ဖျစ်နှင့် ဝင်းခနဲ လက်ခနဲ ကောင်းကင်ကြီးကို လက်သည်းရှည်ကြီးများနှင့် ကုတ်ခြစ်ကာ ဆွဲချလိုက်သည့်အလား အစင်းကြောင်းကြီးများ ဖြစ်ပေါ်သွားစေခဲ့ကြသည်။

မိုးရွာတော့မှာလား၊ မိုးကြီးရွာချတော့မှာလားဟု မသေချာနိုင်။ ရွာချင်ရွာမည် ရွာချင်မှလည်း ရွာလိမ့်မည်။ ထစ်ချုန်းပြီးတော့လည်း မရွာတတ်။ သည်လိုနှင့် ပြီးသွားတာလည်း ရှိတတ်သည်။ သို့သော် ရွာရွာ မရွာရွာ မိုးနှင့်ပတ်သက်ပြီး လူသားတွေကတော့ ရိုးနေကြလေပြီ။ **ခြိမ်းသာခြိမ်းပြီး မရွာသောမိုး၊ မခြိမ်းဘဲနှင့်လည်း ရွာသောမိုး။**

---

**ရွှေကားစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူတစ်စုကတော့ မည်းမှောင်နေသည့်ကောင်းကင်ကြီးကို မော့ကြည့်နေကြပြီး ...

"ရှာချလိုက်စမ်းပါကွာ၊ သဲကြီးမဲကြီးကို ရှာချလိုက်စမ်းပါ"

တစ်ယောက်က လိုလားတောင့်တကာ ပြောလိုက်လေသည်။

"ဒီမိုး ကျိန်းသေရွာမှာပါကွာ ... မပူပါနဲ့၊ ဒါမှ ငါတို့အတွက် အဆင်ပြေသွားလိမ့်မယ်"

'ဂျိမ်း ဂျိမ်း ဂျိမ်း'

ပြော၍မှမဆုံးမီ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာသော မိုးခြိမ်းသံကြီးက မြေပြင်တစ်ခုလုံးကို လှုပ်ခါယမ်းသွားခဲ့သည်။ လူသုံးယောက်ကတော့ နားကွဲမတတ် ပေါက်ကွဲမြည်ဟည်းသွားသော မိုးခြိမ်းသံ၊ မိုးကြိုးသွားထစ်သံများကို မကြောက်။ အမှောင်ထုထဲကိုသာ တိုးဝင်လျှက်ရှိနေကြသည်။ မကြာမီမှာပင် လေက ခပ်ကြမ်းကြမ်း တိုက်ခတ်လာသည်။

'ဂူး ဝေါ ဝေါ ဂူး'

လေနှင့်အတူ မိုးကပါ တစ်ပါတည်းပါလာခဲ့လေသည်။ မိုးပေါက်များ သက်ဆင်းကျရောက်လာသောကြောင့် မြေပြင်သည် တစ်ခဏအတွင်းမှာပင် စိုစွတ်သွားခဲ့ရသည်။ အချို့နေရာများတွင် ရွှံ့ဗွက်အိုင်များ ဖြစ်ပေါ်လာခဲ့ကြသည်။

---





မိုးရေများသည်လည်း မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသွားခဲ့ကြလေသည်။ ထိုအခါ ဒုစရိုက်သမားသုံးယောက်တို့၏ ခြေရာများသည်လည်း မြေပြင်မှာ ထင်ကျန်ရစ်ခြင်းမရှိတော့ဘဲ ပျောက်ပျက်သွားခဲ့ရလေသည်။

သူတို့သုံးယောက်သည် နောက်ကြောင်းကို အတန်ငယ်အေးသွားခဲ့ကြသည်။ မည်သူကမှ သူတို့ကို ခြေရာခံပြီး လိုက်မလာနိုင်ကြတော့။ ကိုယ်မှထွက်သော အနံ့အသက်များသည်လည်း မိုးရေထဲမှာ ပျက်ပြယ်သွားခဲ့ကြပြီဖြစ်၍ အနံ့ခံပြီးတော့လည်း လိုက်မလာနိုင်ကြတော့။

"ဟေး ... ငါတို့နောက်ကို ဘယ်သူမှ လိုက်မလာနိုင်ကြတော့ဘူး၊ မျက်ခြည်လည်း ပြတ်သွားခဲ့ကြပြီ"

"ဟေ့ကောင် ... ဒါလောက်လေးနဲ့ စိတ်ချမနေနဲ့၊ ဝေးသထက်ဝေးအောင် ပြေးနိုင်တာက အကောင်းဆုံးပဲ"

တစ်ယောက်က သတိပေးလိုက်သည်။ မိုးရောလေပါအားကောင်းလာသည်။

'ဂူး ဂူး ဂူး .. ဝေါ ဝေါ ဝေါ'

သူတို့၏တစ်ကိုယ်လုံး ရွှဲရွှဲစိုလျှက်ရှိသည်။ ခြေလှမ်းတွေကတော့ သွက်လက်စွာဖြင့် ရှေ့ကိုတိုးပြီးတော့ သွားနေကြသဲ၊ ထိုစဉ် ...

'ဂျိမ်း ဂျိမ်း ဂျိမ်း .. ဒိုင်း'

---



www.burmeseclassic.com

www.burmeseclassic.com



မိုးတစ်ချွန်းသံများ ဆက်တိုက်ထွက်ပေါ်လာပြီး တစ်ဆက်တည်းမှာပင် မိုးကြိုးပစ်ချလိုက်သည်။ ကောင်းကင်ကြီးတစ်ခုလုံး ထိန်ခနဲ လင်းသွားခဲ့ပြီးမှ ပိုမိုစူးလက်သော အလင်းရောင်တန်းကြီးတစ်ခုက အောက်ကိုတန်းပြီးတော့ ကျဆင်းလာခဲ့ခြင်းပင် ဖြစ်သည်။

"ဟာ"

သူတို့၏ရှေ့လောက်မှာ ကောန်ပစ်ချလိုက်သော မိုးကြိုး **လက်နက်** ကြောင့် ခြေလှမ်းများပင် တုံ့သွားခဲ့ကြရလေသည်။ မိုးကြိုးပစ်ချလိုက်စဉ်မှာ ကောင်းကင်ထက်မှ ကျဆင်းလာသော အလင်းတန်းကြီးသည် ပျောက်ပျက်မသွားသေးဘဲ သည်အတိုင်းပင် ရှိနေသေးသည်။

နောက်တော့ တဖြည်းဖြည်းနှင့်မှိန်ကာ ပျောက်သွားသည့်တိုင် မြေပြင်တစ်နေရာမှာတော့ လင်းထိန်လျက်ရှိနေသေးဆဲ။ တော်တော်နှင့် ပျောက်ပျက်သွားခြင်းမရှိသေး။

လူသုံးယောက်သည် သူတို့ကို မိုးနှင့်လေက အကာအကွယ်ပေးထားသည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် ကံကောင်းလေစွဟု စိတ်ထဲမှာ ကျေနပ်နေမိကြသည်။ ယင်းအချိန်တွင် မြေပြင်ပေါ်သို့ မိုးကြိုးပစ်ချအပြီး အလင်းရောင်စွဲကာ ကျန်ရစ်ခဲ့သောနေရာမှ ထူးခြားချက်တစ်ခုကို သူတို့သုံးယောက် သတိမထားနိုင်ကြ။ ယင်းနေရာဆီက သဏ္ဍာန်တစ်ခုသည် သူတို့ဆီကို တည့်တည့်ကြီးလျှောက်လှမ်းကာ လာလျက်ရှိနေသည်။





လျှပ်ပြက်လိုက်တိုင်းမှာ ထိုသူ၏သဏ္ဍာန်သည် လင်းခနဲ၊ ထင်းခနဲဆို ဖြစ်သွားခဲ့ရသည်။ သူ၏ခြေလှမ်းများသည် မှန်ကန်စွာ တစ်ဖြောင့်တည်း ဦးတည်ရာကို တည့်မတ်စွာပင် လာနေဆဲ။ သူသည် တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံး၊ မြင့်မားသောအရပ်တို့ကို ပိုင်ဆိုင်ထားသည်။ အဝတ်နက်ကို ဝတ်ဆင်ထားသည်။

မျက်လုံးနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး မတူကြ၊ ညာဘက်မျက်လုံးက ပိုပြီးတော့ ထူးခြားသည်။ ညာဘက်မျက်လုံးက ပိုပြီးတော့ လင်းလက်တောက်ပနေသည်။ ထို့အပြင် ခေါင်းမှာလည်း ဦးထုပ်ချွန်ချွန်ကြီးကို ဆောင်းထားသည်။ ခါးပတ်ပြားကြီးတစ်ခုကို ခါးမှာပတ်ထားသည်။ ကျာပွတ်ကြီးတစ်ခုကိုလည်း ခွေလိပ်ကာ ခါးမှာချိတ်ထားလေသည်။

သို့သော် သူ၏လက်ထဲမှာတော့ နှင်တံနှင့်တူသော အရာတစ်ခုကို ကိုင်ထားသည်။ သူလျှောက်လှမ်းလာနေပုံသည် ခြေထောက်နှင့်မြေပြင် မထိသလို လေထဲမှာ လျှောက်နေသည်ဟုပင် ထင်မိရသည်။ သူသည် မိုးက သဲကြီးမဲကြီးနှင့် ရွာချနေသည်ကိုလည်း ဂရုမစိုက်၊ မိုးခြိမ်းသံတွေကိုလည်း မကြားသလို ကာကိုမှ အကြောက်အလန့်မရှိ၊ ရှေ့တည့်တည့်ကိုသာလျှင် လျှောက်လှမ်းကာလာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာရှိနေကြသော ချုံများ၊ သစ်ပင်များ၊ ကမူများသည် ပင် ဘေးကို ရွှေ့လျားသွားကြလေသလားဟု လမ်းဖယ်ပေးကြသည်ဟု ထင်မိရသည်။ သူသည် တစ်နေရာကိုအရောက်တွင် ရပ်တံ့လိုက်သည်။ အကြောင်းမှာ သူ့ရှေ့တည့်တည့်မှာ ပြေးလာနေကြသော လူတစ်စုကြောင့်ပင်ဖြစ်သည်။ လျှပ်တွေက ခဏခဏ ပြက်သည်။ ထို့ကြောင့် ထိုသူသုံးယောက်တို့၏ သဏ္ဌာန်များကိုလည်း မမြင်ချင်မှအဆုံးပင်။

ထိုသူသုံးယောက်သည် သူတို့နှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာ မားမားကြီးရပ်နေသော သူ့ကို မမြင်ကြ။ ဇောနှင့်ပြေးလာနေခဲ့ကြရင်းက အနီးကိုရောက်မှ ဘွားခနဲဆို မြင်တွေ့သွားခဲ့ကြသည်။ ဝင်တိုက်မိကြတော့မလို ဖြစ်သွားခဲ့ကြသည်။ ထို့ကြောင့် ခြေလှမ်းများသည်လည်း ရုတ်တရက် တံ့သွားခဲ့ကြရသည်။

‘‘ဟာ’’

‘‘ဟင်’’

‘‘ဟိုက်’’

အာမေဋိတ်သံ အသီးသီးက တစ်ပြိုင်တည်းလိုလိုပင် ထွက်လာခဲ့ကြသည်။ ထိုအခါ သူတို့၏မျက်လုံးအစုံသည် ပြူးကျယ်သွားခဲ့ကြရလေတော့၏။

* * *

## အခန်း (၅)

## ငရဲမီးလား

တဝင်းဝင်းနှင့် ပြိုးပြက်နေသော လျှပ်ရောင်များ၏ အောက်မှာ ရပ်နေသောလူတစ်ယောက်။

ထိုသူ၏ ထူးခြားသော ဝတ်စားထားမှုကြောင့် အလိုလိုနေရင်း ရင်ထဲမှာ ထိတ်ခနဲဆို ဖြစ်သွားခဲ့ကြရသည်။ သူတို့၏ ပြေးလမ်းတည့်တည့်မှာ ပိတ်ကာရပ်နေသည်။

‘‘ဟာ ဘာ ဘာကြီးလဲ . . . ဘယ် ဘယ်သူလဲ’’

တစ်ယောက်က အလန့်တကြားနှင့် အော်လိုက်သည်။ ထိုသူသည် ခေါင်းကိုငုံ့ထားရာက တဖြည်းဖြည်းနှင့် မော့လာသည်။ လျှပ်ရောင်အပြက်မှာ ထိုသူ၏ စူးလက်သော မျက်လုံး တစ်စုံကို မြင်လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com





ညာဘက်မျက်လုံးသည် ပိုပြီးတော့ တောက်ပနေသည်။

"မင်းကို့ဘစ်တွေ ဒီလိုပြေးနေကြလို့ လွတ်မတဲ့လား၊ ငါက ပြေးနေသူတွေရဲ့နောက်ကို မရမက လိုက်ပြီးဖမ်းနေတာ"

"ဘာ ... ကျုပ်တို့နောက်ကိုလိုက်ပြီးတော့ ဖမ်းနေတာ ဟုတ်လား၊ ဟား ဟား ဟား ... ခင်ဗျားက ဘာကောင်မို့လဲ၊ ဘာလဲ ... သူမိုးလက်က သူ့ဝက်လုချင်လို့လား၊ ရမယ် ရမယ်၊ ပစ္စည်းတော့မဟုတ်ဘူး ... ဟောဒါပဲ ရမယ်၊ တွေ့လား ဒီမှာ"

သူတို့အထဲမှ တစ်ယောက်က ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်လေ၏။ ကျန်သည့်နှစ်ယောက်ကလည်း ဓားများကို အသီးသီးပင် ဆွဲထုတ်လိုက်ကြသည်။

"ငါတို့လက်က သွေးစွန်းပြီးသား၊ နောက်ထပ် လူတစ်ယောက်ကိုသတ်ဖို့ကလည်း အကြောင်းမဟုတ်တော့ဘူး၊ ကဲ ... ငါတို့ရှေ့က ဖယ်မလား မဖယ်ဘူးလား ... ဒါပဲပြော"

ထိုသူသည် ဓားကို တရမ်းရမ်းနှင့်ရှိနေသည်။

"မင်းတို့ ဒီ့ထက်ပိုပြီးတော့ မိုက်တွင်းနက်ကြဦးမယ် ဆိုရင် အပြစ်က ပိုပြီးတော့ကြီးသွားလိမ့်မယ်၊ မင်းတို့ မသမာတဲ့နည်းနဲ့ ရလာခဲ့တဲ့ပစ္စည်းကို ယူဖို့မဟုတ်ဘူး၊ မင်းတို့ကို ဖမ်းဖို့ တစ်နေရာကလာခဲ့တာ"

"ဘာ ... ကျုပ်တို့ကို ဖမ်းဖို့ တစ်နေရာကလာခဲ့တာ ... ဟုတ်လား၊ ပြောစမ်းပါဦး ... ဘယ်နေရာက လာခဲ့တာလဲ"



"ရောရှဝကာ လာတာ"

"ဘာ ... ရောရှဝကာ ... ဟုတ်လား၊ အဲဒါ ဘာလဲ၊ ဘယ်ကြွက်တွင်းကို ပြောတာလဲ၊ ဝတ်စားထားပုံက သူများကြောက်အောင် လန့်အောင်၊ ဒီနည်းနဲ့ အငိုက်ဖမ်းပြီး အကြောင်ရိုက်လို့ မရဘူးကိုယ့်လူ၊ ကိုယ့်အသက်ကို နှမြောရင် ထွက်သွား၊ ကျုပ်တို့မှာ အချိန်မရှိဘူး"

"ကောင်းပြီလေ ... မင်းတို့က ငါပြောတာကို မယုံကြတော့လည်း အသက်ကိုပုံပြီး လောင်းကြေးထပ်လိုက်သလိုပဲပေါ့ ... ဟုတ်လား"

ထိုသူ၏လက်ထဲရှိ နှင်တံလိုအရာမျိုးသည် ပဋ္ဌလက်ပြလိုက်သလို ပျောက်သွားသည်။ ခါးမှာချိတ်ထားသော ကျာပွတ်ကို ဖြုတ်ယူလိုက်သည်မှာလည်း လျှပ်ပြက်လိုက်သည်ထက်ပင်မြန်သေးသည်။ ကျာပွတ်ကလည်း သူ့အလိုလိုပင် ဆန့်ပြီးတော့ ထွက်လာသည်။ မြွေတစ်ကောင်ပမာ လွန့်လူးလျက်ရှိနေလေသည်။ ထို့အပြင် တဖြည်းဖြည်းနှင့် အနီရောင်တောက်ပလာခဲ့သည်။ သူတို့သုံးယောက်သည် လှုပ်ရှားနေသော ကျာပွတ်ကို ကြည့်ပြီးတော့ အံ့အားသင့်နေမိကြသည်။ သို့သော် မိုးအေးအေးမှာ သွေးပူနေကြသူများပေမို့ ထိုသူ၏အတိမ်အနက်၊ ကျာပွတ်၏အတိမ်အနက်ကို သတိမထားနိုင်ကြတော့ဘဲ ...

"ဟော့ ... ငါတို့ကို အနှောင့်အယှက်ပေးတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပစ်လိုက်ကြရအောင်''

ကြိမ်းဝါးအော်ဟစ်လိုက်ကြကာ ထိုသူဆီကို မဆင်မခြင် ပြေးဝင်သွားခဲ့ကြလေ၏။ သို့သော် ထိုသူဆီကို မရောက်ကြမီမှာပင် မထင်မှတ်သောအခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ကျာပွတ်သည် အသက်ဝင်နေသော မြွေတစ်ကောင်ပမာ လေထဲမှာ ဆန့်ပြီးတော့ ထွက်လာခဲ့သည်။

'ရွှမ်း'

ကျာပွတ်ဆိုပေမယ့်လည်း ဆန့်ထွက်သွားတော့ ဆယ်တောင်ခန့်ရှိသော ကြိုးတစ်ခွေစာပမာ ရှိနေသည်။ ရှေ့ဆုံးကလူ၏ခါးကို ကျာပွတ်လာရစ်ပတ်သွားသည်။ ထို့နောက် ဆွဲမြှောက်ယူလိုက်ရာ လေထဲမှာ မြောက်တက်သွားခဲ့လေသည်။

''အား''

လွှဲပစ်လိုက်စဉ်မှာ လွင့်ထွက်သွားသည်။ ကျာပွတ်သည်သည်အတိုင်း တုံ့မနေ။ နောက်ထပ်တစ်ယောက်၏ကိုယ်ပေါ်ကို တဖြန်းဖြန်းနှင့် ကျလာခဲ့သည်။

''အား အား ... သေပါပြီဗျ''

နာကျင်သောဝေဒနာကို ပြင်းထန်စွာပင် ခံစားလိုက်ကြရပြီး လက်နက်များပင်လျှင် လွတ်ကျသွားခဲ့ကြရသည်။ ထို့နောက် ကျာပွတ်သည် မြွေတစ်ကောင်ပမာ လွန့်လူးပြီး နှစ်ယောက်စလုံးကို ရစ်ပတ်လိုက်လေ၏။ ထိုသူ၏ခွန်အားဗလသည်





အံ့မခန်းပင် ကြီးမားလှသည်။ တွန့်လိမ်ကာ လှိုင်းထပြီးထွက်သွားသောကျာပွတ်ကို ဆွဲယူလိုက်သည်နှင့် နှစ်ယောက်စလုံး မြောက်တက်ပြီး ပါလာခဲ့ကြသည်။

''အား အား အား''

လွှဲမြှောက်ပြီး ဇွေ့ယမ်းလိုက်ရာ လေထဲတွင် ထွက်သွားခဲ့ကြပြီး စောစောကျသွားသောသူ၏အနားကို ပစ်ကျသွားခဲ့ကြလေတော့သည်။

''အား အား''

အတောမသတ်သော နာကျင်မှုက တစ်ကိုယ်လုံးကို လွှမ်းခြုံသွားခဲ့ကြရသည်။ ကျာပွတ်မှဟုတ်ရဲ့လားဟုပင် ထင်မိကြရသည်။ အသားစတွေ အဖတ်လိုက်ကွာကျသွားခဲ့ကြပြီဟု ထင်မိကြသည်။ ထို့အပြင် လဲကျနေသော သူတို့သုံးယောက်စလုံးကို ကျာပွတ်ကြီးက မြွေတစ်ကောင်ပမာ ရစ်ပတ်ထားလိုက်လေသည်။ လှုပ်ရှားလို့လည်း မရကြတော့။ လှုပ်လေ အသားထဲကို နစ်ဝင်လေလေပင်။ အသည်းခိုက်မတတ် နာကျင်မှုကိုပိုပြီးတော့ ခံစားလာခဲ့ကြရသည်။

သူတို့နှင့် မလှမ်းမကမ်းရှိ မြေဖြစ်သည်။ မီးဟုန်းဟုန်းတောက်လောင်လျက်ရှိနေသည်။ မီးအရှိန်က ပူပြင်းလှသည်။ ဝေးနေသည့်တိုင် အပူငွေ့များက သူတို့ဆီကိုလာပြီးတော့ ရိုက်ခတ်လျက်ရှိနေကြသည်။ မခံမရပ်နိုင်အောင်ပင် ပူလောင်လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသူသည် ကျာပွတ်ကို လက်ကိုင်မှကိုင်ကာ ရမ်းခွေလိပ်ရင်း လျှောက်လာသည်။

"မင်းတို့ ဟိုမှာတွေ့တယ်မဟုတ်လား၊ အဲဒါ ငရဲမီးပဲ၊ အဲဒီ ငရဲမီးလျှံတွေက မင်းတို့ကို ဆွဲချသွားမှာ၊ ငရဲပြည်ကိုရောက်တဲ့အထိ ခေါ်သွားမှာ"

ဟိုသူက စူးလက်သောမျက်လုံးအစုံဖြင့် တစ်လုံးချင်းစီကာပြောလိုက်သည်။ သူ့အသံသည် ဩဇာအပြည့်ရှိသည်။ လွှမ်းမိုးထိန်းချုပ်ထားနိုင်သည်။ ကြားရသူအဖို့ မလှုပ်ရဲအောင်ပင်ဖြစ်သွားခဲ့ကြရလေသည်။

"ဘာ … ဒါ ဒါ ငရဲမီး … ဟုတ်လား။ ကျုပ် ကျုပ်တို့ကို ဒီငရဲမီးက ဆွဲချသွားမယ်၊ ငရဲပြည်အထိ ခေါ်သွားမယ် … ဟုတ်လား။ မဖြစ်နိုင်တာ၊ ခင် ခင်ဗျားက ဘယ်သူမို့ ဒီလိုပြောနိုင်ရတာလဲ"

တစ်ယောက်က ထိုသို့ မေးလိုက်ပေမင့် အကြောက်ကြီးကြောက်နေလေသည်။ မိုးရွာတာကိုလည်း ဂရုမစိုက်တော့။ မိုးခြိမ်းတာကိုလည်း သတိမထားမိကြတော့။ ငရဲဆိုသည့်အသံကိုကြားရသည်နှင့်ပင် အကြောက်ကြီးကြောက်နေကြလေပြီ။

"ငါပြောပြီးပါပကော … ငါ ငရဲပြည်ကလာတဲ့သူ၊ ရောရုဝငရဲက လာတဲ့သူပါလို့၊ မင်းတို့ ဒါလောက်အထိ ဆိုးသွမ်းနေကြတာ မြေကြီးကတောင် လက်မခံတော့လို့ ဒီအတိုင်း ခေါ်





သွားရတော့မှာ"

"ကျုပ် ကျုပ်တို့ကို ဒီအတိုင်းခေါ်သွားမှာ … ဟုတ်လား။ အပြစ်ရှိရင်လည်း ငရဲတို့ ဘာတို့ဆိုတာ သေမှသွားကြရတာ၊ အခုတော့ဗျာ … **အရှင်လတ်လတ်ကြီး**"

"ဟုတ်တယ် … မင်းတို့ရဲ့အပြစ်တွေက သိပ်ပြီးကြီးလွန်းကြတော့ သေတဲ့အထိတောင် မစောင့်နိုင်တော့ဘူး။ ဒါကြောင့် အခုပဲ ငါလာခေါ်တာ၊ မထူးပါဘူးကွာ … သေလည်းရောက်ရမယ့်အတူတူ စောစောရောက်သွားတော့ ပိုပြီး အတွေ့အကြုံရှိသွားတာပေါ့၊ ဒါမှ ရောက်လာမယ့်သူတွေကို ငရဲရောက်တဲ့သူတွေရဲ့ ခံစားမှုကို ပြန်ပြီးပြောပြနိုင်မှာ"

သူသည် ကျာပွတ်ကို တင်းတင်းဆွဲလိုက်သည်။ သုံးယောက်စလုံး ကျာပွတ်နောက်ကို ပါလာခဲ့ကြသည်။ ထိုအခါ မီးတောက်မီးလျှံများနှင့် ပို၍နီးကပ်သွားခဲ့သည်။

"အား … ပူတယ် ပူတယ်၊ မ မလုပ်ပါနဲ့ဗျာ၊ ကျုပ်တို့ရဲ့အသက်ကို ဒီတစ်ကြိမ်တော့ ချမ်းသာပေးပါ၊ နောက်ကို ဒီလိုဒုစရိုက်အလုပ်တွေကို မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်ဗျာ"

"ဟုတ် ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့လည်း နောင်တရကြပါပြီ၊ လွှတ်ပေးပါ၊ လွှတ်ပေးပါတော့"

"ဘာ … လွှတ်ပေးရမယ် … ဟုတ်လား။ မင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



လူသတ်၊ ဓားပြတိုက်၊ လုယက်၊ မိန်းကလေးဆိုရင် ပျိုပျိုအိုအို မရှောင်၊ ကာမေသုအမှုတွေ ကျူးလွန်ပြီးရင်း ထပ်ခါတလဲလဲနဲ့ ကျူးလွန်လာခဲ့ကြတာ၊ လူကောင်းတွေရဲ့ရင်ထဲမှာ မီးတောက်တွေ ဖန်တီးလာခဲ့ကြတဲ့သူတွေ ...၊

ကိုယ့်အလှည့်ကျတော့ ဒီငရဲမီးတောက်လေးကိုသော်မှ ခံနိုင်ရည်မရှိကြတော့ဘူးပေါ့ ... ဟုတ်လား၊ မရဘူး၊ မရဘူး ... မင်းတို့သုံးယောက်ရဲ့စာရင်းက အတိအကျကို ပါပြီးသား၊ ခေါ်သွားရမှာပဲ''

သူသည် ကျာပွတ်ကို တစ်ချက်ဆောင့်ဆွဲလိုက်ပြန်သည်။ အားကလည်း ကောင်းလှသည်။ ထိုအခါ မီးတောက်ကြီးနှင့် ပိုပြီးတော့ နီးကပ်သွားခဲ့ကြပြန်လေ၏။ မီးအပူရှိန်ဟပ်သဖြင့် ပိုပြီးတော့ အခံရခက်သွားခဲ့ကြရလေသည်။

''ကယ် ကယ်ကြပါဦးဗျာ ... ကျုပ်တို့ကို အရှင်လတ်လတ် ငရဲပြည်ကို ခေါ်သွားတော့မလို့တဲ့၊ ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား''

အားလုံး သွေးရူးသွေးတန်းဖြင့် အော်ဟစ်ကုန်ကြလေသည်။ ထွက်ပြေးရန်လည်း မည်သို့မှ မတတ်နိုင်ကြတော့သည့် အခြေအနေ။ ယင်းမီးတောက်ကြီးသည် မြေအောက်မှထွက်လာသောမီးတောက်ကြီးမဟုတ်ဘဲ စောစောက ပြင်းထန်စွာ ပစ်ချလိုက်သော မိုးကြိုးလက်နက်ကြောင့် ဖြစ်ပေါ်လာခဲ့ရသည့် မီးတောက်ကြီးများဟု သိခဲ့ကြပါလျှင် ...။





မိုးကြိုးလက်နက်ကြောင့် မြေပြင်မှာပေါက်နေကြသော သစ်ပင်ပျိုများ၊ ချုံများ၊ သစ်ငုတ်များကို တစ်ပြိုင်တည်း လောင်ကျွမ်းပြာကျစေလောက်သည့်အရာသည် သက်ရှိသတ္တဝါများကိုလည်း ဝါးမျိုသွားနိုင်စေသည်ပဲ မဟုတ်ပါလား။

*

ယင်းအဖြစ်အပျက်များ၏နောက်ကွယ်တွင် ထိတ်လန့်ချောက်ချားစရာကောင်းသော စကားများက ထွက်ပေါ်လာခဲ့ကြလေသည်။ အသွင်သဏ္ဌာန်၊ ဝတ်စားပုံကအစ ခြားနားသောသူ၊ ပြောပုံဆိုပုံ တိကျလွန်းကာ လူတွေကို မသွားရဲ မလာရဲဖြစ်စေလောက်အောင် ဟိုနေရာကပေါ်လာ၊ ဒီနေရာကပေါ်လာနှင့် ဟန့်တား ပိတ်ပင်သောသဘောရှိသောသူတစ်ဦး တွေ့တွေ့နေရတတ်သည်တဲ့။ နက်မှောင်သောအဝတ်အစားများကို ဝတ်ဆင်ထားသောကြောင့် ညဘက်မှာ အမှတ်မထင် တွေ့လိုက်ရသူသည် ကြောက်တတ်သူဖြစ်က လိပ်ပြာပင် လွင့်သွားစေနိုင်လောက်သည်တဲ့။

''ဘယ်လိုမျက်နှာမျိုးကြီးလဲ မသိပါဘူးဗျာ၊ ကစ်လော



www.burmeseclassic.com

www.burmeseclassic.com



ကလုံးရဲ့ အသက်ဝိညာဉ်တွေကို ပိုင်ဆိုင်ထားသလိုပဲ၊ အကြည့်စိန်းစိန်းကြီးနဲ့ မျက်လုံးတစ်လုံးက ပိုပြီးတော့တောင် အရောင်တောက်နေသေးတယ်၊ ပြီးတော့ ပြောလိုက်သေးတယ် . . . "ငါ ရဲ့ကလာတာ မင်းကိုလာခေါ်တာ" တဲ့၊ လက်ညှိုးငေါက်ငေါက် ထိုးပြီးတော့ ပြောတယ်၊ ကျုပ်လည်း ထွက်ပြေးရတော့တာပေါ့၊

ပြီးတော့ သူက နောက်ကနေ လှမ်းပြီးတော့ပြောလိုက်သေးတယ် . . . မင်း မလွတ်ဘူးတဲ့၊ ငါ မင်းရှေ့ကို အချိန်မရွေး ရောက်လာမှာတဲ့၊ တကယ်ပါပဲဗျာ . . . သူ့ပုံစံက ခုထက်ထိ မျက်လုံးထဲက မထွက်သေးဘူး"

ကိုသူသည် ပြောနေရင်းက အထိတ်တလန့်မျက်လုံးများဖြင့် ဟိုသည်လိုက်ပြီးတော့ ကြည့်နေသေးသည်။

"ဟုတ်ရဲ့လားကွာ၊ မင်း ဘယ်ချောင်မှာမှူးပြီး အိပ်နေလို့ အိပ်မက်ဆိုးတွေ မက်ခဲ့သလဲမှမသိတာ၊ အေး . . . ငရဲကျတယ်ဆိုတာ ငါးပါးသီလကို ကျူးလွန်ဖောက်ဖျက်တဲ့သူမှသာ သွားရာ လားရာ လမ်းပဲကွ၊ မင်းလည်း ခုချိန်ကစပြီး မကောင်းမှုမှန်သမျှ ဘာမှမလုပ်နဲ့တော့၊ ဒါဆိုရင် ငရဲမကျတော့ဘူး"

"ငါ အိပ်မက်မက်တာမဟုတ်ဘူး၊ အပြင်မှာ တကယ်တကယ်ကို တွေ့လာခဲ့ရတာပါကွာ"

သို့သော် ဆိုးမိုက်ပေတေနေသော သူ၏စကားကို မည်သူက ယုံကြည်ကြမည်နည်း။

* * *

## အခန်း (၁၈)

## ရောဂွ (သို့မဟုတ်) ဗေဟာသချိုင်း

ကျောက်သင်္ချိုင်းရွာသူကြီး ဦးမှတ်သည် ရွာလူကြီးများနှင့်အတူ တိုင်ပင်ဆွေးနွေးလျက်ရှိနေကြသည်။

"ဒုစရိုက်သမား လူဆိုးလူမိုက်တွေကတော့ တော်တော်လေးကို ချောက်ချားနေကြတယ်ဗျ၊ ရောရွဝကလာတဲ့ ငရဲသားက သူတို့ရဲ့မကောင်းတဲ့စိတ်ဓာတ်ကို ဖြိုပစ်နေသလိုပဲ၊ တချို့လည်း ဒုစရိုက်မှုတွေကို ဆက်ပြီးမလုပ်ရဲကြတော့ဘဲ ရပ်သွားခဲ့ကြတယ်"

"အဲဒါဆိုရင် သူကြီးရဲ့ ထင်မြင်ယူဆချက်က ဘယ်လိုလဲ၊ ရောရွဝကလာတဲ့ ဇေယျာနင်ငရဲသား ဆိုတဲ့လူကို တကယ်ယုံကြည်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သူကြီးရဲ့အတွေးနဲ့ အပြောက အဲဒါကို လက်ခံထားနေသလိုပဲ"

"နို့ . . . ခင်ဗျားတို့ကကော"

"ခက်တယ်ဗျာ . . . ငရဲရဲ့ စေတမန်က လူ့ပြည်ကို ရောက်လာပြီး ဒုစရိုက်သမားတွေကို ခေါ်သွားတယ်, ငရဲကိုပို့ပစ်လိုက်တယ်ဆိုတာတွေလို့ တစ်ခါမှ မကြားဖူးလို့ပါ"

"ဟုတ်တယ် . . . အဲ့သလိုတစ်ခါမှ မကြားဖူးဘူး"

"အခု ကြားဖူးကြပြီမဟုတ်လား၊ ကျုပ်လည်း အခုမှ ကြားဖူးတာပဲ၊ ယုံတယ်,မယုံဘူးဆိုတာကတော့ ကိုယ့်ရဲ့အသိစိတ်နဲ့ ဆုံးဖြတ်ကြပေါ့၊ ဗုဒ္ဓဝင်မှာလည်း အရှင်လတ်လတ်နဲ့ မြေမျိုခံရပြီး ငရဲပြည်ကို ရောက်သွားခဲ့ကြတဲ့ စိဉ္စမာနနဲ့ ဒေဝဒတ်တို့လည်း ရှိကြသေးတာပဲ၊ မိဘကိုစော်ကားလို့ မြေမျိုခံရတဲ့ သားသမီးတွေရဲ့ အဖြစ်အပျက်တွေလို့လည်း ခင်ဗျားတို့, ကျွန်တော်တို့က မကြားဖူးကြတာမှ မဟုတ်တာ"

"အဲ . . . ဒီလိုဆိုပြန်တော့လည်း ခုကိစ္စက စဉ်းစားစရာပဲနော် သူကြီး၊ တစ်ခုတော့ရှိတယ် . . . တစ်ယောက်ယောက်က ဒါမျိုးတွေကို လုပ်နေတယ်လို့ကော မပြောနိုင်ဘူးလား"

"ဒီလိုအလုပ်မျိုးကို ဘယ်သူက လုပ်မှာလဲဗျ၊ လူဆိုးလူမိုက်တွေက ဒါဟာ တကယ်မဟုတ်ပါဘူးလို့ ဆင်ခြေကန်ပြီးတော့ ပြောနေကြတာဟာ ကြောက်နေကြလို့ပဲ၊ အဲဒီလိုဖြေမှ





စိတ်သက်သာရာ ရကြမယ်မဟုတ်လား"

အဖြေမရသော ဆွေးနွေးမှု၏ရလာဒ်သည် ပြီးပြတ်ခြင်းမရှိခဲ့။ လိပ်ခဲတည်းလည်းသာလျှင် ဖြစ်ခဲ့သည်။ ထိုစဉ် သူကြီးတို့ စုဝေးရာ ရွာလယ်ဇရပ်ကြီးဆီကို ကောင်းထက်တစ်ယောက် ပေါက်ချလာခဲ့လေ၏။

"ဟော မောင်ကောင်းထက် . . . အတော်ပဲ၊ လာစမ်းပါဦးကွ . . . ငါတို့ ဒီမှာဆွေးနွေးတိုင်ပင်နေကြတာ မင်းရဲ့ထင်မြင်ချက်လည်း လိုနေတယ်ကွဲ့"

ကောင်းထက်၏ ရှေ့ဆက်သွားတော့မလို ခြေလှမ်းများက တုံ့သွားခဲ့ရသည်။ ဇရပ်ပေါ်ကို တက်လာသည်။

"ကေန္တ . . . ဟို ရောရုဝကလာတဲ့လူဆိုတဲ့ကိစ္စကို အကြောင်းပြုပြီး အငြင်းအခုံဖြစ်နေကြတယ် မှတ်တယ်"

"ဟေ"

အားလုံးပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ကြသည်။

"မင်းက တော်တော်အကင်းပါးလှပါလားကွဲ့ မောင်ကောင်းထက်ရ"

ကောင်းထက်က တစ်နေရာတွင် ဝင်ထိုင်လိုက်ပြီး . . .

"ခုတစ်လော ဒီအကြောင်းတွေပဲ ပြောနေကြတာ၊ ဒါကြောင့်မို့ ဦးတို့လည်း ဒီကိစ္စကိုပဲ ဆွေးနွေးဖြစ်ကြတယ် ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ကွာ . . . အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းရဲ့ထင်မြင်ချက်ကိုလည်း ပြောပြပါဦး"

"ကျွန်တော်က လူငယ်ပဲဗျာ၊ ဦးတို့ထက် ပိုပြီး ဘာများပြောတတ်မှာလဲ"

"မင်းကကွာ . . ငါတို့က အတွေ့အကြုံ အကြားအမြင်ပိုပြီးရှိကြတယ်ဆိုပေမယ့် ခုလို ထူးထူးဆန်းဆန်းမျိုးတွေ ဖြစ်လာတာကို မင်းအနေနဲ့ ဘယ်လိုများ နားလည်သလဲလို့"

"ဩော် . . . ဒါကတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဗျာ"

"ဟေ . . . ဘာကိုဟုတ်တာလဲ၊ မင်းစကားက"

"ရောရှုဝကလာတဲ့သူဆိုတာ တကယ်ဟုတ်ချင် ဟုတ်နေမှာလို့ ပြောတာပါ"

ထိုအခါ အားလုံး အံ့အားသင့်သွားခဲ့ကြရသည်။

"ဒါဆိုရင် မင်းလည်း လက်ခံတယ်ဆိုတဲ့သဘောပေါ့ . . . ဟုတ်လား၊ မင်းလိုလူငယ်တစ်ယောက်က"

"ကျွန်တော့်ကို အယူသီးတယ်လို့ ဆိုလိုတာလား၊ ဒါမှမဟုတ် အဲဒီလိုကိစ္စမျိုးကို လက်မခံရဘူးလို့ ပြောစေချင်တာလား၊ ဒီလို နက်နဲတဲ့ကိစ္စမျိုးတွေ မရှိဘူးလို့လည်း မပြောနိုင်ဘူးလေ၊ ကိုယ်ကိုယ်တိုင် မမြင်ရ၊ မတွေ့ကြုံရဘဲနဲ့ မျက်စိမှိတ်ပြီးတော့ မယုံဘူး၊ မဖြစ်နိုင်ဘူးလို့ ပြောလို့မဖြစ်ဘူးလေ . . . ၊





ကျွန်တော်သာ ရောရှုဝကလာတဲ့သူဆိုရင် အဲဒီလိုဘုရားမကြိုက်တဲ့လူတွေကို ခြေထောက်နှစ်ချောင်းကနေ ဆွဲပြီးရေပြည်အထိ ခေါ်သွားမှာပဲ"

"ဟေ"

လူကြီးအားလုံး အံ့အားတသင့်နှင့် သံပြိုင်ထွက်သွားသော အသံ။

✻

"ငါ့သား . . . အဖေတို့ရဲ့လယ်အလုပ်ကို ဖောက်ချပြီးတော့ လုပ်တော့မှာလား၊ တက္ကသိုလ်ပညာကို ဆက်ပြီးတော့မသင်တော့ဘူးလား"

"သားကျောင်းပြန်ဖွင့်တဲ့အခါကျရင် အဖေတို့ရဲ့ဆန္ဒအတိုင်း တက္ကသိုလ်တက်ပါ့မယ်၊ ခု ကျောင်းတွေပိတ်ထားတဲ့အချိန်မှာ ရွာမှာပဲ နေပါရစေ"

"သား တကယ်ပြောနေတာလား"

"တကယ်ပြောတာပါ အဖေ၊ နဂိုကတည်းက ဆုံးဖြတ်ချက်ချပြီးသားပါ"

"မသိပါဘူးသားရယ် . . . သားက ကျောင်းကိုစိတ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



နေပြီထင်လို့'

"သားမှာ နဂိုကတည်းက ရည်ရွယ်ချက်ရှိပြီးသားပါ"

"အဖေတို့ရွာမှာ ဆယ်တန်းအောင်တဲ့သူ ဘယ်သူရှိလို့လဲသား၊ သားကို ပင်ပင်ပန်းပန်းမနိုင်းချင်လို့ ပညာကို အလေးထားပြီးတော့ သင်ပေးခဲ့တာ၊ ခုလို သတင်းကောင်းကြားရတော့ အဖေ စိတ်ချမ်းသာပြီ"

ထိုစဉ် **ဇနီးဖြစ်သူ ဒေါ်မယ်ခ** က အိမ်ခန်းထဲမှ ထွက်လာပြီး ...

"သားက သူ တက္ကသိုလ်ဆက်တက်မယ့်ကိစ္စ ကျွန်မကို ပြောပြီးပါ့တော်၊ ဒါလောက်ကြီးလည်း စိုးရိမ်မနေပါနဲ့"

"မင်းက ဒီအကြောင်း ငါ့ကို ဘာလို့မပြောတာလဲ"

"ပြောမလို့ပါပဲတော်၊ စကားမစပ်မိလို့ပါ"

**ဦးအောင်နိုင်** ကတော့ ဇနီးကို အပြစ်တင်သည်မဟုတ်ဘဲ ပြုံး၍သာ နေလေသည်။

"အေးလေ ... တက္ကသိုလ်ဆိုတာ မြို့ကလူတွေ ပြောလို့သာ သိရတာ၊ ငါတို့က မြင်ဖူး‚ ရောက်ဖူးတာလည်းမဟုတ်၊ ဘာစာတွေ သင်တာမှန်းလည်း မသိ၊ ခုတော့ ငါ့သားက အဲဒီ တက္ကသိုလ်ကို သွားဖို့ လက်ခံလိုက်တယ်ဆိုတော့ အဖေတော့ ဝမ်းသာတယ်"

"စိတ်ချပါ အဖေရယ် ... သား ဆက်ပြီးတော့ ကြိုးစား





ရဦးမှာပါ"

"ဒါနဲ့ ... မင်း အနောက်စုကို မကြာခဏသွားနေတာ ငါတော့ တယ်ပြီး စိတ်မချချင်ဘူး၊ အဲဒီမှာက ဒုစရိုက်သမားတွေ အုပ်စုနဲ့နေနေကြတာ၊ တစ်လောက နွားခိုးသမားတွေကို ဖမ်းပေးလိုက်တဲ့ကိစ္စမှာ သားကို မျက်မုန်းကျိုးချင်ကျိုးနေကြလိမ့်မယ်၊ အသက်ကိုတောင် ရန်ရှာချင်ရှာနိုင်တယ်"

"သား အနောက်စုကို မကြာခဏမသွားပါဘူး၊ ရပ်ရေးရွာရေးကိစ္စအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ဖြေရှင်းပေးတာပဲ အဖေ၊ ပြီးတော့ ကျွန်တော်တို့ရွာ သန့်သွားဖို့အတွက် လုပ်တာပဲ၊ သည့်ပြင်ရွာသားတွေလည်း ပါကြတာပဲ၊ ပြီးတော့ ဒီလိုလူစားမျိုးတွေဟာ ရွာမှာမရှိကြရင် ကောင်းမယ်၊ ရွာနာတယ်၊ သူတို့ကိုလည်း ကြောက်စရာမလိုပါဘူး၊ လက်ကျန်တွေ ရှိကြသေးတယ်၊ အမြစ်ကနုတ်ပြီး ရှင်းပစ်ရဦးမယ်"

"အင်း ... ငါ့သားကတော့ တော်တော်စိတ်ဓာတ်ခိုင်မာတာပဲ၊ သူကြီးကလည်း ငါ့သားကို အားကိုးတယ်ဆိုတော့ ဘယ်သွားသွား‚ ဘယ်လာလာ သတိတော့ထားပေါ့ကွယ်"

"ဟုတ်တယ်၊ သားအဖေပြောတာ မှန်တယ်၊ ရပ်ရေးရွာရေးကိစ္စကိုလုပ်တယ်ဆိုတာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ခုကိစ္စမျိုးက တော်ရုံမဟုတ်ဘူးနော်၊ လူဆိုးသူခိုး ဖမ်းပေးရတဲ့ကိစ္စ၊ သား ကိုယ်လုံးပညာ ဘယ်လောက်ပဲတတ်တတ် သတိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လစ်သွားရင် အတိမ်းအစောင်းတွေ ဖြစ်သွားနိုင်တယ်''

''သား အဖေနဲ့အမေတို့ သတိပေးတာကို ဂရုစိုက်ပါတယ်၊ ဒီလိုမျိုးမဖြစ်ရအောင် အတတ်နိုင်ဆုံး သတိထားပြီးနေပါတယ်၊ အဲ ... ပြီးတော့ ဒီလို မကောင်းမှုလုပ်တဲ့သူတွေကို လိုက်ပြီးတော့ ဖမ်းဆီးနေတဲ့သူတစ်ဦးလည်း ရှိပါသေးတယ်၊ သားတစ်ယောက်တည်း မဟုတ်ပါဘူး''

''ဟေ ... အဲဒီလူက ဘယ်သူများလဲကွဲ့''

''ရဲကလာတဲ့သူလေ ... ဟဲ ဟဲ''

''ဟော ... ခုတစ်လောမှာ လူပြောသူပြောများနေတဲ့ ကိစ္စလား။ သားရယ် ... ဒါတွေကလည်း အမှန်ဟုတ်ချင်မှ ဟုတ်မှာပါ၊ လူဆိုးလူမိုက်တွေကို တမင်ခြောက်လှန့်ပြီး မလုပ်ရဲအောင် လုပ်နေတာဖြစ်မှာပါ၊ တစ်မျိုးတော့လည်း ကောင်းပါတယ်လေ၊ အင်း ... ကောင်းတဲ့ဘက်က တွေးရင်ပေါ့''

''ပု ... ပါတော် ... ဒီသတင်းတွေက ဟိုကထွက်လာ, ဒီကထွက်လာနဲ့၊ ဒါပေမဲ့ ကျွန်မလည်း ကောင်းတဲ့ဘက်ကပဲ တွေးတယ်၊ ဒုစရိုက်သမားတွေကို ခြေချုပ်မိစေကာပေါ့၊ ဒါမှ ငြိမ်သွားကြမှာ''

''မထင်နဲ့ မယ်ခ ... တချို့က ရဲမကြောက်တဲ့သူတွေ ရှိကြတယ်၊ တွင်းတူးပြီးမိုက်ကြတဲ့သူတွေ၊ မဟာအဝီစိအဝိ လက်နဲ့ယက်ပြီး ဆင်းသွားကြမယ့်လူစားတွေ''

---



လင်မယားနှစ်ယောက် အချီအချစကားပြောနေကြစဉ်မှာ ကောင်းကောင်းက ခပ်ပြုံးပြုံးနှင့်ပင် အနားက ထွက်သွားခဲ့လေသည်။

*

ခုတစ်လောမှာ ရဲနှင့်ပတ်သက်ပြီး လူတွေက စိတ်ဝင်စားလာခဲ့ကြသည်။ ထို့ကြောင့် သိချင်သူတွေက သက်ကြီးရွယ်အိုများကို မေးမြန်းကြသည်။

''ရဲဆိုတာ တကယ်ရှိသလား အဘိုး''

''ဟာ ... တကယ်ရှိတာပေါ့၊ ငါးပါးသီလကို ဖောက်ဖျက်ကျူးလွန်တဲ့သူတွေ အဲ ... ငါးပါးသီလကို ချိုးဖောက်တယ်ဆိုကတည်းက အားလုံးပါသွားပြီ၊ သည့်ထက်ပိုပြီး ပြောစရာမရှိတော့ဘူး။ မင်းတို့ စဉ်းစားသာကြည့်ကြပေတော့၊ ငါးပါးသီလထဲမှာ အဓိကအချက်ကြီးတွေ ဘာတွေပါသလဲဆိုတာ မင်းတို့ သိကြပါတယ် ...၊

သူတစ်ပါးရဲ့အသက်ကို သတ်ပြီး အသက်မွေးဝမ်းကျောင်းပြုကြတဲ့သူတွေ, လိမ်လည်လှည့်ဖြား မုသားစကားပြောပြီး ဘဝဝမ်းကျောင်းကြတဲ့သူတွေ, ကိုယ်ကတော့ ဝင်ခနေ

www.burmeseclassic.com



သူမျှားကျတော့ ပါးစပ်ကြီးဟနေဆိုပြီး ငွေတိုးကြီးကြီးပေးစားကြတဲ့သူတွေ, ဟောပြောခြောက်လှန့်ပြီး စားသောက်နေကြတဲ့ နတ်ကတော်တွေကအစ အားလုံးပါတယ်''

''ဟုတ်လား အဘိုး . . . ဝိသမလောဘသမားတွေဟာ ဒီဘဝမှာ လူတွေအပေါ်မှာ ကုပ်သွေးစုပ်ခဲ့ကြရင်လည်း ဒီအပြစ်က မလွတ်ဘူးနော်''

''အေး . . . အပြစ်လုပ်မိမှတော့ အလိုလို ကြီးသွားတာမှ မဟုတ်ဘဲ၊ သူနဲ့ထိုက်တန်တဲ့ **အပြစ်ကြွေးကိုတော့ ပေးဆပ်ရမှာပဲပေါ့၊** ဒီဘဝမှာ လွတ်မြောက်သွားကြပေမယ့် ငရဲကျရင်တော့ မလွယ်ဘူး၊ ကိုယ်လုပ်ခဲ့တဲ့အမှုကိစ္စတွေထက် မတန်အောင် အဆမျှားစွာ ပေးဆပ်ကြရတယ်၊ ငရဲကျပြီဆိုရင် တော်တော်နဲ့ မလွယ်ကြတော့ဘူး''

''ငရဲကြီးရှစ်ထပ်ရှိတယ်ဆိုတာ တကယ်လား အဘိုး''

''အေး . . . ဟုတ်တယ်၊ မင်းတို့သိချင်ရင် ပြောပြမယ်''

၁။ သိဉ္ဇိုင်းငရဲ၊

၂။ ကာလသုတ်ငရဲ၊

၃။ သံဃာကငရဲ၊

၄။ ရောရုဝငရဲ၊

၅။ မဟာရောရုဝငရဲ၊

၆။ တာပနငရဲ၊





၇။ မဟာတာပနငရဲ၊

၈။ မဟာအဝီစိငရဲ

တို့ပဲကွဲ့၊ ငရဲကျပြီဆိုရင် ဘယ်ငရဲကမှ မသက်သာဘူး၊ စဉ်းစားကြည့်ကြလေ . . . မီးတောက်လေးတစ်ခုကို လက်နဲ့အမှတ်မထင် မတော်တဆ ထိမိတာနဲ့ ပူလောင်မှုဝေဒနာကို ခံစားရပြီး ချက်ချင်းပဲ လက်ကို ပြန်ရုပ်မိကြတာပဲ မဟုတ်လား၊ အေး . . . ငရဲပြည်မှာက အဲဒီထက်မက ပူလောင်တယ်''

''အကျယ်တော့ မပြောပါနဲ့တော့ အဘိုး၊ ကျွန်တော်တို့လည်း ကြားဖူးသလောက်တော့ မှတ်သားထားမိပါတယ်၊ အကျဉ်းပဲပြောပါ''

''အေး . . . မင်းတို့ကိုလည်း ငါက အကျယ်မပြောပြချင်ပါဘူး၊ ငရဲကြီးရှစ်ထပ်က ဘယ်လောက်ပူသလဲဆိုရင် ငရဲမီးထဲကို ကျောက်ဖျာကြီးတစ်ချပ် ပစ်ချလိုက်ရင်တောင် ချက်ချင်း ပြာမှုန့်ဖြစ်သွားတယ်၊ ရိုးရိုးမီးပုံထဲကို ကျောက်ခဲတစ်ခဲ ပစ်ချကြည့်ပါလား . . . ပြာဖြစ်အောင် မလုပ်နိုင်ဘူး''

''အား . . . ငရဲမီးက တော်တော်ပြင်းတာပဲနော် အဘိုး၊ ကြောက်စရာကောင်းလိုက်တာ''

''အေး . . . ငရဲမီး ဘယ်လောက်ပြင်းသလဲဆိုရင် ဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီး နောက်ပိုင်းမှာ မလယမထေရ်ဟာ ငရဲမီး ဘယ်လောက်ပူပြင်းပါသလဲလို့ သူ့ရဲ့ဆရာကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တယ်၊ ဆရာမထေရ်က အရည်အစေးအားကြီးတဲ့ ထင်းစို လှည်းတစ်စီးတိုက်ကို ကျောက်ဖျာပေါ်မှာ စုပုံစေပြီး မီးတိုက်တယ်၊ ဒါပေမဲ့ မီးမလောင်နိုင်ဘဲ ရှိတယ်တဲ့''

''အဲဒီတော့''

''မထေရ်ဆရာက အဝီစိငရဲက နှမ်းစေ့လောက် မီးမှုန်ကလေးကို တန်ခိုးနဲ့ယူပြီး လက်ဝါးပေါ်တင်ပြတယ်၊ မြင်ရဲ့လားလို့လည်း မေးတယ်၊ အဲဒီနောက် မီးပုံထဲကို ပစ်ချလိုက်တယ်၊ မျက်တောင်တစ်ခတ်အတွင်းမှာပဲ ထင်းလှည်းစိုတစ်စည်းတိုက်လုံး ပြာကျသွားတယ်တဲ့၊ အဲဒီလောက်ကို အပူဒဏ်ပြင်းတာ၊ ဒီအကြောင်းကို ပဉ္စသူဒနီယကျမ်းစာထဲမှာ အထင်အရှားပြထားတယ်''

''ကြောက်စရာကြီးပါလား အဘိုးရယ်၊ ငရဲမီးဟာ တော်တော်ပြင်းတာပဲနော်''

ထိုအခါ လူငယ်တစ်ယောက်က ကြားဖြတ်ကာ ...

''အဘိုး ... ရောရုဝငရဲအကြောင်းကို သိချင်တယ်၊ ရှင်းပြပါလား''

''ဟော ... မင်းတို့က တခြားငရဲအကြောင်းတွေကို မမေးဘဲ ဒီငရဲအကြောင်းကိုမှ ဘာဖြစ်လို့သိချင်ကြတာလဲ''

''အကြောင်းရှိလို့ပါ အဘိုးရယ်''

ထိုအခါ အဘိုးအိုက ပြုံးလိုက်ပြီး ...





''အေး ... ဒီလိုဆိုရင်လည်း သိသလောက်ပြောပြရမှာပေါ့ကွယ်၊ အဲဒီငရဲမှာ ကျခံနေကြရတဲ့သူတွေဟာ ကြီးကျယ်ပြင်းထန်တဲ့အသံတွေနဲ့ မရပ်မနား ငိုကြွေး, အော်ဟစ်နေကြရတယ်တဲ့၊ ရောရုဝငရဲဟာ သံဃာတငရဲအောက် အစောက်ယူဇနာ ၁၅၀၀ ဝေးကွာတဲ့ မြေလိုဏ်ဥမင်ထဲ ယူဇနာပေါင်း တစ်သောင်း ပြန့်ပြောကျယ်ဝန်းတယ် ...၊

အဲဒီငရဲကြီးမှာ အလျှံတပြောင်ပြောင် တောက်ပနေတဲ့ မြေပြင်ကြီးရှိတယ်၊ အလွန်ငန်း၊ ယား၊ စပ်၊ ခါးခြစ်တူး၊ အထူးအပူလောင်တဲ့ အခိုးအငွေ့တွေနဲ့ ပြည့်နေတယ်တဲ့၊ ငရဲသားတွေကလည်း အသချေ့အနန္တရှိကြတယ်၊ သူတို့ရဲ့ခန္ဓာကိုယ်ဟာ သုံးဂါဝုတ်လောက်ကို ကြီးမားကြတယ်တဲ့ ...၊

စောစောကပြောခဲ့တဲ့ အခိုးအငွေ့အဆိပ်ခိုးတွေဟာ ငရဲသားတွေရဲ့ ဒွါရကိုးပေါက်ကနေ အတင်းဝင်ကြတယ်၊ မွေးညှင်းပေါက်တွေထဲကလည်း ဝင်ကြတယ်၊ ငရဲသားတွေရဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အသား, အရိုး, ရိုးတွင်းခြင်ဆီမကျန် ပုံ့နှံ့သွားပြီး မွှေနှောက်ပစ်ခံကြရသတဲ့ ...၊

ဒါကြောင့် ငရဲသားတို့ရဲ့ကိုယ်ပေါ်မှာလည်း အခိုးအငွေ့တွေ တခြောင်းခြောင်း ထကုန်ကြတယ်တဲ့၊ အဲဒါကြောင့် ငရဲသားတွေဟာ မခံမရပ်နိုင်ဖြစ်ကြပြီး ဖျပ်ဖျပ်လူး တွန့်လိမ်ကောက်ကွေးပြီး အော်ဟစ်နေကြရတယ်၊ ငိုကြွေးကြရတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com





ဒါကြောင့်မို့ အဲဒီငရဲကို အဆိပ်ခိုးတွေနဲ့ပြည့်နေတဲ့ မဟာသချိုင်းလို့ ခေါ်ကာတဲ့ ...၊

လူတွေရဲ့ အနှစ် ၄၀၀ ဟာ တုသိတာနတ်တို့ရဲ့ ၁ ရက်ဖြစ်တယ်၊ တုသိတာနတ်တို့ရဲ့ နှစ်သက် ၄၀၀ ဟာ ရောရုဝငရဲမှာ ၁ ရက်ဖြစ်တယ်၊ ရောရုဝငရဲ ၁ ရက်မှာ လူတို့နှစ်အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ့ခြောက်သန်း ရှိတယ်၊ ရောရုဝငရဲသက်တမ်းဟာ အနှစ် ၄၀၀၀ ရှိတယ်တဲ့''

''အားပါးပါး ... ကြောက်စရာကြီးပါလား အဘိုးရယ်၊ အဲဒီငရဲကို ကျခံရတဲ့သူတွေဟာ အဲဒီလောက်တာရှည်ကြီး ခံစားနေကြရတာ တော်တော့်ကို မသက်သာစရာပါလားနော် အဘိုး''

''အေး ... အဲဒီငရဲရဲ့အောက်မှာရှိကြတဲ့ မဟာရောရုဝငရဲ, တာပနငရဲ, မဟာတာပနငရဲ, မဟာအဝီစိငရဲတို့က သည်ထက်တောင် သက်တမ်းပိုပြီးတော့ ကြာကြသေးတယ်၊ မင်းတို့ သိချင်ကြသေးရင် ပြောပြမယ်''

''တော် ... တော်ပါပြီးအဘိုးရယ်၊ မသိချင်တော့ပါဘူး၊ ကြောက်လွန်းလို့ပါ''

''ဘာကြောက်စရာလိုသလဲကွယ် ... ကိုယ်က လူ့ပြည်မှာ ကောင်းကောင်းနေပြီး မဟုတ်တာကို မလုပ်ကြနဲ့၊ လူ့ကျင့်ဝတ်ကို စောင့်ထိန်းကြ၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြံစွာ ရှိစေမယ်ဆိုရင် ငရဲဆိုတာ သူတော်ကောင်းတွေနဲ့ မဆိုင်





ပါဘူး''

''ဟုတ်ပါတယ် အဘိုးရယ်၊ အခုလို အဘိုးရှင်းပြတာကို သိရလို့ မကောင်းမှုလုပ်ရမှာတောင် ကြောက်သွားတယ်''

''အေး အေး ... ငါ့မြေးတွေ သူတော်ကောင်းတရားတွေနဲ့ မွေ့လျော်နိုင်ကြတဲ့ အမျိုးကောင်းသားတွေ ဖြစ်ကြပါစေကွယ်''

အဘိုးအိုအား လူငယ်များက လှူဖွယ်များဖြင့် ရိုသေစွာ ကန်တော့ကြပြီးမှ ပြန်သွားခဲ့ကြလေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ဝက်သတ်သမားတစ်ယောက်

အနောက်စုတွင် ဝက်သတ်သမားမောင်မဲ ဆိုသူရှိ၏။ သူသည် အနောက်စုရွာကို ထူထောင်စဉ် ဦးဖိုးဒီရှိစဉ်က ခြံစိုက်စားသူဖြစ်သည်။ ဦးဖိုးဒီ တိမ်းပါးသွားသောအခါ မည်ကဲ့သို့သော အကြောင်းကြောင့် စိတ်ဖောက်သွားသလဲ မသိ၊ ခြံမစိုက်တော့ဘဲ ဝက်သတ်သမားအဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။ မောင်မဲ၏ အပြုအမူကြောင့် ဇနီးသားသမီးများသည်လည်း အံ့အားသင့်သွားခဲ့ကြရသည်။ ထိတ်လန့်ချောက်ချားသွားခဲ့ကြရလေသည်။

"ကိုမဲ . . . ရှင် ဘယ်လိုကြောင့် ဒီအကုသိုလ်အလုပ်ကို စိတ်ဝင်စားသွားခဲ့ရတာလဲ၊ ပုံမှန်စိတ်က ပြောင်းပြီး ဒီလိုဖြစ်သွားတာ နားကိုမလည်တော့ဘူး၊ ဒီအကုသိုလ်အလုပ်ကို ဆက်ပြီး



တော့ မလုပ်ပါနဲ့၊ ရပ်တန့်းက ရပ်ပါ"

"ဟုတ်ပါတယ် အဖေရယ်၊ အဖေ့လုပ်ရပ်ကြောင့် လူတွေက သမီးတို့ကိုပါ အမြင်တစ်မျိုးနဲ့ ကြည့်ကုန်ကြပြီ၊ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ မလုပ်ပါနဲ့တော့ . . . သမီးတို့နဲ့အတူ ခြံစိုက်တဲ့အလုပ်ကိုပဲလုပ်ပါ"

မိသားစုက ဝိုင်းပြီးတော့ တောင်းပန်ကြသော်လည်း မောင်မဲမှာ ခေါင်းမခါ ခေါင်းမညိတ်ဘဲ သူလုပ်ချင်ရာကိုသာ လုပ်နေတော့သည်။ စကားလည်း နည်းသွားသည်။ သတိပေး၍ မရတော့သည့်အဆုံးမှာ လက်လျှော့ထားလိုက်ကြရတော့သည်။

ပတ်ဝန်းကျင်ကလည်း မောင်မဲ၏ ပြောင်းလဲသွားသော ဇရိုက်ကြောင့် အံ့အားတသင့်ဖြစ်နေမိကြရသည်။

"ဒီကောင် ဘာကြောင့် ဒီလိုဖြစ်သွားခဲ့ရတာပါလိမ့်"

အလှူရှိ၍ ရွာတစ်ရွာရွာမှလာခေါ်လျှင် မောင်မဲသိလိုက်ပြီ။ ဝက်ပေါ်ဖို့ပဲဖြစ်သည်။ ဝက်တစ်ကောင်ပေါ်လျှင် ငါးမူး (ပြားငါးဆယ်) နှင့် ဝက်ခေါင်း၊ အူနဲ့အသည်းစုံကို မောင်မဲက ရသည်။ မောင်မဲသည် ဝက်လျှာကို လွန်စွာမှ ကြိုက်နှစ်သက်သည်။ ဝက်ခေါင်းကို ဖျက်ကာ ဝက်လျှာကိုပြုတ်ပြီး သုပ်စားသည်၊ အရက်နှင့်မြည်းသည်။

"တော် မသောက်ဖူးတဲ့အရက်ကိုလည်း သောက်တယ်၊ မလုပ်ဖူးတဲ့ အကုသိုလ်အလုပ်တွေကိုလည်း လုပ်တယ်၊ တော်



www.burmeseclassic.com

www.burmeseclassic.com





သတ်ပြီးယူလာခဲ့တဲ့ ဝက်ရဲ့ ဘာညာ ကလီစာပစ္စည်းတွေကိုလည်း ကျုပ်မကိုင်ဘူး၊ အိမ်ပေါ်ကိုတင်ဖို့ မစဉ်းစားပါနဲ့''

''အေး ... အေးပါကွာ၊ ငါ ယူမလာပါဘူး''

ထိုအခါ မောင်မဲသည် တာတီး၊ ဆင်ပေါက်တို့နှင့် သွားပေါင်းရသည်။ တာတီးတို့ကလည်း မောင်မဲ သူတို့ဆီကို အထုပ်ဆွဲလာကတည်းက သိသွားကြလေပြီ။

''ဟာ ... လာဗျို့ အစ်ကိုမဲ''

''အေးကွာ ... မင်းကို့လည်း စားကြ၊ ငါ့အတွက်ကတော့ မင်းတို့သိကြတဲ့အတိုင်းပဲ''

''ဟာ ... စိတ်ချ၊ အစ်ကိုမဲအတွက် ဝက်လျှာကို ကောင်းကောင်းသုပ်ပြီး ကျွေးမယ်၊ ဒီအတိုင်းသာ အေးအေးဆေးဆေး စောင့်နေ၊ မကြာခင် ရွှေတော်မှောက် ပွဲတော်အုပ်ရောက်လာစေ့ရမယ်''

တာတီး၊ ဆင်ပေါက်၊ မောင်စပ်နှင့် စိုးရတို့သည် သွေးသံရဲရဲနှင့် ဝက်ခေါင်း၊ ဝမ်းတွင်းကလီစာများကို အထုပ်ထဲမှယူကာ ချက်ပြုတ်ရန်ပြင်ဆင်ကြသည်။ ချက်ပြုတ်ပြီးစီးသောအခါ ထန်းရည်နှင့်လည်း မြည်းသည်၊ ထမင်းနှင့်လည်း စားကြသည်။ မောင်မဲကတော့ တာတီးသုပ်ပေးသော ဝက်လျှာသုပ်ကို ထန်းရည်နှင့်မြည်းရင်း ဆက်ရက်မင်းစည်းစိမ် ခံစားလျက်ရှိနေလေသည်။ မောင်မဲ ဝက်များများပေါ်လေလေ တာတီးတို့အတွက်





ရတနာပုံ ဆိုက်လေလေ ဖြစ်သည်။

မောင်မဲသည် ဝက်အူစုံသည်းစုံကို သူကြီးဦးတက်ပြားသို့ သွားရောက်ပေးဖူးသည်။

''သူကြီးမိသားစုအတွက် လာပို့တာပါ''

''မောင်မဲ ... ငါတို့က ခြေလေးချောင်းသား ရှောင်ထားကြလို့ပါကွာ ... ဘယ်လိုမှ စိတ်မရှိပါနဲ့၊ မင်းဥစ္စာ ပြန်ယူသွားပါ''

ဟု အလိမ္မာနှင့် ပြောလွှတ်ရသည်။ သူကြီးဦးတက်ပြားသည် မောင်မဲကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။

''အင်း ... မောင်မဲတစ်ယောက် ဘာဖြစ်လို့ ဒါလောက်အထိ ပျက်စီးသွားသလဲ မသိဘူး''

''ဘယ်လိုကြောင့်ရမလဲတော် ... သူ့ကို မကောင်းဆိုးဝါးတွေက ပူးကပ်ပြီး မဟုတ်တာလုပ်ဖို့ တိုက်တွန်းနေကြတာ ဖြစ်မှာပေါ့''

''မင်းကွာ မဒေါင်း ... လူ့စိတ်ဆိုတာ ဆန်းကြယ်တယ်ကွ၊ မကောင်းတဲ့သူတွေနဲ့ပေါင်းရင် မကောင်းတာကို လုပ်မိမှာပဲ၊ ဒီကောင် တာတီးတို့အုပ်စုနဲ့ အဖွဲ့ကျနေတာ ကြာပြီ၊ စိတ်ပျော့တဲ့ကောင်, သွေးဆောင်ရာနောက်ကို ပါတယ်၊ အဲဒီလိုဖြစ်တာ၊ တခြားဘာကိုမှ မတွေးနဲ့''

တောင်ထင်မြောက်ထင်နှင့် ပြောသောစကားများကို



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးတက်ပြားက မကြိုက်ပေ။ မောင်မဲသည် ဝက်သတ်သမားဘဝတွင် ပျော်မွေ့နေခိုက် တစ်ရက်တွင် အကြောင်းတစ်ခုက ဖန်လာခဲ့သည်။

တစ်ညတွင် မောင်မဲတစ်ယောက် အပူရှုပ်ပြီးတော့ ဖျားသည်။ ဆေးသောက်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။

*

မောင်မဲသည် အသက်ဘေးကိုလုပြီးတော့ ပြေးနေရသည်။ သူ့နောက်က အဝတ်နက်ဝတ်ထားသော လူတစ်ယောက်က လိုက်နေသောကြောင့် ဖြစ်သည်။ ထိုသူတစ်ယောက်တည်း မဟုတ်၊ အပေါင်းအဖော်များလည်း ပါလာခဲ့ကြသည်။ ယင်းအပေါင်းအဖော်များသည် ထိုသူ၏တပည့်များ ဖြစ်ဟန်တူကြသည်။ မျက်နှာနှင့်ခေါင်းပိုင်းက ဝက်ခေါင်း၊ ဝက်မျက်နှာနှင့် တူနေကြသည်။

လက်ထဲမှာလည်း ပုဆိန်၊ ရဲဒင်း၊ လှံနှင့် သားလှီးဓားများကို ကိုင်ဆောင်ထားကြသည်။ ရှေ့ဆုံးက အဝတ်နက်နှင့်လူသည် လက်ထဲမှာ ကျာပွတ်ကိုကိုင်ထားသည်။ ကျာပွတ်ကို ခွေကာ လိပ်ထားသည်။





"ဟော့ ... မပြေးနဲ့၊ မင်း ငါ့လက်က ပြေးလို့မလွတ်ပါဘူး။ ဘယ်သူမှ လွတ်မြောက်ရိုးထုံးစံ မရှိဘူး"

နောက်မှလိုက်လာသောသူ၏အသံသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့သည်။

"ပြေးမှ ... လွတ်အောင်ပြေးမှ၊ မိသွားလို့မဖြစ်ဘူး"

တုန်လှုပ်ချောက်ချားသောစိတ်ဖြင့် ခြေကုန်သုတ်ကာ ပြေးနေရသည်။ သို့သော် နောက်မှလိုက်လာကြသောသူများကလည်း ရိပ်ခနဲ ရိပ်ခနဲဖြင့် ခြေစကြာတပ်ထားသလား မှတ်ရသည်။ သူနှင့်တဖြည်းဖြည်း နီးကပ်လာခဲ့ကြလေပြီ။

"ဟင် ... နီးလာကြပြီ၊ သူတို့က ငါ့ထက်မြန်အောင် ပြေးလာနိုင်ကြတယ်တဲ့လား"

ကြောက်လိုက်သည်မှာ ကျောထဲအထိ စိမ့်စိမ့်ပြီးတော့ တက်သွားခဲ့ရသည်အထိပင်။ ထို့ကြောင့် ပိုပြီးတော့ အားစိုက်ကာ ပြေးနေမိသည်။

"ဒီလူတွေ ငါ့ကိုမိရင် ဘာလုပ်ကြမလဲ"

မတွေးဝံ့အောင်ပင် ဖြစ်သွားခဲ့ရသည်။ ကောင်းကျိုးတော့ ဖြစ်လာမှာမဟုတ်၊ ဆိုးကျိုးပဲ ဖြစ်လာဖို့ရှိသည်။

ထိုစဉ် ...

'ရွှမ်း'

"အား"



www.burmeseclassic.com

www.burmeseclassic.com





ကျောပွတ်ရှည်ကြီးသည် လေထဲမှာ မြွေတစ်ကောင်ပမာ တွန့်လိမ်ကောက်ကွေးကာ ထွက်လာရာက ဆန့်ထွက်သွားခဲ့သည်။ မောင်မဲ၏ခန္ဓာကိုယ်ကို လာရစ်ပတ်လေသည်။ တစ်ကိုယ်လုံး ကျဉ်တက်သွားခဲ့ရပြီး ခြေလှမ်းတွေလည်း တုံ့သွားကာ ဘိုင်းခနဲဆို ပစ်လဲကျသွားခဲ့ရလေ၏။ တစ်ခဏအတွင်းမှာပင် ထိုသူက မောင်မဲဆီကိုရောက်လာခဲ့သည်။ ပက်လက်အနေအထားဖြင့် ရှိနေသော မောင်မဲသည် သူ့ကို အထိတ်တလန့်ဖြင့် ကြည့်မိလိုက်လေ၏။

ထိုသူသည် ဦးထုပ်ချွန်ကြီးကို ဆောင်းထားသည်။ တောက်ပသော မျက်လုံးများကို ပိုင်ဆိုင်သူ၊ ညာဘက်မျက်လုံးက ပိုပြီးတော့ တောက်ပနေသည်။ ဦးထုပ်ကို နဖူးအုပ်အောင် ဆောင်းထားသည်။ အမှောင်ရိပ်က မျက်နှာပေါ်ကို ကျနေ၍ သဲကွဲစွာ မမြင်ရ။

"မင်းကို မပြေးပါနဲ့လို့ ငါပြောထားတာ နားမှမထောင်ပဲကိုး၊ မလွယ်ဘူး . . . မင်းတို့လို အကုသိုလ်သမားတွေက ဘယ်တော့မှ ပြေးမလွတ်နိုင်ကြဘူး၊ အသက်ရှင်နေတုန်းမှာတော့ ဒုစရိုက်မျိုးစုံကို ကျူးလွန်ကြ၊ ပျော်ကြပါးကြ၊ အားရကြနဲ့၊ မင်းတို့ကို ရှေ့မှာ ကြိုပြီးတော့စောင့်နေတဲ့ ငရဲကိုတော့ မမြင်နိုင်ကြဘူး မဟုတ်လား"

"ကျွန် ကျွန်တော် ဘာအမှားများလုပ်ခဲ့လို့လဲဗျာ"

---



"မသိချင်ယောင်ဆောင်ပြီး မေးတာက နောက်ထပ်တစ်ပြစ်ပဲ၊ မင်းက ဝက်သတ်သမား၊ ဝက်တွေကို မြိန်ရေရှက်ရေ သတ်တယ်၊ ပြီးတော့ ဝက်ကလီစာ, ဝက်လျှာကို မင်းက သိပ်ပြီးတော့ ကြိုက်တယ်မဟုတ်လား"

"ဒါ ဒါကတော့ဗျာ ကျွန်တော့်ရဲ့စီးပွားရေးပဲ၊ ကျွန်တော် ကြိုက်တဲ့ အစားအစာကလည်း ကိုယ့်ဘာသာကိုယ် ဝေစုရပြီး စားတာ . . . ဘာဖြစ်သလဲ"

"အေးပါ . . . ဘာမှမဖြစ်ပါဘူး၊ မင်း ကြိုက်တာလုပ်, ကြိုက်တာကို စားပါ . . . ရပါတယ်၊ အေး . . . တူညီတဲ့အကျိုးကိုတော့ မင်း ခံစားစေချင်တယ်၊ ဒါမှ မင်းကိုယ်ချင်းစာသွားမှာဆိုတော့"

- "ဘာ ဘယ်လို . . . တူညီတဲ့အကျိုး . . . ဟုတ်လား၊ ဒါ ဒါက ဘာကိုဆိုလိုတာလဲ၊ နားမလည်ဘူး"

"လုပ်ပြန်ပြီ၊ နားမလည်ချင်ယောင်ဆောင်နေပြန်ပြီ၊ ဒါမှမဟုတ် နောက်ပြောင်နေတာလား၊ မင်း ဝက်ကိုသတ်ရင် ဘယ်လိုသတ်သလဲ၊ ခြေထောက်တွေကို ကြိုးနဲ့တုပ်နှောင်ပြီးမှ သတ်တယ်မဟုတ်လား၊ အေး . . . အဲဒီလို ခံစားမှုမျိုးကို မင်း ကိုယ်တိုင် ခံစားကြည့်စေချင်လို့"

"ဟာ ဟာ . . . အဲ အဲဒီလို မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် ကျွန်တော်က တိရစ္ဆာန်မှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com

:)



"မင်းက တိရစ္ဆာန်မဟုတ်ဘူးဆိုတာ ငါသိတာပေါ့ကွ၊ တိရစ္ဆာန်တွေအပေါ်မှာ စာနာတတ်ဖို့ ငါက လက်တွေ့သင်ခန်းစာ ပေးမှာ၊ ဒါကိုပြောတာ"

ထိုသူက သွေးအေးအေးနှင့် ပြောနေသည်။ မောင်မဲသည် တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိနေလေပြီ။ ဝက်ကို သူ ဘယ်လိုသတ်သလဲဆိုတာ သူပဲသိသည်။ ယခုလည်း သူ့ကို ထိုနည်းအတိုင်း စီရင်မည်ဆိုတော့ ...

"မင်းကို လောလောဆယ် လောကငရဲကို အရင်သိအောင် လုပ်ရမယ်၊ ပြီးတော့မှ ငရဲပြည်ကို ခေါ်သွားမယ်၊ ကိုင်း ... သူ့ကို သင်ခန်းစာကောင်းကောင်းပေးလိုက်ကြရအောင်"

ထိုသူက အမိန့်ပေးလိုက်သည်နှင့် ဝက်မျက်နှာနှင့်တူသော သူများသည် မောင်မဲ၏အနားကို ကပ်လာကြပြီး ခြေလက်များကို ကြိုးနှင့်တုပ်နှောင်လိုက်ကြသည်။

"မင်း မင်းတို့ ငါ့ကို ဘာလုပ်ကြမလို့လဲ၊ ငါ ငါ မသေချင်ဘူး။ မသေချင်ဘူး"

မောင်မဲသည် အကြောက်အကန်ပင် ရုန်းလျက်ရှိသည်။ သို့သော် ခြေလက်များကို တုပ်နှောင်ထားသဖြင့် မည်သို့ပဲ ရုန်းရုန်း အရာမထင်တော့ပါ။ ထို အမနုဿ သတ္တဝါများသည် မောင်မဲကို တုံးလုံးလှဲလိုက်ကြပြီး တစ်ယောက်က လည်ပင်းကို ညှစ်သည်။





"အစ် အစ် အစ် အစ်"

မောင်မဲ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်သွားကာ လျှာထွက်လာသည်။ တစ်ယောက်က ပါးစပ်ထဲ လက်ထိုးနှိုက်ပြီး လျှာအရင်းကို စမ်းမိသည်နှင့် ထပ်ပြီးဆွဲထုတ်သည်။ မောင်မဲ ဂူးအူးအားအား အသံပင်မထွက်နိုင်တော့၊ တစ်ဦးက သူ၏ လက်ထဲမှ ဓားကြီးဖြင့် မောင်မဲ၏လျှာကို တအားခုတ်ပစ်လိုက်လေရာ ...

"အား အား"

*

BURMESE CLASSIC .com

"အား အား အား"

မောင်မဲ၏ ငယ်သံပါအောင် အော်လိုက်သံသည် အနောက်စုတစ်ပိုင်းလုံးကို တုန်ခါသွားစေခဲ့သည်။

"ကိုမဲ ကိုမဲ ... ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

ဇနီးဖြစ်သူက အိမ်ခန်းထဲမှပြေးထွက်လာသည်။ အိမ်ရှေ့ကပြင်တွင် အိပ်နေသော မောင်မဲကို လှုပ်ကာနှိုးသည်။

"အား အား ... ငါ့ ငါ့ကို သူတို့ သတ်မလို့ လုပ်နေကြတယ်၊ ကယ် ကယ်ကြပါဦး ... ငါ့လျှာကို ဖြတ်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မဲက မျက်လုံးမဖွင့်ဘဲ အော်ချည်းသာနေသည်။

''ရှင် ရှင့်ကို ဘယ်သူက သတ်မှာလဲ၊ ဘယ်သူမှမသတ်ဘူး၊ အိပ်မက်ဆိုးတွေ မက်နေတာမဟုတ်လား၊ ထစမ်းပါဦး''

သမီးနှင့်သားကလည်း အနားကိုရောက်လာခဲ့ကြသည်။

''အဖေ အဖေ ... ဘာကိုကြောက်နေတာလဲ၊ ထပါဦး ထပါ''

အိမ်နီးနားချင်းအချို့ကလည်း ရောက်လာခဲ့ကြသည်။

''ဟော့ ... တံခါးဖွင့်ပေးစမ်းပါဦး၊ ဘယ်သူ ဘာဖြစ်တာလဲ''

တံခါးဖွင့်ပေးလိုက်သောအခါ မောင်မဲလည်း သတိရလာခဲ့လေပြီ။

''ငါ ငါ့ကို သူတို့ သူတို့''

''ရှင် ဘာမှမဖြစ်ဘူး၊ အနားမှာ ကျွန်မတို့ရှိတယ်၊ ရွာသားတွေလည်း ရောက်နေကြပြီ၊ စိတ်အေးအေးသာထားတော့''

ထိုအခါကျမှ မောင်မဲသည် ပြူးကြောင်သောမျက်လုံးများဖြင့် ကြည့်လာခဲ့သည်။ သားဖြစ်သူက သောက်ရေယူလာပြီး တိုက်သည်။ ရောက်လာကြသူများထဲတွင် သူကြီးဦးတက်ပြားလည်း ပါလာသည်။

''မောင်မဲ ... မင်း ဘာဖြစ်တာလဲကွ၊ သတိရပြီဆိုရင်





လည်း ငါတို့ကို အေးအေးဆေးဆေး ရှင်းပြ''

''ကျွန်တော် ကောင်းကောင်းသတိရပါပြီဗျာ၊ ကြောက်လိုက်တာဗျာ၊ ပြန်ပြောရမှာတောင် ကျောထဲကစိမ့်တက်လာမိတယ်''

ထိုအခါ မောင်မဲသည် သူတွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်များကို တုန်ယင်သောအသံဖြင့် အားမရှိသလို ပြတ်တောင်းပြတ်တောင်းပင် ပြောပြနေလေတော့သည်။ ကြားရသူများသည်ပင် အသည်းတယားယားနှင့် ရှိနေကြရသည်။ အသက်ရှူရန်ကိုပင် မေ့နေကြလေသည်။

''အင်း ... မောင်မဲ မောင်မဲ ... မင်းရဲ့အကုသိုလ်ကံက ကြီးတော့ အပြစ်ခံရဖို့အတွက် လက်ငင်းပြတာပဲ၊ ဒါတောင် အိပ်မက်ပဲရှိသေးတာ၊ အပြင်မှာ တကယ်သာဆိုရင် မင်း ဘယ့်နှယ်နေမလဲမသိဘူး''

''ဟာ သူကြီးရာ ... အိပ်မက်ပေမယ့်လည်း တကယ်လိုပါပဲ၊ ကျွန်တော့်တစ်သက်မှာ ခုလောက်ကြောက်ရတာမျိုး မရှိဖူးခဲ့ဘူး''

''အဲဒီတော့ မင်း ဒီအလုပ်ကို ဆက်ပြီးလုပ်ဖို့ စဉ်းစားမိသေးသလား''

''တော် ... တော်ပါပြီဗျာ၊ ဒီသားသတ်သမားအလုပ်ကို ဘယ်တော့မှ မလုပ်တော့ဘူး၊ စွန့်လွှတ်လိုက်ပါပြီ၊ ကိုယ်ကျွေးလွှန်



www.burmeseclassic.com

www.burmeseclassic.com

3)



ခဲ့မိတာတွေတောင် ပြန်ပြီးတော့ ယူကျုံးမရ ဖြစ်နေမိတယ်''

''မင်း အဲဒီလို တကယ်ဖြစ်သွားခဲ့ရင်တော့ သာဓုခေါ်ပါတယ် မောင်မဲရယ် ... သာဓု သာဓု''

သူကြီးဦးတက်ပြားက သာဓုခေါ်သည်။ မောင်မဲသည် တကယ်ပင် နောင်တရနေဟန်တူသည်။ ^'းချပြီးတော့လည်း ငိုသည်။

မောင်မဲသည် ထိုနေ့ကစပြီး သာ. ဘ်သမားအလုပ်ကို လုံးဝမလုပ်တော့။ မိသားစုကလည်း ဝမ်းသာလျက်ရှိသည်။ လအနည်းငယ်အကြာတွင် မောင်မဲက ပြောသည်မှာ ...

''ငါ့ကိုလိုက်ပြီးတော့ ဖမ်းတဲ့သူဟာ မဟုတ်မှလွဲရော ရောရုဝကလာတဲ့သူပဲ ဖြစ်ရမယ်၊ သူက ငါ့ကို တကယ်လုပ်ပြလိုက်တာ၊ ဒါပေမဲ့ ဒီသားသတ်သမားအလုပ်ကို မလုပ်ဘဲ ကျွတ်လွတ်သွားခဲ့တာ သူ့ကျေးဇူးမကင်းဘူး''

ကိုယ်ထင်ရာကိုယ်ပြောနေသည် ဖြစ်ပါစေ ... မောင်မဲတစ်ယောက် အကောင်းဘက်ကိုရောက်သွားခဲ့သည့်အတွက် ကျေနပ်ရမည်သာပင်။ ခုတော့ စိတ်စဉ်ထဲတွင် မိသားစုအားလုံး တက်ညီလက်ညီဖြင့် လုပ်ကိုင်နေကြလေပြီ။

မောင်မဲတစ်ယောက် ကျွတ်လွတ်သွားခဲ့သော်လည်း တာတီးတို့လူစုကတော့ ဆက်ပြီးတော့ မိုက်နေကြဆဲပင်။

''အစ်ကိုမဲတစ်ယောက် စိတ်ပြောင်းသွားလို့ ငါတို့လည်း





လာဘ်သပ်ပကာ လိုသွားခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ တာတီးတို့ကတော့ ကိုယ်ထင်ရာကိုယ်လုပ်ပြီး လောကစည်းစိမ်ကို အပြတ်ခံစားပစ်လိုက်မယ်ဟေ့''

ထို့ကြောင့် တာတီးတို့တစ်သိုက်ကို လူတွေက ...

''တွင်းတူးပြီး ဆက်မိုက်ကြဦးမယ့်ကောင်တွေ၊ ဗီဇကိုကပါလာကြတာ၊ ဘယ်လိုဇာတ်သိမ်းကြမလဲဆိုတာ စောင့်ကြည့်ရဦးမယ်''

ဟူ၏။

* * *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

## ဖုံးနေသော တောလမ်းမကြီး

BURMESE CLASSIC .com

ကျောက်သလင်းရွာသားတို့ သွားသွားနေတတ်သော တောသည် အနောက်စုနှင့် ကျောက်သလင်းခြားထားသော ရိုးကလေး၏တစ်ဖက်မှာ ရှိသည်။ ရေကျ၍ တိမ်သောအချိန်တွင် လှည်းပါ ကူး၍ရသည်။ သည်အတိုင်းသွားလာဖို့ကတော့ တံတားလေးတစ်ခု ထိုးထားလေသည်။ ယင်းတောကို **ထောက်ရှာတော** ဟု ခေါ်ကြသည်။ **ထောက်ရှာပင်** များ ပေါ်များသောကြောင့် ဖြစ်သည်။

ထောက်ရှာတော၏အတွင်းဘက်တစ်နေရာတွင် နက်ရှိုင်းသော ချောက်ကြီးတစ်ခုရှိ၏။ ယင်းချောက်ကြီးသည် အစက အမည်နာမ မရှိခဲ့။ နောက်တော့ ကုလားဖြူတစ္ဆေချောက်ကြီး





ဟု ခေါ်လာခဲ့ကြသည်။ ဤသို့ ပေါ်ပေါ်ထင်ထင် ခေါ်လာခဲ့ကြရသည့် အကြောင်းသည်ကား တစ်ရက်တွင် ကုလားဖြူစစ်တပ်မှ ထရပ်ကားတစ်စီးသည် ကျားပစ်၊ ဆင်ပစ်ရန်အလို့ငှာ တောထဲကို ဝင်လာခဲ့ကြသည်။ ဤတော၏ အချို့သောနေရာများသည် လွန်စွာမှ ရှုပ်ထွေးလျက်ရှိသည်။ လမ်းဟူ၍ မယ်မယ်ရရ မရှိ။

ကားတစ်စီးမပြောနှင့် လှည်းတစ်စီးဝင်သွားဖို့ရန်ပင် မလွယ်ကူချေ။ သို့သော် ထိုနေ့က ကုလားဖြူစစ်သားတစ်သိုက် တောထဲသို့ ဝင်လာခဲ့ကြစဉ်မှာပင် ဖုံးနေသောလမ်းကြီးတစ်လမ်းကို မြင်တွေ့လိုက်ကြရသည်။ တမင်ပင် လမ်းဖောက်ထားသည်ဟုပင် ထင်မိလိုက်ကြသည်။ ကားပေါ်တွင် ကုလားဖြူစစ်ဗိုလ်တစ်ဦးနှင့် အကြပ်တပ်သားအချို့ ပါလာခဲ့ကြသည်။ ကုလားဖြူမဆိုးနှစ်ဦးလည်း ပါလာခဲ့ကြသည်။ ဒေသခံ မြန်မာလူမျိုးတစ်ဦးကိုလည်း မရမကပင် ခေါ်လာခဲ့ကြသည်။ လမ်းပြအနေနှင့် ဖြစ်သည်။ သူသည် တောထဲကို ဝင်ရောက်စဉ်မှာ ဖုံးနေသော လမ်းကြီးကို မြင်လိုက်ရ၍ အံ့အားသင့်သွားခဲ့ရသည်။

''ဒီလမ်းဟာ အစကမရှိပါဘူး။ ဘယ်တုန်းက ဖောက်လိုက်တာပါလိမ့်''

သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားခဲ့ရသည်။ ကုလားဖြူတွေကိုယ်တိုင်ပဲလားဟု ထင်မိလိုက်သည်။ သူက တော ကားဝင်ရန် လမ်းမရှိ၊ ရှင်းလင်းခုတ်ထွင်ပြီးမှသာ သွား၍ရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောထားခဲ့သည်။

[နောင်တွင် ကုလားဖြူစစ်ဗိုလ်၏ ပြောဆိုခြင်းကို ခံရသည့်က]

''မောင်မင်းက ငါတို့ကို လမ်းမရှိဘူးလို့ပြောခဲ့တယ်၊ ဒါဟာ လမ်းမဟုတ်လို့ ဘာလဲ၊ ငါတို့ကို အကူအညီမပေးချင်လို့ ဒီလိုစကားမျိုးကို ပြောခဲ့တာမဟုတ်လား''

''မ မဟုတ်ပါဘူး။ ဒီလမ်းကို ဘယ်အချိန်က ဖောက်ထားခဲ့တယ်ဆိုတာ တကယ်မသိရရိုးအမှန်ပါ''

သူလည်း ထို့ထက်ပိုပြီးတော့ ရှင်းမပြတတ်တော့။ သို့သော် ကုလားဖြူဗိုလ်ကား သူ့အပေါ်မှာ ကျေနပ်မှုမရှိတော့။ သူသည် တပ်ထဲတွင် လွန်စွာမှ ကြီကျယ်သူ၊ ရက်စက်သူဟု နာမည်ကြီးနေသည်။ အေးစက်တင်းမာသော သူ၏မျက်လုံးများကြောင့် ရှေ့ဆက်သတိတော့ ထားရလိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်မိသည်။ ဤကဲ့သို့ လမ်းတစ်လမ်းရှိနေသည့်အတွက်လည်း စိတ်ထဲမှာ မသိုးမသန့် ဖြစ်မိလေသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဤနေရာကို ရံဖန်ရံခါ ရောက်ဖူးခဲ့သောကြောင့်ပင်တည်း။ တောထဲကို တောက်လျှောက်ဝင်လာခဲ့ပြီး လမ်းဘေးဝဲယာမှာ ပြေးလွှားနေကြသော ချေ၊ ဆတ်၊ ပြောင် အစရှိသော သားကောင်များကို အဆက်မပြတ်ပင် တွေ့နေကြရသည်။ ထို့ကြောင့် ကုလားဖြူများမှာ ဝမ်းသာသွားခဲ့ကြလေသည်။

''သားကောင်တွေ ပေါမှပေါပဲဟော့၊ ငါတို့တော့ အားပါးတရ ပစ်ခတ်ပြီးရင် ကားတစ်စီးတိုက်ကို သယ်ကြရလိမ့်မယ်ထင်တယ်''

သူတို့က အူမြူးနေကြသလောက် မြန်မာလမ်းပြသည် အံ့အားသင့်နေမိသည်။

''ဒီနေရာဟာ သားကောင်တွေ ဒါလောက်မပေါပါဘူး၊ ဘယ်လိုအကြောင်းကြောင့် အဆက်မပြတ် မြင်နေကြရတာလဲ''

စိတ်ထဲမှာ တစ်ခုခုတော့ လွဲမှားနေပြီဟု ထင်မိသည်။ တောတွင်းတစ်နေရာကိုရောက်သည်အထိ လမ်းကြီးက ဖြူးနေဆဲပင်။ မြန်မာလမ်းပြ၏စိတ်ထဲမှာ အန္တရာယ်ရနံ့ကို ခံစားမိသလိုလို ရှိလာခဲ့သည်။

''အင်း ... တစ်ခုခုဖြစ်ရင်တော့ ငါ့အသက်ကို ငါလုရမှာပဲ''

မည်သည့်အကြောင်းကြောင့် စိတ်ထဲတွင် လေးလံနေမိသည်ကို နားမလည်နိုင်မိပေ။ စိတ်ထဲမှာ လေးလံနေမိသည်ကတော့ အမှန်ပင်။ သို့ရှိစဉ် ဆတ်ဖားကြီးတစ်ကောင်သည် ကား၏ဘေးမှ ဘွားခနဲဆို ပေါ်လာခဲ့သည်။ ကားနှင့်ယှဉ်လျက် ပြေးလိုက်လာသည်။

''ဟာ ... ဒီကောင် ဈေးဦးပေါက်ချင်ပြီထင်တယ်''







www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှလူများအားလုံး မြင်တွေ့လိုက်ကြရသည်။ ကုလားဖြူမှုဆိုးသည် စစ်ဗိုလ်တစ်ဦးပင်ဖြစ်သည်။ အမဲလိုက်ခြင်းကို ဝါသနာထုံသည်။ ထို့ကြောင့် ကားနောက်ခန်းမှာလိုက်လာခဲ့သည်။ သူသည် ဆတ်ဖားကြီးကို မြင်လိုက်ရသောအခါ မပစ်ဘဲနှင့် မနေနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ထိုမျက်နှာဖြူမှုဆိုးက မြန်မာလမ်းပြကို ကားပေါ်မှာပင်လျှင် ခေါင်းမဖော်နိုင်အောင် ပြောခဲ့သူဖြစ်သည်။ လမ်းကြီးဖုံနေအောင် ရှိနေလျက်သားနှင့် လမ်းမရှိဟု ပြောခဲ့သောကြောင့် အပြစ်တင်ခံရသည်။ မြန်မာလမ်းပြကို မရိုက်ရုံတမယ်ပင်။

လက်ယားနေသော မျက်နှာဖြူမှုဆိုးသည် စိတ်မထိန်းနိုင်တော့ဘဲ ဘေးမှပန်းပြီးတော့ လိုက်လာနေသော ဆတ်ဖားကြီးကို အမဲလိုက်သေနတ်ကြီးနှင့် ထိုးချိန်လိုက်သည်။

'ဒိုင်း'

ပြင်းထန်သော ဂရိန်ယမ်းအားပေါက်ကွဲသံကြီးသည် ကျယ်လောင်စွာပင် ထွက်ပေးလာခဲ့သည်။ ဆတ်ဖားကြီး၏နဖူးကို တည့်မတ်စွာပင် ထိသွားခဲ့သည်။ ထိုအခါ ဆတ်ဖားကြီးသည် ပြေးနေရာက ရှေ့ကို ဦးစိုက်ပြီးတော့ ကျသွားခဲ့သည်။ သည့်နောက်မှာတော့ မြေပြင်မှာ ခြေလေးချောင်းပစ်ကာ ယက်ကန်ယက်ကန်နှင့် ဖြစ်နေသည်။

"အပြန်ကျမှ ကောက်မယ်ဟေ့"





ကားခေါင်းထဲမှစစ်ဗိုလ်ကလည်း နောက်ကို လှည့်ကြည့်လိုက်သည်။ အခြေအနေကို သိသွားသည်။ သူကလည်း . . .

"ထားခဲ့ဟေ့၊ အပြန်မှကောက်မယ်"

ဟု ပြောလိုက်လေသည်။ ကားသည် ဆတ်ကာမောင်းသွားသည်။ သူတို့စိတ်ထဲမှာ တောနက်လေ သားကောင်ပေါလေဟု ထင်နေကြသလားမသိပေ။ ကားက တစ်နေရာကိုအရောက်တွင် မြေထိုင်ဝက်ဝံကြီးတစ်ကောင် ဘွားခနဲဆို ပေါ်လာခဲ့ပြန်သည်။ လမ်းဘေးရှိ အပင်ကြီးတစ်ပင်၏အကွယ်မှ ထွက်လာခဲ့ခြင်းပင် ဖြစ်သည်။

"ဟာ . . . ဝက်ဝံကြီးတစ်ကောင်ကွ၊ အတော်ပဲ . . . ဝက်ဝံသည်းခြေ လိုချင်နေတာနဲ့"

ကုလားဖြူမှုဆိုးသည် ဝမ်းသာအားရဖြစ်သွားခဲ့သည်။ လမ်းပေါ်ကို တက်လာသော မြေထိုင်ဝက်ဝံကြီးဆီက ကားပေါ်မှနေ၍ သေနတ်နှင့်ထိုးချိန်လိုက်ပြန်သည်။

'ဒိုင်း'

ကျယ်လောင်သောသေနတ်သံကြီးနှင့်အတူ မြေထိုင်ဝက်ဝံကြီးသည်လည်း အရုပ်ကြိုးပြတ်ပစ်လဲကာ ကျသွားခဲ့ရသည်။ ထိုအခါ တစ်ကားလုံးက ဟေးခနဲ ဟားခနဲဆို ဝမ်းသာအားရနှင့် အော်ဟစ်ကုန်ကြလေသည်။ သူတို့ ဤသို့ပျော်နေကြလေ မြန်မာလမ်းပြသည် စိတ်မချမ်းသာဖြစ်လေလေပင်။



www.burmeseclassic.com

www.burmeseclassic.com





ဤသို့ဖြင့် လမ်းတွင် နောက်ထပ်သားကောင် သုံးလေးကောင်လောက်ကို တစ်ကောင်ပြီးတစ်ကောင် ပစ်ချခဲ့သည်။

"တောနက်လေလေ သားကောင်တွေပေါ်လေလေပဲကွ၊ ရှေ့မှာ ဒီထက်ပိုပြီးတော့ ပေါဦးမှာ"

ကားခေါင်းထဲမှ ကုလားဖြူစစ်ဗိုလ်ကလည်း တစ်ဝတစ်ပြဲပင် ကျေနပ်နေမိသည်။ ထို့ကြောင့် ကားသည် တောနက်ထဲသို့ဆက်ပြီးတော့ မောင်းသွားခဲ့လသည်။ မြန်မာလမ်းပြ၏ စိတ်ထဲမှာတော့ တထင့်ထင့်နှင့်ပင်။

"ဒီအတိုင်းဆိုရင်တော့ မဟုတ်တော့ဘူး။ တစ်ခုခုတော့ လွဲမှားနေပြီ"

ထိုစဉ် မြန်မာလမ်းပြ၏ အာရုံရိပ်ထဲတွင် မိုက်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ပိတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုတစ်ဦးကိုလည်း ကြည်လင်စွာပင် မြင်တွေ့လိုက်ရသည်။

"မင်း ကားပေါ်က အမြန်ဆင်းတော့၊ ရှေ့မှာ အန္တရာယ်ရှိတယ် ... မြန်မြန်"

အဘိုးအိုသည် လက်ကိုလည်း ယမ်းပြသည်။ ထို့နောက် ပျောက်ကွယ်သွားသည်။ သည့်နောက် နဂိုအတိုင်း မံသမျက်စိဖြင့် ပတ်ဝန်းကျင်ကို ပြန်ပြီးတော့ မြင်လာခဲ့လေသည်။

"ဟင် ,... ဒါ ဒါ တကယ်ပဲ ဖြစ်နိုင်သလား"

သူသည် စိတ်ထဲမှာ ထင့်နေသောကြောင့် ဤလိုအတွေး





မျိုး ပေါ်လာကာ မြင်ချင်ရာမြင်၊ ကြားချင်ရာကိုကြားနေမိတာလားဟု ...။ သို့သော် ချက်ချင်းမှာပင် စိတ်ကို ဒုန်းဒုန်းချမိလိုက်သည်။

"မဖြစ်ဘူး ... ဘေးအန္တရာယ်တစ်ခုခုကတော့ ရှိနေပြီ"

ထို့ကြောင့် ကားပေါ်မှာ မတ်တတ်ရပ်လိုက်ပါလာရကအပေါက်ဝဆီကို တိုးလာခဲ့သည်။ ကားအပြင်ဘက်အခြေအနေကိုကြည့်လိုက်သည်။ လမ်းက အကွေ့အကောက်များသောကြောင့် တစ်နေရာကိုအရောက် ကွေ့ဟာစ်ခုတွင် အနည်းငယ် နှေးကွေးသွားခဲ့ရာ ကားအမိုးကိုင်းကို လက်နှင့်ဆွဲကာ လမ်းဘေးကိုခုန်ချလိုက်လေသည်။

ယင်းနေရာတွင် မြက်တောကြီးတစ်ခုက ရှိနေသည်။ သတိကြီးစွာထားပြီးမှ ခုန်ချလိုက်သောကြောင့် မြက်တောထဲကို ကျောဖြင့်ကျသွားခဲ့သည်။

"အား"

ကားပေါ်မှလူများသည် ရုတ်တရက်မို့ ကြောင်သွားခဲ့ကြသည်၊ လန့်သွားခဲ့ကြလေ၏။

"ဟာ ဒီကောင် ... ဘယ်လိုဖြစ်တာလဲ"

"စိတ်ရူးပေါက်ပြီးတော့ ကားပေါ်ကနေ ခုန်ချသွားခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကာ အံ့အားသင့်နေကြဆဲမှာပင် ကားမောင်းနေသော ကပ္ပလီအကြပ်တပ်သားသည် ရှေ့ကို အမှုမဲ့အမှတ်မဲ့နှင့် ကြည့်နေရာက ရုတ်တရက် မျက်လုံးပြူးသွားခဲ့ရသည်။ ကားခေါင်းထဲမှာပါလာသော မျက်နှာဖြူစစ်ဗိုလ်သည်လည်း ထို့အတူပင်။ သူ၏မျက်လုံးထဲမှာ အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းတို့ ဖြစ်သွားခဲ့ကြရသည်။

သူတို့တွေ့လိုက်ကြရသည်ကား သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်နေသူတစ်ယောက်။ ထိုသူသည် တစ်ကိုယ်လုံးအဝတ်နက်ကို ဝတ်ဆင်ထားသည်။ ချွန်ထက်သော ဦးထုပ်ကို ခေါင်းမှာဆောင်းထားသည်။ ခေါင်းကိုငုံ့ထားသောကြောင့် မျက်နှာကို ကောင်းစွာမမြင်ရ။ ထို့အပြင် ယင်းနေရာသည် တောတောင်အရိပ်များက ကျနေ၍ အမှောင်ကျနေသည်။

"ဟင် … ဟိုဟာကဘာလဲ"

မျက်နှာဖြူစစ်ဗိုလ်က ခြောက်သွေ့သောလေသံဖြင့် မေးလိုက်သည်။

"မ မသိဘူး … နတ် နတ်ဆိုးနဲ့တူတယ် သခင်"

ကားမောင်းသမားက တုန်ယင်သောလေသံဖြင့် ပြောလိုက်သည်။ ကားသည် ချက်ချင်းပင် ထိုသူရှိနေသောနေရာကို ရောက်သွားခဲ့သည်။ သို့သော် မရှိတော့ပေ။ မျက်စိအောက်မှာပင် ချက်ချင်းလိုလို ပျောက်ကွယ်သွားခဲ့သည်။





"ဟာ … ဘယ်ရောက်သွားသလဲ"

တအံ့တဩနှင့် သံပြိုင်ပင် ထွက်ပေါ်လာခဲ့သည်။ ထိုသို့ သတိလက်လွတ်ဖြစ်နေရာက ရှေ့တွင် ရောက်ရှိလာတော့မည့် အန္တရာယ်ကို မတွေးမိကြ။ မောင်းနေရာကပင်လျှင် ကားသည် မြေပြင်နှင့် မထိတော့သလို လေထဲမှာ ရုတ်တရက် မြောက်တက်သွားခဲ့သည်။

"ဟာ ဟာ … ဘယ် ဘယ်လိုဖြစ်တာလဲ"

အထိတ်တလန့် ဖြစ်သွားခဲ့ရသည်။ ရှေ့တွင် လမ်းကားမရှိတော့။ တားဆီးထားသော ချောက်ကြီးတစ်ခုကသာ ဆီးပြီးတော့ ခံနေသည်။ ကားသည် ယင်းချောက်ကြီးကို အရှိန်ဖြင့် ကျော်လွန်သွားခြင်းပင်တည်း။

"အား အား … ချောက် ချောက်ကြီး"

ကားပေါ်မှာပါလာကြသူတွေအားလုံး သွေးပျက်သွားကြ ခမန်း အော်ဟစ်လိုက်ကြသည်။ သို့သော် မည်သို့မှ မတားဆီးနိုင်သောကိစ္စပေမို့ ကားသည် နက်ရှိုင်းသောချောက်ကြီးထဲကို ဦးစိုက်ကာ တစ်ရှိန်ထိုးပင် ကျသွားခဲ့လေသတည်း။

"အား"

"အား"

"အား"

အလန့်တကြား အော်ဟစ်သံများသည် ကမ္ဘာပျက်သလို



www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ညံသွားခဲ့ကြသည်။

'ဝုန်း'

ချက်ချင်းပင် ကျယ်လောင်သောအသံကြီးတစ်သံ ထွက်ပေါ်လာခဲ့သည်။ မီးတောက်ကြီးများ ဟုန်းဟုန်းတောက်သွားခဲ့ရသည်။

ကားပေါ်မှ ခုန်ချခဲ့သော မြန်မာလမ်းပြသည် မြက်ထူထူတောထဲကို ကျသွားခဲ့သောကြောင့် သက်သာရာရသွားခဲ့သည်။ မကျိုးမပဲ့ခဲ့သော်လည်း သတိလစ်လျက်ရှိသည်။

* * *



# အခန်း (၁၃)

## စေတန့်နတ်ဆိုးနှင့်တွေ့ဆုံ

ထောက်ရှာတောထဲကို ဝင်ရောက်လာခဲ့သော ထင်းခုတ်သမားတစ်သိုက်။ သစ်ပင်များ၊ ချုံများ ရှုပ်ထွေးသောနေရာတစ်ခုသို့အရောက်တွင် အမြင်စူးရှသော ရွာသားတစ်ယောက်က . . .

"ဟော့ . . . ဟိုမြက်တောထဲက ထွက်နေတဲ့ခြေထောက်တွေ"

လှမ်းကြည့်လိုက်ရာ အပြင်ကိုထွက်နေသော ခြေထောက်နှစ်ချောင်းကို တွေ့လိုက်ကြရလေသည်။

"အေးကွ . . . လူတစ်ယောက်ပဲ၊ လဲကျနေတာ . . . သေများသေပြီလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သွားကြည့်ရင်ကောင်းမယ်ကွာ၊ ဒါမှ အကျိုးအကြောင်း သိရတာပေါ့”

သွားကြည့်ကြရန် မဝံ့မရဲနှင့် ချီတုံချတုံဖြစ်နေကြသေးသည်။ နောက်တော့မှ ...

“သေနေတာ မဟုတ်ဘဲ သတိလစ်နေရင်ကော ကယ်သင့်ကယ်ရမှာပဲ”

ဟုဆိုကာ သုံးယောက်အတူ ထွက်လာခဲ့ကြသည်။ တကယ်ပင် မြက်တောထဲမှာ လဲကျနေသော လူတစ်ယောက်ကို တွေ့လိုက်ကြရသည်။

အနည်းငယ်ရဲသော လူတစ်ယောက်က မြက်တောထဲသို့ ဝင်သွားပြီး ထိုသူ၏ကိုယ်ငွေ့ကို စမ်းသပ်ကြည့်သည်။ နှလုံးခုန်သံကို နားထောင်ကြည့်သည်။

“ဟော့ ... မသေသေးဘူးကွ၊ သတိလစ်နေတာ”

“ဟင် ... ဟုတ်လား၊ ဒါဆို အပြင်ကိုထုတ်လိုက်ကြမှ ဖြစ်မယ်”

ဝိုင်းသယ်မ,ယူကာ အပြင်ကိုထုတ်လာကြသည်။ နားလည်သောသူတစ်ယောက်က သံပုရာပင်တစ်ပင်ကို တွေ့သည်နှင့် အရွက်ကိုခူးသည်၊ လက်ဝါးနှစ်ဖက်နှင့် ပွတ်ချေပြီး နှာဝမှာ တော့ပေးသည်။ သုံးလေးကြိမ်မျှ ပြုလုပ်ပေးသောအခါကျမှ ...

“အင်း”





“ဟော ... သတိရလာပြီထင်တယ်”

ပြော၍မှမဆုံးမီ ချက်ချင်းပင် မျက်စိပွင့်လာကာ ထထိုင်လေသည်။ မြန်ဆန်လွန်းသောကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။

“ကျွန် ကျွန်တော် ဘာဖြစ်ကြတာလဲ”

ကယောင်ကတမ်းနှင့်မေးသည်။

“ခင်ဗျား မြက်တောထဲမှာ လဲကျနေတာ၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားပါဦး”

သူတို့ကလည်း ပြောရင်းဆိုရင်း တစ်ချက် သတိရသွားခဲ့သည်က ပိုးများထိသွားခဲ့လေသလားဟူ၍ ခြေထောက်ကို ကြည့်ကြသည်။ ပိုးထိလျှင် မြွေဆိပ်တက်ကာ ယခုလို သတိရလာနိုင်မှာတော့ မဟုတ်။ ထို့ကြောင့် သူ့ဆီက အဖြေကိုပဲ မျှော်လင့်နေကြသည်။

ထိုသူသည် စဉ်းစားရင်း ခေါင်းထဲမှာ တရေးရေးနှင့် ပေါ်လာခဲ့လေသည်။

“ဪ”

“ခင်ဗျား မှတ်မိလာပြီလား၊ ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်ခဲ့တာလဲ ... ပြောစမ်းပါဦး”

သိချင်ဇောဖြင့် မေးကြသည်။

“ဒီ ဒီလိုဗျ ... ကုလားဖြူတွေဟာ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လမ်းပြလုပ်ဖို့ ခေါ်လာခဲ့ကြတယ်''

ဟူ၍ အစချီကာ သူကြုံခဲ့သမျှကို အားလုံးပြောပြလိုက်လေသည်။

✱

''မဟုတ်သေးပါဘူး၊ ဒီနေရာက တောလမ်းမှ မရှိတဲ့နေရာ ဘယ်လိုကြောင့် အဲလေ . . . လူတောင်မှ တစ်ယောက်စာ တောတိုးပြီး သွားရတာ၊ ခင်ဗျားပြောသလိုဆို ဖုံနေတဲ့လမ်းကြီးလည်း မရှိပါဘူး''

အားလုံးက သူ့ကို စိတ်ထင်ရာပြောနေကြသည်ဟု ထင်နေမိကြသည်။

''တကယ်ပါဗျာ . . . ကျွန်တော်က တောင်ပို့ရွာကပါ၊ ဒီကုလားဖြူတွေက ကျွန်တော့်ကို လမ်းမှာကောက်ပြီးတော့ တင်လာခဲ့တာပါ''

''အင်း . . . စဉ်းစားစရာပဲ၊ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဒီကားဟာ တောထဲကိုပဲ မောင်းဝင်သွားခဲ့တယ် ဆိုပါတော့ . . . ဟုတ်လား''

''သိပ်ဟုတ်ပေ့ါဗျာ၊ ကျွန်တော်လည်း လန့်လန့်နဲ့ ကား





ပေါ်က ခုန်ချခဲ့တာ''

''ကောင်းပြီ၊ . . . ကျွန်တော်တို့ကတော့ ဒီကိစ္စကို လေ့လာဦးမယ်၊ ခင်ဗျားကို လမ်းကဖြတ်ပြီးတော့ ခေါ်လာခဲ့တယ်ဆိုတော့ သူတို့က မှတ်မိချင်မှမှတ်မိကြမယ်၊ ဒီတော့ ဒီအကြောင်းကို ဘယ်သူ့ကိုမှမပြောဘဲ ငြိမ်ငြိမ်ကလေးသာနေ''

ထိုသူ့ကို သတိပေးကြသည်။ အမှန်တကယ်က သူ့စကားကို မယုံချင်ကြသေးသောကြောင့်ပင်။ သူ့ကိုလည်း တောင်ပို့ရွာကို ကောင်းမွန်စွာ ပြန်ပို့ပေးလိုက်ကြသည်။

သိပ်မကြာလိုက်ပါ။ သည့်နောက်ပိုင်းတွင် ကုလားဖြူစစ်တပ်မှ ထွက်ပေါ်လာသောသတင်းကို ကြားလိုက်ကြရသည်။

''ကုလားဖြူစစ်သားတွေ ထောက်ရှာတောထဲ အမဲပစ်ထွက်သွားကြတာ ကားရော လူတွေပါ ပျောက်နေကြလို့တဲ့၊ တစ်ယောက်မှ ပြန်ရောက်မလာကြဘူးတဲ့''

တစ်ဆက်တည်းမှာပင် ကုလားဖြူစစ်တပ်မှ တာဝန်ရှိသူများသည် ထောက်ရှာတောထဲသို့ ဝင်ရှာရန် ထရပ်ကားတစ်စီးဖြင့် ရောက်လာခဲ့ကြသည်။ သို့သော် တောထဲသို့ ကားဝင်ရန် လမ်း,မရှိသည့်အခြေအနေကို တွေ့လိုက်ကြရသည်။

မည်သည့် ဘက်ကပဲ လိုက်ကြည့်ကြည့်၊ ကားမပြောနှင့် . . . လှည်းတစ်စီးပင် မဝင်နိုင်သောနေရာများပင်။

[ထောက်ရှာတော၏ အခြားသောနေရာမှ လှည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း ကုလားဖြူများ၏ ကားဝင်သွားသည်ဆိုသောနေရာတွင် လမ်းမပေါက်ချေ။ ထိုနေရာကိုသာ အမှီကထားပြီးတော့ လမ်းကို ရှာနေကြခြင်းသာ ဖြစ်သည်]

ကားတစ်စီးပင် မသွားနိုင်သောနေရာများ၊ ချုံများကသာ ပြည့်နေသည်။ လူတစ်ယောက်စာ သွားနိုင်သည့် လမ်းကျဉ်းလေး တစ်ခုကိုသာ တွေ့ကြရသည်။ နှစ်ယောက်ယှဉ်ပြီးတော့ မသွားနိုင်။ ထို့ကြောင့် မည်သို့မှ နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ မတတ်နိုင်။ သည့်အတိုင်း ကားပေါ်မှ ဆင်းကြကာ တောနင်းပြီးတော့ ရှာကြလေတော့သည်။ အမိန့်အာဏာဖြင့် အတင်းဆွဲခေါ်ခံကြရပြီး မလိုက်ချင်ဘဲ လိုက်လာခဲ့ကြရသော ရွာသားအချို့ကလည်း မကျေနပ်ကြ။

တောကိုရှင်းကာ ရှေ့တိုးတိုးပြီးတော့ ဝင်လာခဲ့ကြသည်။ ပင်ပန်းကြသည်။ စိတ်မရှည်နိုင်အောင်ပင် ဖြစ်ကြရသည်။ သည်လိုနှင့် မရေရာသောခရီးကို အခက်အခဲများကြားက ဖွတ်တိုးထွက်လာခဲ့ကြသည်။

မကြာမီ တောတွင်းတစ်နေရာကိုအရောက်တွင် ချောက်ကြီးတစ်ခုက ဆီးပြီးတော့ခံနေရသည်ကို တွေ့လိုက် ကြရသည်။ ရှေ့ဆက်လည်း တိုးမရကြတော့ပေ။ သူတို့အထဲတွင် အနံ့ခံကောင်းသော ခွေးသုံးကောင် ပါလာကြသည်။ ယင်းချောက်ကြီး၏အနားကို ရောက်သောအခါ ခွေးများက ပိုပြီးဘော့ ဂနာမငြိမ်





ဖြစ်လာခဲ့ကြသည်။

ခွေးများသည် အကြောင်းမရှိဘဲ ပျာယာခတ်မနေတတ်ကြပေ။ ထို့ကြောင့် စဉ်းစားမိကြရသည်။

"ဟော့ . . . ဒီချောက်ကြီးက ဘာလဲ၊ ခွေးတွေက ဒီချောက်ကြီးကိုပဲ အာရုံထားနေကြတယ်"

ထိုအခါ တစ်ယောက်က နှာခေါင်းတရှုပ်ရှုပ်နှင့် ရှိနေရာက . . .

"သခင် . . . မာတ်ဆီနံ့ရတယ်၊ သံထည်အစိတ်အပိုင်းတွေကို မီးလောင်ထားတဲ့အနံ့မျိုးရတယ်၊ ချောက်ကြီးအောက်က ထွက်လာတဲ့ အနံ့မျိုးပဲ"

ထိုသူသည် ခွေးတစ်ကောင်လိုပင် အနံ့ခံကောင်းသော ကုလားဖြူစစ်သားတစ်ယောက်ပင် ဖြစ်သည်။ ပါလာသော ကုလားဖြူစစ်ဗိုလ်က တစ်ခဏပင် စဉ်းစားသုံးသပ်သည်။ နောက်တော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

"ချောက်ကြီးအောက်ကို ဆင်းနိုင်မယ့်နည်းလမ်းကို ရှာကြ"

အားလုံး ကြွက်စီ ကြွက်စီ ဖြစ်သွားခဲ့ကြသည်။ နေရာကို လိုက်ရှာကြသည်။ တစ်နေရာတွင် ချောက်ကမ်းပါးယံသည် တောင်ဘက်ကို အနည်းငယ် နိမ့်ဆင်းသွားသည်။ ယင်းလမ်းအတိုင်းလိုက်ကြရာ ချောက်နှုတ်ခမ်းတွင်ပေါက်နေသော အသေတ်



www.burmeseclassic.com

www.burmeseclassic.com



စား အပင်တစ်ပင်ကို တွေ့လိုက်ကြရသည်။

ထိုအပြင် ယင်းနေရာသည် သိပ်ပြီးတော့ မတ်စောက်နေခြင်းမရှိဘဲ မဆိုစလောက် ပြေပြစ်သည်ဆိုရုံကလေး ရှိနေသည်။ ကြိုးနှင့်ဆင်းလျှင်တော့ ရနိုင်သည့်အနေအထားတွင် ရှိသည်။

"အောက်ကို ကြိုးနဲ့ဆင်းရင်ရတယ် . . . အမြန်ဆုံးလုပ်ကြ"

ကုလားဖြူစစ်ဗိုလ်သည် မည်သည့်အခက်အခဲရှိသည်ကို မစဉ်းစား။ မဖြစ်ဖြစ်အောင်ကို ခိုင်းလေတော့သည်။ မြန်မာရှာသားများကို သေနတ်တရမ်းရမ်းနှင့် စေခိုင်းနေသောကြောင့် ခံပြင်းမိကြသည်။ သို့သော် ဒေါသကို မျိုသိပ်ကာ ချောက်ကြီးထဲသို့ ဆင်းနိုင်မည့်အခြေအနေကို တွက်ဆကြရလေတော့သည်။

အပင်ကြီးကို ကြိုးနှင့်ချည်နှောင်ကာ ကြိုးတစ်ချောင်းစီနှင့် တစ်ပြိုင်တည်းဆင်း၍ရသည်။ ရှေးဦးစွာ ရှာသားနှစ်ယောက်က ဆင်းသွားခဲ့ကြသည်။ ချောက်က ပေ ၁၅၀ လောက်ပဲနက်သည်ကိုတွေ့ကြရသည်။ အောက်ကို ရောက်ကြသော ကြိုးကို ဆွဲကိုင်လှုပ်ယမ်းပြီး ကောင်းမွန်စွာ ရောက်ရှိသွားကြကြောင်း အချက်ပေးသည်။ သည့်နောက်မှာတော့ ကုလားဖြူစစ်သားများ ဆင်းလာခဲ့ကြသည်။

အံ့အားသင့်စရာကောင်းသည်မှာ ကုလားဖြူစစ်ဗိုလ်ကိုယ်တိုင်ပင် ဆင်းလာသောကြောင့်ပင်တည်း။ ချောက်ကြီး၏





အောက်မှာ လူဆယ်ယောက်လောက်က ခြေချပြီး ဖြစ်သွားခဲ့ကြသည်။

သူတို့သည် မျှော်လင့်ချက်ရှိရဲရဲ၊ မရှိရဲရဲနှင့် ချောက်ကြီး၏ အောက်မှာ လိုက်ရှာကြရာ မကြာမီမှာပင် ပက်လက်လန်ကာ မီးလောင်ပြီး မည်းချိပ်ချိပ်ဖြစ်နေသော ထရပ်ကားကြီးကို တွေ့လိုက်ကြရလေသည်။ အချို့သည် ကားထဲမှာပင် ရှိနေကြကာ သေဆုံးလျက်ရှိနေကြသည်။ အချို့ကား ကားအပြင်ကို လွင့်စဉ်ကျနေကြလျက်။

"တစ်ယောက်မှ မရှင်ကြတော့ဘူး"

ကုလားဖြူစစ်ဗိုလ်သည် စိတ်မကောင်းဖြစ်သွားသည်။ ထိုစဉ် ညည်းညူသံသဲ့သဲ့ကို အားလုံး ကြားလိုက်ကြရသည်။

"အင်း . . ဟင်း ဟင်း"

တော်တော်များများ အထိတ်တလန့် ဖြစ်သွားခဲ့ကြရသည်။ ကြက်သီးမွေးညင်းများပင် ထသွားခဲ့ကြရလေသည်။ သေဆုံးသွားကြသောသူများက မကျွတ်မလွတ်ဖြစ်ကာ တစ္ဆေခြောက်သည်ဟု ထင်သွားခဲ့ကြသောကြောင့်ပင်။ သို့သော် ပြန်တွေးမိကြသည်က အသက်မသေဘဲ ကျန်ရစ်ခဲ့သူတစ်ယောက်ယောက်၏ အသံများဖြစ်နေလေမလားဟု။

ထိုမျှော်လင့်ချက်ဖြင့် ထပ်မံပြီးတော့ ရှာကြရာ ထိုင်နေရာတွင် လဲကျနေသော လူတစ်ယောက်ကို အမှတ်မထင် တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရလေသည်။

"ဟိုမှာ".

ပြေးသွားကြပြီး ကြည့်လိုက်ကြရာ ယာဉ်မောင်းကပ္ပလီ စစ်သားတစ်ယောက် ဖြစ်နေသည်။ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ ရထားသော်လည်း မသေသေး။ ထို့ကြောင့် ရတုန်းရခိုက် အခြေအနေတွင်း ဖြစ်ပျက်ပုံကို မေးမြန်းကြရာ ...

"စေ စေတန် နတ်ဆိုးနဲ့ တွေ့တယ်၊ သူ့ကိုတွေ့ပြီး ခဲ့တာနဲ့ ကားက ချောက် ချောက်ထဲကိုကျသွားတယ်"

သူသည် အသက်မရှင်နိုင်တော့မှန်း သိသည်။ ထို့ကြောင့် အရေးကြီးသောအချက်များကို မေးမြန်းသည်။ ကားသည် ဖုံနေသောလမ်းမကြီးအတိုင်း မောင်းလာပုံ၊ ကားပေါ်မှ မှဆိုးက လမ်းမှာတွေ့သော သားကောင်များကို တစ်ကောင်ချင်း ပစ်ခတ်ခဲ့ပုံ စသည့်နောက်မှာ အသက်ထွက်သွားခဲ့လေသည်။

"ဒီကောင် ကယောင်ကတမ်းနဲ့ ပြောသွားခဲ့တာလား၊ ဒီနေရာမှာ ဘယ်မှာလမ်းကောင်းရှိလို့လဲ၊ ဒါနဲ့တောင် ကားက ဘယ်လိုအကြောင်းကြောင့် ဒီအထိရောက်အောင် မောင်းလာနိုင်ခဲ့တာလဲ၊ သူတို့ပစ်ခတ်ခဲ့တဲ့ သားကောင်တွေဆိုတာကလည်း လမ်းမှာ တစ်ကောင်မှ မတွေ့ခဲ့ပါဘူး၊ စေတန်၊ စေတန်နတ်ဆိုးတဲ့၊ ဒါကကော ဘာအဓိပ္ပာယ်လဲ"

ကုလားဖြူစစ်ဗိုလ်သည် သွေးကြောင်သူမဟုတ်သော်





လည်း နတ်ဆိုးဟူသောစကားကြောင့် အနည်းငယ်တော့ ကျောစိမ့်သွားခဲ့သည်။ သေဆုံးသွားခဲ့ကြသူများကို ကောင်းမွန်စွာ သင်္ဂြိုဟ်နေဆဲမှာပင် တောက ရုတ်တရက် အမှောင်ကျလာခဲ့သည်။ ကောင်းကင်ထက်မှာ တိမ်စိုင်တိမ်ခဲများကလည်း ဟိုမှသည်မှ ရောက်လာခဲ့ကြလေသည်။ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားနေကြရဆဲမှာပင်လျှင် ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

## နေ့ရာတိုင်းမှာ သူရှိတယ်

သူတို့အားလုံး၏ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားခဲ့ကြသည်။ ထူးဆန်းသည်က တစ်ပြိုင်တည်းလိုလိုပင် ခံစားလိုက်ကြရခြင်းပင်။ မှောင်ရီရီအခြေအနေမျိုးမှာ ထိုနေရာက သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသလိုလို။ အနီးကပ်ချုံကွယ်၊ တောင်ပို့အကွယ်က ရုတ်တရက် ထွက်ပေါ်လာသော သဏ္ဍာန် ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့ပြန်သည်။

"ဒီနေရာက ဘာလဲ၊ ငါတို့ရဲ့စိတ်ကို ဖမ်းစားထားသလိုပဲ"

ကုလားဖြူစစ်ဗိုလ်ကိုယ်တိုင်ပင်လျှင် ချောက်ချောက်ချားချားနှင့် ပြောလာခဲ့သည်။ ရက်စက်တတ်သူ၊ စိတ်ဓာတ်





နိုင်မာသောသူတစ်ယောက်က ထိုကဲ့သို့ ပြောလာခဲ့သည့်အတွက် အားလုံးကပါ စိတ်ထဲက တစ်မျိုးတစ်မည် ဖြစ်သွားခဲ့ကြရသည်။

ထိုစဉ် ...

"ဖျပ် ဖျပ် ဖျပ် ဖျပ်'

ခြေသံလိုလို ကြားလာခဲ့ရသည်။ လူလား၊ တိရစ္ဆာန်လား၊ ခြေသံက မိမိတို့ဆီကို လာနေသည်ဟုထင်ရသည်။ သို့သော် နားစွင့်နေရင်းကပင် ခြေသံက နေရာအနှံ့အပြားကထွက်လာသည်ဟုပင် ထင်နေကြရသည်။ သားကောင်လား ဘာလား။ သားကောင်ဆိုလျှင် အန္တရာယ်ပေးနိုင်သည့် သားကောင်ဖြစ်ကသတိကြီးစွာပင် ထားကြရပေမည်။ ထို့ကြောင့် လက်နက်များဆီကို လက်က ရောက်သွားခဲ့ကြသည်။

'ဂျိမ်း ဂျိမ်း ဂျိမ်း ဂျိမ်း'

မိုးခြိမ်းသံကြီးက တစ်ခဲနက်ပင် ထွက်ပေါ်လာခဲ့သည်။ လျှပ်ပြက်ကလည်း ဝင်းခနဲ၊ ထင်းခနဲ။ ကောင်းကင်တစ်ခုလုံးမည်းတက်နေကာ ကောန်မိုးရွာချတော့မည်။ မိုးထစ်ချုန်းသံကြောင့် ခြေသံများကို မကြားရတော့။ ချက်ချင်းပင်လျှင် ညနေခင်းကာလ မှောင်ရီရီအချိန်ကို ရောက်သွားသလို ခံစားလိုက်ကြရသည်။ အခြေအနေကို စောင့်ကြည့်နေကြဆဲမှာပင် ...

'ဂျိမ်း ဂျိမ်း ဂျိမ်း ဂျိမ်း'

'ချွင်'



www.burmeseclassic.com

www.burmeseclassic.com



လှျပ်ကလည်း ဝင်းခနဲ ထင်းခနဲအလက် ကျယ်လောင်သော မိုးထစ်ချုန်းသံကြီးက ပေါ်လာခဲ့ပြီးသည့်နောက် ချွင်ခနဲ အသံကြီးနှင့်အတူ မြေပြင်ပေါ်ကို အလင်းတန်းကြီးတစ်ခုက ကျရောက်လာသည်။ အပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်ချလိုက်ခြင်းပင်။ မလှမ်းမကမ်းရှိရင် အပင်ကြီးသည် ချက်ချင်းမှာပင် မီးဟုန်းဟုန်း တောက်လောင်သွားခဲ့ရသည်။

တစ်ခဏအကြာတွင် မီးလောင်ကျွမ်းနေသော ယင်းသစ်ပင်ကြီးနားက သဏ္ဍာန်တစ်ခုက လျှောက်လာနေသည်ကို အားလုံး တွေ့လိုက်ကြရသည်။ လျှပ်ရောင် လင်းခနဲ ဝင်းခနဲ အပြက်မှာ ထိုသူ၏ပုံပန်းသဏ္ဍာန်ကို အားလုံး မြင်တွေ့လိုက်ကြရသည်။ တစ်ကိုယ်လုံး အဝတ်နက်ကို ဝတ်ဆင်ထားသည်။ ခေါင်းပေါ်မှာ အဆောင်းတစ်ခု၊ သေချာစွာကြည့်လျှင် ဦးထုပ်ချွန်ချွန်ဟုထင်ရသည်။ လူတစ်ယောက်ပဲဟူသည့်အသိက သူတို့ဆီကို ရောက်လာခဲ့ကြသည်။ သို့သော် ရန်သူလား၊ သာမန်လူလားဟူသော အတွေးက သတိထားဖို့ ဖြစ်စေခဲ့သည်။

''ဟော့ကောင်တွေ သတိမလစ်ကြစေနဲ့၊ လက်နက်တွေကို ပြင်ထားကြ''

ကုလားဖြူစစ်ဗိုလ်သည် အကြောင်းမဲ့ကြီး ကြောက်နေသည်။ သူကိုယ်တိုင်ကအစ ဂနာမငြိမ်ဖြစ်နေသည်။ လျှောက်လာသောသူသည် သူတို့ဆီကို ရောက်မလာဘဲ ခပ်လှမ်းလှမ်းမှာပင်





ရပ်လိုက်သည်။ ဦးထုပ်ကို နဖူးအုပ်အောင်ဆောင်းထားသည့်အတွက် မျက်နှာကို အပြည့်မမြင်ရ။ သို့သော် မျက်လုံးတွေက ထူးခြားစွာပင် တောက်ပနေကြသည်။ မျက်လုံးတစ်လုံးသည် ပိုပြီးတော့ လင်းလက်တောက်ပနေသည်။

ထိုကဲ့သို့ ထူးခြားသောအသွင်ရှိသည့် လူတစ်ယောက်ကို မြင်တွေ့လိုက်ကြရသောအခါ စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားခဲ့ကြရသည်။ ကုလားဖြူစစ်သားများသည် ယာဥ်မောင်းမသေမီ ပြောသွားခဲ့သော စကားကို ပြန်ပြီးတော့ အမှတ်ရသွားခဲ့ကြသည်။

''ဓေ စေတန် နတ်ဆိုးနဲ့တွေ့တယ်၊ သူ့ကိုတွေ့ပြီးခဲ့တာနဲ့ ကားက ချောက် ချောက်ထဲကို ကျသွားခဲ့တယ်''

ထိုသို့ စဥ်းစားမိလိုက်ကြသည်နှင့် ကုလားဖြူစစ်ဗိုလ်၏နှုတ်မှ ...

''စေတန် စေတန် ... ဟေ ဟော့ကောင်တွေ ... ဒီလူဟာ စေတန်ပဲ၊ နတ်ဆိုးပဲ၊ သူ့ကို သေနတ်နဲ့ပစ်ကြစမ်း''

သွေးရူးသွေးတန်းဖြင့် ပြောလိုက်သည်။ သူကိုယ်တိုင်လည်း ခါးမှ သေနတ်ကိုထုတ်ကာ ပစ်ထည့်လိုက်သည်။

'ချောက် ချောက် ချောက် ချောက်'

သို့သော် ကျည်က ထွက်မလာ။ တချောက်ချောက်နှင့်အသံများသာထွက်လာခဲ့ကြသည်။ အံ့အားသင့်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားခဲ့ကြသည်။ ကုလားဖြူစစ်ဗိုလ်က မိုးပေါ်ကိုထောင်ပစ်ကြည့်တော့ ...

'ဒိုင်း ဒိုင်း'

နောက်တစ်ခါ ထိုသူ့ကို ပစ်ကြပြန်ရာ ...

'ချောက် ချောက် ချောက်'

ကျည်က မထွက်ပြန်။ ထိုစဉ်မှာပင် ရယ်မောသံကြီးက ချောက်ချားစရာကောင်းအောင် ထွက်လာခဲ့လေသည်။

"ဟား ဟား ဟား ဟား ... မိုက်မဲလှချည်လားကွ၊ ငါ့ကို မင်းတို့က တိုက်ခိုက်ရဲကြတယ်ပေါ့ ... ဟုတ်လား၊ မင်းတို့ ငါ့လက်ချက်နဲ့ အပြန်ဘစ်ထောင်သေပြီးတာတောင် ငါ မသေဘူး၊ နားလည်ကြသလား ... ဘာမှတ်လို့လဲ"

ထိုသူ့ဆီက မျက်နှာဖြူတို့၏ သိုးဆောင်းစကားဖြင့် ထွက်ပေါ်လာခဲ့သည်။ [အင်္ဂလိပ်စကားကို ပြောလိုက်ခြင်းပင်ဖြစ်သည်] သူ၏အသံသည် လူသာမန်တို့ နားထောင်ရန် မဖြစ်လောက်အောင်ပင် စူးရှနက်ကျောလှသည်။ အသံနှင့်ပင် လူကို ဝါးမျိုခြင်းခံလိုက်ကြရသည်ဟုပင် ခံစားလိုက်ကြရသည်။

"မင်း မင်းက ဘယ်သူလဲ"

"ငါလား ... ငါ ဘယ်သူလဲဆိုတာ မင်းမသိသေးဘူးလား၊ မင်းတို့ပြောနေကြတဲ့ စေတန်ပဲ နတ်ဆိုးပဲ၊ ငါလာခဲ့ရတဲ့ အကြောင်းရင်းကို သိချင်ကြသေးသလား၊ မင်းတို့ရဲ့မတရားမှုကိစ္စ





တွေကို ငါ သည်းမခံနိုင်တော့လွန်းလို့ ဆုံးမရအောင်လာခဲ့တာ"

"ဘာ ... ဆုံးမရအောင် လာခဲ့တာ ... ဟုတ်လား"

"ဟုတ်တယ် ... မင်းတို့က ဘုရားသခင်၏ အလိုဆန္ဒကို ဆန့်ကျင်ပြီး သူတစ်ပါးရဲ့တိုင်းပြည်၊ မြေပေါ်ကို မတရားကျူးကျော်၊ လူတွေကို အမိန့်အာဏာနဲ့ စေခိုင်း၊ မတရားနှိပ်စက်၊ ဘာသာရေးအထွတ်အမြတ်ထားတဲ့ စေတီတော်တွေကို ဌာပနာဖောက်ယူကြ၊ ဘုန်းကြီးကျောင်းမြေ, သာသနာ့မြေပေါ်မှာ ဖိနပ်စီးကြနဲ့၊ သားပျိုသမီးပျိုတွေကို စော်ကားကြနဲ့၊ လူတွေကို အကြောင်းမဲ့ စွပ်စွဲပြီး သတ်ဖြတ် ... ဘာကောင်းတာရှိသလဲ၊

အဲဒီလို အပြစ်တွေကို ကျူးလွန်ခဲ့တဲ့အတွက် မင်းတို့အားလုံးကို ငရဲပြည်က အလိုရှိနေတယ်၊ ဒါကြောင့်မို့ ငါလာခဲ့တာ၊ ငါနဲ့လိုက်ခဲ့ကြ၊ မင်းတို့ရဲ့ ရှေ့ကကောင်တွေတော့ ငရဲကို အရင်ရောက်သွားခဲ့ကြပြီ၊ အခု မင်းတို့ပဲ ကျန်တော့တယ်၊ ငါ စောင့်နေတာ"

"ဟင် ... ခင် ခင်ဗျား တကယ်ပြောနေတာလား၊ ဒီ ဒီလို မလုပ်ပါနဲ့ဗျာ ... ကျွန်တော်တို့ကိုလည်း အထက်က ခိုင်းလို့ လုပ်ရတာပါ၊ စိတ်ပါလို့ မဟုတ်ပါဘူး၊ အဲဒီအတွက် ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ၊ နောက် နောက်ကို ဒါမျိုးတွေ မလုပ်တော့ပါဘူး။ မကောင်းမှုတွေမှန်သမျှ အားလုံးရှောင်ကြဉ်ပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ပါတယ် . . . ကျွန်တော်တို့ နောက်ထပ် ဘယ်သူ့ကိုမှ မစော်ကားတော့ပါဘူး၊ မကောင်းတာမှန်သမျှ ဘာတစ်ခုမှ မလုပ်တော့ပါဘူး။ ဒီတစ်ခါတော့ နောက်ဆုံးအကြိမ် ခွင့်လွှတ်ပေးပါ၊ ငရဲကိုကြောက်ပါတယ်၊ ငရဲခံရမယ့်ကိစ္စကို လက်မခံပါဘူး စေတနာနှုတ်မင်းကြီးရယ်"

အားလုံးကပါ ဒူးထောက်ပြီးတော့ တောင်းပန်ကြသည်။ မြန်မာနှစ်ယောက်ကလည်း ဘာမှန်းမသိ၍ ဒူးထောက်ကြသည်။ ဘာတွေပြောမှန်းမသိသော်လည်း သူတို့လည်း အလိုလိုနေရင်းနှင့် ကြောက်နေကြသည်။

"မင်းတို့က အခုမှ ငရဲကိုကြောက်နေကြတယ် . . . ဟုတ်လား၊ စောစောကတော့ ငါ့ကို နတ်ဆိုးဆို၊ လုပ်ခဲ့တုန်းက လုပ်ခဲ့၊ ကျူးလွန်ခဲ့ကြပြီးခါမှ ငါနဲ့လည်းတွေ့ရော ဒူးထောက်ပြီးတော့ တောင်းပန်နေကြတယ်၊ မရဘူး မရဘူး . . . မင်းတို့ကို အခုချက်ချင်းပဲ ခေါ်သွားရမယ်"

"ဒီတစ်ကြိမ်ပဲ ခွင့်လွှတ်ပေးပါဗျာ၊ ကျွန်တော်တို့ မတရားမှုကို လုပ်ဖို့ မကြံစည်ဝံ့တော့ပါဘူး။ ထပ်ပြီးတော့ တောင်းပန်ပါတယ်ဗျာ"

ကုလားဖြူစစ်ဗိုလ်က အားလုံး၏ကိုယ်စား ထပ်တလဲလဲပင် တောင်းပန်သည်။ ထိုသူသည် သူတို့အားလုံးကို တောက်ပသော မျက်လုံးများဖြင့် စေ့စေ့ပင်ကြည့်လိုက်ပြီး သူ၏လက်ထဲကို





အနက်ရောင်သားရေဖုံးနှင့် စာအုပ်ကြီးတစ်အုပ်က ဖျတ်ခနဲ ပေါ်လာသည်။ ... 

အနက်ရောင်သားရေဖုံးနှင့် စာအုပ်ကြီးတစ်အုပ်က ပဠလက်ပြ လိုက်သလိုပင် ရောက်လာခဲ့သည်။ ထို့နောက် အဖုံးကိုဖွင့်ကာ စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် လှန်သည်။ လက်ညှိုးနှင့် ထောက်ပြီးတော့ နာမည်တွေကို ကြည့်သည်။

"မင်းက ဗိုလ်မှူး စမင်၊ ပီတာ၊ ဘရောင်ဆင်း၊ ဂျော့"

အစရှိသဖြင့် နာမည်များကို တစ်ယောက်ချင်း လိုက်ဖတ်ပြနေသည်။ နာမည်များကိုသိနေ၍ အားလုံး အံ့ဩထိတ်လန့်သွားခဲ့ကြရလေသည်။ မြန်မာနှစ်ယောက်ကလွဲ၍ တစ်ယောက်မကျန် အားလုံး၏အမည်များကို ရေးသားထားလေသည်။

"တွေ့လား . . . မင်းတို့ရဲ့စာရင်းက အတိအကျပါပြီး သား၊ ချောက်ကြီးရဲ့အပေါ်မှာ ကျန်ခဲ့တဲ့သူတွေကလည်း မလွတ်ဘူး၊ အားလုံးကို ခေါ်သွားရမှာပဲ၊ ဟိုနှစ်ယောက် ပြန်သွားကြ၊ မင်းတို့မပါဘူး"

မြန်မာနှစ်ယောက်ကို လက်ညှိုးထိုးကာ ပြောလိုက်ရာ

"ဟုတ် ဟုတ်ကဲ့"

မြန်မာနှစ်ယောက်ကိုတော့ မြန်မာလိုပြောကာ လက်ဟန်ပြ၍ သွားခိုင်းနေသည်။ ထို့ကြောင့် သူတို့လည်း မူလဆင်းခဲ့ရာ ချောက်ကြီးအောက်ဆီသို့ လျှင်မြန်စွာပင် ထွက်သွားခဲ့ကြလေသည်။ ထို့နောက် ကြိုးကိုဆွဲကာ တက်သွားခဲ့ကြသည်။ ချောက်ကြီးပေါ်ကိုရောက်ကြတော့ ကုလားဖြူအကြပ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com





နှင့် အခြားသူများက မေးကြသည်။

"မင်းတို့နှစ်ယောက် ဘာလို ပြန်တက်လာခဲ့ကြတာလဲ၊ အောက်မှာကော ဘာတွေဖြစ်ကုန်ကြပြီလဲ"

တစ်ယောက်က မြန်မာစကား မပီကလာ ပီကလာနှင့် မေးသည်။

"ကျုပ်တို့ကို ပြန်ခိုင်းလိုက်လို့၊ ကျန်တဲ့သူတွေအားလုံး အောက်ကိုဆင်းလာခဲ့ကြပါတဲ့ မှာလိုက်တယ်"

ဟုဆိုကာ နေရာမှ ချက်ချင်းပင် ထွက်လာခဲ့ကြလေသည်။ ထိုသူတို့လည်း ထိုစကားကို ယုံကြည်သွားခဲ့ကြကာ ချောက်ကြီးထဲကို ဆင်းသွားခဲ့ကြလေသည်။

"ဟေ့ကောင်တွေ ... မင်းတို့ ဘာဖြစ်လို့ ဆင်းလာခဲ့ကြတာလဲ"

"သခင်က ဆင်းလာကြပါဆိုလို့လေ၊ ဟို မြန်မာနှစ်ယောက်က ပြောသွားခဲ့တာ"

"ဟေ ... ငါ မမှာပါဘူးကွာ၊ မင်းတို့တော့ကွာ ငါတို့လည်း ဒီမှာ အခက်အခဲဖြစ်နေကြတယ်၊ အတူတူရောပါသွားချင်ကြမှတော့ မင်းတို့ရဲ့ကံပဲပေါ့ကွာ"

ချောက်ကြီး၏အောက်ကို ဆင်းလာကြသူများသည် အောက်မှာဖြစ်ပျက်နေကြသည်များကို မသိကြ၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသားများအုံ့ခြင်း စသည်တို့ကို မကြားကြ၊





မသိကြ။ ချောက်ကြီးပေါ်မှာတော့ လင်းကျင်းနေသည်။ အောက်မှာတော့ အမှောင်က ကျရောက်နေသည်။ တခြားစီဖြစ်နေ၍ အံ့အားသင့်သွားခဲ့ကြသည်။

ထိုအပြင် အဝတ်နက်ဝတ်ထားသော လူတစ်ယောက်ကိုလည်း တွေ့လိုက်ကြရလေရာ ...

"သူ သူက"

"အဲဒါ စေတမန်ပဲ၊ ငါတို့ကို ဧရဲပြည်ခေါ်သွားမလို့တဲ့"

"ဟင် ... စေတန် နတ်ဆိုး ... ဟုတ်လား သခင်၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

စေတန်ဆိုသည်နှင့် အရမ်းကာရော ယုံလိုက်ကြသည်။ ရပ်နေသူ၏ပုံသဏ္ဌာန်ကလည်း မြင်လိုက်ကြသည်နှင့် ကြက်သီးမြမြထစရာကောင်းအောင် ကြောက်သွားခဲ့ကြသည်က စေတန်နတ်ဆိုးတို့၏ လွှမ်းမိုးတတ်သော တန်ခိုးပင်။

"သခင် ... ကျွန်တော်တို့ ထွက်ပြေးကြရင် လွတ်နိုင်ပါတယ်၊ သူ့လက်ထဲကိုရောက်သွားရင် မလွယ်ဘူး၊ ဒီတော့ လွတ်အောင်ပြေးရင် လွတ်မှာပါ"

"အေး ... ဟုတ်တယ်၊ ပြေးရင် လွတ်နိုင်တာပဲ၊ သူက တစ်ယောက်တည်း ငါတို့အားလုံးကို တစ်ပြိုင်တည်း ဘယ်လိုဖမ်းနိုင်မှာလဲ"

ကုလားဖြူစစ်ဗိုလ်လည်း ခုမှပင် သဘောပေါက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ကဲ ... အားလုံးပဲ"

ဟု ပြေးရန် ကြံစည်လိုက်ကြသည်နှင့် ...။

* * *



## အခန်း (၁၅)

## လောကငရဲ

"မင်းတို့က ထွက်ပြေးဖို့ တိုင်ပင်နေကြတယ်ပေါ့လေ ... ဟုတ်လား၊ ငါ့ကိုစောင် ပမာမခန့် လုပ်ရဲကြတဲ့သူတွေ လောလောဆယ် ပောဒီနေရာမှာတင် လောကငရဲကို ခံစားသွားကြစေရမယ်"

ထိုသူ၏အသံသည် မိုးခြိမ်းသည်အလား ထွက်ပေါ်လာပြီး တစ်ပြိုင်တည်းမှာပင် မိုးပေါ်ကို လက်နှစ်ဖက်မြှောက်ကာ ဆန့်တန်းလိုက်သည်နှင့် ...

'ဂျိမ်း ဂျိမ်း ဂျိမ်း ဂျိမ်း'

မိုးခြိမ်းသံကြီးများက ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့လေသည်။ လျှပ်တွေကလည်း ဝင်းခနဲ၊ လက်ခနဲနှင့် ပြိုက်နေ



www.burmeseclassic.com

42
www.burmeseclassic.com



ကြပြီး ချက်ချင်းလိုလိုပင် မိုးကြီးက သည်းထန်စွာပင် ရွာချလာပါလေတော့သည်။

'ဝေါ ဝေါ ဝေါ ဝေါ'

လေပါ အတူပါလာသည်။ သည်ကြားထဲမှာပင် ...

''ချွင် ချွင် ချွင် ချွင်''

မိုးကြိုးလက်နက်များကလည်း ဝင်းခနဲ တန်းခနဲဖြင့် နေရာအနှံ့ ပစ်ချနေကြသည်။ သူတို့၏ပတ်ပတ်လည်တွင် ထိမှန်ခံကြရသော သစ်ပင်ကြီးငယ်မှန်သမျှ မီးဟုန်းဟုန်းတောက်လောင်သွားခဲ့ကြရလေသည်။

''အား''

''အောင်မယ်လေးဗျ''

ထိတ်လန့်တကြားနှင့် အော်ဟစ်ပြီး ပြေးကြသည်။ ဦးတည်ရာကို ထွက်ပြေးကြသည်။

'ချွင် .. ဒိုင်း'

သူတို့ပြေးကြသည့်နေရာများကို မိုးကြိုးလက်နက်တွေက ကဒိုင်းဒိုင်းနှင့် ကျရောက်လာခဲ့ကြသည်။ ထို့ကြောင့် ဆက်ပြီးတော့ မပြေးရဲကြတော့။ မိုးက ရာဝင်အိုးကြီးတွေ တစ်လုံးပြီးတစ်လုံး ရာထောင်သောင်းမက ချိုပြီး သွန်ချနေသလား မှတ်ရသည်။

''အို ... ဘုရားသခင် ကယ်တော်မူပါ''





ဘုရားသခင်ကို တကြသည်။ အကြောက်ကြီးကြောက်ကြတော့လည်း နေစရာနေရာပင် မရှိတော့။

''ဟား ဟား ဟား ဟား ... အခုမှ မင်းတို့ ဘုရားတနေကြသလား။ ကိုယ်အပြစ်ရှိရင် ကိုယ်တိုင်ခံကြရမှာပဲ၊ ငရဲကိုသွားကြရမှာပဲ၊ ကိုယ်ဖြစ်ရင် ကိုယ်ခံကြရတယ်၊ အဲဒီတောကိုယ့်ထိုက်နဲ့ကိုယ့်ကံဆိုတာ ခုမှ ကောင်းကောင်းသိစေရမယ်ဟေ့''

မိုးခြိမ်းသံထက်ပင် ပို၍ကျယ်လောင်သောအသံကြီးက ထွက်ပေါ်လာခဲ့သည်။ ပြက်ပြက်ထင်ထင်ပင် ကြားလိုက်ကြရသည်။ ထိုစဉ်မှာပင် ရေစီးကြောင်းတွေက နေရာအနှံ့ပင် ဖြစ်ပေါ်လာခဲ့ကြသည်။ တောင်ကျရေများက တရဟောပင် စီးဆင်းလာခဲ့ကြသည်။

''ဟာ ... ရေတွေ ရေတွေ''

ပြေးကြသည်။ ဦးတည်ရာကို ပြေးကြသည်။ ရေထိသောကြောင့် မြေနူးသောနေရာကိုအရောက်တွင် ...

'ဝုန်း'

''အား''

''အား''

ဝုန်းခနဲဆို မြေပြိုဆင်းသွားသည်၊ မြေကျွံသွားသည်။ ထိုအခါ အရှင်လတ်လတ် မြေမျိုခံလိုက်ကြရသလို ဖြစ်သွားခ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

“အား”

“အား အား”

သူတို့သည် ရုတ်တရက် ဖြစ်ပေါ်လာသော တွင်းကြီးထဲကို ကျသွားခဲ့ကြလေပြီ၊ ပြန်မတက်နိုင်ကြတော့ပါ။ တောင်ကျရေက တရဟောဆိုးဆင်းလာခဲ့သည့်အတွက် ရေလုံးကြီးတွေက အလိပ်လိုက် အလိပ်လိုက်ဖြစ်ကာ ပြင်းထန်သောအရှိန်ဖြင့် လူအားလုံးကို တိုက်ချသွားခဲ့လေတော့သည်။

“အား အား အား”

ထိုသူတို့အထဲတွင် ကုလားဖြူတစ်ယောက်က စိတ်ကူးရသလို သူတို့ဆင်းလာခဲ့သည့်ချောက်ကြီး၏နံရံဆီကို ပြေးသည်။ ချောက်ပေါ်မှ တန်းလန်းကျနေသောကြိုးကို ခုန်ဆွဲလိုက်ကာ မျောက်တစ်ကောင်လို တွယ်တက်သွားခဲ့လေသည်။

[သူတစ်ယောက်သာလျှင် သဘာဝဘေးအန္တရာယ်မှ လွတ်မြောက်သွားခဲ့သည်]

တဝေါဝေါဖြင့် စီးဆင်းနေသောရေများ၏အသံများ၊ သည်းထန်စွာ ရွာသွန်းနေသော မိုးသံများကလွဲပြီး အော်သံ၊ ဟစ်သံများကို မကြားကြရတော့ပါ။ မိုးထစ်ချုန်းသံ၊ မိုးကြိုးပစ်ချသံများ ရပ်ဆိုင်းသွားသောအချိန်တွင် စောစောကလူ မရှိတော့၊ မည်သည့်အရပ်သို့ ထွက်သွားမှန်း မသိ။ ပျောက်ခြင်းမလှ ပျောက်





သွားခဲ့သည်။ မိုးသည် အတန်ကြာရွာဆဲ၊ တောင်ကျရေများသည် အဆက်မပြတ်ပင် စီးဆင်းနေဆဲ။

*

ထောက်ရှာတောတွင်းတစ်နေရာရှိ ချောက်ကြီးတစ်ခုထဲမှ သွေးပျက်စရာကောင်းသော အဖြစ်အပျက်သည် ရွာများဆီသို့ ပျံ့နှံ့သွားခဲ့သည်။ သေဘေးမှ လွတ်မြောက်လာခဲ့သော ကုလားဖြူအကြပ်တစ်ယောက်က ဖြစ်ကြောင်းကုန်စင်ကို သက်ဆိုင်ရာအား ပြန်ပြီးတော့ ပြောပြသည်။ ထိုအခါ အားလုံး မျက်လုံးပြူးသွားခဲ့ကြသည်။ အထိတ်တလန့် ဖြစ်သွားခဲ့ကြသည်။

“မင်း မင်း တကယ်ပြောနေတာလား၊ လမ်းမရှိတဲ့ တောထဲကို ငါတို့ကားက ဘယ်လိုကြောင့် မောင်းဝင်သွားခဲ့တာလဲ၊ ချောက်ကြီးထဲကိုကျပြီးတော့ အားလုံးသေကုန်ကြတယ်၊ နောက်ကလိုက်သွားခဲ့ကြတဲ့သူတွေလည်း အသက်ရှင်ဖို့ မကျိန်းသေဘူး . . . ဟုတ်လား”

“ဟုတ်ပါတယ် မေဂျာ . . . အင်မတန်မှ ကြောက်စရာကောင်းတဲ့ အခြေအနေမျိုးပါ၊ စေတန်နတ်ဆိုး ရောက်လာခဲ့တဲ့ အချိန်ကစပြီး ဒီလိုဆိုးကျိုးတွေ ကျရောက်လာခဲ့တော့တာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"စေတန် ... စေတန် ဟုတ်လား၊ သူ့ကို မင်းတို့က မသိကြဘဲ မမြင်ဖူးကြဘဲနဲ့ ဘယ်လိုကြောင့် စေတန်နတ်ဆိုးလို့ ပြောနိုင်ရတာလဲ"

"မေဂျာ ... သူ့ပုံပန်းသဏ္ဌာန်ကိုက သိပ်ပြီးတော့ ထူးခြားနေပါတယ်၊ သူ့ကိုမြင်လိုက်တာနဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အားအင်တွေ ယုတ်လျော့သွားသလို ခံစားလိုက်ကြရတာ အားလုံးလိုလိုပါပဲ၊ ပြီးတော့ သူ့ရဲ့စာအုပ်အနက်ကြီးထဲမှာ သူခေါ်မယ့် သူတွေရဲ့ နာမည်တွေကို မှတ်သားထားတယ်၊ တစ်ယောက်မလွဲဘူး၊ ကျွန်တော် လွတ်မြောက်လာခဲ့တာ သိပ်မကျိန်းသေဘူး ထင်တယ်၊ မကြာခင်မှာ ကျွန်တော့်အသက်ကို သူယူသွားလိမ့်မယ်၊ ကျွန်တော် ကြာကြာနေရတော့မှာ မဟုတ်ဘူး"

အကြပ်တပ်သားက အားငယ်စွာဖြင့် ပြန်ပြီးတော့ ပြောပြသည်။

"မင်းကွာ ... တောထဲမှ ဘာတွေကြုံလာခဲ့ရမှန်း မသိဘဲနဲ့ ကယောင်ကတမ်း လာပြောနေတယ်၊ အခြေအနေအမှန်ကို မသိရပါလား"

"မေဂျာ ... ကျွန်တော် ကျိန်တွယ်ပြီးတော့ ပြောရဲပါတယ်၊ ခုပြောနေတာ အမှန်တွေချည်းပါ ... ယုံပါ"

"မင်းက ယုံပါဆိုလို့ ပြီးမတဲ့လားကွ၊ အကျိုးအကြောင်း အမှန်ကို သိရအောင် နောက်တစ်ဖွဲ့ထပ်လွှတ်မယ်၊ မင်းက





လမ်းပြအနေနဲ့ လိုက်သွားရမယ်"

အကြပ်စစ်သားမှ ထိုစကားကြောင့် သေမတတ်ကို ကြောက်သွားခဲ့ရလေသည်။ သို့သော် အမိန့်ကိုမလွန်ဆန်နိုင်။ အဖွဲ့နှင့်လိုက်သွားခဲ့ရသည်။ ယင်းချောက်ကြီးကို အလွယ်တကူပင် တွေ့သည်။ ချောက်ကြီး၏အောက်ကို ဆင်းသည့်ကြိုးတွေကလည်း တန်းလန်း။ ကျွမ်းကျင်သူများက အောက်ကိုဆင်းပြီးတော့ ကြည့်ကြသည်။ အခြေအနေထူးထူးခြားခြား မတွေ့ကြရ။

အကြပ်တပ်သားပြောသည့် စေတန်နတ်ဆိုးဆိုသည်ကို သတိရသွားခဲ့ကြသည်။ ထို့ကြောင့် ထိုသူနှင့်ထပ်မံပြီးတော့ တွေ့ရလေဦးမလားဟု ရင်တထိတ်ထိတ်နှင့် ရှိနေကြသည်။ နတ်ဆိုးနှင့်ပက်ပင်းတိုးခဲ့ကြသောသူများသည် ပြန်လမ်းမရှိ။ ယခုလည်း ဤနေရာတွင် သူတို့လူတွေ မည်သူတစ်ဦးတစ်ယောက်မှ မရှိကြတော့။

"မင်းပြောတာ ဒီနေရာအမှန်ပဲလား"

"ဟုတ်ပါတယ် ... ဒီနေရာပါ၊ ကားမှောက်ပြီးတော့ သေကုန်ကြတဲ့သူတွေအားလုံးကို ဟောဟိုနေရာမှာ မြှုပ်ခဲ့ပါတယ်၊ ကျွန်တော်နဲ့အတူ ပါလာခဲ့ကြတဲ့သူတွေအားလုံးကိုတော့ မတွေ့ရတော့ပါဘူး"

အကြပ်တပ်သားက တုန်တုန်ယင်ယင်နှင့်ပြောသည်။ သူသည် ဤနေရာတွင် ကြာကြာဆက်ပြီး မနေရဲတော့။ အသယ်



www.burmeseclassic.com

ကြောင့်ဆိုသော် စေတန်နတ်ဆိုး၏ ငရဲပြည်ကို ခေါ်ယူမည့်စာရင်းထဲတွင် သူလည်း ပါသည်မဟုတ်လား။ ထို့အပြင် သက်သေပြစရာဆို၍ ကားပျက်ကိုလည်း မတွေ့ရ။ မြှုပ်နှံထားသည့် လူသေအလောင်းများနှင့် ရှင်လျက်နှင့်ရောက်ခဲ့ကြသောသူများကိုလည်း အစအနမျှပင် မတွေ့ကြရတော့။ ရေတိုက်စားမှုကြောင့် ပါသွားခဲ့ကြလေပြီ။

ထို့ကြောင့် အဖြစ်အပျက်သည် ယုံရခက်ခက်ဖြစ်နေသည်။ သူတို့အားလုံးကို စေတန်နတ်ဆိုးသည် ငရဲပြည်သို့ ပို့လိုက်လေပြီလားမသိ။ မိုးကြိုးပစ်ချခံရ၍ မီးကျွမ်းနေသောသစ်ပင်ကြီးများကိုတော့ တွေ့ကြရသည်။ မြေကျွံကျသွားသောနေရာများတွင်လည်း မြေသားများက ပြန်ပြီးတော့ ဖို့ပြီးသားဖြစ်ခဲ့လေပြီ။ ဤနေရာကိုရောက်လာသော အရာရှိသည် သူမြင်တွေ့ခဲ့ရသော ပကတိမြင်ကွင်းကိုသာ ပြန်ပြီးတော့ အစီရင်ခံရန်သာ ရှိတော့သည်။

*

ယင်းချောက်ကြီးထဲမှ ကုလားဖြူတစ္ဆေတို့၏ အော်ဟစ်သံများက မကြာမကြာပင် ထွက်ပေါ်လာတတ်ကြသည်ဟု ဆို





သည်။ သတင်းစကားက ပြန့်ကားခဲ့၍ ယင်းချောက်ကြီးထဲကို ကျသွားခဲ့သည့်ကား၊ ပါသွားကြသည့်သူများ ကံကြမ္မာ၊ နောက်မှလိုက်သွားခဲ့ကြသောသူများ၏ ကံကြမ္မာဆိုး စသည်တို့ကို ဒေသခံပြည်သူများက သိသွားခဲ့ကြရသည်။

ထူးဆန်းသော၊ ချောက်ချားစရာအတိဖြစ်သော အဖြစ်အပျက်မို့ နားမလည်နိုင်အောင်လည်း ဖြစ်နေမိကြရသည်။ နောင်အခါ ဒေသခံတွေက ပြန်ပြီးတော့ စဉ်းစားလာခဲ့ကြသည်မှာ ကုလားဖြူတို့ ထိတ်လန့်ခဲ့ကြသော စေတန်နတ်ဆိုးဆိုသောသူသည် ယခုလူတွေ ပြောပြောနေကြသည့် ရောရဝကလာသူနှင့် ပုံပန်းသဏ္ဌာန်က ဆင်တူနေသည်။ ကားဝင်စရာလမ်းမရှိဘဲနှင့် ချောက်ကြီးရှိသည့်နေရာကို ကားက ရောက်အောင်သွားနိုင်ခဲ့သည်ကလည်း အဖြေရှာမရသော ပဟေဠိတစ်ခုပင်။

ကျောက်သလင်းရွာက လူကြီးသူမများ၏ ပြောစကားအရ ...

“ငါတို့ဘိုးဘွားတွေ လက်ထက်ကတည်းက အစဉ်အဆက် ပြောလာခဲ့တဲ့စကားရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ ... ဒီချောက်ကြီးရဲ့အောက်မှာ ထူးခြားမှုတွေရှိတယ်တဲ့၊ ရာသီမရွေးမိုးအဆက်မပြတ် ရွာတတ်တယ်၊ မိုးခြိမ်းတယ်၊ မိုးကြိုးပစ်ချတယ်တဲ့ ...၊

မိုးရွာပြီဆိုရင် တောင်ကျရေတွေကလည်း တရကြမ်း



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းတာ၊ အဲဒီချောက်ကြီးထဲမှာ ကျက်စားနေကြတဲ့ သားကောင်တွေလည်း မိုးညို့ပြီး မိုးရွာတော့မယ့်အရိပ်အယောင်ပေါ်လာပြီဆိုရင် တောင်ကျရေကျရောက်လာတော့မယ်ဆိုတာကို သိလို့ လွတ်ရာကိုသွားပြီး ရှောင်တိမ်းနေကြရသတဲ့၊ မိုးကြိုးလက်နက်နဲ့ ပထဝီမြေကြော ဘယ်လိုဆက်စပ်နေသလဲတော့ မသိဘူး . . . မြေကြီးထဲမှာ ရှိနေကြတဲ့ ဓာတ်သဘာဝတွေကပဲ ညို့ယူဖမ်းစားတတ်သလား . . .၊

ဒါပေမဲ့ သေချာတာကတော့ အဲဒီချောက်ကြီးထဲမှာ ရွာတည်ပြီး ဘယ်သူမှ မနေကြတာဘဲ၊ အင်း . . . ကုလားဖြူတွေကြောက်တဲ့ စေတန်နတ်ဆိုးကလည်း အချိန်ကိုက်ပြီး ရောက်လာတာကတော့ အဆန်းသား''

ဟု အကြောင်းတစ်ခုခုကို တွေးမိသလို ပြောနေကြလေသတည်း။

* * *



## အခန်း (၁၆)

## လိုက်လာကြသောခြေသံများ

ကုလားဖြူက တစ္ဆေချောက်ကြီးနှင့်ပတ်သက်ပြီး လူတွေပြန်ပြီးတော့ စဉ်းစားလာမိခဲ့ကြသည်က အကြောင်းရှိသည်။ ရောရုဝကလာသူနှင့် စေတန်နတ်ဆိုးတို့၏ ပုံပန်းသဏ္ဍာန်သည် အတူတူပင် ဖြစ်နေသောကြောင့်ပင်တည်း။

မည်သို့ပင်ဆိုစေ အကောင်းဘက်ကတွေးကြည့်လျှင် ငါးပါးသီလကို ကျူးလွန်ဖောက်ဖျက်ကြသူများ၊ မတရားမှုကို မညှာမတာ ပြုလုပ်ကြသူများ အတန်ငယ် လျော့ပါးသွားခဲ့ခြင်းပင်။

''သူတော်ကောင်းတွေကိုတော့ ဘာမှမလုပ်ဘူး၊ မသူတော်တွေကိုပဲ နှိပ်ကွပ်နေတာ၊ တချို့လည်း ငရဲကိုကြောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး မကောင်းမှုကို ဆက်မလုပ်ရဲတော့ဘူး၊ ဝက်သတ်သမား မောင်မဲတို့လို လူစားပေါ့။ သူ့အကုသိုလ်က ကြီးတော့ အိပ်မက်ထဲ မှာတင် ခြောက်လှန့်ခံရတယ်၊ သေမတတ် ကြောက်သွားခဲ့တယ်၊ ဒါ့ကြောင့် အကျွတ်တရားရပြီး ကောင်းတာကိုပဲ လုပ်နေတော့ တယ်၊ ရတနာသုံးပါးကိုလည်း ရိုသေကိုင်းရှိုင်းလာတယ်''

''အဲဒါ ဝမ်းသာစရာပေါ့၊ အင်း ... တချို့ကလည်း ငရဲဆိုတာ ချိုနဲ့လားလို့ ပြန်ပြီးမေးနေကြတဲ့ လူစားတွေလည်း ရှိနေကြသေးတယ်၊ ဘယ်လိုပဲဆုံးမ ဆုံးမ ... အကျွတ်တရားက မရကြသေးဘူး၊ ဆက်ပြီးမိုက်နေကြတုန်းပဲ''

''လူအမျိုးမျိုး စိတ်အထွေထွေပဲဗျာ၊ သေသည့်အထိ မိုက်သွားခဲ့ကြတဲ့သူတွေ, သေခါနီးဘဝဆုံးခန်းတိုင်ရောက်မှ အသိတရားရသွားကြတဲ့သူတွေ, ဒါမျိုးတွေလည်း ရှိတတ်ကြတာ ပဲလေ၊ အကျင့်စရိုက် နားလည်လွယ်မှုတွေက မတူကြဘူးပေါ့''

''ဒါပေါ့လေ ... သားသတ်သမားဟာ သတ္တဝါတို့ရဲ့ အသက်ကို သတ်ဖြတ်နေရမှ ကျေနပ်နေလေ့ရှိတယ်၊ သူတော် ကောင်းကလည်း တရားဓမ္မနဲ့ မွေ့လျော်နေတတ်တယ်၊ အရှေ့နဲ့ အနောက်လို ဆန့်ကျင်ဘက် ဖြစ်နေကြတာပေါ့၊ ဒီအထဲမှာ အမြင်မှန်ရပြီး ကျွတ်တမ်းဝင်သွားကြတဲ့သူတွေကလည်း ရှိချင်ရှိ ကြပေမယ့်ပေါ့လေ''

ဝေဖန်မှုတွေက ရှိနေကြသည်။ ယင်းဝေဖန်မှုများသည်





ရောရုဝကလာသည့်သူတွင် အဆုံးသတ်သွားခဲ့ကြသည်။ ကောင်း ထက်ကတော့ ဤကိစ္စကို ပေါ့ပျက်ပျက် မထား၊ အလေးထား သည်။

''အင်း ... လူတွေက ရောရုဝကလာတဲ့လူကိစ္စမှာ တော်တော်လေးကို စိတ်ဝင်စားနေကြတာပဲ၊ သတင်းတွေက လည်း ဟိုက ဒီက ထွက်လာကြနဲ့ အနောက်စုက ကိုမဲဆိုရင် အိပ်မက်တောင် မက်ယူတယ်၊ ဒါတောင် အပြင်မှာ တကယ်မြင် ဖူးသေးတာ မဟုတ်ဘူး၊ လူကတော့ သားသတ်သမားဘဝက ကျွတ်သွားတယ်''

''ဟုတ်တယ် ... ခုဆိုရင် ကိုမဲဟာ ဘုရားနဲ့တရားနဲ့ ဖြစ်နေပြီ၊ ရုပ်ပါ တစ်ခါတည်း ပြောင်းသွားတာ ကိုကောင်းထက်၊ နွယ်တို့လည်း သူ့ကိုကြည့်ပြီးတော့ စိတ်ချမ်းသာနေကြရတယ်၊ ဒါထက် ကိုကောင်းထက်ကကော ဘယ်လိုသဘောသလဲဟင်''

''ဘာကိုပြောတာလဲ နွယ်''

''သြော် ... ကိုယ်ကျင့်တရားပျက်ပြားတဲ့သူတွေကို ငရဲ သားတစ်ယောက်လို လိုက်ပြီးဖမ်းဆီးနေတဲ့လူနဲ့ ပတ်သက်ပြီး တော့လေ''

''သြော် ... နွယ်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး စဉ်းစား စရာတွေ ရှိနေပြီလား''

ကောင်းထက်က သဇင်နွယ်ကို မယုတ်မလွန် မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ သဖင်နွယ်သည် မျက်ဝန်းလေးထောင့်ကပ်ကာ ကြည့်လိုက်ပြီး ...

"စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဘယ်လိုပြောရမလဲ ... ဒီကိစ္စဟာ တချို့လူတွေ ထင်ယောင်ထင်မှား ဖြစ်နေကြတာလားလို့"

"နွယ်က အရမ်းကာရော မယုံဘဲ အခုလို စဉ်းစားတတ်တာ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ့်ထင်မြင်ချက်ကို နွယ်ကလွဲပြီး တခြား ဘယ်သူမှ မသိစေနဲ့နော်၊ တော်ကြာ မကောင်းမှုကို မျက်ကန်းတစ္ဆေမကြောက် လုပ်နေကြတဲ့သူတွေက မဖြစ်နိုင်ပါဘူးကွာဆိုတဲ့ အတွေးမျိုးတွေ ဝင်ပြီး မှားပြီးရင်း မှားနေကြဦးမယ်"

"နွယ်လည်း နားလည်ပါတယ်၊ ကိုကောင်းထက်ကိုပဲ ပြောပြတာပါ၊ အင်း ... ကိုကောင်းထက်ကကော ဒီကိစ္စကို ဘယ်လိုထင်မြင်သလဲဟင်"

"အင်း ... ဘယ်လိုပြောရမလဲ၊ ဟုတ်ချင်ဟုတ်မယ်, မဟုတ်ချင် မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ တချို့က မကောင်းမှုကို လုပ်နေကြတဲ့တိုင် ငရဲအကျမခံချင်ကြဘူးလေ၊ ခုလို ငရဲနဲ့ အခြောက်ခံရတဲ့လူတွေဟာ သိပ်ပြီးအကြောက်ကြီးကြောက်သွားကြမှာ၊ အဲသလိုဖြစ်လာရင် ဒုစရိုက်မှုတွေဟာ တုံ့သွားပြီး အကုသိုလ်အလုပ်တွေလည်း လျော့နည်းသွားကုန်ကြမှာပေါ့၊ ငရဲက





လာတဲ့လူကို ကိုယ်လည်းမမြင်ဖူးလို့ ဘယ်လိုမှ မဝေဖန်တတ်ဘူး။ အင်မတန်မှ ထူးဆန်းပြီး နက်ရှိုင်းတဲ့ကိစ္စပဲ ...၊

ဒါပေမဲ့ မကောင်းမှုကို ကျူးလွန်ကြတဲ့သူတွေ တုံ့သွားအောင် အနိုက်အတုံ့ ဖြစ်ပေါ်လာတဲ့ကိစ္စမို့ ကောင်းတဲ့ဘက်ကပဲ တွေးပေးပါတယ်"

ဟု ကောင်းထက်သည် စကားကို သောင်မတင် ရေမကျ အဖြေပေးလိုက်သည်။ ထိုအခါ သဖင်နွယ်သည် ကောင်းထက်၏အဖြေကို ကျေနပ်မှုမရှိသလို ခပ်စိန်းစိန်းပင် ကြည့်နေလိုက်လေ၏။

✱

အိမ်တစ်အိမ်အတွင်းမှ မတိုးမကျယ် ထွက်ပေါ်လာသော အသံများ။

"သားရယ် ... ရုပ်ထဲရွာထဲမှာ ဒီလိုပဲ သောက်လိုက်, စားလိုက်နဲ့ လျှောက်သွားနေတာ မကောင်းပါဘူး၊ သားကို လူတွေက အလကားတန်ဖိုးမဲ့တဲ့သူဆိုပြီးတော့ အထင်သေးနေကြတာ၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီးတော့ နေရမယ့်အချိန်ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နားငြီးတယ်ဗျာ၊ အံမေ့ပါးစပ်ကို ပိတ်ထားလို့ မရဘူးလား၊ ကိုယ့်ဘာသာကိုယ် ဘယ်လိုပဲနေနေပေါ့ ... လူတွေကို ဂရုစိုက်ရမှာလား၊ လူတွေကလည်း ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးမနေကြဘူး၊ သူများအကြောင်းပဲ လျှောက်စဉ်းစားနေကြတယ်၊ တယ်လေ ... ငါ မိုက်မိုက်ရိုင်းရိုင်းတွေ ပြောမိတော့မယ်"

ဖိုးခွေး ၏အသံက ကျယ်လောင်သွားသည်။ မိခင်က လူမသိအောင် တိုးတိုးပြောနေပေမင့် သူကတော့ ဒေါသနှင့်ဖြစ်နေသည်။ စကားတစ်ခွန်းပြောလိုက်တိုင်းမှာ အရက်နံ့က ထောင်းခနဲ၊ ထောင်းခနဲနှင့် ထွက်လာသည်။

"ပတ်ဝန်းကျင်ကို ဒီလိုပုတ်ခတ်ပြီးတော့ မပြောရဘူးသား၊ အမြင်တော်ရင် ချီးမွမ်းကြမယ်၊ အမြင်မတော်ရင် ကဲ့ရဲ့ကြမှာပဲ၊ ဒီတော့ ကိုယ်ကောင်းအောင် နေပြရမှာပေါ့"

"မနေဘူးဗျာ မနေဘူး ... ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ ကဲပါ ... ဒီပတ်ဝန်းကျင် အစုတ်ပလုတ်အကြောင်းကို ထားလိုက်ပါ၊ ကျွန်တော့်ကို ငွေငါးကျပ်ပေးစမ်းပါ"

"ငွေငါးကျပ် ... ဟုတ်လား၊ မရှိပါဘူး၊ ငါ့ဆီက မင်းမနေ့ကပဲ ယူသွားတဲ့ ငွေတစ်ဆယ် ကုန်သွားပြီလား၊ အဲဒီပိုက်ဆံကလေ ဈေးဖိုးနှစ်ရက်စာ ရတယ်ကွဲ့၊ ခုလည်း တောင်းပြန်ပြီ၊ မလွန်လွန်းဘူးလား"





"အပိုတွေလုပ်မနေစမ်းပါနဲ့ ... ခင်ပျားမှာရှိတယ်၊ တမင်သက်သက် မပေးတာ၊ ပေးဆိုပေးနော် ... ကျွန်တော့်အကြောင်းကို သိတယ်မဟုတ်လား"

ဖိုးခွေးသည် နီမြန်းသောမျက်နှာကြီးဖြင့် မိခင် ဒေါ်ပိန်မ၏အနားကို တိုးကပ်လာခဲ့သည်။ သူမသည် ထိုင်နေလျက်က နောက်ကို တဖြည်းဖြည်းနှင့် ဆုတ်သွားခဲ့သည်။ တကယ်တော့ သူမသည် ကျန်းမာရေးသိပ်မကောင်းလှ။

"မရှိပါဘူးသားရယ်၊ ဒီကနေ့မနက်အတွက်တောင် စားစရာ ဆန်မရှိလို့ ငါ့မှာ သွားချေးငှားရဦးမှာ"

"မယုံဘူး၊ ပေးမလား မပေးဘူးလား ပြော၊ ခင်ပျားကြီးဝှက်ထားရင်တော့ ဘာမှမတတ်နိုင်ဘူးပေါ့၊ ဒါဖြင့်ရင် နားကပ်ချွတ်ပေး"

"ဟင် ... နားကပ်ချွတ်ပေး ... ဟုတ်လား၊ မလုပ်ပါနဲ့သားရယ် ... အမေ့မှာ ဒါလေးပဲရှိတာ၊ အိုစာမင်းစာလေးတော့ ထားပါရစေကွယ်၊ အမေ့ကျန်းမာရေးအတွက်ကလည်း ရှိသေးတယ်"

"အိုဗျာ ... မလိုချင်ဘူး၊ ပေးဆိုပေး၊ မပေးရင် ချွတ်ယူမယ်"

ဖိုးခွေးသည် မိခင်၏နားမှ နားကပ်ကို အတင်းဆွဲ ချွတ်ယူလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် သားရယ် ... ဒီအထိတော့ မိုက်တွင်းမနက်ပါနဲ့၊ ငရဲကြီးမှာကို မကြောက်ဘူးလား။ မိဘကို ပစ်မှားရင် ငရဲက မနေဘူးကွဲ့"

"သွားစမ်းပါဗျာ ... ကျုပ်ကို ငရဲနဲ့ လာခြောက်မနေစမ်းပါနဲ့၊ ဒီလိုခြောက်လို့ ကြောက်လိမ့်မယ်ထင်သလား။ တောက် ... အရေးထဲမှာ နားကပ်ကလည်း ချွတ်လို့မရဘူး"

ဒေါ်ပိန်မသည် သားကိုမနိုင်၍ အကြောက်အကန်ပင် တောင်းပန်လျက်ရှိနေသည်။ နားကပ်တစ်ဖက်ကို ဖြုတ်မရ၍ နောက်တစ်ဖက်ကို ဖြုတ်သော်လည်း အဆင်မပြေပေ။

"သားရယ် သားရယ်"

"တောက် ... ဒီအမေတော့ ငါလေ"

စိတ်မရှည်နိုင်ဖြစ်ကာ မိခင်ကိုတွန်းပစ်ခဲ့ရာ ...

"အား"

ပုံလျက်သား လဲကျသွားခဲ့ရလေတော့သည်။ ဒေါ်ပိန်မသည် နာမည်နှင့်လိုက်အောင်ပင် ပိန်နေသည့်သူ။ မလိမ္မာသော သားအတွက် နိစ္စဓူဝ စိတ်ဆင်းရဲနေရသူ။ ကျန်းမာရေးမကောင်းသူ တစ်ဦးမို့ စိတ်ရောကိုယ်ပါ ချည့်နဲ့နေရပြီဖြစ်သည်။ ဖိုးခွေးသည် ကြမ်းပြင်ကို တဒုန်းဒုန်းဖြင့် ဆောင့်နင်းကာ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။

"အေး ... နင် နင် မိဘကို စော်ကားထား၊ တစ်နေ့ကျ





ရင် မြေမျိုမယ်၊ ငရဲပြည်ကိုရောက်မယ့်အကောင်၊ ငါ့ဒုက္ခနဲ့ နော် ... ဒီမှာတင်ရပ်ပါတော့၊ ငါ မခံစားနိုင်လွန်းလို့ပါ၊ သေမင်းရယ် ကျွန်မကိုပဲ ခေါ်ပါတော့ ... ဟီး"

ဒေါ်ပိန်မ၏ ဟီးချကာ ငိုပြီး ကျန်ရစ်ခဲ့သောအသံသည် ကြားရသူများအတွက် စိတ်မကောင်းစရာပင်ဖြစ်သည်။

*

ဖိုးခွေးသည် အိမ်မှ မကျေမနပ်နှင့် ထွက်လာခဲ့ပြီးသည့်နောက် သေတင်းကုပ်ထဲသို့ ဝင်ကာ အရက်ကို အကြွေးသောက်သည်။ ဆိုင်ရှင်က ဖိုးခွေး၏ရိုင်းစိုင်းမှုကို သိထားသည်။ အကြွေးမရောင်းချင်သော်လည်း မလွှဲသာ၍ ရောင်းလိုက်ရသည်။

"ဖိုးခွေး ... မင်း အရင်အကြွေးတွေလည်း မပေးသေးဘူးနော်"

"သိတယ်ဗျာ၊ ပေးမယ် ... မပူနဲ့၊ အခုမရှိသေးလို့ မပေးတာ၊ ပိုက်ဆံရရင် အားလုံးလာဆပ်မယ်၊ တစ်ပြားမချန်ဘူး၊ စိတ်ချ ... ကျုပ် စိတ်ရှုပ်လာတယ်၊ စကားမများစမ်းပါနဲ့"

"အေးပါကွာ ... မင်း မေ့နေသလားလို့ပါ"

ဖိုးခွေးက စကားကို ဗျစ်တောက် ဗျစ်တောက်နှင့် ပြော



www.burmeseclassic.com

www.burmeseclassic.com



ရင်း အရက်ကို ဒီအတိုင်း ရေမရောဘဲ မော့ချလိုက်သည်။ ထို့နောက် ဆိုင်ထဲမှထွက်သွားခဲ့လေ၏။ ဦးတည်ရာ ထွက်လာခဲ့ရင်းက မိခင်ကိုမကျေမနပ်ဖြစ်လာခဲ့သည်။

"တောက် . . . အရက်တောင် ဝအောင်မသောက်ရဘူး၊ လက်ထဲ ငွေမရှိတာနဲ့ ဒီနားကပ်ကို ချွတ်ပေးလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ"

ဒီလိုနှင့် တောစပ်ကိုရောက်လာခဲ့သည်။ သူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားခဲ့သည်။

"ဟာ . . . အတော်ပဲ ပဒတ်ထောင်မယ်၊ အရက်နဲ့မြည်းမယ်၊ ဒီတောထဲမှာ ပဒတ်ပေါတယ်"

ထို့ကြောင့် တောထဲကို ဝင်သွားခဲ့လေသည်။ သည်လိုနှင့် ခြေလှမ်းများစွာ လျှောက်လှမ်းလာခဲ့ပြီးသောအခါ . . .

"တောက် . . . ဒီသတ္တဝါကောင်လေးတွေကလည်း ဒီကနေ့ကျမှ ထွက်မလာကြဘူး၊ ငါနဲ့တွေ့ရင် သေမှာစိုးလို့ထင်တယ်၊ မသေဖြစ်မှာတော့ မပူနဲ့၊ မီးကင်ပြီး အရက်နဲ့ကို မြည်းပစ်မှာ"

အရက်ရှိန်က တက်နေဆဲ။ ထို့ကြောင့် ပြောချင်ရာကို ပြောနေဆဲ၊ စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ သလုံးမြင်းခေါင်းဦးတည်ရာကို လျှောက်လာခဲ့ရင်းက . . .

'ဖျပ် ဖျပ် ဖျပ် ဖျပ်'





သူ့နောက်မှ ပြေးလိုက်လာကြသော အသံများကို ကြားလိုက်ရသည်။ သို့သော် သူ့တစ်ကိုယ်လုံးသည် ယိုင်ထိုးနေပြီး အမှူမဲ့ အမှတ်မဲ့ပင် နေမိလိုက်သည်။

'ဖျပ် ဖျပ် ဖျပ် ဖျပ်'

ခြေသံတွေ က ထပ်ပြီးတော့ ထွက်ပေါ်လာခဲ့ကြပြန်သည်။

"ငါ့စိတ်ထဲကပဲ ထင်နေမိတာလား"

မူးယစ်ဝေနေ၍ စိတ်ထဲက ထင်နေမိတာလားဟု နေရာမှ ရပ်ပြီးတော့ နားထောင်နေမိလိုက်သည်။

'ဖျပ် ဖျပ် ဖျပ် ဖျပ်'

သူ့မျက်လုံးတွေ အနည်းငယ်ကျယ်သွားခဲ့ရသည်။ ခြေသံမှ ခြေသံတွေ၊ တစ်ဦးတည်းမဟုတ် များမြောင်လှစွာသော ခြေသံများ။ အနည်းငယ်တော့ စိုးထိတ်စိတ်ဝင်သွားခဲ့ရသည်။ ထို့ကြောင့် နောက်ကို လှည့်ကြည့်မိလိုက်ရာ . . .

"ဟင်"

သူ့မျက်လုံးတွေ ပြူးကျယ်သွားခဲ့ရသည်။ တွေ့လိုက်ရသည်က ချုံထဲက အမှတ်မထင်ထွက်လာသော ခွေးနက်ကြီးတစ်ကောင်။ လူကြီး၏တစ်ယောက်၏ ချီတောင်းမကာ မြင့်သည်။ ကြည့်နေရင်းကပင်လျှင် . . .

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## ငရဲခွေးများ

ခွေးနက်ကြီးတစ်ကောင်တည်း မဟုတ်ပါ။ တစ်ကောင်ပြီးတစ်ကောင် ဟိုမှသည်မှ ထွက်လာခဲ့ကြသည်။ တောက မှောင်နေသည်။ ခွေးနက်ကြီးတွေက မျက်လုံးကြီးတွေ ရဲရဲနီနေကြလျက် ပါးစပ်ကြီးတွေကလည်း အစွယ်ဖွေးဖွေး ပေါ်နေကြသည်အထိ ဖြဲဟကာ တဟဲဟဲနှင့် ရှိနေကြသည်။ ဆာလောင်မွတ်သိပ်နေကြသော အမူအရာမျိုး ရှိနေကြသည်။

"ဟင် ... ခွေး ခွေးနက်ကြီးတွေ၊ ဘယ်က ဘယ်လိုရောက်လာခဲ့ကြတာလဲ၊ ဘုရား ဘုရား ... ငါ့ဆီကိုတော့ ရောက်မလာကြပါစေနဲ့"

ဘုရားတော့ တမိလိုက်သည်။ သို့သော် သူ ဆုတောင်း





မပြည့်ပါ။ ခွေးနက်ကြီးများသည် အားလုံး ဆယ်ကောင်လောက်ရှိကြလိမ့်မည်။ ဖိုးခွေးကိုသာ ရန်လိုသောအကြည့်ဖြင့် ကြည့်ကာ ပြေးလာနေကြသည်။

"ဟိုက် ... သင်းတို့က ငါ ငါ့ကို"

သူ ထိတ်လန့်သွားခဲ့သည်။ ဤမျှလောက် ကြီးမားပြီး အရုပ်ဆိုး အကျည်းတန်သော၊ ကြောက်စရာကောင်းသော ခွေးမျိုးကို သူ အခုမှပဲမြင်ဖူးတော့သည်။ ကိစ္စက ထိုမျှနှင့်ပင် ပြီးပြတ်မသွားကြပါ။ သူ့ကို တိုက်ခိုက်ရန် ပြေးလာနေကြပြီတည်း။

"ဟိုက် ... ဒုက္ခပဲ"

ဖိုးခွေးသည် နေရာမှ တစ်ချိုးတည်းလှည့်ကာ ပြေးလေတော့သည်။ ခွေးများကလည်း သူ့ကို ပစ်မှတ်ထားကာ တစ်ဟုန်ထိုးပင် ပြေးလိုက်လာကြလေတော့သည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

ဟောင်သံကြီးများကား အသည်းတုန်၊ အူတုန်ဖြစ်ရလောက်အောင် ကြောက်စရာကောင်းလှသည်။ မိလိုက်ရင်တော့ သက်သာမှာမဟုတ်။ အခြားခွေးများထက် ပိုပြီးတော့ အကောင်အလုံးအထည်ကြီးမားသော ခွေးနက်ကြီးတစ်ကောင်သည် ရှေ့ကို ပန်းပြီးတော့တက်လာသည်။ ဖိုးခွေးသည် နောက်ကိုလှည့်ကြည့်လှည့်ကြည့်နှင့် ပြေးလေရာ ...

"အလိုလေးလေး ... သဲကြီးမဲကြီးပါပဲလား၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ငရဲခွေး တွေအတိုင်းပဲ၊ ငါပြေးလို့မှ လွတ်ပါ့မလား''

နောက်ကိုလှည့်ကြည့်လေ ခွေးနက်ကြီးက ပိုပြီးတော့ ကြီးလာလေလေ၊ ပြေးရလွန်းအားကြီး၍ အသက်ထွက်တော့မည်။ ဤအတိုင်း ဆက်ပြေးနေရင် မလွတ်နိုင်။ ထို့ကြောင့် လွတ်မြောက်ရန်လမ်းစကို ရှာဖွေလိုက်သည်။ လမ်းဘေးတွင် ကပ်ပြီးပေါက်နေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် အင်အားကို ပိုသုံးကာ အပင်ကြီးဆီကို အရောက်ပြေးသည်။

အောက်ကိုကိုင်းပြီးတော့ကျနေသော အကိုင်းတုတ်တုတ်ကြီးတစ်ခုကို လှမ်းခုန်ကာ လက်နှစ်ဖက်ဖြင့် ဆွဲထားလိုက်သည်။ ဟီးလေးခိုကာ တန်းလန်းကြီးဖြစ်နေရင်းက အပင်ပေါ်ကို ခွပြီး အတက်မှာ ...

''အား''

နာကျင်သောဝေဒနာကို ခံစားလိုက်ရသည်။ ခြေထောက်တစ်ဖက် အကိုက်ခံလိုက်ရလေပြီ။ ခွေးနက်ကြီးက လှမ်းဟပ်ကာ ခုန်ဆွဲလိုက်ခြင်းပင် ဖြစ်သည်။

သို့သော် သူသည် သစ်ပင်ပေါ်ကိုရောက်သွားသည်။ ပွတ်ကာသီကာလေးဖြစ်သွား၍ အစွယ်နှင့်သာ ခြစ်မိသွားခဲ့ခြင်းပင်။ ထိထိမိမိသာဆိုလျှင် အသားတစ်များပါသွားကြမည်မှာ မလွဲ။ အစွယ်နှင့် ခြစ်မိသွားရုံလောက်နှင့်ပင် အသည်းခိုက်အောင်





နာကျင်သွားခဲ့ရသည်။ ဖိုးခွေးသည် သစ်ကိုင်းပေါ်ကိုရောက်အောင် မနည်းကြိုးစားပြီးတော့ တက်လိုက်ရသည်။

သို့သော် ခေါင်းအုပ်ခွေးကြီးက အောက်မှနေ၍ လှမ်းလှမ်းပြီး ခုန်ဆွဲနေလေရာ ဖိုးခွေးကို မီလုနီးပါးပင် ဖြစ်နေသည်။ အခြားခွေးများသည်လည်း ရောက်လာခဲ့ကြလေပြီ။ အပင်ကို ပတ်ချာလှည့်ဝိုင်းကာ ထိုးပြီးတော့ ဟောင်နေကြသည်။ မြောက်ခနဲ မြောက်ခနဲနှင့်နေအောင် ခုန်နေကြသည်မှာ မြင့်မားသောအပင်ကြီးဆီကိုပင် ရောက်ရောက်လာခဲ့ကြသည်။ ဖိုးခွေး မျက်လုံးပြူးနေရလေပြီ။

''ဒီအတိုင်းဆိုရင် ကြောက်စရာကောင်းလှတဲ့ ခွေးကြီးတွေ အပင်ပေါ်ကိုတောင် ရောက်လာကြမလားမသိဘူး''

ခြေထောက်ကလည်း နာကျင်နေသည်။ အပင်ပေါ်ကို ရောက်နေသည့်တိုင် စိတ်မချရသေး။ ထို့ကြောင့် ခေါင်းထက်ရှိ အကိုင်းတစ်ကိုင်းပြီးတစ်ကိုင်း ဆွဲကာ တက်သွားခဲ့ရသည်။ သို့တိုင် ခွေးနက်ကြီးများသည် သစ်ပင်ပေါ်ကို ရောက်လာတော့မတတ် ခုန်ခုန်နေကြလေပြီ။ ဖိုးခွေး ဘယ်လိုပြေးရမှန်းမသိတော့။ မိသွားရင်တော့ သက်သာမှာမဟုတ်။

ထိုစဉ် ခွေးနက်ကြီးတစ်ကောင်သည် တအားခုန်ရင်း အပင်ထက်ကို ရောက်လာသည်။ သစ်ကိုင်းကြီးတစ်ခုပေါ်မှာ ကုတ်ကတ်ကာ တွယ်မိသွားသည်။ ယင်းအပင်ကြီးပေါ်မှာ ဘျား



www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီးတစ်ကောင်က ရှိနေသည်။ ကျားသစ်ကြီးသည် ခွေးကြီးကို တိုက်ခိုက်ရင် ဟန်ပြင်လိုက်သည်။

သို့သော် ခွေးကြီးက ...

'ဟမ်း'

မာန်သွင်းပြီး လက်နှင့်ပုတ်ချလိုက်ရာ ကျားသစ်သည် အော်ပင်မအော်နိုင်တော့ဘဲ အပင်အောက်ကို ပြုတ်ကျသွားခဲ့လေသည်။

'ဘုန်း'

မြေပြင်ပေါ် ဘုန်းခနဲကျအသွားမှာပင် ကျန်သည့်ခွေးများက အားလုံးစုပြုံပြီး ဝိုင်းခဲကာ တိုက်ခိုက်ကြသည်။ ကျားသစ်မှာ ပြန်လည်ပြီး သတ်ပုတ်ကာ ခုခံခဲ့သော်လည်း အရာမထင်ခဲ့။ ခွေးအုပ်ကြီး၏ကြားမှာ ခေါင်းတခြား၊ ကိုယ်တခြား၊ ခြေလက်တခြားစီဖြစ်ကာ အပိုင်းပိုင်း အတစ်တစ်နှင့် မရှုမလှ သေပွဲဝင်သွားခဲ့ရလေသည်။

ဖိုးခွေးသည် ကျားသစ်ကြီး၏ဖြစ်အင်ကို သစ်ပင်ပေါ်က လှမ်းမြင်လိုက်ရသောအခါ လန့်ပြီး အောက်ကိုပင် ပြုတ်ကျသွားတော့မတတ် ဖြစ်သွားခဲ့ရသည်။ ကြီးမားသော ကြောက်စိတ်က သူ့တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

"ဘုရား ဘုရား ... ငါသာ အောက်ကိုကျသွားခဲ့ရင် ဒီကျားသစ်ကြီးသေသလို ပိုးစိုးပက်စက်နဲ့ သေရမှာပါလား"





ခွေးနက်ကြီးများသည် ကျားသစ်ကြီး၏အသားများကို စားသောက်ပစ်လိုက်ကြသည်။ မာန်ဖီပြီးတော့ ဝိုင်းဝန်း စားသောက်နေကြသည်မှာ အသည်းတုန်အူတုန်သည်အထိ တဆတ်ဆတ်တုန်အောင် ခံစားမိရသည်။

ခေါင်းပိုင်းကိုလည်း ဝိုင်းဝန်း၍ခဲကာ စားသောက်ကြသည်မှာ ဦးခွံအကာကွဲပြီး ဦးနှောက်ကိုပါ ဖောက်ပြီး စားသောက်ပစ်ကြသည်အထိ။ နောက်ဆုံး အရိုးဖွေးဖွေးနှင့်သာ ကျန်တော့သည်။ သည့်နောက်တစ်ဖန် ခွေးနက်ကြီးများသည် အပင်ပေါ်ကို မော့ပြီးတော့ ကြည့်လာခဲ့ပြန်သည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

ခွေးနက်ကြီးများသည် ဖိုးခွေးကိုကြည့်ကာ ဟောင်နေကြသည်။ ဖိုးခွေး အကြောက်ကြီးကြောက်ကာ တဆတ်ဆတ်နှင့် တုန်ယင်နေသည်။ သစ်ပင်ပေါ်က ကျလုမတတ်ပင် ခံစားနေရသည်။ ဤခွေးများသည် သစ်ပင်ပေါ်ကိုပင် ခုန်ပြီးတော့ တက်တတ်ကြသည်။ ယခုလည်း ခုန်ရန် ဟန်ပြင်လိုက်နေကြလေပြီ။ ကျားသစ်ကြီးကိုပင် သစ်ပင်ပေါ်ကကျအောင် ရိုက်ချပစ်ကာ အားလုံး ဝိုင်းပြီးတော့ စားပစ်လိုက်ကြသည်။

"ဒီတစ်ခါတော့ ငါ့အလှည့်ရောက်လာမှာလား"

ရင်တဖိုဖိုနှင့် ရှိနေဆဲမှာပင် ခေါင်းအုပ်ခွေးကြီးက စပြီးတော့ ခုန်လာခဲ့သည်။ တစ်ချက်ခုန်လိုက်လျှင် ငါးပေလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ မြောက်မြောက်ပြီးတော့ တက်လာသည်။ ထိုခွေးကြီးက စပြီးတော့ ခုန်လိုက်သည်နှင့် ကျန်သည့်ခွေးကြီးများကလည်း တဝုတ်ဝုတ်နှင့် ဟောင်ကာ ခုန်လာခဲ့ကြလေပြီ။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

"အလိုလေး လေး . . . ဒီအတိုင်းဆိုရင် အားလုံး သစ်ပင်ပေါ်ကို ရောက်လာကုန်ကြတော့မှာပဲ"

ဖိုးခွေးသည် မတတ်သာတော့သည့်အဆုံးမှာ အပင်အမြင့်ပေါ်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်တက်သွားသည်။ သို့သော် ငရဲခွေးကြီးများကား အပင်ပေါ်ကို ရောက်လုနီးပါး ဖြစ်လာခဲ့ကြလေပြီ။ တစ်ချက်ခုန်လိုက်တိုင်းမှာ ထိရောက်မှုက ပိုပြီးတော့ ရှိလာခဲ့ကြသည်။

မကြာမီမှာပင် အပင်ပေါ်ရောက်လာကြလိမ့်မည်ကို သိနေသည်။ ဖိုးခွေးအတွက် သည့်ထက်ပိုပြီးတော့ တက်စရာနေရာ မရှိတော့ပေ။ အပင်ထိပ်များသို့ ရောက်နေလေပြီ။ အားလုံးသော ခွေးများထက် ပိုပြီးတော့သန်မာသော၊ အားရှိသော ခေါင်းချုပ်ခွေးကြီးသည် ဖျတ်ခနဲဆို ပင်ကိုင်းကြီးတစ်ခုပေါ်ကို ရောက်လာခဲ့သည်။

ထို့နောက် တစ်ကိုင်းပြီးတစ်ကိုင်း ခုန်ကူးကာ ဖိုးခွေးဆီကို လာနေလေပြီ။ ထို့အပြင် အခြားသောခွေးများသည်လည်း တစ်ကောင်ပြီးတစ်ကောင် အပင်ပေါ်ကို ရောက်လာခဲ့ကြသည်။





ဖိုးခွေးကြောက်လိုက်သည်မှာ နေစရာနေရာ မရှိတော့။ စောစောက ကျားသစ်ကြီးသေဆုံးသွားသည့် အခြေအနေကို ပြန်ပြီးတော့ မြင်ယောင်လာမိသည်။ တစ်ကိုယ်လုံး အပိုင်းပိုင်း အတစ်တစ်ဖြစ်သွားကာ အရိုးသာလျှင် ကျန်ရစ်ခဲ့တော့သည့်အဖြစ်။

"ဒုက္ခပဲ ဒုက္ခပဲ . . . ငါ့ကို အားလုံး ဝိုင်းပြီးကိုက်ခဲကြတော့မှာပဲ၊ ငါသေရတော့မယ်၊ သေတာတောင် ကောင်းကောင်းသေရမှာ မဟုတ်ဘူး၊ ပိုးစိုးပက်စက်ကိုသေရမှာ"

ဖိုးခွေးသည် တစ်ကိုယ်လုံး ဇောချွေးများပင်ပြန်လာခဲ့သည်။ အကြောက်လွန်နေပြီဖြစ်သည်။ သစ်ပင်ပေါ်ကနေ ခုန်ချလျှင်လည်း မဖြစ်နိုင်။ အောက်ကိုကျသွားခဲ့လျှင်လည်း ပိုးစိုးပက်စက် သေရမည်။ ချက်ချင်းသေသွားခဲ့က အကြောင်းမဟုတ်၊ မသေမရှင်ဖြစ်နေပါက ငရဲခွေးကြီးများက ဝိုင်းပြီးကိုက်ခဲကာ စားသောက်ကြလျှင် အသက်မကုန်မီအထိ ဆိုးဝါးစွာ ခံစားသွားခဲ့ရမည်ဖြစ်သည်။ အကျဉ်းအကျပ်နှင့် ကြုံနေရဆဲမှာ ခေါင်းချုပ်ခွေးကြီး အနားကိုရောက်လာခဲ့သည်ကိုပင် မသိလိုက်။

'ဟမ်း'

တစ်ချက် မာန်ဖီလိုက်သံကို ကြားလိုက်ရတော့မှ . . .

"အား . . . အောင်မယ်လေး"

ငရဲခွေးကြီး၏အနီးကပ်မျက်နှာက ပို၍ပင် ကြောက်စရာကောင်းလှသည်။ ပါးစပ်ကြီးကို ဖြဲဟထားသည်မှာ အစွယ်ဖွေး



www.burmeseclassic.com

www.burmeseclassic.com



ဖွေး ပေါ်နေကြသည့်အထိပင်။ မျက်လုံးကြီးတွေကလည်း နီရဲ ပြူးကျယ်နေပြီး မညှာမတာ ရက်စက်မှုကို ကျူးလွန်တော့မည့် ဟန်။ ဖိုးခွေးက လန့်ပြီးတော့ အော်မိလိုက်စဉ်မှာ ငရဲခွေးကြီးက လက်နှင့်လှမ်းပြီးတော့ ပုတ်လိုက်သည်။

"အား"

ထိုအခါ ဖိုးခွေးသည် အလန့်တကြားဖြင့် အော်မိလိုက် ပြန်ကာ သစ်ကိုင်းထက်မှနေ၍ အောက်ကို ပြုတ်ကျသွားခဲ့လေ တော့သည်။ အပင်အမြင့်ကြီးပေါ်က တိုက်ရိုက်ကျလာခဲ့သည် ဖြစ်၍ ရှင်ဖို့ရန် လမ်းကမမြင်။ တစ်ချက်တည်းနှင့် ပွဲချင်းပြီး သေပါစေဟု ဆုတောင်းမိသည်။ အောက်မှာလည်း ခွေးကြီးတွေ၊ အပင်ပေါ်မှာလည်း ခွေးကြီးတွေ၊ သူ့ကို အလွတ်ပေးကြမှာ မဟုတ်တော့။

ထိုစဉ် ဖိုးခွေး၏ခါးကို အရာတစ်ခုက လာပြီးတော့ ရစ်ပတ်သည်။ လေထဲမှာ တန်းလန်းကြီးဖြစ်သွားသည်။ မြေပြင် ပေါ်ကိုလည်းမရောက် သစ်ကိုင်းကြီး၏တစ်ဖက်ကိုကျော်ကာ တုံ့ ခနဲဆိုဖြစ်သွားသည်။ ဒန်းလွှဲသလိုပင် ခန္ဓာကိုယ်ကြီးက ဟိုသည် လွှဲလျက် ရှိနေသည်။

ဖိုးခွေးသည် သည်တစ်ခါတော့ သေဖြစ်ပြီဟုထင်ပြီး စိတ်ဒုန်းဒုန်းချထားမိရာက ထင်သလို ဖြစ်မလာခဲ့သည့်အတွက် အံ့အားသင့်သွားခဲ့ရလေသည်။ မိမိ ဘယ်ကိုရောက်သွားခဲ့ပါ





သလဲ။ အထက်လည်းမရောက်၊ အောက်လည်းမရောက်နှင့်မို့ မရဲတရဲနှင့် မျက်လုံးတွေကို ဖွင့်ကြည့်မိလိုက်ရာ မိမိသည် လေ ထဲတွင် တန်းလန်းကြီးဖြစ်နေသည်ကို သိလိုက်ရလေ၏။ ခါးမှာ လည်း ကြိုးရှည်ကြီးတစ်ခုက ရစ်ပတ်ထားသည်။

ခွေးများသည် အောက်မှနေ၍ ဖိုးခွေးကို မော့ကြည့်နေ ကြသလို အပင်ထက်ကိုရောက်နေကြသည့် ခွေးများသည်လည်း အောက်ကို တဖြုတ်ဖြုတ်နှင့် ခုန်ဆင်းလာခဲ့ကြသည်။ ခွေးများ အားလုံးသည် တဟမ်းဟမ်းနှင့် မာန်ဖီကာ ဖိုးခွေးကို အသာ ငမ်းငမ်းနှင့် ပါးစပ်ကြီးတွေကို ဖြဲဟကာ မော့ကြည့်နေကြသည်။

"အလိုလေးလေး ...ငါ ဘယ်လိုဖြစ်နေတာပါလိမ့်၊ ခွေးတွေကလည်း ငါ့ကို အမဲဖျက်ဖို့ အောက်ကနေ အသင့်စောင့် နေကြပြီ"

အခြေအနေမကောင်းတော့သည့်အထဲမှာ ကံကြမ္မာက ယတိပြတ် ဖြတ်ချမသွားဘဲ မတင်မကျကြီး လုပ်ထားသည်။ မှုးယစ်သည့်စိတ်များပင် ပျောက်ကွယ်သွားကာ အကြောအခြင် တွေ ဖျဉ်းဖျဉ်းထလာကာ လေဖြတ်ချင်သလိုပင် ဖြစ်လာခဲ့ရသည်။ ထိုစဉ်မှာပင် ပတ်ဝန်းကျင်ကလည်း မိုးအုံ့ချလိုက်သလို အမှောင် အားက တက်လာသည့် အလင်းအားနည်းသွားချိန်မှာ သဏ္ဍာန် တစ်ခုသည် အပင်အောက်ကိုရောက်လာခဲ့လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

### ဗေိုက်သားဖိုးခွေး

ထိုသဏ္ဍာန်သည် အဝတ်အစားအနက်ကို ဝတ်ဆင်ထားသည်။ ဦးထုပ်အနက်ချွန်ချွန်ကို ဆောင်းထားသူ။ သူ၏လက်ထဲမှာ ကြိုးတစ်ချောင်းကို ကိုင်ထားသည်။ ကြိုးစတစ်ဖက်သည် ဖိုးခွေးရှိရာ သစ်ကိုင်းဆီကို ရောက်နေသည်။ ထိုအခါကျမှ ယင်းကြိုးစ၏ တစ်ဖက်သည် ဖိုးခွေး၏ခါးကို ရစ်ပတ်ထားသည်ကို သိလိုက်ရလေတော့သည်။ တကယ်တော့ ကြိုးစမဟုတ်ပါ။ ကျာပွတ်ရှည်ကြီးတစ်ခုသာလျှင် ဖြစ်သည်။

အဝတ်နက်နှင့်လူသည် အပင်အောက်မှနေ၍ ဖိုးခွေးကို မော့ကြည့်လိုက်သည်။ ထိုသူ၏မျက်လုံးများသည် ထူးထူးခြားခြား ရွှန်းလက်တောက်ပလို့နေသည်။ ညာဘက်မျက်လုံးက ပိုပြီးတော့





ကြီးသယောင်ထင်ရသည်။ ဖိုးခွေးသည် ထိုသူ၏အကြည့်ကို ခံလိုက်ရသောအခါ ကျောထဲမှာ စိမ့်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ခွေးနက်ကြီးများကို ကြောက်သည်ထက် အဆများစွာ ပိုပြီးတော့ ကြောက်မိသွားသည်။

ထိုသူ၏အကြည့်သည် မိမိ၏အသက်ကို ချက်ချင်းပင် နုတ်ယူတော့မည့်အကြည့်မျိုး။ သူတစ်ပါး၏အသက်ကို ရယူနိုင်စွမ်းရှိသူ။ ချက်ချင်းပင် အမှုန့်ဖြစ်အောင်၊ အခိုးအငွေ့ဖြစ်အောင် ပြောင်းလဲနိုင်သူဟု စိတ်မှာထင်လာခဲ့ရသည်။

"ဘယ်လိုလဲ . . . ခွေးနက်ကြီးတွေက မင်းကို လက်လျှော့လိုက်ပြီလို့ ထင်နေသလား၊ တကယ်တော့ သူတို့က မင်းကို အလွတ်ပေးကြမှာ မဟုတ်ပါဘူး၊ မင်း ခုပဲ သူတို့ရဲ့အစာ ဖြစ်ရတော့မှာပါ"

ထိုသူ၏အသံက သတ္တဝါအားလုံး၏စိတ်ကို ညှိုးချုံးကျသွားစေအောင် သြဇာအပြည့်ရှိသည်။ ကြားလိုက်ရသည့် တစ်ခဏအတွင်းမှာပင် ကြက်သီးမွေးညင်းများထသွားစေလောက်အောင်ပင် အကြောက်တရားတို့ လွှမ်းမိုးခံလိုက်ရသည်။

"ခင် ခင်ဗျား ဘယ်သူလဲ"

ဖိုးခွေး၏နှုတ်မှ ဖျစ်ဖျစ်ညှစ်ညှစ် ထွက်လာသည့်အသံ။ ထိုသူက ရယ်လိုက်သည်။ တဟားဟားနှင့် ရယ်လိုက်သံသည် မင်း ဘယ်ကိုမှ ပြေးမလွတ်ဘူးဟု သွယ်ဝိုက်ကာ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ အောက်မှခွေးနက်ကြီးများကလည်း ပြန်ပြီးတော့ ဆာလောင်မွတ်သိပ်လာခဲ့ကြပြန်လေပြီး ဂနာမငြိမ်ဖြစ်နေကြသည်။ ဖိုးခွေးကို ခုန်ဆွဲတော့မလို ဖောကပ်နေကြသည်။

"ငါလား . . . ရောရုဝက လာတဲ့သူ၊ မင်းကို ငရဲပြည် ခေါ်သွားမလို့ လာခဲ့တာ"

"ရော ရောရုဝက လာတဲ့သူ . . . ဟုတ်လား"

ဖိုးခွေးလန့်သွားသည်။ လူပြောများနေကြသော သတင်းစကားသည် ကောလာဟလများဟုသာ ထင်မိခဲ့သည်။ ယခုတော့ ထိုသို့မဟုတ်တော့ပြီ။ သူ့အနားကို ရောက်နေသောသူသည် ငရဲကတက်လာသူ အမှန်တကယ် ဖြစ်နေပါပေါ့လား။ မျက်နှာတစ်ခုလုံးကို အပြည့်အဝ မမြင်ရသော်လည်း တစ်လောကလုံးရှိလူများကို ဖမ်းစားနိုင်သောအရည်အချင်းရှိသူ ဖြစ်နေသည်။

"ကျွန်တော့်ကို ငရဲပြည်အထိ ခေါ်ရလောက်အောင် ဘယ်လိုအမှားများ လုပ်မိခဲ့လို့လဲဗျာ"

"ဟား ဟား ဟား ဟား"

ထိုသူ၏ရယ်သံကြောင့် သစ်ပင်တွေအားလုံး ယိုင်ထိုးသွားမတတ် လဲပြိုသွားမတတ် ဖြစ်သွားခဲ့ရလေသည်။ ဖိုးခွေး၏ ကိုယ်သည်ပင် သွက်သွက်ခါသွားခဲ့ရသည်။ ခွေးနက်ကြီးများသည်ပင် လန့်ဖျပ်သွားခဲ့ကြသည်အထိပင်။





ယင်းခွေးနက်ကြီးများနှင့်အတူ ရောက်လာသောသူသည် ငရဲပြည်မှ တက်လာသောသူဟုပင် ယုံကြည်ရင်းစွဲစိတ်က ပိုပြီးတော့ ခိုင်မာလာသည်။

"မင်းကို ငရဲပြည်အထိခေါ်မယ်၊ အကြောင်းရင်းကို မသိသေးဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား၊ မင်းဟာ မိဘကို အကြိမ်ကြိမ်စော်ကားတယ်၊ မင်းရဲ့အဖေဟာ မင်းရဲ့စိတ်နဲ့ပဲ သေဆုံးသွားခဲ့ရတယ်၊ ခုလည်း မင်းရဲ့အမေ မုဆိုးမကြီးအပေါ်မှာ နှိစ္စရုဝ စော်ကားမော်ကား လုပ်နေတယ်၊ ကိုယ်ထိလက်ရောက်ပြုခဲ့တဲ့အကြိမ်ကလည်း မနည်းတော့ဘူး . . .၊

မင်းရဲ့ အမေဟာ မင်းအပေါ်မှာ သိပ်ချစ်တယ်၊ အလုပ်ကိုလည်း မနားမနေလုပ်တယ်၊ ဒီအထဲမှာ မင်းက နေ့စဉ်စော်ကား နှိပ်စက်နေတယ်ဆိုတော့ စိတ်ဆင်းရဲပြီး ယှဲ့ယှဲ့လေးပဲ ကျန်တော့တယ်၊ အဲဒီအတွက် မင်းရဲ့ကိုယ်ကို မဟာပထဝီမြေကြီးကတောင် ထမ်းမထားချင်တော့ဘူး၊ ဒါကြောင့် ဒီနေ့ဟာ မင်းအတွက် လူ့ဘဝမှာနေရတဲ့ နောက်ဆုံးရက်ပဲ၊ မင်းကိုခေါ်ဖို့ ငါလာခဲ့တာ"

"မ မလုပ်ပါနဲ့ဗျာ . . . ကျွန် ကျွန်တော့်အမေကို စော်ကားတာ မဟုတ်ပါဘူး၊ သက်သက်မဲ့ နွဲ့ဆိုးဆိုးပြနေတာပါ ဒါကြောင့်မို့ ငရဲကျဖို့ မ မလိုအပ်ဘူး ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . မင်း ပြောချင်ရာတွေကို လျှောက်ပြောမနေနဲ့၊ မင်းမိဘအပေါ်မှာ ဘယ်လိုတွေ စော်ကားခဲ့တယ်ဆိုတာ ဟောဒီစာအုပ်ထဲမှာ အတိအကျ ရေးထားတယ်၊ ငါ့ကိုတောင် မင်းက လိမ်ညာဝံ့သလား ငမိုက်သားဖိုးခွေး"

ထိုသူသည် လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် စာအုပ်အနက်ကြီးက လက်ထဲကိုရောက်လာသည်။

"မင်း ဘယ်လိုအပြစ်မျိုးတွေ လုပ်ခဲ့သလဲဆိုတာ ငါ ဖတ်ပြမယ် . . . နားထောင်"

ဖိုးခွေးက မိခင်အပေါ်မှာ ကျူးလွန်ခဲ့သည့်အပြစ်များကို တစ်ကြောင်းချင်း၊ တစ်ချက်ချင်းပင် ဖတ်ပြလိုက်လေသည်။ အားလုံးသည် မှန်နေသောကြောင့် ဖိုးခွေးမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရသည်။ ပြန်ပြီးတော့ ချေပနိုင်စရာအကြောင်း မရှိတော့။

"ကဲ . . . မင်း မငြင်းနိုင်တော့ဘူး မဟုတ်လား၊ မိဘကို စော်ကားတဲ့ကောင်၊ ငါကတော့ ဝတ္တရားအတိုင်း ခပ်ကြမ်းကြမ်းပဲ ခေါ်ရမှာပဲဟေ့၊ ဟောဟိုမှာကြည့်"

ထိုသူသည် တောတွင်းတစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ ထိုအချိန်မှာပင် . . .

"ဟီး ဟီး ဟီး ဟီး"

မြေပြင်မှ တဟီးဟီးနှင့် မြည်သံများကို ကြားလာခဲ့ရသည်။ အသံထွက်ပေါ်လာနေရာဆီကို ဖိုးခွေး လှမ်းကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် မြေပြင်အောက်မှ မီးတောက်ကြီးများ ထွက်လာခဲ့ကြသည်ကို တွေ့လိုက်ရလေသည်။

"အဲဒါ ငရဲမီးပဲ၊ ငရဲတွင်းကြီး ထဲက ထွက်လာတာ၊ မင်းကို အဲဒီတွင်းထဲကနေတစ်ဆင့် ငရဲပြည်အထိ ခေါ်သွားရမယ်"

ဟုပြောပြီး သူ၏ကျာပွတ်ကို လျှော့ချနေလေရာ ဖိုးခွေး၏ ကိုယ်လုံးကြီးသည်လည်း အောက်ကို တဖြည်းဖြည်းနှင့် ကျလာခဲ့လေသည်။ ဖိုးခွေး မြေပြင်ပေါ်ကို ရောက်လာသောအခါ ကျာပွတ်ကို ခါးမှာပတ်ထားရာက ဆွဲခေါ်ကာ ဖြည်လိုက်ပြီး လည်ပင်း၌ ပြောင်းကာ ရစ်ပတ်လိုက်သည်။

ခွေးနက်ကြီးများကလည်း တရှန်းရှန်းနှင့် ဖြစ်နေကြသည်။ ဖိုးခွေးမှာ ခွေးနက်ကြီးများက မိမိဆီကို ပြေးဝင်လာခဲ့ကြကာ ဝိုင်းပြီးတော့ ကိုက်ခဲကြလေမလားဟု ထိတ်ပျာသွားခဲ့ရသည်။

"သူတို့ကို မကြောက်နဲ့၊ ငါ အမိန့်မပေးမချင်း မင်းကို ဘာမှမလုပ်ဘူး၊ မင်းကို ဒီ့ထက်ဆိုးတဲ့နေရာကို ငါပို့ပေးမှာ၊ ငရဲမှာ နှစ်တွေသောင်းသိန်းမကချီပြီး ခံစားရဦးမှာ၊ အဲဒီတော့ မိဘကိုစော်ကားခဲ့တဲ့အပြစ်ကို ဘယ်လိုပေးဆပ်ရတယ်ဆိုတာ ကောင်းကောင်းကြီးသိသွားစေရမယ်"







www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ပြောပြီးသည်နှင့် ကျာပွတ်ကိုဆောင့်ဆွဲလိုက်ရာ ကိုယ်ပါ ပါလာခဲ့သည်။ လည်ပင်းတွင် ရစ်ပတ်ထားသော ကျာပွတ်အဖျားသည် ခိုင်မြဲလှသည်ဖြစ်ရာ လက်နှင့်ဆွဲပြီးတော့ ဖြုတ်သော်လည်း မရ၊ ပြုတ်မသွားခဲ့ပေ။ ဖိုးခွေးသည် ငရဲတွင်းဆီကို ဒယိမ်းဒယိုင်နှင့် ပါသွားခဲ့သည်။

အငွေ့ကနေ တောက်လောင်နေသောမီးပင် ဖြစ်လင့်ကစား အပူရှိန်က ရိုက်ခတ်နေသည်ဖြစ်၍ မခံမရပ်နိုင်အောင်ပင် ခံစားနေရသည်။ တစ်ကိုယ်လုံး လောင်ကျွမ်းသွားတော့မည်လားဟုပင် မှတ်ရသည်။

“ကြောက် ကြောက်ပါတယ်ဗျာ၊ ကျွန်တော့်ကို မခေါ်ပါနဲ့ဗျာ . . . ကျွန်တော် နောင်တရပါပြီ၊ မိဘကို မစော်ကားတော့ပါဘူး၊ အမေ့ကိုလည်း မစော်ကားတော့ပါဘူး၊ ဒီကနေ့ကစပြီး ရှိရှိသေသေနဲ့ ဆက်ဆံပါတော့မယ်၊ ဘာမှလည်း မခိုင်းတော့ပါဘူး၊ ကျွန်တော်ပဲလုပ်ကျွေးပါတော့မယ်”

ဖိုးခွေးသည် အကြောက်အကန်ပင် ပြောနေလေတော့သည်။ သို့သော် ထိုသူက ဖိုးခွေး၏စကားကို မကြားသလို ကျာပွတ်ကိုသာ ဆွဲသွားသည်။ ထိုအခါ ခြေကန်ရုန်းရင်း တရွတ်တိုက်ပါသွားခဲ့လေသည်။

ငရဲတွင်းကြီးနှင့် ပို၍ပြီးတော့ နီးကပ်လာခဲ့လေပြီ။ တွင်းထဲမှ တဝုန်းဝုန်းနှင့် ဆောင့်အောင့်ကာတက်လာသော မီးတောက်ကြီးများကား ဖိုးခွေးကို ရစ်ပတ်ကာ ဆွဲချသွားတော့မည့်အတိုင်းပင်။





“အား အား . . . ပူလောင်လှပါတယ်၊ ကျွန်တော့်ကို ငရဲပြည်ကို ခေါ်မသွားပါနဲ့ဗျို့၊ တကယ် နောင်တရပါပြီ၊ အမေ့ကို မစော်ကားတော့ပါဘူး၊ ဒုက္ခလည်း မပေးတော့ပါဘူး၊ လွှတ်လွှတ်ပေးပါဗျာ . . . ကယ်ကြပါဦး ကယ်ကြပါဦးဗျာ”

တောထဲမှာ ဖိုးခွေး၏ အော်ဟစ်ငိုယိုသံများက သွေးပျက်စရာကောင်းလှအောင် စီစီညံနေလေတော့သည်။ ကျင်ကြီးကျင်ငယ်များပင် ထွက်ကျလာခဲ့သည်အထိပင်။ ထိုအခါ ငရဲတွင်းဆီရောက်ခါနီးမှာ ဆွဲခေါ်သွားသူက ခြေလှမ်းတွေကို ရပ်တံ့လိုက်သည်။

“မင်း တကယ် နောင်တရတာလား၊ ငရဲတွင်းထဲကို ဆင်းရမှာကြောက်လို့ ပြောနေတာလား”

“တ တကယ်ပါဗျာ . . . အဟုတ်ပါဗျာ၊ နောင်တရပါပြီ၊ အမေ့ကို စော်ကားမိခဲ့တာ ပြန်ပြီးတော့ စဉ်းစားမိတိုင်းမှာ ယူကျုံးမရဖြစ်မိပါတယ်၊ ခံစားမိပါတယ်”

“မင်းကို ငါ ဘယ်လိုယုံရမှာလဲ”

“ကျွန်တော်မှားသမျှကို ဝန်ချပြီးတော့ တောင်းပန်မယ်၊ ကန်တော့မယ်၊ အမေမကြိုက်တာကို ဘာမှမလုပ်တော့ဘူး၊ စိတ်ချမ်းသာအောင်ထားမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွေးသည် သူ့ကို ဆွဲချမည့်တကဲကဲနှင့် ဖြစ်နေသော တွင်းကြီးထဲမှ မီးလျှံမီးနွယ်များကို ကြည့်လိုက်၊ ထိုသူကို ကြည့်လိုက်နှင့် ပြောနေလေတော့သည်။

*

"ကောင်းပြီ . . . မင်း ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း"

ထိုအခါ ဖိုးခွေးက ထိုသူ၏မျက်နှာကို မရဲတရဲနှင့် လှမ်းကြည့်လိုက်သည်။ ရှည်လျားသောကျာပွတ်က သူ၏လည်ပင်းကို ရစ်ပတ်ထားဆဲ။ ထိုသူနှင့် ဆယ်ပေလောက်သာ ကွာဝေးသည်။ ထိုသူ၏ စူးလက်သောမျက်လုံးအရောင်ကြောင့် ဆက်ပြီး မကြည့်ရဲတော့ဘဲ ချက်ချင်းပင် ခေါင်းကို ငုံ့ပစ်လိုက်ရသည်။

"မင်း တကယ်နောင်တရတယ်ဆိုရင် ငါ မင်းကို တစ်နှစ်အချိန်ပေးမယ်၊ အဲဒီအတောအတွင်းမှာ မင်းလိမ္မာချင် လိမ္မာ၊ မလိမ္မာရင် ငါကိုယ်တိုင်လာခေါ်မယ်၊ ဒါပေမဲ့ သက်ညှာမှုပေးမှာတော့ မဟုတ်တော့ဘူး၊ အစစ်အဆေးမရှိဘဲ ငရဲကို တိုက်ရိုက်ဆွဲချသွားမယ်"

"တ တကယ် နောင်တရတာပါဗျာ၊ လိမ်မပြောပါဘူး၊





လိမ်ညာခဲ့ရင် ကျွန်တော့်ကို ကြိုက်သလိုစီရင်ပါ၊ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ဖိုးခွေးသည် ထိုင်ရှိခိုးကာ တောင်းပန်နေသည်။

"ကောင်းပြီ . . . မင်း ကတိသာတည်ပါစေ၊ ကဲ . . . သွားပေတော့၊ မင်းနဲ့ပတ်သက်ပြီး ရက်ချိန်းပေးလိုက်တာကို မမေ့နဲ့၊ ငါ ဟောဒီစာအုပ်နက်ကြီးထဲမှာ ရက်စွဲအတိအကျ ရေးထိုးပြီး မှတ်ထားလိုက်မယ်"

"ကျေး ကျေးဇူးတင်ပါတယ်ဗျာ၊ ကတိတည်စေရပါမယ် . . . စောင့်ကြည့်နေပါ၊ ခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဖိုးခွေးသည် ထိုသူကို အကြိမ်ကြိမ်ဦးချကာ ကန်တော့သည်။ ထို့နောက် ထိုသူက လည်ပင်းမှ ကျာပွတ်ကို ဖြည်ပေးလိုက်သည်နှင့် နေရာမှထကာ ပြေးထွက်သွားခဲ့လေတော့သည်။ သူထွက်သွားသည်နှင့် တွင်းကြီးထဲက မီးတောက်မီးလျှံများသည်လည်း တဖြည်းဖြည်းနှင့် ငြိမ်ကျသွားကာ ငြိမ်းသွားခဲ့လေသည်။

ထိုသူသည် ကျာပွတ်ကို ပြန်ပြီးတော့ ခွေလိပ်လိုက်သည်။ ထိုစဉ် လက်ထဲမှာပင်လျှင် ကျာပွတ်သည် ပဥ္စလုည့်ပြလိုက်သလို ပျောက်သွားခဲ့သည်။

"ကိုင်း . . . လာ သွားကြစို့"

ခွေးနက်ကြီးများသည် သိမ်မွေ့နေကြသော ပုနိုင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများပမာ ထိုသူ၏နောက်က လိုက်သွားခဲ့ကြလေသည်။ မကြာမီမှာပင်လျှင် အမှောင်ထုထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

သူသာ ဖိုးခွေးကို စောင့်ကြည့်နေမည်ဆိုလျှင် တစ်နှစ်အတွင်း၌ပင် အပြောင်းလဲကြီး ပြောင်းလဲသွားသော ဖိုးခွေး၏ဖြစ်အင်ကို တွေ့ရလိမ့်မည်ဖြစ်သည်။ ဖိုးခွေးကား မိခင်ကို ပြုစုစောင့်ရှောက်သော၊ ရိုသေလေးစားသောသူ ဖြစ်သွားခဲ့လေပြီတည်း။

* * *

# အခန်း (၁၄)

## လူဖြစ်ရှုံးကြသူများ

ကောင်းထက်သည် တက္ကသိုလ်ပညာကို ဆက်ပြီးတော့ မသင်ကြားမီ မိမိ၏ရပ်ရွာတွင် နေထိုင်ကာ လူမှုရေးကိစ္စများကို ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချထားသည်။ ခုတစ်လောတွင် ကျောက်သလင်းရွာ၏ အစိတ်အပိုင်းဖြစ်သော အနောက်စုရပ်မှာ လူကောင်းတစ်ဝက် ဆိုးတစ်ဝက် ရှိနေကြသည်။

ကောင်းထက် မြို့မှပြန်ရောက်လာသောအချိန်တွင် ကြားသိရသည်က ...

"အစက ငါတို့ရွာသားတွေဟာ ဒီလောက်တောင် မဆိုးကြဘူး၊ ဖုန်းဆိုးမြေကြီးကို ဖျက်ပြီးတော့ ရွာတည်တဲ့အခါကျမှသာ ဒီလိုဆိုးကျိုးတွေ ဖြစ်လာခဲ့ကြတာ၊ တချို့ကလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြတယ် ...ဖုန်းဆိုးမြေမှာ အရင်ကနေထိုင်ကြတဲ့ ကျွတ်, တစ္ဆေ, မြေဖုတ်, ပြိတ္တာ တွေက လူတချို့ကို ပူးကပ် ခြောက်လှန့်ပြီး စားသောက်ကြတယ်၊ အကုသိုလ်အလုပ်တွေလုပ်ဖို့ စေနိုင်းကြတယ်တဲ့''

သူကြီးဦးတက်ပြားက ကောင်းထက်ကို ပြောပြသည်။

''မဖြစ်နိုင်ပါဘူး သူကြီးရာ ...အဲဒီ ပရလောကသားတွေ မရှိဘူးလို့ ကျွန်တော်မပြောပါဘူး၊ ဘုရားဟောတရားထဲမှာလည်း ပါလို့ ကျွန်တော်ယုံကြည်တယ်၊ လက်ခံပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ကောင်းမှုကုသိုလ်တွေ လုပ်နေကြတဲ့သူတွေကြားထဲမှာ မနေနိုင်ကြပါဘူး ...၊

တချို့လူတွေကိုက ဇီဇဆိုးပါလာခဲ့ကြလို့ ဆိုးမိုက်ပေတေနေကြတာ၊ ဦးကရော အဲဒီစကားတွေကို လက်ခံထားသလား''

''ငါလည်း လက်မခံပါဘူး မောင်ကောင်းထက်ရယ်၊ မင်းပြောသလိုပါပဲ ဇီဇဆိုးပါလာတဲ့သူ, အဆွယ်ကောင်းလို့ လမ်းမှားကိုရောက်သွားကြတဲ့သူတွေ ရှိကြသလိုပေါ့၊ ဟိုတစ်လောက မောင်မဲတစ်ယောက် သားသတ်သမားဘ၀ကနေ လူကောင်းသူကောင်းဖြစ်သွားတာ၊ ဟော ...ခုတော့ ဘုရားတရားကိုမြဲလို့၊

သူ့ကိုယ်ပေါ်မှာ မကောင်းတဲ့အစိမ်းတစ္ဆေတွေက ပူးကပ်နေလို့ သူများအသက်ကိုသတ်, ကိုယ်ပေါ်တဲ့အသားကို ကိုယ်ပြန်စားရမှ ကျေနပ်တာလို့ ပြောလိုပြောကြနဲ့၊ ခုလိုကောင်းသွားတော့





အဲဒီအစိမ်းသရဲတွေက ဘယ်ရောက်သွားကြသလဲ ...အဲဒါစိတ်ပဲကွဲ့ ...စိတ်ပဲ၊ သူ့စိတ်ကပဲ သူ့ကို ပြုပြင်သွားခဲ့တာ''

''ဦးပြောတာ မှန်ပါတယ်၊ လူကို စိတ်က ဦးဆောင်နေတာပါ၊ ကောင်းတာလုပ်ဖို့ တိုက်တွန်းတာလည်း ဒီစိတ်ပဲ၊ မကောင်းတာလုပ်ဖို့ တိုက်တွန်းတာလည်း ဒီစိတ်ပါပဲ''

''အေး ...မင်းက ခေတ်ပညာတတ်တဲ့လူငယ်တစ်ယောက်ပဲ၊ ပြီးတော့ ကျိုးကြောင်းဆင်ခြင်မှုလည်း ရှိတယ်၊ ဩော် ဒါနဲ့ စကားမစပ် ...ကိုယ့်ကိုယ်ကိုယ် ပြုပြင်တာ စိတ်ပဲဆိုလို့ တစ်ခုခုကို သတိရသွားလို့ပါ''

''ဟုတ်ကဲ့ ...ပြောပါဦး''

''စစ်ကားရွာ က ဖိုးခွေးတစ်ယောက် ...ဒီကောင်လွှတ်ဆိုးတဲ့အကောင်၊ အရက်ကလည်း သောက်လိုက်တာမှ နေ့ည မရှောင်ဘူး၊ ဆိုးတာက မိဘကိုစော်ကားတာ နှုတ်နဲ့ရော လက်နဲ့ရော၊ မအေကြီးမှာ ခန္ဓာကိုယ်ပါးပါးလှပ်လှပ်လေးနဲ့ ဒီသားလေးကိုပဲ ချစ်နေရှာတာ၊ သားက ဘယ်လောက်ဆိုးဆိုး မမုန်းဘူး၊ ဒါပေမဲ့ သားရဲ့ဆိုးဒဏ်ကိုတော့ တော်တော်ခံစားရရှာတယ် ...၊

ဟော ...ဘာကြာလဲ၊ ဒီကောင် ခုတော့ မိခင်ကြီးကို ရှိသေလိုက်တာမှ ဘယ်သားသမီးကမှ ဖိုးခွေးကိုမမီဘူး၊ သူကိုယ်တိုင် အလုပ်လုပ်ပြီးတော့ ကျွေးတာ၊ ခြေဆုပ်လက်နယ်ပြုတာ၊



www.burmeseclassic.com

www.burmeseclassic.com



ရေကအစ ချိုးပေးတာ၊ မအေကြီးမှာ စိတ်ချမ်းသာလို့ သား အချိုးပြောင်းလဲသွားတာကိုလည်း အံ့အားကိုသင့်လို့၊ ဘာကြောင့် အခုလို လိမ္မာသွားခဲ့တာလဲ မင်းသိရင် အံ့အားသင့်သွားမယ်''

''ဟုတ်ကဲ့ . . . ပြောပါဦး''

''ဒီကောင် တောထဲမှာ ဘယ်သူနဲ့တွေ့လာခဲ့တယ်လို့ ထင်သလဲ၊ ရောရုဝကလာတဲ့သူနဲ့ တွေ့လာခဲ့တာ၊ အစကတော့ ဖိုးခွေးလည်း ဒီအကြောင်းတွေကို မပြောဘူးပေါ့၊ သူ ထူးထူးခြား ခြား ပြောင်းလဲသွားခဲ့တာကို သိချင်တဲ့သူတွေက မရမက ချော့ မေးကြတာ . . . အဲဒီတော့မှ မပြောချင်ပြောချင်နဲ့ ပြောပြရတယ်၊ ဒီကောင့်ကြည့်ရတာ ဒီအကြောင်းကို ပြောပြရမှာ တော်တော် လေးကို ဝန်လေးနေပုံရတယ်၊ ကြောက်လည်း ကြောက်လန့်နေ တယ်တဲ့''

ကောင်းထက်သည် ဦးတက်ပြား၏စကားကြောင့် ပြုံးမိ ချင်သော်လည်း အရှိန်ပျက်သွားမည်စိုး၍ သည်အတိုင်း နေလိုက် ရသည်။ ယင်းအချိန်တွင် သဇင်နွယ်လည်းရောက်လာ၍ စကားစ ပြတ်သွားခဲ့ရလေသည်။

''ကဲ . . . စကားလည်းပြောကြ၊ ရေနွေးလည်း သောက် ကြပါဦး''

အခိုက်အတံ့တော့ စကားစပြတ်သွားခဲ့ကြသည်။ ရေ နွေးကြမ်းနှင့် အမြည်းနှင့် အလုပ်ရှုပ်သွားခဲ့ကြသည်။





ယခုအချိန်တွင် ကောင်းထက်နှင့် သဇင်နွယ်တို့သည် ရင်းနှီးရုံသာမက တစ်ယောက်နှင့်တစ်ယောက် စကၠူရှုပေန သံဝါ သ ဆိုသည့်စကားအတိုင်း မျက်လုံးချင်းစကားများစွာ ပြောနေခဲ့ ကြလေပြီ။ ကောင်းထက်၏နှုတ်က ဖွင့်ပြီးမပြောသေးရုံသာ ကျန် တော့သည်။

''ဒါနဲ့ ကိုကောင်းထက် . . . တစ်ခါ တစ်ခါမှာ ရွာက ပျောက် ပျောက်သွားခဲ့တယ်နော်၊ ဘယ်ကို သွားသွားနေတာလဲ''

သဇင်နွယ်က ထိုသို့မေးလိုက်သဖြင့် သောက်လက်စ ရေနွေးသီးတော့မတတ် ဖြစ်သွားခဲ့ရသည်။ တိုက်ဆိုင်မှုလား ဘာလား မသိ။

''ဩော် . . . ဒါလား၊ ကျွန်တော် ကျောင်းဆက်တက်ဖို့ ကိစ္စ ရန်ကုန်မှာ သွားစုံစမ်းနေရတာပါ၊ ပြီးတော့ တခြား ဘာ ဘာညာညာကိစ္စလေးတွေလည်း ရှိလို့ဆိုပါတော့''

ထိုစဉ် သူကြီးဦးတက်ပြားဆီကို ရွာသားတစ်ယောက် ရောက်လာသည်။

''သူကြီး . . . သွားကြမယ်လေ၊ တော်ကြာ အစည်းအ ဝေးက စတော့မှာ''

''အေးပါကွာ . . . သွားကြတာပေါ့၊ အချိန်က လိုပါသေး တယ်ကွ၊ ကဲ မောင်ကောင်းထက်ရေ . . . ငါတို့ ရွာမကြီးဘက်ကို သွားလိုက်ဦးမယ်၊ ဒီနေ့ ရပ်ရေးရွာရေးအတွက် အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ကွဲ့၊ မင်းနဲ့မနဲ့ စကားပြောနေရစ်ခဲ့ဦး''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

ရွာမကြီးဆိုသည်မှာ ကျောက်သလင်းရွာကို ပြောခြင်းဖြစ်သည်။ ဦးတက်ပြားသည် အနောက်စုတွင် လက်ထောက်သူကြီး ဖြစ်သည်။ ဦးတက်ပြားနှင့် ရွာသားတို့ ရွာမကြီးသို့ ထွက်သွားကြသည်။ အိမ်တွင် ကောင်းထက်နှင့် သဇင်နွယ်တို့သာလျှင် ကျန်ရစ်ခဲ့ကြလေသည်။

''နွယ်က ကိုယ် ရွာမှာ ရှိ၊မရှိ သိနေတယ် . . . ဟုတ်လား''

''သိတာပေါ့ . . . ဒါပေမဲ့ ဘယ်သွားမှန်းသာ မသိတာ''

''ကိုယ် ရွာမှာမရှိတော့ သတိရနေတာပေါ့''

''အို . . . ဘာဆိုင်လို့လဲ၊ နွယ်က အနောက်စုကို လာနေကျလူ မလာတာကြာလို့ သတိထားပြီး အမှတ်ရသွားတာပါ''

သဇင်နွယ်၏မျက်နှာလေးသည် ရှက်ကိုးရှက်ကန်း အမူအရာလေး ဖြစ်သွားသည်။

''ကိုယ်ကတော့ ဘယ်ကိုပဲရောက်ရောက် နွယ့်ကို ရောက်တဲ့နေရာကနေ သတိရနေတယ်''

''ဟင် အို . . . ဒါ ဘာစကားလဲ''

''မသိချင်ယောင်ဆောင်မနေပါနဲ့ နွယ်ရယ် . . . နွယ့်ကို ကိုယ်ချစ်နေတယ်ဆိုတာ သိနေတယ်မဟုတ်လား၊ ကိုယ့်ကိုလည်း





ပြန်ပြီးတော့ ချစ်ပါနော်''

''အို . . . နွယ်နဲ့ကိုကောင်းထက်တို့က အသက်ငယ်ကြသေးတာ၊ ဒါမျိုးကို စဉ်းစားလို့ ဘယ်ဖြစ်မှာလဲ''

''ကိုယ်တို့ဟာ အရွယ်ရောက်နေကြပါပြီ နွယ်ရယ်၊ တစ်ယောက်အချစ်ကို တစ်ယောက်က နားလည်လို့ရပါပြီ၊ အပြန်အလှန်ပေးလို့လည်း ရပါပြီ၊ ကိုယ့်ကို ပြန်ချစ်ပါလား နွယ်''

''ဟွန်း . . . တော်တော် စကားတတ်တဲ့လူ၊ ကိုယ်လိုရာကို ဆွဲပြီးတော့ ပြောတတ်တယ်''

သဇင်နွယ်သည် မချိတရိအပြုံးလေးနှင့် ရှိနေသည်က ကောင်းထက်၏ ချစ်ခွင့်ပန်စကားကို နှလုံးသားထဲက လိုလိုလားလားနှင့် လက်ခံနေသလိုလို။

''ကိုယ့်ကို ယုံကြည်တယ်ဆိုရင် အဖြေပေးပါလားနွယ်''

''ခက်တယ် ကိုကောင်းထက်ရယ် . . . နွယ်က ချက်ချင်းပဲ အဖြေပေးရတော့မှာလား၊ စဉ်းစားချိန်တောင် မပေးတော့ဘူးလား''

''စဉ်းစားပါ စဉ်းစားပါ . . . အချိန်ယူပြီးတော့ စဉ်းစားပါ၊ ဒါပေမဲ့ အဖြေကတော့ ကိုယ်စိတ်ချမ်းသာရမယ့်အဖြေမျိုးပဲ ဖြစ်စေချင်တယ်နော်''

''အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားပါ့မယ် . . . အဟင်း ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



သဖင်နွယ်၏ မျက်ဝန်းစကား က အဖြေပေးပြီးသား ဖြစ်နေသည်ကို ကောင်းထက်မစဉ်းစားမိ။

✱

တာတီး၊ ဆင်ပေါက်၊ မောင်စပ်၊ စိုးရတို့အုပ်စုသည် ကိုယ့်ကိုယ်ကိုယ်လည်း မပြုပြင်၊ သူများက သတိပေး ဆုံးမစကား ပြောသည့်ကိုလည်း နားမဝင်ကြ။ ထန်းတောကို အပိုင်ရထားကြသူမို့ လုပ်ကိုင်စားသောက်ကြရင်း တစ်ဖက်ကလည်း ပါဏာတိပါတာ–သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါန်–ခိုးဝှက်ယူခြင်း၊ သုရာမေရယ–အရက်သေစာ မူးယစ်သောက်စားခြင်း စသည့်အလုပ်များနှင့်သာ လုံးထွေးပတ်ချာလည်လိုက်နေကြလေသည်။

"ဟေ့ကောင်တွေ တာတီးနဲ့ဆင်ပေါက် . . . မင်းတို့ကို ငါ ပြတ်ပြတ်သားသားပဲ သတိပေးမယ်၊ မင်းတို့ဟာ ရွာထဲက ခွေး၊ ကြောင်၊ ကြက်၊ ဘဲတွေကို သတ်ဖြတ်စားသောက်နေကြတာ ငါမသိဘူးများမှတ်လို့လား။ အိမ်မွေးတိရစ္ဆာန်တွေ ပျောက်လို့ လူတွေလည်း ပွစိပွစိ ဖြစ်နေကြပြီ၊ လက်ပူးလက်ကြပ်မိလို့ကတော့ မင်းတို့ နာပြီမှတ်"





"သူကြီးရယ် . . . လူတွေက ကျွန်တော်တို့ကို အထင်အမြင်သေးပြီးတော့ ပြောကြတာပါ၊ ကျွန်တော်တို့က ဒီအလုပ်မျိုးတွေ လုပ်ကြပါ့မလား"

"အေးလေ . . . ငါပြောခဲ့ပြီးပြီပဲ၊ မင်းတို့ ခုလို ပြောချင်ရာကိုပြော, ငြင်းချင်ရာကို ငြင်း၊ လက်ပူးလက်ကြပ်မိရင် မလွယ်ဘူးလို့"

သူကြီးဦးတက်ပြားက သူတို့ကို မကြာခဏပင် သတိပေးသည်။ သို့သော် လူဆိုသည်က ညာဉ်တစ်ခုကို စွဲမိပြီဆိုလျှင် လွယ်လွယ်နှင့် မဖြတ်တောက်နိုင်ကြ။

တာတီးတို့အုပ်စုကား ဆက်၍ မိုက်ပြီးရင်း မိုက်နေကြစမြဲ။ မည်မျှအထိ ဆိုးရွားလာကြသလဲဟုဆိုလျှင် ခွေးသား၊ ကြောင်သားကို ချက်ပြုတ်စားသောက်ကြရာ၌ ကျက်မှန်းမသိ မကျက်သေးမှန်းမသိဘဲနှင့် မဆင်ခြင်ကြဘဲ သည်အတိုင်း မူးမူးရူးရူးနှင့် စားသောက်ကြသည်။

ကြာလာသောအခါ ကိုယ်မသန့်ဖြစ်လာခဲ့ကြသည်၊ ယားယံလာခဲ့ကြသည်၊ အရေပြားပေါ်မှာ အကွက်အပြောက်များ ဖြစ်လာခဲ့ကြသည်။

"ဟာ . . . ငါ့ကိုယ်ပေါ်မှာ ဘာတွေထွက်လာခဲ့တာပါလိမ့်"

ယားယံလွန်း၍ ကုတ်လွန်းမက ကုတ်သောအခါ အမှာ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ပြီး ပြည်တရွဲရွဲနှင့် ထွက်လာကြသည်။ မျက်နှာပေါ်မှာလည်း ထို့အတူပင်။ အဖုအပိမ့်ကြီးများ ထွက်လာကြကာ ရောင်ကိုင်းလာခဲ့ကြသည်။

ပထမသော် သာမန်အနာဟုပဲ ထင်မိကြပြီး ဟိုဆေးသည်ဆေး ထည့်ကြသည်။ သို့သော် တစ်နေ့တခြား ပို၍ဆိုးဆိုးလာခဲ့လေရာ နောက်ဆုံးမှာတော့ ကိုယ်ပျက်ကုန်ကြရသည်။ ထိုအခါကျမှ ဣဋ္ဌနူနာရောဂါ စွဲကပ်ခဲ့ကြပြီဖြစ်ကြောင်း သိကြရလေတော့သည်။

''ငါ ငါတို့ ကိုယ်ပျက်သွားကြပြီ . . . ကယ်ကြပါဦးဗျာ''

ယခုမှပင် သွေးပျက်ကာ ကယ်ပါယူပါ တစာစာနှင့်ဖြစ်ကုန်ကြရသည်။ ရွာမှလည်း သူတို့ကို မသတီကြတော့။ ရွံရှာဖွယ်ရာအဖြစ် သဘောထားကုန်ကြလေပြီ။

''ဒီလိုရောဂါမျိုးဖြစ်နေကြမှတော့ ရွာထဲမှာထားလို့ မဖြစ်တော့ဘူး၊ ရွာနာတယ်''

ထို့ကြောင့် သူတို့အုပ်စုကို ရွာပြင်သို့ ပို့လိုက်ကြသည်။ ရွာပြင်ဆိုသည်ကလည်း ရွာနှင့်အတန်ငယ်ဝေးသည့်နေရာ။

''ခွေးထက်မိုက်ကြတဲ့ကောင်တွေ၊ အတန်တန် သတိပေးပါလျက်နဲ့ စကားနားမထောင်ကြဘူး၊ ခုတော့ လူတောထဲကို မတိုးနိုင်ကြဟဲ့ဘဝကို ရောက်ကြရပြီ၊ ဘယ်သူကမှ မကယ်နိုင်ကြတော့ဘူး''

---

**ရွှေစကားစာပေ**

---



သူကြီးဦးတက်ပြားမှာ တဖျစ်တောက်တောက်နှင့် ယူကျုံးမရ ဖြစ်နေသည်။ တာတီးတို့လူစုမှာ အလုပ်အကိုင်မဲ့၊ စားရသောက်ရမဲ့ဘဝနှင့် ဒုက္ခတွေ လုံးလည်ချာလည် လိုက်နေလေတော့သည်။

သို့သော် ရွာက သူတို့ကို ပစ်မထားကြပါ။ အစားအစာများ တတ်နိုင်သလောက် ပေးကမ်းထောက်ပံ့ကြသည်။ ဆန်၊ ဆီ၊ ဆားကမှအစ တစ်အိမ်ကို နည်းနည်းချင်းစီ တတ်နိုင်သလောက် ပေးကမ်းကြသည်။ ဤသို့ဖြင့် သူတို့အုပ်စုသည် သက်ဆိုးရှည်ကာ သေသည့်တိုင် လူဖြစ်ရှုံးဘဝဖြင့် နေသွားကြရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

## အဝိဇ္ဇာအမှောင်ဖုံးလို့

ထိုအချိန်အခါက ယင်းနယ်တစ်ပိုက်တွင် ထူးဆန်းသော၊ ထူးခြားသောအခြေအနေများ ဖြစ်ပေါ်လျက်ရှိသည်။ ဒုစရိုက်သမားများ၊ ငါးပါးသီလကို ကျူးလွန်ဖောက်ဖျက်ကြသောသူများကို ဆုံးမရန် **ငရဲပြည်မှ ရောက်လာသူတစ်ဦး** ရယ်ဟု **အကျော်ဇေယျ** ဖြစ်နေခြင်းပင်။ ငရဲတွင်းကြီးထဲကို ဆင်းသွားကြရသူများ၊ တွင်းထဲဆွဲချခါနီးဆဲဆဲမှာ လွတ်မြောက်လာကြသူများက ပြန်ပြီးတော့ပြောပြချက်အရ သိသွားခဲ့ကြရသူများ။

"သူရောက်လာရင် နေ့ခင်းကြောင်တောင်ကြီးပဲဖြစ်ဖြစ်ချက်ချင်းလိုလို မှောင်ကျသွားခဲ့တာပဲ၊ သူခေါ်ရမယ့်လူ ဘယ်လမ်းကနေ လာမယ်ဆိုတာကိုလည်း သိနေတယ်၊ သူ အဲဒီလမ်းက စောင့်ကြိုနေပြီး သူ့နောက်မှာ ငရဲတွင်းကြီးကလည်း မီးဟုန်းဟုန်း တောက်လောင်နေတယ်"

"ခင်ဗျား သူ့လက်ထဲက ဘယ်လိုကြောင့်လွတ်မြောက်လာခဲ့တာလဲ"

"ဒီလိုဗျာ ... ပြောရမှာလည်း ရှက်စရာ၊ ဒါပေမဲ့ကျွန်တော့်လိုလူစားတွေ အချိန်မီ နောင်တရစေဖို့အတွက် ပြုပြင်နိုင်ဖို့ ပြောပြမှဖြစ်မယ်ဆိုတာကို သိနေတယ်၊ ကျွန်တော်ကသူ့အပေါ်မှာ မကောင်းခဲ့ဘူး၊ လုပ်ကိုင်ရှာဖွေ ကျွေးမွေးခြင်းမရှိခဲ့ဘူး ...၊

ဒါ့အပြင် ပိုပြီးတော့ဆိုးတာက အလိမ္မာဇနီးကို နေ့စဉ်ရိုက်နှက်တယ်၊ သောက်စားဖို့အတွက် ငွေကြေးကို အဓမ္မလုယက်ပြီးတော့ ယူတယ်၊ ဒါ့ထက်ဆိုးတာက ရှိသေးတယ်"

"ဆိုပါဦး"

"ကာမပိုင်ရှိတဲ့မိန်းမတွေနဲ့ ငြိစွန်းတယ်၊ ဖောက်ပြားတယ်၊ ကျွန်တော့ဇနီးက ဒါတွေကိုသိပေမယ့် လင်ကိုကြောက်လို့မမေးရဲဘူး၊ မစွပ်စွဲရဲဘူး၊ မချိတဲ့မျက်နှာပေးလေးနဲ့ ကြည့်နေတတ်တယ် ...၊

ပြန်တွေးရင် သနားလိုက်တာဗျာ ... သူ့ခမျာ ဘယ်လောက်အထိ ခံပြင်းရှာမလဲ၊ လင်သားရဲ့ အကြင်နာကိုလည်းမရ၊ အရိုက်အနက်လည်း ခံရ၊ သူရှာထားတဲ့ ငွေကြေးကိုလည်း





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သုံးဖြုန်းဖို့ ပြန်ပေးရနဲ့၊ ဒီကြားထဲမှာ လင်သားဖြစ်သူက ကာမေသုအမှုတွေကို ကျူးလွန်နေတယ်ဆိုတော့ အဖက်ဖက်က ဆုံးရှုံးနေရရှာတယ်လေ''

''သူက ခင်ဗျားကို ကွာရှင်းမယ်လို့ မပြောဘူးလား''

''မပြောဘူး၊ ဘယ်ပြောမလဲဗျာ . . . ကျွန်တော့်ကို သိပ်ချစ်ရှာတာဗျ၊ ကျွန်တော့်ဘက်က အပြစ်အမျိုးမျိုး ကျူးလွန်ထားပေမယ့် သူ့ခမျာ မျက်ရည်အဖော်ပြုပြီး သည်းခံစိတ်နဲ့ ပေါင်းသင်းနေရရှာတာပါ''

''မိဘကို လုပ်ကျွေးတဲ့သူ၊ သားမယား မိသားစုကို လုပ်ကျွေးတဲ့သူကို သိကြားမင်းကတောင် နေ့တိုင်း ရှိခိုးရတယ်တဲ့၊ ခင်ဗျားလိုလူမျိုးဆိုရင် သိကြားမင်းက ဘယ်လောက်တောင် မြင်ပြင်းကတ်နေမလဲ''

''မညှာပါနဲ့ဗျာ . . . သိကြားမင်းက ကျွန်တော့်လိုလူမျိုးကို တံတွေးနဲ့တောင် လှမ်းမထွေးချင်ဘူးလို့ ပက်ပက်စက်စက်သာ ပြောလိုက်ပါ ကိုယ့်လူရာ''

''ခင်ဗျား အမြင်မှန်ရခဲ့တာက မင်္ဂလာတစ်ပါးပါ၊ အပြစ်ကို ဝန်ခံတာကလည်း ကောင်းစိတ်အခံလေးရှိနေလို့ပေါ့၊ အရင်က ဒီလိုဖြစ်ရတာတွေဟာ မကောင်းတဲ့နတ်ဆိုးတွေက တိုက်တွန်းလို့ ဖြစ်ရတယ်ဆိုတာလို့ပဲ မှတ်ယူလိုက်ပါဗျာ၊ လူ့ကိုယ်မှာ ကောင်းတဲ့နတ်က ညာဘက်လက်မောင်းမှာ တစ်ကျိတ်၊ ဘယ်





ဘက်လက်မောင်းမှာ တစ်ကျိတ်ရှိတယ်လို့ ဆိုကြတယ် မဟုတ်လား''

''ခုလို အားပေးတော့လည်း ပြောအားရှိတယ်ပေါ့ဗျာ၊ ကျွန်တော် တွေ့ကြုံခဲ့ရတာကတော့ ဒီလိုပါ''

ထိုသူသည် ရောဂဝက လာသူနှင့်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အောက်ပါအတိုင်း ပြန်ပြီးတော့ ပြောပြလေသည်။

*

**စံငွေ** သည် အပျော်အပါးကို လိုက်စားရင်း လက်ထဲမှာ ငွေပြတ်သွားသည်နှင့် အိမ်ကိုပြန်လာခဲ့သည်။

''ကျော့မေ ဆီက ငွေဝင်တောင်းမယ်၊ ပြီးတော့မှ တစ်ခေါက်ပြန်ထွက်မယ်၊ မနေ့က ငါ ငွေတောင်းတာ နွားမသလို ကန်တန်တန် လုပ်နေတယ်၊ ဒီကနေ့လည်း အဲသလိုလုပ်ရင် ငါနဲ့တွေ့မယ်''

စိတ်ထဲကနေ ကြိမ်းဝါးရင်း လျှောက်လာခဲ့သည်။ ငွေလိုနေသည်။ အိမ်ကိုအမြန်ဆုံးပြန်ရောက်ရန် တောလမ်းကနေ ဖြတ်လျှောက်လိုသောဆန္ဒက ဖြစ်ပေါ်လာခဲ့သည်။ ခါတိုင်းတော



www.burmeseclassic.com

www.burmeseclassic.com



လမ်းကို သူ,မသုံးပါ။ ဤသို့ဖြင့် ဖြတ်လျှောက်လာနေလေရာ ခေါင်းထဲမှာ မိုက်ခနဲဆိုဖြစ်သွားခဲ့ရသည်။ ဝန်းကျင်သည်လည်း အမှောင်က တစ်လွှာပြီးတစ်လွှာ ကျလာခဲ့သည်။

"ဟင် ... ဒီအချိန်ကြီး ဘယ့်နှယ် အမှောင်ရိပ်က သန်းလာခဲ့တာပါလိမ့်၊ နေပဲ လှည့်နေတာများလား"

အံ့အားတသင့်ဖြင့် ရှိနေဆဲမှာပင် ...

'ဝုစ်'

"အား"

သူ့လည်ပင်းကို ရှည်လျားသော အရာတစ်ခုက လာပြီးတော့ ရစ်ပတ်လိုက်လေသည်။ စံငွေလည်း လန့်ပြီးတော့ အော်မိလိုက်သည်။ မြွေတစ်ကောင်ဟုလည်း ထင်မိလိုက်သည်။ ထို့ကြောင့် လည်ပင်းမှာပတ်နေသောအရာကို လက်နှင့်ဆွဲပြီး ဖြည်ရန် အားထုတ်လိုက်စဉ်မှာပင် ဆောင့်ဆွဲခြင်းခံလိုက်ရသည်။

"အား ... အစ် အစ် အစ်"

ကြီးမားသောအင်အားနှင့် ဆောင့်ဆွဲလိုက်ခြင်းကြောင့် တရွတ်တိုက်ပင် ပါသွားခဲ့လေသည်။ အရှိန်ကြောင့် လဲကျမသွားစေရန် သတိကြီးစွာပင် ထားလိုက်ရလေသည်။ တောနက်ထဲသို့ တော်တော်ကလေးပင် ပါသွားသည်။

တစ်နေရာကိုအရောက်တွင် လည်ပင်းမှာ ဆွဲထားသော အရာက တန့်ခနဲဆို ဖြစ်သွားခဲ့ရသည်။ ထိုအခါ နေရာမှထွက်ပြေး





ရန် လည်ပင်းတွင် ရစ်ပတ်ထားသောအရာကို လက်နှင့်ဖြုတ်မည်ပြုသည်။

"မင်း ဖြုတ်ဖို့ မကြိုးစားပါနဲ့"

အသံတစ်သံက အမှတ်မထင် ထွက်ပေါ်လာခဲ့လေသည်။ သာမန်လူတစ်ယောက်၏အသံမျိုး မဟုတ်ဘဲ မာကျောသော လေသံ။ အသံသြဇာ အပြည့်ပါရှိသည်။

ထို့အပြင် တစ်ခါကြားမိလိုက်ရုံနှင့် ကျောထဲတွင် စိမ့်ပြီးတော့တက်သွားခဲ့သည့် ခံစားမှုမျိုးကို ရရှိသွားနိုင်သည်။ သရဲလား၊ တစ္ဆေလား။ ဤနေရာတွင် ကျက်စားနေသော မြေဖုတ်ဘီလူးလို အကောင်မျိုးများလား။ သူ တွေးပြီးတော့ကြောက်သွားခဲ့ရသည်။ **အသံရှင်** ကိုတော့ မမြင်ရ။

သူ့လည်ပင်းကို ရစ်ပတ်ထားသော ကြိုးသည် ရှည်လျားသည်။ အမှောင်ထဲသို့ တိုးဝင်ကာ ပျောက်ကွယ်လျက်ရှိနေသည်။

စံငွေသည် ကြိုးကို မဖြုတ်ရဲတော့ပေ။ ကြိုးမဟုတ်ပါ၊ ရှည်လျားသော ကျာပွတ်တစ်ချောင်းသာလျှင် ဖြစ်သည်။ စိတ်ထဲမှာတော့ တစ္ဆေသရဲတွေအသုံးပြုသော **လက်နက်တစ်ခု** ဟု သာလျှင် ထင်မြင်လာမိသည်။

"ဌါ ငါ့ကို တစ္ဆေသရဲတွေကများ ဖမ်းထားတာလား"

တွေးပြီးတော့ ကြောက်လာမိသည်။ နေရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားရဲ၊ မရွေ့လျားရဲတော့ပေ။ ကြိုးသွားသည့်နေရာကိုသာ မှန်းဆပြီးတော့ ကြည့်နေမိဆဲမှာပင် အမှောင်ထဲမှာ လင်းခနဲ၊ လက်ခနဲနှင့် ထွက်ပေါ်လာသည်။

အလင်းလုံးနှစ်ခုသည် လောက်စာလုံးအရွယ်မျှသာ ရှိသည်။ သူ့ဆီကို တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့လေသည်။ သို့တိုင် လည်ပင်းမှာရစ်ပတ်ထားသော ကြိုးကတော့ လျော့မသွား။

ကြည့်နေရင်းကပင် ထိုအလင်းလုံးနှစ်လုံးသည် သူနှင့် နီးလာခဲ့ရင်းက သဏ္ဌာန်တစ်ခုကလည်း ပေါ်လာခဲ့ရလေသည်။ ဆယ်ပေအကွာလောက်မှာ ရပ်တံ့သွားခဲ့သည်။ လူတစ်ယောက်ပင်တည်း။ သို့သော် အနက်ရောင်အဝတ်အစားများကို ဝတ်ဆင်ထားသူ၊ ဦးထုပ်အချွန်ကို ဆောင်းထားသူ၊ မျက်လုံးနှစ်လုံးကလည်း အားကောင်းကာ စူးလက်နေသည်။ ညာဘက်မျက်လုံးက အနည်းငယ်ပိုပြီးတော့ ကြီးသယောင်ထင်မိရသည်။ သို့သော် မျက်နှာကိုတော့ ပြတ်သားစွာ မမြင်နိုင်ပါ။

စံငွေသည် ကြည့်နေရင်းကပင်လျှင် အံ့အားသင့်လာသည်၊ မျက်လုံးပြူးလာသည်၊ ကြောက်လာသည်။

"သင်း သင်းဟာ . . . လူကွေပြောပြောနေကြတဲ့ ဟိုဟိုလူ . . . ငရဲကလာတဲ့လူများ ဖြစ်နေမလား"

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် တစ်ကိုယ်လုံးရှိ အကြော





အခြင်များက တောင့်တင်းသွားခဲ့ရသည်။ လေဖြတ်ချင်သလိုလိုပင် ဖြစ်သွားခဲ့ရလေသည်။

"မင်း ငါ ဘယ်သူလဲဆိုတာ ခန့်မှန်းမိတယ် မဟုတ်လား"

စကားလုံးတစ်လုံးချင်း တိခနဲ တိခနဲ ပြတ်တောက်သွားသည်။ ဓားထက်ထက်နှင့် ပိုင်းချလိုက်သလိုပင်။ တစ်လုံးချင်း တစ်ချက်ချင်း ခုတ်ချပစ်လိုက်သော ကျွမ်းကျင်သော ဓားသမား၏ အပြုအမူအတိုင်း။

"င ငရဲက လာတဲ့သူမဟုတ်လား"

မထူးတော့ပြီဖြစ်၍ ထိုအတိုင်းပင် ပြန်ပြီးတော့ မေးမိလိုက်လေသည်။

"ငါ့အမေးဟာ မင်းရဲ့အမေး ပြန်ဖြစ်သွားတာကိုး၊ ဟုတ်တယ် . . . ငါဟာ ရောရုဝကလာတဲ့ စေတမန်ပဲ၊ နေဦး . . . မင်းရဲ့အပြစ်တွေကို ငါ တစ်ခုချင်း ပြောပြမယ်"

ထိုသူ၏လက်ထဲသို့ စာအုပ်နက်ကြီးတစ်ခုက ပဥ္စလက်ပြလိုက်သလို ရောက်လာခဲ့သည်။ စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက်လှန်သည်။ တစ်နေရာကိုအရောက်တွင် . . .

"အင်း . . . ဟုတ်ပြီ၊ ဒီမှာ အပြစ်သား စံငွေ၊ ဖနီးဖြစ်သူ ကျော့မေကို နှိပ်စက်ခြင်း၊ လင်သားပီပီ လုပ်ကိုင်ကျွေးမွေးမှု မပြုခြင်း၊ ဖနီးရှာဖွေထားသော ရွှေးနဲ့စာကို မတရားယူ၍



www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာ သောက်စားခြင်း၊ လောင်းကစားမှုပြုလုပ်ခြင်း၊ ဒို့ထက်ဆိုးတာက ရှိသေးတယ် ... ဘာပါလိမ့်၊ စံငွေသည် ကာမပိုင်ရှိသော အမျိုးသမီးတချို့နှင့် ဖောက်ပြန်သောအမှုကို ကျူးလွန်ခြင်းဆိုပါလား၊ ကျွတ် ကျွတ် ... ကောင်းကွက်တစ်ခုမှ မရှိပါလား ...၊

အေးလေ ... ဒါကြောင့်မို့လည်း ရစရာမရှိအောင် ယုတ်မာဆိုးသွမ်းနေတဲ့လူတစ်ယောက်ကို ငရဲပြည် က အလိုရှိနေတာပေါ့၊ ကိုင်း ... မင်းဘာပြောချင်သေးသလဲ''

စံငွေသည် သူ့အပြစ်တွေကို စာအုပ်နက်ကြီးထဲမှာ မှတ်သားထား၍ အံ့အားသင့်နေမိသည်။ လူတစ်ဦးစီ၏ ကိုယ်ရေးမှတ်တမ်းသည် ငရဲပြည်ကစာအုပ်ကြီးထဲမှာ အတိအကျ မှတ်သားထားသည်ဟု ဆိုစကားများသည် ယခုတော့ တကယ်မှန်နေပါလား။

''ဟုတ် ဟုတ်ပါတယ် ... ကျွန်တော် အဲဒီအပြစ်တွေကို ကျူးလွန်မိခဲ့ပါတယ်၊ ဒါပေမဲ့ အချိန်မီ ပြုပြင်ပါတော့မယ်၊ ငရဲပြည်ကိုတော့ မခေါ်ပါနဲ့၊ ကြောက် ကြောက်လွန်းလို့ပါ''

စံငွေက တုန်ယင်စွာဖြင့် တောင်းပန်သည်။ ထိုသူက ခေါင်းကို ခါယမ်းလိုက်သည်။

''မရတော့ဘူး ... လွန်နေပြီ၊ ငါ အထက်ကအမိန့်ကို အတိအကျ လိုက်နာပြီး ဆောင်ရွက်ရတော့မယ်၊ စကားအပိုတွေ





ပြောဖို့ အချိန်မရှိဘူး၊ စာအုပ်ကြီးထဲက စာရင်းအရ မင်းလိုလူစားယောက်ျား မိန်းမတွေဆီကို သွားရဦးမယ်၊ ဒီနေ့ စာရင်းအရ သူတို့ကို ရောရုဝအထိ အပါခေါ်ဖို့ စီစဉ်ရဦးမယ် ... ကိုင်း''

ထိုသူက ''ကိုင်း'' ဟု ဆိုလိုက်သည်နှင့် ...

'ဝုန်း'

အတော်ခပ်လှမ်းလှမ်းနေရာမှ ဝုန်းခနဲဆို အသံကြီး တစ်ခု ထွက်ပေါ်လာခဲ့လေသည်။ မြေကြီးအောက်မှထွက်လာသော မီးတောက်မီးလျှံကြီးများ၊ တဟုန်းဟုန်းနှင့် တောက်လောင်လျက်ရှိသည်။ စံငွေ အံ့အားတသင့်နှင့် ကြည့်နေရင်း ...

''အင့် ... အား''

ထိုသူသည် ကျာပွတ်ကို ဆောင့်ဆွဲလိုက်လေသည်။ လည်ပင်းအစ်ကာ အသက်ရှူမရဖြစ်ပြီး ရှေ့ကိုပါသွားခဲ့လေသည်။

''မ မလုပ်ပါနဲ့၊ ဒီလိုမလုပ်ပါနဲ့ ... ကြောက်ပါတယ်၊ လွှတ်ပေးပါ၊ နောင်တရပါပြီ၊ နောက်ကို ဒီလိုမကောင်းမှုမျိုးတွေကို မကျူးလွန်တော့ပါဘူး၊ လိမ္မာပါတော့မယ်''

စံငွေသည် တရွတ်တိုက်ပါသွားရင်းက အကြောက်အကန်ပင် တောင်းပန်သည်၊ ရုန်းသည်၊ နောက်ပြန်ရုန်းသည်။ သို့သော် ထိုသူသည် ဆင်ပြောင်ကြီးဆယ်စီးမက အားသန်သည်။ ကျာပွတ်ကို လက်တစ်ဖက်တည်းနှင့်ဆွဲကာ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တဟုန်းဟုန်းနှင့် တောက်လောင်နေသော မီးတောက်မီးလျှံကြီးများကား တဟီးဟီး တဟဲဟဲနှင့် ထူးဆန်းသောအသံများမြည်ကာ စံငွေကို ဝါးမျိုရန် ကြိုးဆိုလျှက်ရှိနေလေပြီ။

"လုပ် လုပ်ကြပါဦး၊ ကယ်ကြပါဦးဗျ၊ အောင်မယ်လေး . . . အဝေးကနေနေတာတောင် ပူလောင်လှချည်ရဲ့ . . . ဟီး"

စံငွေသည် သွေးပျက်ဘနန်းဖြစ်ကာ အော်ဟစ်ရုန်းကန်နေလေတော့သည်။

"ကျွန် ကျွန်တော့်ကို အချိန်ပေးပါ၊ အချိန်ပေးပါ **မရဏစေတမန်ကြီး** ရယ်၊ ကျွန်တော့်ကို ပြုပြင်ဖို့ အချိန်ရှိပါသေးတယ်၊ ပြုပြင်ခွင့်ပေးပါ၊ တကယ်လို့သာ နောက်ပိုင်းမှာ ကောင်းအောင်မနေခဲ့ရင် ကြိုက်သလိုလုပ်ပါ၊ အပိဗ္ဗာအမှောင်ဖုံးလို့ မိုက်ခဲ့တာ၊ လီမွှာအောင်ပြုပြင်ဖို့လည်း အချိန်ရှိပါသေးတယ်ဗျာ"

"ဘာ . . . အပိဗ္ဗာ အမှောင်ဖုံးလို့ . . . ဟုတ်လား၊ မင်း တော်တော်ပြောတတ်တဲ့ကောင်၊ အဲဒီလို အမှောင်မဖုံးအောင် နဂိုကတည်းက အသိတရားထားရတယ်ကွ၊ ခုမှ လာပြီးတော့ ပြောမနေနဲ့"

ထိုသူသည် စံငွေကို တရွတ်တိုက်ပင် ဆွဲခေါ်သွားသည်။ မီးပုံကြီးနှင့်လည်း နီးသထက် နီးလာခဲ့လေပြီ။ ထိုအခါ စံငွေသည် အပူရှိန်ဟပ်မှုကို ပိုပြီးတော့ ခံစားလာခဲ့ရသည်။

"အား . . . ပူလိုက်တာ ပူလိုက်တာ၊ သူကတော့ ဘယ်





လိုမှ ခံစားရတဲ့ပုံ မပေါ်ပါလား၊ အေးလေ . . . ငရဲကလာတဲ့လူပြာပူမကြောက်ဆိုသလိုပဲ၊ ဒီအပူရှိန်လောက်ကိုတော့ ဘယ်မှုပ့ါမလဲ"

ထိုသူ့အတွက်ပင် ပြန်ပြီးတော့ တွေးမိလိုက်သေးသည်။

"အေး . . . ဒီအပူလောက်ကို ငါက စာမဖွဲ့ဘူးကွ၊ ဒီအပူလောက်ကို မင်းခံစားရတာကလည်း ဘာမှမဟုတ်သေးဘူး၊ ရောရုဝကျမှ မင်း ကောင်းကောင်းသိမယ်၊ သည့်ထက် အဆတစ်ထောင်၊ တစ်သောင်းမက ပိုပြီးတော့ ပြင်းတယ်"

"ဟင် . . . ငါ အတွေးကို သူက သိနေတာပါလား၊ မဖြစ်ဘူး မဖြစ်ဘူး . . . ငါ သူ့ကို တောင်းပန်မှ၊ ဒီအတိုင်းဆိုရင် ငါ ငရဲကို အရှင်လတ်လတ် ကျသွားလိမ့်မယ်၊ ဒီ ဒီမှာ . . . ကျွန်တော့်ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါဗျာ၊ ဒီကနေ့ကစပြီး မဟုတ်တာတွေ ဘာမှမလုပ်တော့ပါဘူး၊ မိန်းမအပေါ်မှာ သစ္စာရှိပါတော့မယ်၊ သူ့ကိုလည်း ဝန်ချတောင်းပန်ပြီး အလုပ်လုပ်ကျွေးပါတော့မယ်"

စံငွေသည် တရွတ်တိုက်ပါသွားရင်းက လက်အုပ်ချီကာ တောင်းပန်နေသည်။

"မင်းက ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ ဖြစ်မှာပါ၊ ဘယ်တော့မှ လိမ္မာမယ့်ကောင် မဟုတ်ဘူး၊ လာခဲ့ . . . မင်း ဒီကနေ့ လူ့ပြည်မှာ ပွဲသိမ်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အတင်းပင် ဆောင့်ဆွဲပြီးတော့ ခေါ်နေလေရာ စံငွေမှာ မျက်လုံးမျက်ဆန်ပြူးကာ တောင့်ခံမနေနိုင်တော့ဘဲ ပါသွားခဲ့လေ၏။

မီးရှိန်က နီးလာလေလေ ပိုပြီးတော့ ဟပ်လာလေလေ ဖြစ်သည်။ ထိုအခါ စံငွေလည်း အကြောက်ကြီးကြောက်ကာ တောင့်ခံမထားနိုင်တော့ဘဲ ပျော့ခွေကာ ကျသွားခဲ့လေ၏။

''ကျွန် ကျွန်တော့်ကို အချိန်ပေးပါ၊ တကယ်ကို နောင်တရပါပြီ၊ သားမယားကိုလည်း လုပ်ကျွေးပါ့မယ်၊ လူမှုရေးဖောက်ပြန်မှုတွေလည်း မလုပ်တော့ပါဘူး . . . စောင့်ကြည့်ပါ၊ စောင့်ကြည့်ပေးပါ''

ပက်လက်အနေအထားဖြင့် ရှိနေသော စံငွေကို ထိုသူက အပေါ်မှနေ၍ ငုံ့ကာကြည့်နေသည်။

''မင်းကိုကြည့်ရတာ တကယ်နောင်တရနေသလိုပဲ၊ ငါက ပြောရင်ပြောသလိုလုပ်တတ်တယ်၊ အေး . . . ဒီအတိုင်းဆိုရင် မင်းကိုတော့ စာရင်းပြင်ရလိမ့်မယ်၊ ငါ အချိန်ပေးမယ်၊ မင်း အပြောနဲ့အလုပ် ညီ့မညီ ငါစောင့်ကြည့်နေမယ်၊ မဟုတ်ရင်တော့ ဒီတစ်ကြိမ် လုံးဝ ခွင့်မလွှတ်တော့ဘူးမှတ်''

''ကျေး ကျေးဇူးတင်လိုက်တာဗျာ . . . ခုလို အခွင့်အရေးပေးတာ၊ စောင့်ကြည့်နေပါ . . . ကတိတည်ရပါ့စေမယ်၊ ကျွန် ကျွန်တော် လိမ္မာပါတော့မယ်''

ရွှေဝကားစာပေ



စံငွေသည် ထိုသူ့ကို ကျေးဇူးတင်စွာ ပြောနေရင်းက မျက်လုံးတွေက မှုန်ဝါးဝါးဖြစ်လာကာ နောက်ဆုံးမှာတော့ သတိလစ်သွားခဲ့လေသည်။

ဤကား စံငွေက ပြန်ပြောင်းပြောပြခဲ့သော ကိုယ်တွေ့အကြောင်းအရာများပင်တည်း။ ယခုသော် စံငွေသည် ယခင်စံငွေမဟုတ်တော့။ အကျင့်စာရိတ္တကအစ ပြုပြင်ကာ လမ်းမှန်ကို ရောက်သွားခဲ့လေပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## နတ်ဆိုးကို စိန်ခေါ်သူများ

ကုလားဖြူနယ်ချဲ့များသည် မြန်မာပြည်ကို မတရားကျူးကျော်ကာ သိမ်းပိုက်ပြီး အုပ်ချုပ်နေကြစဉ်ကာလ . . .

တိုင်းရင်းသားပြည်သူများသည် ကိုယ့်ပြည်ကိုယ့်မြေကို ကျူးကျော်ဝင်ရောက်လာခဲ့ကြသော နယ်ချဲ့တို့ကို လုံးဝမကျေနပ်ကြပါ။ အချိန်တန်လျှင် သင်းတို့ကို မြန်မာ့မြေက အပြီးမောင်းထုတ်ပစ်နိုင်မည်ဟု ယုံကြည်ချက်အပြည့် ရှိနေကြသည်။

ထိုအထဲတွင် ကုလားဖြူနယ်ချဲ့တို့ကို သိသာစွာအနှောင့်အယှက်ပေးနေသော ဖြစ်ရပ်များက ကြိုကြားကြိုကြားပင် ထွက်ပေါ်လာလျက်ရှိသည်။ ယင်းကား စေတန်ဟူသော နတ်ဆိုးက တစ်ခါတစ်ခါမှာ ကောင်းစွာနှိပ်စက်တတ်သောကြောင့်ပင်တည်း။





တစ်ခါကလည်း တောတွင်းသို့ ဝင်ရောက်သွားကြသော ကုလားဖြူမုဆိုးတို့ကို စေတန်နတ်ဆိုးက မထင်မှတ်သောနေရာက ရောက်လာပြီး ဟန့်တားသည်။

"တောက် . . . ဒီကနေ့မှ တောကောင်တွေက ထွက်မလာဘူး၊ ဒါ စေတန်နတ်ဆိုးရဲ့လက်ချက်ပဲ နေမှာပဲ၊ တော်တော့ကို အကျင့်ပုပ်တယ်"

"ဟုတ်တယ် . . . ဟိုတစ်လောက ငါတို့ကို ဒုက္ခပေးခဲ့တာ စေတန်နတ်ဆိုးပဲ မဟုတ်လား၊ တပ်ကလူတွေ သေသူသေ, ကျေသူကျေနဲ့ ချောက်ထဲကျပြီး ဒုက္ခရောက်သွားကုန်ကြတာလေ"

"တွေ့စမ်းချင်တယ်ဗျာ . . . အဲဒီ နတ်ဆိုးဆိုတဲ့ကောင်နဲ့ အားလုံးကသာ သင်းကိုကြောက်နေကြတာ ငါဆိုတဲ့ကောင်က လုံးလုံးကို ဂရုမစိုက်ဘူး"

"ဟော့ကောင်တွေ . . . တောထဲမှာ မူးမူးရူးရူးနဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ အားလုံး ဒုက္ခရောက်ကုန်ကြမယ် . . . အပြောအဆို ဆင်ခြင်ကြစမ်း"

တော၏ဓလေ့ထုံးစံကို နည်းနည်းပါးပါးနားလည်သော ကုလားဖြူအကြပ်တစ်ယောက်က ငေါက်ငမ်းလိုက်သည်။ တစ်ခဏတော့ တိတ်သွားကြသည်။

"အလကားပါကွာ . . . ဒီလူက ဘာမဆိုကြောက်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ၊ သူ့အရိပ်တောင် သူ ပြန်ပြီးကြောက်နေတာ''

မကြားတကြားနဲ့ ပြန်ပြီးတော့ပြောကြသည်။ သားကောင်များကို တစ်ကောင်မှမတွေ့ရခြင်းသည် ထူးခြားမှုဖြစ်သော်လည်း ကံတရားကြောင့်လည်း ဖြစ်သည်။ ရှာခံမှုဆိုးလည်း တစ်ယောက်မှပါမလာ။ တောထဲကို တစ်ခေါက်လောက် ရောက်ဖူးခဲ့ကြသည်နှင့် လမ်းသိသည်၊ တောကျွမ်းသည်ဟု ထင်မှတ်ထားကြသူများ။ 'တကယ်တော့ ကုလားဖြူမုဆိုးဟူ၍ နှစ်ဦးတည်းသာ ပါလာခဲ့သည်။ ကျန်လူများသည် တောခြောက်ရန် လိုက်လာခဲ့ကြခြင်းပင်။

ထိုစဉ် တစ်ယောက်က တစ်ခုခုကို သတိပြုမိသွားသည်။

''ဟေ့ . . . တဖြည်းဖြည်းနဲ့ မှောင်လာသလိုပဲ၊ မင်းတို့ သတိထားမိကြရဲ့လား''

''ဟုတ်တယ် . . . မှောင်သွားတယ်၊ ဒါ ဘာဖြစ်သလဲ၊ သူ့ဘာသာသူ မှောင်ချင်လို့ မှောင်တာ''

စောစောကအထိတော့ နေပြောက်ထိုးနေသည်ကို မြင်နေရသေးသည်။ တောသဘာဝအရ ဖြစ်လေ့ဖြစ်ထ ရှိသော်လည်း ခုလိုမျိုးကျတော့ စိတ်ထဲမှာတစ်မျိုးပင် ဖြစ်သွားခဲ့ကြသည်။ ဘာကြောင့်ရယ်မသိ . . . နောက်ကိုပြန်ပြီးတော့ ဆုတ်ချင်စိတ်နှင့် စိတ်ချောက်ချားသွားခဲ့ကြရလေ၏။ ချက်ချင်းလိုလိုပင် သားကောင်များ၏အော်သံများကို ကြားလိုက်ကြရသည်။





'အူး ဝေါင်း'

'ဝူး အူး'

ကျားရိုင်းတို့၏အသံများ၊ ဆင်ရိုင်းတို့၏အသံများက ထွက်ပေါ်လာခဲ့ကြလေသည်။

''ဟေ့ ဟေ့ . . . ကျားသံ, ဆင်သံတွေပါလားကွ၊ အသံတွေက နေရာအနှံ့ပဲ၊ တော်တော်များပုံရတယ်''

အထိတ်တလန့် ဖြစ်သွားခဲ့ကြလေသည်။ မျက်စိသူငယ်နားသူငယ်နှင့် ဖြစ်ကုန်ကြသည်။ လေးဖက်လေးတန်မှ ဝိုင်းပြီးတော့ အော်ဟစ်နေကြသံများ။ အသံတွေက ပိုပြီးတော့ ကျယ်လောင်လာကြသည်။ တဖြည်းဖြည်းနှင့် နီးလာကြသည်။ ပါလာကြသောသူများသည်လည်း ချောက်ချားကုန်ကြသည်။ မုဆိုးနှစ်ယောက်သည်လည်း သေနတ်တွေ ဟိုချိန် သည်ချိန်နှင့် ဘာလုပ်ရမှန်းမသိကြ။

''လုပ် လုပ်ပါဦး . . . တောရိုင်းတိရစ္ဆာန်တွေ အလုံးလိုက် အရင်းလိုက် ရောက်လာကြကုန်ပြီထင်တယ်''

''ဟေ့ကောင်တွေ . . . မင်းတို့ မကြောက်ကြနဲ့၊ လာချင်သလောက် လာကြပါစေ . . . များများရောက်လာကြတော့ များများရတာပေါ့ကွာ၊ တစ်ကောင်ချင်းကို ပစ်သတ်ပြမယ်''

''မ မဟုတ်သေးဘူး၊ ဒါလောက်ကောင်ရေများတာ ခင်ဗျားတို့ ပစ်လို့နိုင်ပါ့မလား၊ ကျွန်တော်တို့ကို ဝိုင်းမထားနိုင်ဖ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီ ရှောင်တိမ်းထားနိုင်ရင် ကောင်းလိမ့်မယ်ထင်တယ်''

စောစောက တက်ကြွနေကြသောသူများ။ ခုတော့ သစ်ပင်ပေါ်ပဲ တက်ပြေးရတော့မလို၊ မြေပဲ လျှိုးရတော့မလို ဖြစ်သွားခဲ့ကြရသည်။

'ဝှစ် . . အစ် အစ် အစ်'

တောဝက်အော်သံများကလည်း ဆူဆူညံညံ။ ကောင်ရေ ရာနှင့်ချီပြီးတော့ လာနေကြသလား မှတ်ရသည်။ ဝက်ဝံအော်သံများ၊ မျောက်အုပ်ကြီး၏အူသံများကအစ ပါလာခဲ့ကြသည်။ အချို့ကလည်း စိတ်မထိန်းနိုင်၍ သစ်ပင်ပေါ်ကို ဖက်တက်သွားခဲ့ကြသည်။ ထိုစဉ် သူတို့နှင့်မလှမ်းမကမ်းဆီကို လူတစ်ယောက်က ရောက်လာခဲ့လေ၏။

ထိုသူသည် နက်မှောင်သော အဝတ်အစားများကို ဝတ်ဆင်ထားသောကြောင့် ရုတ်တရက် မမြင်မိကြပေ။ နောက်တော့မှ တွေ့မြင်သွားခဲ့ကြသည်။

''ဟင် . . . ဟို ဟိုဟာ ဘာလဲ၊ ဘယ်သူလဲ''

တစ်ယောက်က စပြီးတော့ မြင်လိုက်သည်။ ထိုသူ၏ ထူးခြားသောပုံသဏ္ဌာန်က သူတို့ကို အတွေးခေါင်မှုဖြစ်သွားစေခဲ့ရသည်။ ဦးထုပ်ချွန်ချွန်အနက်ကို ဆောင်းထားသည်။ အဝတ်အစားအနက်ကို ဝတ်ထားသည်။ မျက်လုံးအရောင်က စူးလက်တောက်ပနေကြသည်။ အားလုံးလိုလို မြင်သွားခဲ့ကြစဉ်





မှာတော့ ကြက်သီးမွေးညင်းများ တစ်ပြိုင်တည်း ထသွားခဲ့ကြသည်။ ထိုသူသည် မည်သည့်အချိန်က ပေါ်လာခဲ့သလဲမသိ။ ဖြုတ်ခနဲဆို ရောက်လာခဲ့သလိုပင်။

''ဟေ့ ဟေ့ . . . သူက ဘယ်သူလဲ၊ ဘယ်က ဘယ်လို ရောက်လာခဲ့တာလဲ''

မေးလိုက်သည်။ သူကလည်း ဘာမှန်းမသိဘဲ အလိုလို ပင်ကြောက်နေသည်။ ထိုသူသည် စကားလည်းမပြောဘဲ အသာငြိမ်ပြီးတော့ နေလေရာ . . .

''ဟေ့ . . . မင်းက ဘယ်သူလဲ''

တစ်ယောက်က အရဲစွန့်ပြီးတော့ မေးလိုက်သည်။

''ဘယ်သူလဲကွ . . . ငါ့ကို တွေ့ချင်တယ်လို့ ပြောတာ၊ နတ်ဆိုးကို လုံးလုံးဂရုမစိုက်ဘူးလို့ ပြောတာ''

ထိုသူ့ဆီက တစ်လုံးချင်း စီပြီးထွက်လာသည့်အသံ။ အင်္ဂလိပ်စကားကို ပီသအောင် ပြောနိုင်သူ။ အသံဩဇာကလည်း အပြည့်ပါသည်။ ထိုအခါကျမှ အားလုံးသည် ကြောက်ဒူးတုန်သွားခဲ့ကြရလေတော့သည်။ ထိုသူ မည်သူလဲဆိုသည်ကို ကောင်းကောင်းသိသွားခဲ့ကြလေပြီ။ ကုလားဖြူလောကထဲတွင် မကြာခဏ ပြောနေကြသည့် စေတန်ခေါ် နတ်ဆိုးပင်တည်း။

''ဟေ့ ပြောလေ . . . ငါ့ကို ပမာမခန့်လုပ်တာ ဘယ်သူလဲလို့''



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တုတ်တုတ်မျှပင် မလှုပ်ကြ။ ကျားအော်သံ၊ ဆင်ရိုင်းအော်သံများကလည်း တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့ကြလေပြီ။ သူတို့သည် ဘယ်လိုပြေးကြရမှန်း မသိကြ။ ပြေးကြလျှင်လည်း ကျားကိုက်ခံရမလား၊ ဆင်နင်းခံရမလား။ ယခုလည်း သူတို့၏ရှေ့မှာ ရောက်နေသောသူသည် ဆင်ရိုင်း၊ ကျားရိုင်းများထက်ပင် ကြောက်စရာကောင်းလှသည်ဟု ထင်နေမိကြသည်။

ထိုသူကို မကြည့်ဘဲ မျက်နှာလွှဲထားကြသော်လည်း မရကြ။ မကြည့်ဘဲနှင့်မနေနိုင်အောင်ပင် စူးစိုက်ပြီးတော့ ကြည့်နေမိကြသည်။ ထိုစဉ် . . .

'ရွှမ်း'

"အား"

'ရွှမ်း'

"အား"

ထိုသူ၏လက်ထဲကို မည်သို့ရောက်လာမှန်းမသိသော ကျာပွတ်တစ်ချောင်း။ ရှည်လျားလှသော ကျာပွတ်သည် မြွေတစ်ကောင်ပမာ ခွေလိပ်ထားရာက ဆန့်တန့်ပြီးတော့ ထွက်လာခဲ့လေသည်။

ကုလားဖြူအုပ်စုထဲက တစ်ယောက်၏လည်ပင်းကို ရစ်ပတ်ပြီး ဆောင့်ဆွဲပစ်လိုက်သည်။ ကုလားဖြူစစ်သားသည်





လူတွေကြားထဲက ပါလာခဲ့ကာ ဟပ်ထိုးလဲကျသွားခဲ့ရသည်။

ကျာပွတ်နောက်တစ်ချက်က သစ်ပင်ပေါ်ကို ရောက်သွားသည်။ တစ်ယောက်လည်း လည်ပင်းမှာရစ်ပတ်ပြီး အောက်ကိုပြုတ်ကျလာခဲ့သည်။ မြေပြင်ပေါ်ကို ပစ်ကျပြီး တလိမ့်ခေါက်ကွေး ဖြစ်သွားခဲ့ရသည်။

"မင်းတို့နှစ်ကောင် ငါ့ကို စကားအမျိုးမျိုးပြောပြီးတော့ စော်ကားတယ်၊ တွေ့စမ်းချင်တယ်ဆို၊ ငါ အခု မင်းတို့ရဲ့ ရှေ့ကို ရောက်နေပြီလေ . . . ဘာလုပ်ချင်သလဲ"

"ကျ ကျွန်တော်တို့ ပြောမှားဆိုမှား ဖြစ်သွားခဲ့ပါတယ် တောင်းပန်ပါတယ် . . . ခွင့် ခွင့်လွှတ်ပါ"

"ဘာ အခုမှ တောင်းပန်နေတာလဲ၊ ပြောတုန်းက ပြောကြပြီးတော့၊ အခုမှ ငါနဲ့လည်း နဖူးတွေ့ ဒူးတွေ့ တွေ့ရောကြောက်တယ်ပြောရသလား"

"ဒီ ဒီလိုပဲ ပြောမိပြောရာ ပြောမိတာပါ၊ နောက်ကို မပြောတော့ပါဘူး၊ ကျွန်တော်တို့ကို လွှတ်ပေးပါ"

"ဟား ဟား ဟား ဟား . . . မင်းတို့ကို ငါက လွှတ်ပေးရမယ် . . . ဟုတ်လား၊ သူတစ်ပါးရဲ့မြေကို မတရားကျူးကျော်၊ မတရားမှုတွေကိုလုပ်, ထင်သလိုရမ်းကားနေကြတဲ့သူတွေအတွက် ဆုံးမဖို့ ငါလာခဲ့တာ၊ အေး . . . စေတန်နတ်ဆိုးဆိုးသောမကောင်းတဲ့သူတွေအတွက်ပဲ၊ မင်းတို့အတွက် တောရိုင်းသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါ ခေါ်လာခဲ့တယ်၊ မကြာမီမှာပဲ သူတို့နဲ့ ကစားကြရလိမ့်မယ်''

သူ ပြောလိုက်မှပင် တောရိုင်းတိရစ္ဆာန်များ၏ အသံများက ပို၍တော့ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ကြလေသည်။

'ဝေါင်း ..ဝူး အူး'

'ဝစ် ..အစ် အစ်'

ထိုသူ့စကားကြောင့် အားလုံး ပို၍တော့ လန့်သွားခဲ့ကြသည်။ မုဆိုးတစ်ယောက်က စေတန်ဆိုသူကို မျက်ဝါးထင်ထင် မြင်လိုက်ရခြင်း၊ တိရစ္ဆာန်ရိုင်းများ၏ အော်ဟစ်ခြိမ်းခြောက်သံများကို အဆက်မပြတ် ကြားရခြင်းတို့ကြောင့် စိတ်ဖောက်သလို ဖြစ်သွားခဲ့ရကာ ထိုသူကို သေနတ်နှင့် ထိုးချိန်လိုက်ပြီး ...

''စေတန် ...ဘာစေတန်လဲ၊ ငါတို့ကို အလကား ခြိမ်းခြောက်နေတယ်၊ ကျည်ဆန်တော့ မင်း ပီးမှာမဟုတ်ပါဘူး၊ ကဲ ...စမ်းကြည့်ရအောင်''

'ဒိုင်း'

''အား''

ခလုတ်ကို ဆွဲလိုက်သည်နှင့် သေနတ်သည် ပေါက်ကွဲသွားကာ ကျည်ဆန်က သူ့လည်ပင်းကို ဖောက်ဝင်သွားခဲ့လေသည်။ မုဆိုးလည်း မျက်ဖြူဆိုက်ပြီး အရုပ်ကြိုးပြတ်ဖြစ်ကာ ပစ်လဲကျသွားခဲ့လေသည်။





ထိုအခါ ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်ကြောင့် အားလုံးကြောက်ဒူးတုန်သွားခဲ့ကြသည်။

''ဒါ ဒါ စေတန်အစစ်ပဲ၊ သူ့ကို ဘယ်သူကမှ သတ်လို့မရဘူး၊ သူကသာ ငါတို့ကို အသက်နုတ်ယူလို့ရတယ်၊ ငါတို့အကြောင်းကိုလည်း သူက အားလုံးသိနေတယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ဘာလုပ်ကြမလဲ''

ကြံရာမရ ဖြစ်ကုန်ကြလေသည်။ ထိုစဉ်မှာပင် သားရိုင်းတိရစ္ဆာန်ကောင်များ၏ အော်ဟစ်သံများကလည်း နီးသထက် နီးကပ်လာခဲ့ပြီဖြစ်ရကား ဘေးပတ်ပတ်လည် ဝိုင်းထားခြင်းခံနေရပြီဟု သိလိုက်ကြရလေသည်။

'ဝေါင်း'

'ဝူး အူး'

''ဟား ဟား ဟား ဟား ...မင်းတို့အားလုံး ငါ့ကို စော်ကားခဲ့ကြတဲ့အတွက် အပြစ်ကောင်းကောင်း ပေးရမယ်၊ မင်းတို့ကို မိတ်ဖွဲ့ဖို့လာခဲ့ကြတဲ့ အပေါင်းအသင်း ရောင်းရင်းကောင်းတွေကို ပြန်ပြီးတော့ ညှော်ခံလိုက်ကြပါဦး''

ထိုသူသည် ပြောရင်းက ကိုင်ထားသောကျာပွတ်ကို ပြန်ပြီးတော့ ရုပ်သိမ်းလိုက်သည်။ ကျာပွတ်သည် မြွေတစ်ကောင်ပမာ တွန့်လိမ်ပြီးတော့ သူ့ဆီကို ပြန်ရောက်သွားသည်။ အမြွေအတိုင်း ပြန်ဖြစ်သွားကာ လက်ထဲမှာပင် ပျောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အမှောင်ထဲသို့ တိုးဝင်ကာ ပျောက်သွားခဲ့လေသည်။

ယင်းအချိန်မှာပင်လျှင် တောရိုင်းသတ္တဝါတို့၏အသံများက ပို၍ပင် ဆူညံလာခဲ့သည်။

'ဝူး . . အူး'

'ဝေါင်း'

ဆူညံလှသော အသံများသည် နီးသထက်နီးလာကာ မကြာမီမှာပင်လျှင် တွေ့လိုက်ကြရသည်ကား သတ္တဝါများ၏ အသွင်သဏ္ဌာန်များပင်တည်း။ တောဆင်ရိုင်းကြီးများ၊ ကျားကြီးများ၊ ဝက်ဝံအုပ်ကြီးများသည် သူတို့၏ရှေ့မှာပင်လျှင် ဘွားခနဲဆို ပေါ်လာခဲ့ကြသည်။

"ဟာ၊ ဟာ . . . လုပ် လုပ်ကြပါဦး၊ ဒီကောင်တွေ ဒီကောင်တွေ ငါတို့ကိုရန်ရှာကြတော့မယ်"

သွေးရူးသွေးတန်းဖြစ်ကြကာ အော်ပြီးတော့ ပြေးကြလေတော့သည်။ တစ်ယောက်ကိုတစ်ယောက် မထိန်းနိုင်ကြတော့ပေ။ ကုလားဖြူစစ်သားများ၏ အော်ဟစ်ပြေးသွားကြသံများနှင့် တောရိုင်းတိရစ္ဆာန်တို့၏ မာန်ဖီကာ ခြိမ်းခြောက်အော်ဟစ်ကြသံများက လုံးထွေးသွားခဲ့ကြလေတော့သည်။

* * *



## အခန်း (၂၂)

## ပြေလျှော့လို့မိုးပျံ

ကောင်းထက်သည် သူတစ်ဦးတည်း တောထဲကို ထွက်လာခဲ့သည်။ အိမ်ကိုလည်း မပြောခဲ့။ မည်သူ့ကိုမှလည်း အသိမပေးခဲ့ပေ။ မိမိ၏နောက်ကို မည်သူမှ နောက်ယောင်ခံပြီးတော့ လိုက်မလာကြမှန်းသိရတော့မှ စိတ်သက်သာရာ ရသွားခဲ့သည်။ သူ့ကိုယ်ပေါ်မှာ ဆောင်ဓားတစ်ချောင်းသာ ပါလာခဲ့သည်။ ဓားကို ဓားအိမ်ထဲထည့်ပြီး စလွယ်သိုင်းထားသည်။

တောနက်ထဲကို သူဝင်လိုက်စဉ်မှာပင် ထိုနေရာတွင် အမှောင်ရိပ်က သန်းနေသောကြောင့် သူ့တစ်ကိုယ်လုံးကို ဖျောက်ကွယ်ပေးလိုက်သလို ဖြစ်သွားခဲ့ရလေသည်။ တစ်နေရာပြီး တစ်နေရာ လျှောက်လာခဲ့သောအခါ သူမရောက်ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



နေရာကိုရောက်လာခဲ့သည်။ ထို့ကြောင့် လမ်းမမှားစေရန် အပင်ကြီးငယ်တို့ကို မှတ်သားရသည်။ အချို့အပင်များကို ဓားနှင့်ထစ်ကာ အမှတ်အသားပြုလုပ်ရသည်။ ကိုယ်တိုင်လည်း ပတ်ဝန်းကျင်အခြေအနေကို မှတ်မိစေရန် လေ့လာထားရလေသည်။

ထိုစဉ်မှာပင် သဏ္ဌာန်တစ်ခုကို ဖျတ်ခနဲဆို မြင်တွေ့လိုက်ရသည်။ သစ်ပင်ကြီးတစ်ပင်၏အကွယ်မှာ ပြေးကပ်လိုက်ရသည်။ ထိုသဏ္ဌာန်သည် မှောင်ရိပ်ကိုခိုကာ ရှေ့မှသွားနေသည်။ ကောင်းထက်က ခြေသံမကြားစေရန် အတတ်နိုင်ဆုံး သတိထားပြီး လိုက်သွားခဲ့လေသည်။

ထိုသူသည် နောက်ကြောင်းကို လုံးဝ လှည့်မကြည့်ဘဲ တစ်နေရာပြီး တစ်နေရာ လျှောက်သွားနေသည်။ ကောင်းထက်ကလည်း မျက်ခြည်အပြတ်မခံဘဲ သတိကြီးစွာထားကာ နောက်မှ လိုက်နေရသည်။ ထိုသူ့တစ်ကိုယ်လုံးသည် နက်မှောင်လျက်ရှိသည်။ အမှောင်ကလည်း ဝါးမျိုထားသောကြောင့် တစ်ခါတစ်ရံမှာ မမြင်ရသလောက် ဖြစ်သွားခဲ့ရ လေသည်။ သတိထား၍ ကြည့်ကာသွားနေရင်းက တစ်နေရာကိုအရောက်တွင် ထိုသူ့ကို မတွေ့ရတော့၊ ပျောက်ကွယ်သွားခဲ့လေ သည်။

"ဟင် ... ဘယ်ရောက်သွားပါလိမ့်"

စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့ရသည်။ နေရာမှာရပ်ပြီးတော့ မျက်လုံးတွေကို အလုပ်ပေးနေဆဲမှာပင် ...

ရွှေစကားစာပေ



'ရှမ်း ဗုစ်'

လေထဲမှာ ထွက်ပေါ်လာသော အသံတစ်သံ၊ သူ့ဆီကို ရွေ့လျားလာနေသည်။ ရှည်မျောမျောအရာကြီးတစ်ခု။ မြွေတစ်ကောင်လို တွန့်လိမ်ကောက်ကွေးပြီးတော့ လာနေသည်။ ရိပ်ခနဲဆို ဖြစ်သွားသည်။ မျက်နှာဆီရောက်လာသောအရာကို လက်နှင့်အမိအရ ဖမ်းဆုပ်ကာ ဖမ်းထားလိုက်သည်။ ထိုအရာသည် လည်ပင်းကို လာရောက်ရစ်ပတ်တော့မလို ဖြစ်ပြီးမှ လွဲချော်သွားခဲ့ရသည်။

တစ်ဖက်မှ တုံ့ပြန်မှုက ရှိနေသည်။ ကျာပွတ်ကို ဆောင့်ကာ ဆွဲသည်။ သို့သော် ကောင်းထက်၏ကိုယ်က လိုက်ပါမသွားခဲ့။ တောင့်ခံနေသည်။ တစ်ခဏအကြာမှ အမှောင်ရိပ်ထဲက သဏ္ဌာန်တစ်ခုက တဖြည်းဖြည်းနှင့် ရှေ့ကိုတိုးလာခဲ့သည်။ ခပ်လှမ်းလှမ်းမှာ ရပ်တံ့သွားသည်။

ထိုသူသည် စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် ကောင်းထက်ကို ကြည့်နေ၏။ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ဦးထုပ်ချွန်ချွန်ကြီးကိုလည်း နဖူးအုပ်သည်အထိ ဆောင်းထား၏။ နှစ်ယောက်စလုံး မလှုပ်မယှက်နှင့် အတန်ကြာ စိုက်ကြည့်နေကြသည်။

"ခွေးနက်သရေစာအုပ်ထုကြီးနဲ့ မှတ်ထားတဲ့ စာရင်းထဲမှာ ကျွန်တော့်နာမည်တော့ ပါဟန်မတူပါဘူးနော်"

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်၏အသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။ ထိုသူက ချက်ချင်းမဖြေ။ နောက်တော့မှ . . .

"မပါ ပါဘူး၊ ငါက စမ်းကြည့်တာပါ"

ကောင်းထက်က ရယ်လိုက်သည်။ လည်ပင်းကို ရစ်ပတ်နေသည့် ကျာပွတ်အဖျားကိုလည်း သူ့ဘာသာသူ ရစ်ဖြည်လိုက်သည်။

"ရောရှဝကလာတဲ့လူနောက်ကို ကုလားဖြူတွေက လိုက်နေကြတယ် . . . ခင်ဗျားသိရဲ့လား"

"သင်းတို့ ငါ့ကို ဘယ်လိုမှ ရင်မဆိုင်နိုင်ပါဘူး၊ ဒီကောင်တွေ ငရဲပြည်အထိ လိုက်မယ်ဆိုရင်လည်း ငရဲတံခါးက အဆင်သင့် ဖွင့်ထားတယ်"

"သူတို့က စေတန်နတ်ဆိုးကိုလည်း သက်ာမကင်းဖြစ်နေကြတယ်၊ တစ်လောက ကုလားဖြူစစ်သားတွေရဲ့နောက်ကို သားရိုင်းတိရစ္ဆာန်အုပ်စု ဝိုင်းလိုက်ခံရတဲ့ကိစ္စမှာ တော်တော်လေးကို ဒုက္ခရောက်သွားခဲ့ကြတယ်၊ တာဝန်ရှိတဲ့သူတွေက ဒါဟာ တစ်ယောက်ယောက်က သားရိုင်းတိရစ္ဆာန်တွေအပေါ်မှာ သွေးဆောင်မှုပဲလို့ ဆိုကြတယ်၊ အဲဒါကြောင့် စေတန်နတ်ဆိုးဆိုတဲ့လူကို မတွေ့တွေ့အောင် ရှာကြမယ်လို့ ပြောနေကြတယ်၊ အခုဆိုရင် တောထဲကို ရောက်နေလောက်ပြီ"

"စေတန်နတ်ဆိုးပါ ဆိုနေမှ သူတို့ရဲ့အပေါ်မှာ အမြဲရှိ





နေတာ၊ ဖမ်းကြည့်ပေါ့ကွာ . . . ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာလိမ့်မလဲဆိုတာ"

"အေးပေါ့ဗျာ . . . သတိတော့ထားပေါ့၊ ခင်ဗျားရဲ့လုပ်ရပ်တွေက နယ်ချဲ့တွေကို ကတိမ်းကပါးဖြစ်သွားစေတဲ့အထိတော့ အောင်မြင်ပါတယ်၊ ဒါပေမဲ့ ခုနေအခါမှတော့ စေတန်နတ်ဆိုးလည်း ခဏတော့ မြေလျှိုးနေလိုက်ဦး၊ သင်းတို့က တောနင်းပြီး ရှာပြတော့မှာ"

"ရှာလေ . . . ရှာကြပေါ့၊ နတ်ဆိုးက ဒီအတိုင်းတော့ ရှောင်ထွက်မသွားနိုင်ဘူး၊ နောက်ထပ်ပွဲလေးတစ်ပွဲတော့ ထပ်ပြီးတော့ နွှဲလိုက်ချင်သေးတယ်"

"ဒီမယ် ဒီမယ်"

တောထဲကို ပြန်ဝင်သွားမည်ပြုသော ထိုသူကို ကောင်းထက်က ဟန့်တားလိုက်သည်။

"ကျွန်တော်က စေတနာနဲ့ သတိပေးတာပါ . . . ဒီတစ်ပွဲကိုလည်း ခင်ဗျား ဝင်ပြီးတော့ မနွှဲသင့်တော့ဘူး၊ သူတို့ဘာသာ သူတို့ ရှာချင်ရှာကြပါစေပေါ့၊ ခင်ဗျားက ဒီနေရာမှာ ရှိမနေရင် ပြီးတာပဲ"

"ဟဲ ဟဲ . . . ငါက သူတို့ကို လူလုံးလည်းမပြပါဘူး၊ အမိလည်းမခံပါဘူး၊ သူတို့စရိတ်နဲ့သူတို့ ကိစ္စပြီးသွားအောင် လုပ်ပြမှာပါကွ၊ မင်းက ရာဇဝတ်အုပ်လုပ်မယ့်သူပဲ . . . ဒီ[illegible]ဟား



www.burmeseclassic.com

www.burmeseclassic.com



ဖြူ နယ်ချဲ့တွေကို ရာဇဝတ်ကောင်တွေလို့ပဲ မြင်ထား။ ကိုယ့်မြေကြီးကို ခြေတစ်ဖဝါးနင်းမိတာတောင် ခွင့်လွှတ်ဖို့မလိုဘူး။ သင်းတို့ဟာ ဒီမြေပေါ်က အားလုံးကို ယူနေကြတာ၊ ခွင့်မလွှတ်နဲ့ငါ့ညီ''

''ဟင် ... ခင်ဗျားက ကျွန်တော် ရာဇဝတ်အုပ်လုပ်မယ့်သူဆိုတာ ဘယ်လိုသိနေသလဲ''

''သိတာပေါ့ကွာ ... လူကောင်းတွေစာရင်းကိုလည်း **ဓာမဏီသားမွေးအဖုံးနဲ့** လုပ်ထားတဲ့စာအုပ်မှာ မှတ်ထားတာ ကွ၊ မင်းနဲ့ပတ်သက်ပြီးတော့လည်း ပါတယ်''

''ကျွန်တော်က ဘဝကို မစရသေးပါဘူးဗျာ၊ ကျွန်တော့်အကြောင်းအပြည့်အစုံကို ဘယ်လိုသိနိုင်ဦးမှာလဲ ... ဟဲ ဟဲ''

''မင်းက အရည်အချင်းရှိတဲ့သူလေ၊ ငါ ဘယ်မှာရှိနေတယ်ဆိုတာကို ရှာနိုင်သေးတာပဲ၊ ဒါကြောင့် မင်းရဲ့မှတ်တမ်းကို ရသမျှ ရေးထားရတာပေါ့၊ ပြီးတော့ အကြောင်းအကျိုးကိုလည်း ဆက်စပ်ပြီးတော့ တွေးတတ်တယ်၊ ဒါ ရာဇဝတ်အုပ်တစ်ယောက်ဖြစ်နိုင်မယ့်အရည်အချင်းပဲ''

''ခင်ဗျားရဲ့အကြောင်းကို ပြောပြပါလား''

''ငါလား ငရဲကလာတဲ့သူလေ၊ ငါ့အကြောင်းကိုသိချင်ရင် **ငရဲမင်းကြီး** ကိုသွားမေးပေါ့၊ အင်း ... နေဦး၊ တစ်ယောက်ရှိသေးတယ် ... ငါ့အကြောင်းကို ကောင်းကောင်းသိတဲ့လူ၊





သူက မင်းလိုပဲ သိပ်ပြီးတော့ အကင်းပါးတယ်၊ တွေးတတ်တယ်၊ သူ များရဲ့ပြစ်ချက်, လျှို့ဝှက်ချက်တွေကို ဖော်တတ်တယ်''

''ဟုတ်လား ... သူက ဘယ်သူလဲ''

''**ပဋ္ဌလက်ဆရာကြီးတစ်ယောက်** ပဲ၊ လမ်းလွဲ လမ်းမှားလိုက်နေကြတဲ့သူတွေကို အမြင်မှန်ရအောင် တည့်ပေးတယ်၊ လမ်းမှန်ရောက်အောင် ပို့ပေးတယ်၊ ပြီးတော့သူက **စိတ်ညှို့ပညာရှင်** တစ်ယောက်လည်း ဖြစ်တယ်၊ အပြင်မှာ လင်းနေတယ်၊ ဒါပေမဲ့ လူတစ်ယောက်ရဲ့စိတ်ထဲမှာ မှောင်နေတယ်လို့ ထင်သွားအောင် ပြောင်းလဲနိုင်စွမ်းရှိတယ်၊ **မရှိကို အရှိ, အရှိကို မရှိဖြစ်အောင်** ထင်ယောင်ထင်မှားနဲ့ ခံစားသွားစေတတ်တယ်၊ သံမဏိလို မာကျောတဲ့စိတ်ဓာတ်နဲ့ ရန်သူထောင်သောင်းမကကိုလည်း ရင်ဆိုင်နိုင်စွမ်းရှိတယ်၊ အဲ ... သူက မျိုးချစ်စိတ်ဓာတ်အပြည့်ရှိတဲ့ လူငယ်တစ်ယောက်လည်း ဖြစ်တယ်၊ အိုကွာ ... သူ့အကြောင်းကတော့ ပြောမယ်ဆိုရင် ကုန်နိုင်မှာမဟုတ်ပါဘူး''

''တယ်ဆိုတဲ့စာပါလား''

''ဟုတ်တယ် ... စာဖွဲ့လောက်တဲ့လူတစ်ယောက်ပဲ၊ သူဟာ အင်း,အိုင် စတဲ့ လက်ဖွဲ့တွေလည်း တတ်သေးတယ်၊ ကောင်းတဲ့သူကို ချီးမြှောက်တယ်၊ မကောင်းတဲ့သူကို ထိုက်ထိုက်တန်တန် ဆုံးမတတယ်၊ တော်လောက်ပါပြီ ... ငါဆက်ပြောရင် ဟိမဝန္တာချီးမွမ်းခန်းဖွဲ့တယ်လို့ မင်းကပြောဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး ... ဘယ်သူလဲဆိုတာသာ ပြောပါ၊ ကျွန်တော်က နှုတ်မစောင့်စည်းတတ်တဲ့လူမို့လား"

"မပြောနိုင်စရာအကြောင်းတော့ မရှိပါဘူး၊ အဲဒီလူက လူထူးဆန်း အဂ္ဂပိုင် ပဲ"

"အဂ္ဂပိုင် ... ဟုတ်လား၊ ဒီနာမည်ကို ကျွန်တော် ခုမှ ကြားဖူးတယ်၊ သူက ဘယ်မှာနေသလဲ"

"နေရပ်လိပ်စာမရှိဘူး၊ တစ်ကမ္ဘာလုံး သူ့ခြေရာချည်းပဲ၊ နေရာအနှံ့ လျှောက်သွားနေတာ၊ အဲ ... လွန်ခဲ့တဲ့ တစ်နှစ်လောက်က တိဘက် ကနေ ပြန်ရောက်လာတယ်ဆိုလားပဲ"

"ဪ ... ဟုတ်လား၊ အင်း ... သူနဲ့ တွေ့ချင်၊ ဆုံချင်လိုက်တာဗျာ"

"သူနဲ့တွေ့ရင် မင်းက ဘာလုပ်မလို့လဲ"

"ခင်ဗျားပဲပြောတယ်လေ ... ရောရဝကလာတဲ့လူ အကြောင်းကို သူက ပိုသိတယ်ဆို၊ ခင်ဗျားက မပြောတော့ သူ့ပဲ မေးကြည့်ရမှာပေါ့"

"သူ့ကို တွေ့နိုင်ဖို့အတွက် မင်း နောက်ထပ် အနှစ်နှစ်ဆယ်လောက်အထိ ရှာမယ်ဆိုရင်တောင် မလွယ်ဘူး၊ အသက်သာကြီးသွားမယ် မကြိုးစားပါနဲ့ငါ့ညီ"

"အင်း ... သူက ရှိန်းဆာယာဖိုမောက်ပြီး ကိုယ်ပျောက်တဲ့သူ လည်း ဖြစ်တယ်ထင်ပါရဲ့"





ကောင်းထက် စကားမဆုံးမီမှာပင် ထိုသူက အမှောင်ထဲကို နောက်ဆုတ် နောက်ဆုတ်နှင့် တဖြည်းဖြည်း တိုးဝင်သွားခဲ့သည်။

"ဗျို့ ငရဲကလာတဲ့လူ ... ကျွန်တော် အဲဒီလူနဲ့ တွေ့တာတောင် မမြင်ချင်ယောင်ဆောင်ပြီး ရှောင်ထွက်သွားပါ့မယ်၊ တည့်တည့်ကြီးတိုးတာတောင် မသိချင်ယောင်ဆောင်နေလိုက်ပါ့မယ် ... နော"

သို့သော် ကောင်းထက်၏စကားကို မည်သို့မှ မတုံ့ပြန်တော့။ သူ့ကိုလည်း မမြင်နိုင်တော့ချေ။ မည်သည့်နေရာကို ရောက်သွားမှန်းပင် မသိလိုက်။

"အင်း ... ငရဲကလာတဲ့သူ မြေမျှားလျှိုးသွား ခဲ့ပြီလား"

သူ တွေတွေကြီးရပ်ကြည့်ကာ ကျန်ရစ်ခဲ့လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

### မိစ္ဆာတို့တောက်သောလမ်း

အယောက်သုံးဆယ်ခန့်ရှိသော ကုလားဖြူစစ်သားများသည် တောတွင်းတစ်နေရာကို ရောက်ရှိနေကြသည်။ သူတို့အထဲတွင် အရာရှိနှစ်ယောက်နှင့် အကြပ်သုံးယောက်လည်း ပါရှိကြသည်။

''ဒီ စေတန်နတ်ဆိုးဆိုတဲ့ကောင်ဟာ အယောင်ဆောင်ဖြစ်နိုင်တယ်၊ ဒီကောင် ဟောဒီတောထဲမှာပဲ ရှိနေတယ်လို့ သတင်းရတယ်၊ တောနင်းပြီးတော့ ရှာကြ၊ အရှင်ရရင် အရှင်ဖမ်း၊ မရရင် အသေပဲဟော့''

**အရာရှိ ဗိုလ်ချုပ်ပေါလ် ဆိုသူသည် အခြောက်တိုက်ကြီး** ဒေါသကြီးနေတတ်သူ၊ ယယ်သားများကပင် ခေါင်းထောင်မကြည့်





ရဲလောက်အောင် ခက်ထန်ကြမ်းတမ်းသူ ဖြစ်သည်။ ရက်ရက်စက်စက်လည်း အပြစ်ပေးတတ်သူ။ ဤကိစ္စကို သူကိုယ်တိုင်ကိုင်တွယ်မည်ဟုဆိုကာ တပ်ဖွဲ့နှင့်အတူလိုက်ပါလာခဲ့ခြင်းပင်ဖြစ်သည်။

''အင်း ... စေတန်နတ်ဆိုးကတော့ သူ့ကို တောထဲမရောက်ရောက်အောင် ညှို့ထားပြီနဲ့တူတယ်၊ သူကိုယ်တိုင် လိုက်ပါစရာ ဘာအကြောင်းမှ မရှိဘူး၊ ငါတို့က အချောင် စားစာခံတွေဖြစ်ကြတော့မယ်''

အားလုံး ညည်းတွားနေကြသည်။ ကုလားဖြူဆိုသည်က မြန်မာတို့၏အခေါ် ဖြစ်သည်။ စင်စစ် ဤမျက်နှာဖြူများသည် ကိုယ့်လူမျိုးကိုထိရင်တော့ မချိအောင် နာတတ်ကြသည်။ ကိုယ့်အမျိုးမဟုတ်ကြသူများကို စော်ကားဖို့ကျတော့ ဝန်မလေးကြပေ။

ကုလားဖြူများ၏အထင်ကား စေတန်နတ်ဆိုးသည် သူဆုံးမရမည့်သူများကို အဝေးကနေ ညှို့၍ တောထဲသို့ ခေါ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြသည်။ ယခုလည်း သူတို့အားလုံးသည် ဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့ကြရတော့မည်ဟု ထင်ကာ ရင်လေးနေကြလေသည်။

တောထဲကို မဝင်မီက ကားဝင်နိုင်မည့်လမ်းကို လိုက်ပြီးတော့ရှာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက ကြီးတယ်၊ လမ်းကျယ်ကြီးတစ်ခုခုကတော့ တစ်နေရာမှာရှိနေမှာပဲ"

ဤကား သူ၏ယုံကြည်ချက်။ ဤမျှကြီးမားကျယ်ပြန့်သည့် တောနက်ကြီးထဲမှာ သူတို့ရှာချင်နေသည့်သူကို တွေ့ဖို့ရန် လွယ်ကူသည့်ကိစ္စလား။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းသည် အမှားအယွင်းတစ်ခု ဖြစ်နိုင်သည်။ မကြာမီ လမ်းကိုမတွေ့ကြောင်း အကြောင်းပြန်သည်။ သတင်းပို့ရာ . . .

"ဟော့ . . . မင်းတို့ အသုံးမကျလို့ မတွေ့တာ၊ လမ်းဘယ်မှာရှိတယ်ဆိုတာ ငါသိတယ်၊ မနက်ဖြန် ငါကိုယ်တိုင်လိုက်မယ်"

တကယ်ပင် သူသည် တပ်ဖွဲ့နှင့်အတူ လိုက်ပါလာခဲ့လေသည်။ ထရပ်ကားပေါ်တွင် သူက မျှော့ဆုံးခေါင်းခန်းမှ နေရာယူထားသည်။

"မင်း ငါပြောတဲ့နေရာကို မောင်း"

ယာဉ်မောင်းကို အမိန့်ပေးပြီး မောင်းစေသည်။ ယာဉ်မောင်းကလည်း သူ့ဘေးမှာ ထိုင်ပြီးတော့ လိုက်ပါလာသော သူသည် စေတန်နတ်ဆိုးထက် ကြောက်စရာကောင်းသော ဘီလူးကြီးတစ်ကောင်ဟု ထင်မှတ်ထားသည်။

ဝီလျှံပေါလ်၏ လက်ဝါးများသည် ကြီးမားလှသည်။ လက်ခုံများသည် ဖားပြုပ်တစ်ကောင်၏ ကျောကုန်းပမာ ဖြူတ်





ထနေလေသည်။ လူတစ်ယောက်ကို မထင်လျှင် မထင်သလို ထန်းသီးလောက်ကြီးသော လက်သီးဆုပ်ကြီးဖြင့် ထိုးတတ်သည်။ အထိုးခံရသူသည် သေကောင်ပေါင်းလဲ ခံသွားရတတ်သည်။ နံရိုးပင်လည်း ကျိုးချင်ကျိုး၊ မေးလည်း ပြုတ်ချင်ပြုတ်။ သူကတော့ ပြန်လှည့်မကြည့်တတ်။

ဤကဲ့သို့ ဘီလူးသဘာက်ဆန်သော အရာရှိတစ်ယောက်၏အမိန့်ကို မည်သူကမှ မလွန်ဆန်ရဲကြ။ ဖြစ်ချင်ရာဖြစ်ဆိုကာ ကြောက်ကြောက်နှင့် လိုက်လာခဲ့ကြရသည်။ ကားတစ်စီး ဝင်နိုင်သည့်တောလမ်းကို ပိုက်စိပ်တိုက်ကာ ရှာပြီးခဲ့ကြပြီဖြစ်သည်။ မည်သည့်နေရာမှာမှ မတွေ့။ ထို့ကြောင့် လက်လျှော့ပြီးတော့ ပြန်ရမှာပဲဟု စိတ်ကို ဖြေလျှော့ထားကြသည်။ သို့သော် သူတို့ ထင်သလို ဖြစ်မလာခဲ့သည်ကား . . .။

*

အရာရှိ ဝီလျံပေါလ်က ယာဉ်မောင်းကို လက်ညှိုးထိုးပြီးတော့ . . .

"မင်း ငါနိုင်းသလိုလုပ်၊ ဟောဒီဘက်ကို တည့်တည့် မောင်း၊ ဘာတွေ့ရမလဲဆိုတာ စောင့်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းက စိတ်ညစ်သွားသည်။ သူနိုင်းတာကို ဘယ်တုန်းက မလုပ်ဖူးလို့လဲဟု ပြန့်ပြီးတော့ မေးလိုက်ချင်သည်။ ကောင်းပြီ ... သူ လက်ညှိုးထိုးသည့် တော၏အစိတ်အပိုင်း တစ်နေရာကို မောင်းသွားသည်။ တစ်ခဏပဲ ကြာလိုက်သည် ... ခေါင်းထဲမှာ မိုက်ခနဲဆို ဖြစ်သွားခဲ့ရကြလေ၏။ သတိရလာသောအခါ တွေ့လိုက်ရသည်က တော၏အဝင်လမ်းမှာပင်လျှင် ဖုံနေသော လမ်းကျယ်ကြီးတစ်ခုက ဆီးကြိုနေသောကြောင့်ပင် တည်း။

"ကဲ ... ငါမပြောဘူးလား၊ အဲဒါ လမ်းပေါ့ကွ"

"သ သခင်ကြီး ဘယ်လိုရှာတွေ့တာလဲ"

"ငါက အကြားအမြင်ရထားတယ်လေ၊ မင်းတို့အယောက်တစ်ထောင် ပိုင်းရှာလို့ မရတဲ့လမ်းကို ငါရှာတွေ့တာ"

"ဘုရားသခင်"

ယာဉ်မောင်းသည် ဘယ်လိုမှ နားမလည်နိုင်တော့။ ကားပေါ်မှ လူများသည်လည်း ထို့အတူပင်။ ကားက လမ်းကြီးတစ်လမ်းပေါ်မှာ ဝင်လာခဲ့သည်ကို သိသွားကြရသောအခါ လွန်မင်းစွာပင် အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဟာ ... ဒီမှာ လမ်းကြီးတစ်လမ်းပါလား"

"အေး ... ဟုတ်တယ်၊ ဘယ်လိုဖြစ်တာလဲ၊ ပြောနေကြတာက လမ်းမရှိဘူးဆို၊ မတွေ့ဘူးဆို"





တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြဆဲမှာပင် ကားသည် တောက်လျှောက်ပင် မောင်းဝင်ခဲ့လေပြီ။

"မင်းတို့ပြောပြောနေတဲ့ စေတန်နတ်ဆိုးဟာ ဒီတောထဲမှာ ရှိနေတယ်၊ အခု ရှိနေတယ်၊ ငါ့ကိုစောင့်နေတယ်၊ ဟော့ ... ဒီကောင်က အယောင်ဆောင်ကွ၊ ငါကိုယ်တိုင် မိအောင်ကို ဖမ်းပြမယ်၊ သူ ငါ့ကိုစောင့်နေတယ်"

ဗီလျံပေါလ်သည် တစ်ယောက်တည်း ပြောနေသလိုလို ယာဉ်မောင်းကိုပဲ ပြောနေသလိုလိုနှင့် တက်ကြွနေသည်။

"ဘုရားသခင် ... သူ ဘာတွေ လျှောက်ပြောနေပါလိမ့်၊ မဟုတ်မှလွဲရော ... နေရင်းထိုင်ရင်းက စိတ်ဖောက်သွားခဲ့ပြီနဲ့ တူတယ်"

ယာဉ်မောင်းသည် ဤလမ်းကို အလိုလိုနေရင်းက သက်ာမကင်း ဖြစ်နေမိသည်။ ဘာကြောင့်ရယ်တော့ မသိ။ သို့သော် လမ်းက အကွေ့အကောက်ရှိသော်လည်း အဖုအထစ်များမရှိ၍ မောင်း၍အဆင်ပြေနေသည်။

ဤမျှလောက် ကောင်းသောလမ်းသည် တောထဲကို တောက်လျှောက်ပင် ဖောက်ထားသည့်အတွက် သူတို့ပဲတွေ့ကြပြီး အခြားမည်သူတွေကမှ မတွေ့ကြဟုဆိုသည့်အတွက် နားမလည်နိုင်စရာ။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ဝီလျံပေါလ်သည် ကားရှေ့မှာသွားနေသော တစ်စုံတစ်ယောက်ကို လှမ်းပြီးတော့ မြင်လိုက်ရလေရာ . . .

"ဟော့ ဟော့ . . . ဟို ဟိုမှာ လူတစ်ယောက်၊ အဝတ်နက်တွေ ဝတ်ထားတယ်၊ ဦးထုပ်ချွန်ချွန်ကိုလည်း ဆောင်းထားတယ်၊ အဲဒါ စေတန်နတ်ဆိုးပဲ၊ မောင်း မောင်း . . . သူ့ဆီကို မြန်မြန်ရောက်အောင်မောင်း"

ကားရှေ့တစ်နေရာကို လက်ညှိုးထိုးပြီးတော့ အလျင်စလိုပင် ပြောလိုက်သည်။

"ဘယ်မှာလဲ သခင်ကြီး . . . ဘယ်မှာလဲ"

"ဟိုမှာလေကွာ . . . ကျောပေးပြီးလမ်းလျှောက်သွားနေတာ၊ မင်း ကန်းနေသလား"

ဝီလျံပေါလ် ငေါက်ငမ်းကာပြောလိုက်၍ ပူထူသွားခဲ့ရသည်။ တကယ်မမြင်မိတာ အမှန်။ သို့သော် ထပ်ပြီးတော့ ငြင်းဆန်နေမိရင် ပြဿနာတက်သွားနိုင်သည်။ ထို့ကြောင့် မြင်သလိုလိုနှင့် ကားကို လီဗာတင်ကာ မောင်းသွားခဲ့သည်။ ကားနောက်မှာပါလာခဲ့ကြသည့်သူများသည် ရုတ်တရက် ကားကို အရှိန်တင်လိုက်သောကြောင့် ဗြောင်းဆန်သွားခဲ့ကြသည်။

"ဟ ဟ . . . ဘယ်လိုလဲ ဘယ်လိုဖြစ်တာလဲ"

အားလုံးသည် အလဲလဲအပြိုပြို။ အရာရှိဝီလျံပေါလ်သည် ကားရှေ့ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်ကာ . . .





"ဟာ . . . ကားက ဒီလောက်အရှိန်နဲ့မောင်းတာတောင် သူ့ကို မမီနိုင်ပါလား၊ ဒို့ထက်မြန်မြန် မောင်းစမ်းကွာ"

ယာဉ်မောင်းသည် အရာရှိကို စိတ်ထဲကနေ ကျိန်ဆဲမိလိုက်သည်။

"ဒို့ထက်မြန်ရင် အားလုံးကိစ္စချောကုန်ကြတော့မယ်၊ ဒီလူ စိတ်ဖောက်တိုင်း ငါလိုက်လုပ်နေရတယ်"

ဝီလျံပေါလ်၏မျက်လုံးထဲမှာ ရှေ့ကလူကတော့ ပုံမှန်ခြေလှမ်းများနှင့် သွားနေလျက်ပင်။

"မောင်း မောင်းစမ်း . . . မြန်မြန်၊ ဒို့ထက်ပိုပြီးတော့ မမြန်နိုင်တော့ဘူးလား"

"ဒါ အကုန်ပဲ သခင်ကြီး"

"အသုံးမကျတဲ့ကောင်"

ကားသည် လမ်းကွေ့တစ်ခုကို ခပ်ကြမ်းကြမ်းပင် ကွေ့ချလိုက်သည်။

'ဂူး ဂူး . . . ဝေါ ဝေါ'

ကားပေါ်ပါလာကြသူအားလုံး အလဲလဲအပြိုပြိုပင် ဖြစ်သွားခဲ့ကြရသည်။

"အား အား အား"

ယာဉ်မောင်းသည်လည်း စိတ်ကွက်လာခဲ့လေပြီ။ သူသည် အရာရှိကို ပြန်ပြီးတော့ စောဒကမတက်လိုတော့၊ ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရာဖြစ်ဟူသောစိတ်ဖြင့် မောင်းချင်သလို မောင်းနေလေတော့သည်။

"အေး ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ မီတော့မယ် မီတော့မယ်၊ ဒီကောင် ငါ့လက်က မလွတ်နိုင်ပါဘူးကွာ"

ဝီလျံပေါလ်သည် ခါးကြားထဲမှ ပစ္စတိုသေနတ်ကို ထုတ်လိုက်သည်။ ကားပြတင်းအပြင်ကို ခေါင်းရောကိုယ်တစ်ခြမ်းပါ ထွက်ကာ သေနတ်နှင့် ချိန်၍ ဆက်တိုက်ပင် ပစ်ခတ်လိုက်သည်။

'ဒိုင်း ဒိုင်း ဒိုင်း'

ယာဉ်မောင်းကတော့ မည်သူ့ကိုမျှ မမြင်။ အရာရှိသည် ဘာကိုမြင်၍ ပစ်နေမှန်းမသိ။

"တောက် ... ကားကြောင့်ကွာ၊ မထိဘူး"

ဒေါသဖြစ်နေမိသည်၊ မချင့်မရဲဖြစ်နေမိသည်။

ထိုစဉ် တောရိပ်တောင်ရိပ်ကြောင့် အနည်းငယ် မှောင်သောနေရာကို ရောက်လာခဲ့သည်။ ဝီလျံပေါလ်၏မျက်လုံးထဲမှာ ရှေ့ကသွားနေသောသူသည် ကားနှင့် လက်တစ်ကမ်းအကွာကို ရောက်လာသည်ဟု ...။

"ဟော့ကောင် ... မီတော့မယ် မီတော့မယ်၊ မြန်မြန် မြန်မြန်"

လောကြီးစွာနှင့် ပြောလိုက်သည်။ အမှောင်ရိပ်က သိသာစွာပင် ထိုးပြီးတော့ကျလာခဲ့သည့်အတွက် ကားသမားသည်





ပိုပြီးတော့ သတိထားနေရသည်။ သူ့မျက်လုံးထဲမှာလည်း သဏ္ဍာန်တစ်ခုကို မြင်လာခဲ့သလိုပင်။ ကား၏ လီဗာကိုလည်း အကုန်တင်ထားသည်။

'ဝေါ ဝေါ ဝေါ'

ကားပေါ်မှလူများကတော့ ခံလောက်ဆန်နေကြလေပြီ။ ဘာဖြစ်လို့ဖြစ်မှန်း မသိကြ။ အရမ်းကို မောင်းနေသည်။ အားလုံးရင်တဖိုဖိုနှင့် ရှိနေကြရသည်။ ထိုစဉ် ကားသည် မြေပြင်ထက်မှာ မောင်းနေရာက မြောက်ခနဲဆို ဖြစ်သွားခဲ့ရသည်။

ဝီလျံပေါလ်၏ မျက်လုံးထဲမှာရော၊ ကားသမား၏ မျက်လုံးထဲမှာပါ ထိုသဏ္ဍာန်က လမ်းဘေးသို့ ဆင်းသွားခဲ့သည်ဟု ထင်မိလိုက်ကြသည်။ ကားလည်း မြေပြင်ပေါ်ကို ပြန်အကျမှာ ကားခေါင်းက ထိုသဏ္ဍာန်ဆီကို ဦးတည်ပြီးတော့ မောင်းသွားခဲ့သည်။ ထို့နောက် အရှိန်ပြင်းစွာနှင့် ဝင်တိုက်ထည့်လိုက်လေတော့သည်။

'ဒုန်း'

"အား အား"

ကားဝင်တိုက်မိသည်က ရောမသစ်ပင်ကြီးတစ်ပင်ကို။ မီးဟုန်းဟုန်းတောက်လောင်သွားသည်။ သစ်ပင်ကြီးကိုပါ မီးစွဲသွားခဲ့လေသည်။ ကားကိုလည်း မီးလောင်သွားသည်။ အချို့ ကားပေါ်မှ လွင့်စဉ်ပြီးတော့ကျသွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားခေါင်းထဲမှ ပါလာကြသူနှစ်ယောက်ကတော့ ကြောက်စရာကောင်းလောက်အောင်ပင် ရှုပ်ပျက်ဆင်းပျက် မီးထဲကို ပါသွားခဲ့ကြသည်။

*

BURMESE CLASSIC .com

အရာရှိဝီလျံပေါလ်နှင့် သူ့လူများ၏ ကြုံတွေ့ခဲ့ကြရသော အခြေအနေဆိုးကို နောက်တော့မှ သိသွားခဲ့ကြရသည်။ တောထဲကို ကားဝင်နိုင်လောက်အောင် လမ်းဟူ၍ မရှိဘဲနှင့် ဤနေရာအထိရောက်အောင် မည်သို့ မောင်းလာနိုင်ခဲ့ပါသလဲ။ မသေဘဲ ကံကောင်းထောက်မစွာ ကျန်ရစ်ခဲ့ကြသောသူ နှစ်ယောက်ကတော့ ...

"ဖုံနေတဲ့လမ်းမကြီးအတိုင်း ကားက မောင်းဝင်လာခဲ့ကြတာ၊ သခင်ကြီးကလည်း ကားခေါင်းထဲကနေပြီးတော့ ဘယ်လိုအမိန့်တွေ ပေးနေသလဲ မသိပါဘူး၊ ယာဉ်မောင်းကလည်း ကားကို တရကြမ်းမောင်းနေတော့တာပဲ၊ နောက်ဆုံး ကားလည်း တစ်ခုခုကို ဝင်ပြီးတော့တိုက်မှန်း သိလိုက်ရတယ်၊ ကျွန်တော်လည်း ကားအပြင်ကို လွှင့်စဉ်ပြီးတော့ ထွက်ကျသွားတယ်၊ အဲဒီနောက် ဘာဆိုဘာမှ သတိမရတော့ဘူး"





ဂေါ်ရခါးအကြပ်စစ်သားတစ်ယောက်က ပြန်ပြီးတော့ ပြောပြသည်။ ကံကောင်းထောက်မစွာပင် သူသည် ဒဏ်ရာကြီးကြီး မရရှိခဲ့။ နောက်ပိုင်း ကောက်ချက်ချကြသည်မှာ အရာရှိဝီလျံပေါလ်သည်ပင် အရက်သေစာသောက်လွန်း၍ သူမှန်းတီးနေသည့် စေတန်နတ်ဆိုးကပဲ သူ့စိတ်ထဲကို ရောက်လာကာ မဖြစ်မနေ လိုက်ရှာမည်ဟူသောစိတ်ဖြင့် ထင်ရာစိုင်းခဲ့သည်ပဲလား။ ထို့ကြောင့် အမှားအယွင်းကြီးစွာ ဖြစ်ပေါ်လာခဲ့ရသည်ပဲဟု။

နောက်ဆုံးမှာတော့ စေတန်နတ်ဆိုးသည် မတရားပြုမူစော်ကားခဲ့ကြသော ကုလားဖြူတို့ကို ဆုံးမလိုသည့်သဘောဖြင့် တောတွင်းသို့ ညို့ယူခေါ်ဆောင်ခဲ့လေသလား၊ အပြစ်ကြီးကြီးပေးခဲ့သလားဟူ၍ ထင်ချင်သလိုထင်နေမိကြလေသည်။

သို့သော် သူတို့ မည်သို့မှ သဘောမပေါက်နိုင်သောကိစ္စတစ်ခုကား တောလမ်းမကြီးဟူ၍ မရှိဘဲ ကားကို မည်သို့ မောင်းဝင်ခဲ့လေသလဲဟု။ ဤတောကြီးထဲတွင် အခြားလျှို့ဝှက်လမ်းတစ်ခုခုများ ရှိနေလေသလား။ ယင်းလမ်းရှိနေသည်ဟု ဆိုလျှင် **မိစ္ဆာတို့ဖောက်သောလမ်း** ပင် ဖြစ်နိုင်မည်ဟု ယုံကြည်နေမိကြသည်တကား။

*



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်သည် ရာဇဝတ်အုပ် (ယခု ဒုရဲအုပ်) တစ်ယောက်ဖြစ်လာခဲ့သည်။ သူသည် နယ်ချဲ့တို့၏ လက်ကိုင်တုတ် အလိုတော်ရိ အဖြစ်မခံ။ ဥပဒေဘက်တော်သားတစ်ဦး အဖြစ် ပြည်သူများဘက်က မှန်ကန်စွာရပ်တည်ခဲ့သည်။

သဖင်နွယ်နှင့်လည်း လက်ထပ်သည်။ ကျောက်သလင်းရွာလေးသည် (အနောက်စု) အပါအဝင် ဒုစရိုက်မှုများ ပပျောက်ကာ သာယာအေးချမ်းသွားခဲ့လေသည်။ သို့သော် ရောရှဝကလာသူ၏သတင်းကိုတော့ ရံဖန်ရံခါပင် ကြားနေရတတ်သည်။ သူ့အကြောင်းကို စဉ်းစားမိတိုင်းမှာ ပြုံးမိရသည်။ ထင်မိသည်လေ။

အဂ္ဂပိုင်ဆိုသော ပဉ္စလုည့်ဆရာကြီးနှင့် ငရဲကလာသူ (ဝါ) ရောရှဝကလာသူ၊ စေတန်နတ်ဆိုးတို့သည် တစ်ဦးတည်းဖြစ်ကောင်းဖြစ်နိုင်သည်ဟု။ လွန်စွာမှ တွေးတောကြံဆ၊ ဆုံးဖြတ်ချက်ချ မှန်ကန်တတ်သော ဒုရဲအုပ်ကောင်းထက်၏ အတွေးကမှားနိုင်အံ့မထင်။

မင်းစိုးကြာ
သမ္မသဏ္ဍာ ဘဝန္တ သုခီတဏ္ဍာ

**စာမှီး**
ငရဲဟူသည် *[တက္ကသိုလ်သျှင်သီရိ (မဟာစရိယ-ဘီအေ)]*

www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု



# မင်းစိထြ

ရောရဝက လာသူ

www.burmeseclassic.com